
www.burmeseclassic.com



# တိမ်ညွှန့်စားတဲ့ မိန်းမ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

ရွှေသမင်

စာပေမှ စီစဉ်တင်ဆက်သည်။

# သျှင်မ

# တိမ်ညွှန့်စားတဲ့မိန်းမ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၅၀၀၆၆၁၀၄၀၈ |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၆၀၃၀၅၀၈ |
| အကြိမ် | – | ပထမအကြိမ် |
| | | ၂၀၀၈–ခုနှစ်၊ ဇူလိုင်လ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀ိ/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) |
| | | ရွှေသမင်စာပေ |
| | | ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ |
| | | ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံးပုံနှိပ်သူ | – | ဦးဝင်းဖေ (မြ–၀၇၆၅၀) |
| | | စိုးထက်ကျော်ပုံနှိပ်တိုက် |
| | | တိုက် (၂၀၆)၊ အခန်း (အေ) |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |




## အခန်း (၁)

"ဒီမားကက်လေးဖွင့်တာ မကြာသေးပေမယ့် တော်တော်စုံတယ် သမီးရဲ့"

အဝင်ဝမှာပဲ ရေခဲမုန့်ဘူးဝယ်လိုက်ပြီး အမိုးက သံစဥ်လက်ထဲကို ထည့်သည်။ သံစဥ် ရေခဲမုန့်ကိုကြိုက်သည်။ ဒါပေမယ့် အပြင်ထွက်ခွင့်ရမှ စားရတာပါ။ နေမကောင်း၊ ဖျားနာ ဘာမှမဖြစ်ဘဲနဲ့လည်း အိမ်မှာဆို ဟိုဟာမစားရ၊ ဒီဟာ မစားရနဲ့ စသော တားဆီးပိတ်ပင်မှုတွေ အများကြီးဖြစ်၏။

"သမီး လျှောက်ကြည့်ရင်း ဖြည်းဖြည်းလိုက်ခဲ့နော်၊ အမိုး ဈေးဝယ်လိုက်မယ်"

"ဟုတ်"

နှစ်သက်သည့်စားစရာမို့ ရေခဲမုန့်ကို ဇွန်းသေးသေးလေးနှင့်ကိုပဲ နည်းနည်းလေးခပ်စား၏။ စားနေရင်း လင်းကျဉ်းလေးထဲ ဟိုဘက်ကြည့်၊ ဒီဘက်ငဲ့ကြည့် လျှောက်နေဖြစ်တာ တစ်လှမ်းချင်းပါပဲ။

တခြားစုံတွဲတွေ ကလေးငယ်လေးတွေ လက်ဆွဲ၍ ကလေးတွေက



www.burmeseclassic.com

www.burmeseclassic.com



ဟိုဟာဆွဲချ ဒီဟာဆွဲချ၊ အခမဲ့လုပ်သူက ပစ္စည်းလည်း ရွေး၊ ကလေးကို လည်းဆွဲနှင့် ကြည့်လို့တော့ကောင်း၏။

မုန့်အပြည့်ကာထားသည့် အအေးခန်းထဲမှာ ဆလတ်ရွက်ကြီးတွေထောင်ကားစိမ်းစိုနေတာက စားချင်စရာပင်။ အမိုးက ဆလတ်ရွက်တွေကော၊ မုန့်ညင်းတွေကော ကော်ခြင်းထဲ ထည့်ယူရင်း သံစဉ့်ကိုလည်း လှည့်ကြည့်သည်။

ပြီးတော့ ရှေ့မှာ ဘယ်ဘက်ကိုကွေ့မည်၊ ဘယ်လိုဆက်သွားမည်ဆိုတာကို လက်နှင့်လှမ်းပြပြီး ဆက်သွား၏။ အစကတော့ အမိုးကို လှမ်းကြည့်လိုက်၊ ရေခဲမုန့်စားရင်း တစ်လှမ်းချင်းနောက်ကလိုက်နေရင်းနှင့် ဖြောင့်ဖြောင့်တန်းတန်းပဲ ဖြစ်သည်။

နောက်တော့ ရှေ့မှာ အမိုးကို မတွေ့တော့ပေ။ သံစဉ်ကတော့ မပူပါ၊ ပြန်မည်ဆို အမိုး ပြူးပြဲလိုက်ရှာမှာပဲဆိုတာ သိပြီးသား။ ကွတ်ကီးမုန့်တွေ၊ မုန့်ပုံးတွေကို မော့ကြည့်ပြီး နှာခေါင်းလေးရှုံ့လိုက်မိသည်။ ဒါတွေစားနေရလွန်းလို့ မြင်ကိုမမြင်ချင်တော့တာမို့ ဘေးလမ်းလေးထဲကွေ့ဝင်လိုက်၏။ လက်ဆောင်တန်းထဲရောက်သွားမှ မျက်စိရှုမ်းသာခြင်း ဖြစ်သွားသည်။

သော့နှင့်တွဲလျက်ပါသည့် ဒိုင်ယာရီစာအုပ်ထူကြီးတွေကို မော့ကြည့်၍ ဘယ်အရောင်ယူရကောင်းမလဲ စဉ်းစားနေဆဲ…

“ဟိတ် အဲဒီကမဝင်ရဘူး၊ ဟိ[illegible]လူ…”

အော်ပြောလိုက်သည့်အသံတစ်သံ ကြားလိုက်ရသည်။ သံစဉ့်ရှေ့ကလူတချို့ အသံလာရာကို ခေါင်းထောင်ကြည့်ကြသည်။ ဘာလဲဆိုသည့် စပ်စုလိုစိတ်လေးနှင့် သံစဉ် ကြည့်မလို့ လှည့်လိုက်တုန်းပဲရှိသေးသည်…





“အို…”

“ဆောရီး”

မျက်စိရှေ့ကို လူတစ်ယောက် ရိပ်ခနဲရောက်လာပြီး သံစဉ့်ကိုယ်လေးကို ပစ်တိုက်လေသည်။ ပြီးတော့ သံစဉ် ယိမ်းထိုးသွားတာကို ဆတ်ခနဲပြန်ဆွဲ၏။ တောင်းပန်ချင်ပုံရှိသလိုနှင့် ပျာယာခတ်နေသည့်မျက်လုံးတစ်စုံနှင့် သံစဉ် နှစ်စက္ကန့်လောက် ဆုံလိုက်ပြီး ထိုသူက လွှတ်ကျဖိတ်စဉ်ကုန်သော ရေခဲမုန့်ဘူးကို ငုံ့ကြည့်၏။

“ဆောရီး”

ခပ်ပျာပျာ ထပ်ပြောလာကာ လှစ်ခနဲ ပြေးထွက်သွားလေသည်။ နောက်မှာ လုံခြုံရေးဝန်ထမ်း လူနှစ်ယောက် အူးယားဖားယား ပြေးလိုက်လာကြသည်။

အဝင်ဝမှာ စစ်ဆေးကိရိယာဖြင့် ကိုယ်မှာ စစ်ဆေးခံရသည်။ ဝင်သည့်တံခါးဝက သပ်သပ်၊ အထွက်တံခါးက ဒီဘက်မှာဖြစ်သည်။

စောစောကလူက ဘယ်လိုပြဿနာများနှင့် ပြေးလွှားဝင်လာပါသနည်း။ မားကက်ထဲမှာ နောက်ထပ် ဘာတွေ တိုးတိုက်သွားခဲ့သည်မသိဘဲ ရှုတ်ရှက်သဲသဲတွေဖြစ်ကုန်လေသည်။

ဒီလူ ခါးပိုက်နှိုက်လား။

ရေခဲမုန့် လွှတ်ကျသွားသည့်ဆီ ငုံ့ကြည့်ကာ ပါးပြင်နှစ်ဖက် ဘေးသို့ အုပ်ကျလာသည့်ဆံပင်တွေကို နားတစ်ဖက်မှာ သိမ်းညှပ်လိုက်သည်။

ရေခဲမုန့်တွေ ပေကျံကုန်သော သမံတလင်းကို ဘာလုပ်ရမှန်းမသိသော်လည်း ကိုယ့်ကြောင့်ဆိုသည့်အသိစိတ်လေးနှင့် တစ်ခုခုလုပ်ပေးဖို့ သတိရကာ ဆောင့်ကြောင့်လေးထိုင်ချလိုက်မိသည်။

“အမယ်လေး အဲဒါတွေ ထားလိုက်စမ်းပါ သံစဉ်ရယ်၊ ဗရုတ်ဗရက်



www.burmeseclassic.com

www.burmeseclassic.com



တွေ ထဖြစ်တော့ ညည်းလေးကိုရှာမတွေ့လို့ ရင်တွေကိုတုန်သွားတာပဲ၊ ထ...ထစမ်း"

"ထားခဲ့ပါ ညီမ၊ ထားခဲ့ပါ"

ဝန်ထမ်းဝတ်စုံလေးနှင့် အမျိုးသမီးတစ်ယောက်က ရှင်းလင်းဖို့ ရောက်လာသည်။ ဒါတင်မကဘဲ တခြားမှာ လဲပြိုရှုပ်ပွကုန်တာတွေလည်း အများကြီးမို့ ဝန်ထမ်းတွေ အလုပ်ရှုပ်ကုန်ကြသည်။ တချို့ကျတော့ ဗရုတ်သုတ်ခထဖြစ်တာကို အကြောင်းပြုပြီး ကောင်တာမှာ ဝစွည်းမတင်ဘဲ အလစ်သုတ်ထွက်ပြေးဖို့ ကြိုးစားကြ၏။

ဒါပေမယ့် မရပါ။ ဝန်ထမ်းတွေက အားလုံးကို ချက်ချင်း ပိတ်ဆို့ထားလိုက်နိုင်ကာ...

"ဟိုကောင့်ကို မမိဘူး"

ဆိုသည့် စကားသံတစ်သံ ထွက်လာသည်။

သံစဉ်တို့ကောင်တာမှာပဲ အကြာကြီး တန်းစီစောင့်ရ၏။

"အမယ်လေးနော် ရင်တွေတုန်ရတဲ့အထဲ ကွန်ပျူတာကြီးတစ်လုံးနဲ့လုပ်ပြီး ကြာလိုက်တာ"

"ခဏလေးပါ အန်တီ၊ ပြီးတော့မှာပါ"

အမိုးက အားမနာတမ်းပြောချလိုက်တာ တိုးတိုးလေးရယ်သံပဲဟုတ်။ စာရေးမလေးက မော့ကြည့်ပြီးတောင်းပန်သည်။ ချိုသာလှန်းသည့် တောင်းပန်ဟန်ကြောင့် သံစဉ်က အားနာသွားကာ...

"အမိုးကလဲ သူများတွေလဲ တန်းစီနေတာပဲဥစ္စာ"

"ဘာပဲဖြစ်ဖြစ်အေ စိတ်တွက်နဲ့ စက်တွက်ပဲ၊ စက်က မြန်ရမှာပေါ့။ အမိုးဝယ်ထ ကဲ့ပစ္စည်းတွေ အမိုး တွက်ပြီးပြီ ချပေးဆို ပေးခဲ့လိုက်မယ်တကယ်ပဲ"



BURMESE CLASSIC .com



သူများတွေကလည်း အမိုးကို လှည့်ကြည့်သည်။ စာရေးမလေးကလည်း ကီးဘုတ်ပေါ်မှာ လက်က အဆက်မပြတ် လှုပ်ရှားရင်း မျက်လုံးလည်း မော်နီတာပေါ်မှမခွာဘဲ တာဝန်ကျေဖို့ကို ကြိုးစားရှာသည်။

"ဟုတ်ပါတယ် အန်တီ၊ ခဏလေးသည်းခံပါနော်၊ အခုက ဟိုပြဿနာဝင်သွားလို့ ကောင်တာတွေမှာ လူထပ်သွားတာပါ။ သမီးတို့ကလဲ တွက်ချက်ယူရုံနဲ့ မပြီးသေးဘူး အန်တီရဲ့၊ ပရိုဂရမ်ထဲမှာ ကျကျနနမှန်အောင် တစ်ခါတည်းသွင်းရတာလေ၊ တစ်ကျပ်မှ ကွာလို့မရဘူး၊ လူများလေ ဂရုစိုက်ရလေမို့ပါ၊ နောက် ဒီလိုမဖြစ်စေရပါဘူး။ စိတ်မရှိပါနဲ့ရှင်"

အမိုးက စောစောကကိစ္စကြောင့် ရင်တုန်လည်းမပြေ၊ ကြာတာကိုလည်း ကျေနပ်သေးပုံမရပါ။ ဒါပေမယ့် သံစဉ် နှုတ်ခမ်းလေးစူနေတာကိုကြည့်ပြီး ဘာမှမပြောဘဲ နေလိုက်သဖြင့် အခြေအနေက ဒီမှာတင်ပဲ အဆုံးသတ်သွားသည်။ ဝင်လာစတုန်းက စုံလိုက်တာ၊ ကောင်းလိုက်တာနှင့် ပြုံးကြည်နေခဲ့သည့် အမိုးမျက်နှာက အမြန်ကျတော့ မဲ့ရွဲ့ညိုမှောင်ကာ သံစဉ်ကို လက်တစ်ဖက်က မလွှတ်တမ်းဆွဲထားလျက်...

"နောက် ဘယ်တော့မှ မလာဘူး" ဟု ပြောလေသတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

"မိုက်ရူးရဲ"

သံတိုင်တွေတစ်ဖက်ကနေ ခေါ်လိုက်သံကြောင့် အထဲကလူတွေအားလုံး ခေါင်းထောင်သွားကြသည်။

သူ မပါပေ။

"မိုက်ရူးရဲ"

ထပ်ခေါ်တော့မှ ကျောပေးထိုင်နေရာကနေ လှည့်မကြည့်ဘဲ ထရပ်လိုက်၏။

မိုက်ရူးရဲဆိုတာ သူ့နာမည်မှန်း သိသွားကြသဖြင့် စောစောက ခေါင်းထောင်သွားသည့်လူတွေ မျက်မှောင်ကြုတ်တဲ့သူကကြုတ်၊ မဲ့ရွဲ့၍ တစ်ဖက်လှည့်သွားသူသွား။

သူ့အပြက်ကတော့ အချုပ်ကျတာ၊ အာမခံပြန်ရတာ ဘာမှ မဆန်းပါ။

ထင်သလိုနေသည်၊ ထင်ရာလုပ်သည်၊ အချုပ်ကျပြီဆို လာထုတ်မည့်သူက အဆင်သင့်။ ရန်ကုန်မြို့မှာ သူ မရောက်ဖူးသည့်နေရာ မရှိ။ ဘယ်မြို့နယ်က ဘယ်ရဲစခန်း၊ သူ မရောက်ဖူးတာမရှိ။





ဘယ်မှာဖြစ်ဖြစ် ဦးကျော်ဇင်က လိုက်ထုတ်တာပဲဖြစ်သည်။ သူ့ကိုယ်တိုင်တော့မဟုတ်ပါ။ ဦးကျော်ဇင်မှာ တပည့်တပန်းတွေ ရှိသည်။ အကြီးအကျယ်တွေမဟုတ်ဘဲ အသေးအဖွဲ မဟုတ်မဟတ်ကလေးတွေ လုပ်ကိုင်ရောင်းဝယ်သော ဦးကျော်ဇင်မှာ ငွေရှိသည်၊ တပည့်တွေ ပေါသည်။

ဦးကျော်ဇင်နှင့် သူ ဘာမှမဆိုင်ပေ။ ဆိုင်တာက အမေနှင့် ဖြစ်၏။ အမေနှင့်သူ့ဘဝ စုတ်ပြတ်ဆိုးရွားနေခဲ့စဉ်မှ ဦးကျော်ဇင်နှင့် လက်ထပ်ခဲ့တော့ သူက မယားပါသား။

အချုပ်ကျတိုင်း လိုက်ထုတ်ခဲ့တာလည်း အမေ့ကြောင့်ပဲ ဖြစ်သည်။ ဘာကြောင့်ဖြစ်ဖြစ် သူကတော့ ထင်ရာလုပ်ခွင့် ရမြဲတိုင်းရနေဖို့တွေ အများကြီးရှိသည်။

ထုံးစံအတိုင်း ရဲမှူးကြီးက နောက်ထပ် ဒီလိုထပ်မလုပ်ဖို့ လိုရင်းတိုရှင်း ဆုံးမကာ ပြန်လွှတ်ပေးလိုက်၏။

သူ ရယ်တော့ရယ်ချင်မိ၏။ ရဲမှူးကြီးက လိုရင်းတိုရှင်း ဆုံးမဖော်ရပေမယ့် အမေကတော့ သူ အချုပ်ကထွက်လာပြီဆို တစ်ခါတလေ လှည့်၍ပင်မကြည့်တတ်ပါ။

သူ အိမ်ထဲဝင်၊ ရေမိုးချိုး၊ အပြင်ပြန်ထွက်ဖို့ ပြင်နေကာမှ တကူးတကမဟုတ်ဘဲ ညှော်ခန်းမှာ မျက်နှာချင်းဆိုင်မိလိုက်လျှင်…

"တော်ဒီရုံမှာ ကားဝင်ရွေးလိုက်၊ ပြီးရင် နင့်ဦးကျော်ဇင်ဆီ ဝင်ခဲ့ဦး"

ဒါပဲဖြစ်သည်။

သူမျှားမိဘတွေလို အချုပ်ခန်းကို မျက်ရည်စမ်းစမ်းနှင့် ပြေးလာ၊ အချုပ်ကထွက်လာသည့် သားလို ပါးကိုင်၊ နားကိုင်နှင့်…

"ဖြစ်ရလေ သားရယ်၊ အမေဖြင့် တစ်ညလုံး အိပ်လို့မပျော်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ကြတာလဲ"

ဘာညာ လုံးဝမရှိခဲ့ပါ။ ထို့ကြောင့် ရဲမှူးကြီး ဆုံးမလိုက်တာကို နားရွက်ဖျားကနေ ခါချပစ်ခဲ့တတ်သော အကျင့်ကလည်း မွေးရာပါလို့ ပြောရမည်လား။

နားစည်ထဲထိစွဲပါလာအောင် သူ့အပေါ် သက်ရောက်နိုင်သည့် စကား၊ မရှိခဲ့သေးပေ။ စခန်းအပြင်ရောက်တော့ အရောင်ခပ်ညစ်ညစ် ပါဘာလစ်ကာအဖြူလေးဆီ မျက်လုံးက တန်းခနဲရောက်သည်။ သူ ထွက်လာမှ ကားတံခါးဖွင့်သွားပြီး နှစ်ဖက်စလုံးကနေ လူနှစ်ယောက် ဆင်းလာကြ၏။

သူ နည်းနည်းမှ ငဲ့မကြည့်ပါ။ လက်ဝဲဘက်အတိုင်း လှည့်လျှောက်လာခဲ့တော့ သူတို့က ခပ်သုတ်သုတ်လိုက်လာကာ…

"ရဲ…၊ မင်းဦးကျော်က ခေါ်လိုက်ခဲ့ဖို့ မှာလိုက်တယ်"

သူ့နောက်မှာ သူ့ကို အာမခံနှင့်ထုတ်လာသည့် ရာဇာက အနားကပ်လာပြီး…

"မင်းကို ခေါ်ထုတ်လာတဲ့သူကိုတောင် နည်းနည်းမှ ငဲ့မကြည့်ပါလား ရဲ၊ ဆရာကျော်က ခေါ်ခိုင်းလိုက်တာ"

ရဲက ပိတ်ညှပ်နေကြသူတွေကို ငဲ့ကြည့်ပြီး ခြေလှမ်းရပ်လိုက်၏။

"ဆရာကျော်ဖြစ်ဖြစ်၊ သူ့ဘိုးအေဖြစ်ဖြစ် ပြောလိုက်၊ မလိုက်နိုင်ဘူး"

ရေ့ကလူရင်ဘတ်ကို လက်တစ်ဖက်နှင့် ဆတ်ခနဲ တွန်းပစ်လိုက်သည်။ ယိုင်သွားသည့်ပခုံးတစ်ဖက်ကို ထပ်၍တိုးတိုက်ပြီး ရဲ ထွက်သွားသဖြင့် ထိုသူနှစ်ယောက် လည်ထွက်သွား၏။

"တောက်"

တက်ခေါက်ပြီး ရှေ့တိုးလိုက်တော့ ရာဇာက နောက်ကနေ လက်





ကိုဆွဲထားလိုက်ပြီး…

"သွားမစနဲ့၊ ဒီကောင်က နောက်မျက်စိ ပိုရှုးတယ်"

အားလုံး မချင့်မရဲ ကျန်ခဲ့ကြ၏။ ရဲကတော့ အေအေးဆေးဆေးပဲ ဆက်လျှောက်သွားလေသည်။ ဘောင်းဘီအိတ်ထဲလက်နှိုက်ပြီး ပလက်ဖောင်းပေါ်မှာ လျှောက်နေသည့်ပုံက ဘောင်းဘီရှည်အဖြူ၊ ခေါင်းစွပ်ဆွယ်တာလက်ရှည်အဖြူနှင့် မိတ်ကပ်ရောင်ဖျော့ဖျော့ ဂျက်ကက်ခါးတိုလေးနှင့်။

အချုပ်ထဲက ထွက်လာသူဟု ဘယ်သူမှထင်ကြမှာမဟုတ်ပေ။ အရပ်မြင့်မြင့် ဖြောင့်စင်းနေသည့်ကိုယ်ဟန်က ဘယ်လိုဝတ်ဝတ်၊ ဘယ်လိုနေနေ မလိုက်ဖက်တာ မရှိ။

"တီ…တီ"

ကားဟွန်းသံက သူ့ကိုခေါ်နေသည်မှန်း သိသာနေသဖြင့် လမ်းဘက်ကို လှည့်ကြည့်လိုက်မိသည်။

"ဘာလဲ၊ ဘယ်သူ ခေါ်လို့လဲ"

"ဟား ဟား"

အဖြူရောင်ကားလေးတစ်စီးနှင့် မိန်းကလေးတွေ သူ ကြည့်လိုက်မှ ဝေါခနဲ မောင်းထွက်သွားရင်း ရယ်သံတွေကို ထားရစ်ခဲ့ကြ၏။

ရဲနှုတ်ခမ်းမှာ ပြုံးရိပ်သန်းသွားသည်။ သူ့မျက်လုံးထဲမှာ လောကကြီးက အမြဲတမ်းလှနေ၏။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"လှတယ်"

အဝါရောင် ပလတ်စတစ်ကော်ခုံလေးက ကျောမီမပါ။ ရဲက ခါးမတ်မတ်နှင့် လက်ပိုက်ထားရင်း တစ်ယောက်တည်းပြောလိုက်တော့ တရားမှတ်နေသလိုလို၊ ဝေါက်နေသလို သို။

"အံမာ ရေခဲမုန့်ဘူးကို သေချာသုံးသပ်ပြီး ဘာတွေ သဘောကျနေတာလဲ"

ရှေ့မှာဝင်ထိုင်လိုက်သည့် မင်းထွန်းက ပန်းနုရောင်ရေခဲမုန့်ဘူးလေးကို လှမ်းကိုင်လိုက်သဖြင့် ရဲက မင်းထွန်းလက်ကို ဖတ်ခနဲ ထိပ်ဆုပ်ပစ်လိုက်သည်။

"ဘာလဲဟ"

"မကိုင်နဲ့"

"ဘာမို့လို့လဲ"

"ဘာဖြစ်ဖြစ်"





လက်ကို တွန်းလွှတ်ပစ်လိုက်ပြီး ရဲက လက်ပြန်ပိုက်၏။ မနေ့တစ်နေ့က ဖြစ်ပျက်ခဲ့သမျှမှာ မျက်ဝန်းလေးတစ်စုံရယ်၊ ဒီရေခဲမုန့်ဘူးလေးရယ်၊ သူ့ရင်ထဲမှာ ကျန်ခဲ့၏။ အချုပ်ခန်းထဲမှာလည်း မနက်ဖြန်အာမခံရောက်လာပါ့မလားလို့ မပူ။

အိမ်ပြန်ရောက်တော့လည်း ဘယ်တော့မှ အနာဂတ်မရှိခဲ့သော ခေါင်းထဲမှာ မနက်ဖြန်လည်းမပါ။ မျက်ဝန်းလေးတစ်စုံကို ခဏခဏမြင်ယောင်နေခဲ့သည်။

သူ တိုက်ချပစ်လိုက်၍ လွှတ်ကျလိမ့်ထွက်ကာ ဖိတ်စဉ်ကုန်သည့် ရေခဲမုန့်ဘူးလေး။ မကျေမနပ်မျက်နှာကြီး ဖြစ်သွားသည့် မင်းထွန်းကို ပြုံးကြည့်ကာ...

"ဒီရေခဲမုန့်ဘူးလေးမှာ ပိုင်ယာရှိတယ်"

ဒါများ ဆိုသည့်မျက်နှာနှင့် မင်းထွန်းက နှာခေါင်းရှုံ့သည်။

"မင်းကို မင်းရဲ့ဦးကျော်ဇင် မောင်းပစ်လိုက်တာ ဟိုနေ့က သိသိလေးဆို"

မင်းထွန်းက ရေခဲမုန့်ဘူးကို စိတ်မဝင်စားသလို ဆက်မမေးဘဲ သူသိချင်တာကိုပဲ မေးတော့ ရဲက ခေါင်းညိတ်၏။

"ပေါ်စိမ့် ဝမ်းတီး"

မင်းထွန်းက လက်ဖက်ရည်မှာလိုက်ပြီးမှ...

"ပြောပါဦး ဘယ်လိုလွှတ်သွားသလဲ"

"ကားထိုးပစ်ခဲ့ပြီး တစ်ဖက်က လှည့်လစ်တာပေါ့၊ အဲဒီမှာပဲ..."

ရဲက ရေခဲမုန့်ဘူးလေးကိုကြည့်ပြီး ပခုံးတွန့်ရယ်သည်။ မင်းထွန်းက ဒီနေရာကျမှ စိတ်ဝင်စားလာကာ...

"ဆက်ပြောလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်လှတယ်"

"ဒီထက်လှတဲ့ဘူးတွေ ရှိသေးတယ်"

ဟု မင်းထွန်းက သိရက်သားနှင့် ပြောသည်။ ရဲက ဂရုမစိုက်ပါ။

"ငါ သူ့ကို ဝင်တိုက်လိုက်တာ သူ့ ခမျာ စားနေတဲ့ရေခဲမုန့်ဘူးလေး လွတ်ကျသွားတာကွာ တကယ် သနားစရာလေး"

ခုံကျမှ ရေခဲမုန့်ဘူးရှေ့မှာချပြီး ပြုံးနေသည့်အဖြစ်က ဇာတ်ရည် လည်သွားသည်။

"ဘာလဲ တော်တော်ဆင်းရဲစုတ်ပြတ်နေလို့လား။ ရေခဲမုန့်ဘူး ဝယ် စားဖို့ တစ်လလောက်စုဆောင်းထားပြီးမှစားရတဲ့ပုံစံမျိုးဖြစ်နေသလား"

ရဲ မျက်မှောင်ကြုတ်သွားတော့မှ မင်းထွန်းက ပြုံးစိစိနှင့်...

"မင်းက ရေခဲမုန့်ဘူးတစ်ဘူး ဝယ်ပြီး ဒီမှာထိုင်စောင့်နေတော့ အစားလိုက်ပေးမလို့လားလို့"

"အဲဒါတော့ ဟုတ်တယ်"

ဟု ပြောကာ လမ်းတစ်ဖက်မှာ အဝါရောင်ဆိုင်းဘုတ်လေးနှင့် ရှိနေသည့် Daily Mark အဆောက်အအုံလေးဆီကို လှမ်းကြည့်သည်။ မင်းထွန်းကလည်း လိုက်ကြည့်ပြီး အခင်းဖြစ်ပွားခဲ့သည်ဟု ဒီထဲမှာပဲ ဆိုတာကိုလည်းတွေးမိကာ...

"ထပ်လာဦးမယ်ထင်လို့လား"

"မသေချာတာကို ငါ စိတ်မဝင်စားပါဘူး။ ဒီနေ့ဒီနားလေးမှာထိုင်ဖို့ စိတ်ကူးဖြစ်လို့"

"တွေ့ရင်ကော လိုက်ပေးမယ်ပေါ့"

"အင်း"

"အပြောအဲဆိုလေးက ညက်တော့ စိတ်ကူးသင့်တာပေါ့"





ပြောပြီး မျက်ခုံးပင့်သည်။ ရောက်လာသည့် လက်ဖက်ရည်ကို နှစ်ငုံခန့် သောက်လိုက်ပြီးမှ ပြန်ချသည်။ မျက်လွှာပင့်ကြည့်လိုက်တော့ ရဲက စီးကရက်ကို နှုတ်ခမ်းမှာလည်း တပ်ထားသည်။ လက်ညှိုးနှင့် လက်မ ဖွဖွကိုင်ထားတာကိုလည်း မလွှတ်ဘဲ မီးခိုးဖြူဖြူလေးတွေကို တငွေ့ငွေ့မှုတ်လွှတ်နေ၏။

မျက်ဝန်းတို့သည် ဒေးလီးမတ်ရှေ့က ပါကင်မှာ ရပ်ထားသည့် ကားတွေဆီမှာကော၊ အဝင်ဝတံခါးမှာကော ရှုးနစ်လျက်၊ ထူးတော့ ဘူးဆန်းသည်။

ရဲဟာ တော်ရုံကိစ္စလောက်ကို ဒီနေ့က မနက်ဖြန်ထိပါအောင် ခေါင်းထဲထည့်ထားတတ်သူမဟုတ်။ အထူးသဖြင့် မိန်းမကိစ္စ၊ မိန်း ကလေးတချို့နှင့်ခင်ခင်မင်မင် ဆက်ဆံခဲ့သည်၊ ရည်းစားကျတော့ ခထား၊ ပြောသေးသည်။

"ငါက ပျော်စရာတွေပဲလိုချင်တာ၊ စိတ်မညစ်ချင်ဘူး"တဲ့။

"ကောင်မလေးတွေ လှတာက ထိုင်ကြည့်နေဖို့ပဲကောင်းတာကွ၊ သိချင်ပြီဆို ကိုယ်ကပေးရတာက ပိုဆိုးတယ်၊ မချစ်တာမဟုတ်ဘဲ ချစ်ချင်တာ၊ ပွေ့ချင်ရှုပ်ချင်တဲ့အကျင့်တော့ ရှိပြီး မရှင်းချင်တာမျိုး"

"စီးကရက်သောက်နေတာ ကိုမင်းသူငယ်ချင်းလားဟင်၊ တကယ် မိုက်တယ်"

မိန်းကလေးတချို့ကျတော့ သူ့နှင့်ခင်ပြီးမှ ရဲနှင့်ခင်သွားကြတာ တွေ့ရှိသည်။ သူမတို့ကပဲ စ၍ မိတ်ဆက်တာတွေလည်းရှိ၏။ ရဲက နေတာသွားတာ အားလုံးသောအမူအရာတွေက ညို့ချက်ပြင်း၏။

သူတို့သိသည်၊ ဒါတွေမှာ တမင်တကာ ဘာမှမပါ။

ခုလည်း စီးကရက်သောက်ပြီး ငေးနေတာကို မင်းထွန်းကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ရှုးစိုက်ကြည့်နေမိ၏။ မိန်းကလေးတစ်ယောက် အကြောင်း တမ်းတမ်းတတ ပြောနေတာလည်း ထူးဆန်းနေသည်။

"ရဲ"

"......"

ဘယ်တော့မှ တုံ့ပြန်မထူးတတ်သည့် ရဲအကျင့်ကို သိထားသောကြောင့် မင်းထွန်းက ရဲ ပြန်ထူးတာကို မစောင့်ပါ။

"ဒီည ဗညားတို့က စိန်ခေါ်ထားတယ်၊ မင်းလွှတ်လာတာ မသိသေးဘူးထင်တယ်၊ မင်း မပါနဲ့ကွာ၊ ထူးစံနဲ့ငါတို့ပဲ၊ မင်း ဘယ်လိုလဲ"

ရဲမျက်လုံးက မင်းထွန်းဆီ ပြန်ရောက်လာသည်။

"ဘယ်တော့လဲ"

"ဒီည ကိုးနာရီ"

ဖ ဖ ဖ





## အခန်း (၄)

တာမွေအပိုင်းထိပ်ကနေ မြောက်ဥက္ကလာ လမ်းဝထိကို ဆိုဒ်းနား ကနေ့ ဖြတ်မောင်းရမည်။ ဘယ်ကမှ ကွေ့ပတ်မဖြတ်ရ။ ထိုမှနေ၍ ရှက်ဆိတ်ကုန်းဘူတာကို နောက်ဆုံးရထားချိန် လွတ်အောင် ဖြတ်ရ ညီ။ ရောက်ဖို့အချိန်က ကိုးနာရီ ဆယ်မိနစ်၊ ယာဉ်စည်းကမ်း ဖောက် နှက်၍ မမောင်းရ။

ကလပ်ကိုနင်းထားသည့်ခြေထောက်က တဖြည်းဖြည်း ဖွထားပြီး မြစ်ကာ နာရီတစ်ချက်ကြည့်မိသည်၊ ရှစ်နာရီ လေးဆယ်။

လက်ကို စတီယာရင်မှာပြန်တင်ကာ တစ်ဖက်က မီးခိုးငွေ့လေး ဆွေ လွင့်တက်နေသည့် စီးကရက်ကို နှုတ်ခမ်းမှာတေ့ပြီး သာသာလေး နှိုက်သွင်း၏။ လက်နှစ်ဖက်စလုံး လှုပ်ရှားနေပုံက သွေးအေးနေပေမယ့် ဘွန့်ကုတ်နေသည့်မျက်ခုံးနှစ်ဖက်အောက်မှ မျက်လုံးအစုံက ကျဉ်း ကြောင်း စူးရဲနေသည်။

လမ်းဆုံမှို့ ထူထပ်များပြားစွာရှိနေသည့် မီးရောင်တဝင်းဝင်းနှင့် ပေါင်းပေါင်းများစွာကို စူးစိုက်ကြည့်နေရာမှဘေးကိုနည်းနည်းမှမရှေ့ပေ။

www.burmeseclassic.com



ရဲ့မျက်နှာကိုအကဲခတ်ကာ မင်းထွန်း မျက်လုံးတွေက ယှဉ်လျက်ရှိနေသည့် ဘေးကကားဆီရောက်သွားခဲ့သည်။ နောက်ကြည့်မှန်ထဲကနေ နောက်ခန်းထဲက ထူးစံငွေ့ကို လှမ်းကြည့်လိုက်တော့လည်း ထိုကားဆီကိုပဲ ကြည့်နေတာတွေ့၏။ ကူရှင်မှာ ခပ်လျော့လျော့မှီကာ စီးကရက်သောက်မပျက်သော ရဲ တစ်ယောက်မှလွဲလျှင် သူတို့အားလုံး ရင်ခုန်နေကြသည်။ ယှဉ်စည်းကမ်းတင်းကျပ်မှုတွေရှိနေသော လမ်းမကြီးထက်မှာ ကားပြိုင်မောင်းဖို့ဆိုတာ အဘက်ဘက်က အန္တရာယ်တွေ အများကြီး ရှိသည်။

ပြီးခဲ့သည့်နှစ်က ကားပြိုင်ကွင်းမှာ ပါးမစ်မရှိဘဲ ဆိုင်ကယ် ဝင်မောင်းခဲ့မိလို့ အချုပ်ထဲရောက်ခဲ့ရသည်။ ထိုစဉ်ကလည်း ရဲပဲဖြစ်သည်။ ရဲက ဒဏ်ရာမရှိသူမို့ အချုပ်ထဲ စောစီးစွာရောက်၍ အရင်ထွက်ရသည်။

ဗညားတို့ညီအစ်ကိုကတော့ ဗညားလေး လက်ကျိုးကာ ဆေးရုံတက်နေရသဖြင့် ဆေးရုံကဆင်းမှ အချုပ်ထဲရောက်သည်။ အချုပ်ကထွက်တဲ့အထိ လက်က ကျောက်ပတ်တီး မဖြေရသေးပါ။

ဗညားကြီးနှင့်ဗညားလေးက အမြွှာညီအစ်ကိုဖြစ်သည်။ အကြီးကဘာရောဂါ၊ ဘာဝေဒနာဖြစ်ဖြစ် အငယ်မှာ လိုက်ဖြစ်တတ်ကာ ငယ်တဲ့သူဘာဖြစ်ဖြစ် ဗညားကြီးကို မထိခိုက်သောအထာလည်း ရှိနေပြန်သည်။

ထို့ကြောင့် ဘာမဆို ဗညားလေးနှင့်သာ ယှဉ်ပြိုင်ခဲ့ကြတာ များကာ ဗညားကြီးက သူတို့ဘက်မှာ ပညာပေးအဖြစ်ပဲနေသည်။ ခုကျတော့ မောင်းသူနေရာမှာထိုင်တာက ဗညားကြီး ကိုယ်တိုင်။

မျက်နှာပေး[illegible]ည့်ဘဲ မျက်တောင်တွေမှေးစင်း၍ ခပ်ဆွေ့ဆွေ့ စောင်းကြည့်ပြီး ရဲ ပြုံးလိုက်သည်။ ကောင်းတာပေါ့၊ တစ်ကောင်ပစ်လျှင် နှစ်ကောင်ထိသည်။





ဗညားကြီးကလည်း ရဲကို လှမ်းကြည့်သည်။ စီးကရက်ငွေ့တွေတလွှန့်လွှန့်တက်နေတာကို ရှုးစိုက်ကြည့်တော့ မြင်ရသည်။ ဒီကောင်ဟာ စီးကရက်ကို မမြင်ရအောင် ခိုးသောက်သည့်နေရာမှာလည်း ပါရမီထူးပါသည်။ သူ့မီးခိုးငွေ့က ထွက်လို့ရသည့်နေရာမှ ထွက်ပြပြီး ထွက်လို့မရ သည့်နေရာမှာ နည်းနည်းလေးမှ အပြင်မထွက်ပေ။ ဘယ်ဘဝ၊ ဘယ်ကာလက ရေစက်ကြောင့်မှန်းမသိဘဲ ရဲ ဘယ်လိုနေနေ၊ ဘာလုပ်လုပ် ကြည့်လို့မရ။

တွက်ကြည့်လျှင် သူတို့က တက္ကသိုလ်ကျောင်းသားတွေ၊ ရဲကဆယ်တန်းတောင်မအောင်တဲ့ကောင်၊ ကျောင်းတော်က ရန်စ မဟုတ်သော်လည်း ထိုထက်ပြင်းသည်။ တက္ကသိုလ်ကျောင်းက ကွင်းဆိုကဲ့ခန်းကလေးကို တက္ကသိုလ်ကျောင်းသားဖြစ်တဲ့ သူတို့ မကပ်နိုင်ခဲ့ဘဲ ဒီကောင်က သာသာကလေး ကပ်ဖဲ့သွားသည်။

ပြီးတော့ ပြောသေးသည်...

"ပွဲလှန့်ပေးမယ်၊ ဖျာလိပ်ကိုင်ပြီးစောင့်နေ"တဲ့။

ချစ်ကြတာလည်းမဟုတ်၊ တကယ်တွဲချင်တာမဟုတ်ဘဲ တွဲပြပြီး ဖြတ်ချပစ်ခဲ့သည်။ ထိုမှစခဲ့သော ရန်စက ဖွဲမီးလို တငွေ့ငွေ့ကျန်ခဲ့သည်။ တစ်ရပ်ကွက်တည်းမှာ နေဖြစ်ကြတော့ ခဏခဏ အရှေ့အတင်တွေ့ဖြစ်ရသည်၊ ပြိုင်ကြ၊ ဆိုင်ကြ၊ ဘယ်သူရှုံးရှုံး၊ ဘယ်သူနာနာ အလဲလဲကြေး။

ကျောင်းတွေလည်းပြီးခဲ့ပြီ၊ လုပ်ငန်းခွင်ဝင်ဖို့ ခေါင်းထဲမှာ မရှိဘဲ ဒီကောင်နဲ့ ဘယ်လိုပြိုင်မလဲ၊ နိုင်ဖို့နည်း ဘာရှိလဲ ဒါပဲခေါင်းထဲရောက်၏။

ခက်သည်က 'ညားလေး'က ဒီကောင့်ပြိုင်ဘက် မဟုတ်ပေ။ တစ်ခုခုခံထိမိလျှင် ကိုယ်ဖြစ်ကိုယ်ခံလို့ရသောကြောင့် ညားလေးကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်ခိုင်းနေရတာမို့ ရဲ ဆိုတဲ့ကောင်ကို အမြဲရှုံးရသည်။

ဒီတစ်ခါ အရှုံးမခံနိုင်ပေ။ ပြီးခဲ့တဲ့လက ရုပ်ရှင်ရုံရှေ့ လူမြင်ကွင်းမှာ ရှုံးခဲ့ရသည့်အဖြစ်ကို ဘယ်လိုမှမခံနိုင်သောကြောင့် ဒီပွဲကို စိန်ခေါ် လိုက်တာ သူ့ပဲဖြစ်သည်။ ဗညားကြီး အံတကြိတ်ကြိတ်နှင့် ကားစတီယာရင်ကို လက်သီးဆုပ်နှင့်ထုနေမိ၏။ ဒီပွဲမှာ နိုင်မှဖြစ်မည်။ မဟုတ်လျှင် 'ညားလေး'ကော သူကော နာမည်...

သူ့ဘေးမှာ ညားလေးကလည်း အံကြိတ်လျက် နာရီတကြည့်ကြည့် ဖြစ်နေသည်။ ဘယ်လိုရှုံးရှုံး၊ နာချင်သလောက်နာ ညားလေးကလည်း ဖွဲ့ကောင်းသည်။

"ညားကြီး...၊ မင်း ဒီကောင့်ကိုနိုင်ဖို့နည်း ကြံစမ်းပါ။ ဘာဖြစ်ဖြစ်ချမယ်၊ လုပ်ါးဝလို့"

ဟု အမြဲတမ်း ကြိမ်းဝါးနေခဲ့၏။

"ညားကြီးရေ ဟိုကောင်ကတော့ အေးဆေးပဲကွ"

နောက်ခန်းထဲကကောင်တွေ သုံးယောက်က ရဲတို့ကားဆီ လှမ်းကြည့်ပြီး သတင်းပေးသည်။

ဗညားလေးက မကျေမနပ် လှည့်ကြည့်ကာ...

"ဘာမှအေးဆေးမဟုတ်ဘူး၊ ရင်ထဲမှာ မီးတောက်နေတာ၊ ဘယ်ကိုမှမကြည့်ရဲလို့ ရှေ့ကိုပဲကြည့်နေတာ မတွေ့ဘူးလား၊ အလကားနာမည်ကိုက 'မိုက်ရူးရဲ'တဲ့၊ အရူး..."

ဗညားလေးက မေတ္တာတွေထားနေသည်။ ပြိုင်ဖို့အချိန်က သတ်မှတ်ထားတာ ဆယ့်ငါးမိနစ်ပဲဖြစ်သည်။ ဒီခရီးနှင့်ဒီခရီး ဘယ်လိုမှ ဆယ့်ငါးမိနစ်နှင့်ရောက်ဖို့ မဖြစ်နိုင်။

ပြီးတော့ ညာ၊ မဖြစ်နိုင်တာကို စိန်ခေါ် လိုက်ပေမယ့် ရဲ ဆိုတဲ့ အရူး





က လက်ခံသည်။ သူတို့ကတော့ ကိုယ့်အစီအစဉ်နှင့်ကိုယ် ပြီးပြီသားပါ။

မင်းထွန်းက ဟိုဘက်ကားကို မကြာခဏ လှမ်းကြည့်မိရင်း ရဲနားကိုကပ်၍...

"ဒီကောင်တွေ တခြားအကြံရှိနိုင်တယ် ရဲ၊ ဆယ့်ငါးမိနစ်နဲ့ သတ်ခုတ်တာကို တို့ လက်မခံသင့်ဘူး"

"ဟုတ်တယ်ကွ၊ ငါလဲတွေးမိတယ်၊ သူတို့ အခု မင်းကိုနိုင်ချင်တာ ဘာမဟုတ်တော့ဘူး ပုံချင်တာ၊ ဒီကောင်ခဲတွေ ရထားလမ်းမှာ တစ်ဖွဲ့နဲ့ သပ်ဝိတ်နေလိမ့်မယ်လို့ ငါ ထင်တယ်"

နောက်ကနေ ထူးစံကလည်း ရှေ့ကိုကပ်လာပြီး ပြောသည်။ ရဲက ဘိုကျသွားသည့် စီးကရက်ကို စတီယာရင်နှင့် ဆတ်ခနဲ ဖိချေပစ်လိုက်၏။

"မင်းတို့ ကြောက်ရင် ဆင်းနေခဲ့"

ဟု လှည့်မကြည့်ဘဲ ပြောသည်။ ပြီးတော့ နာရီကြည့်လိုက်၏။ မင်းထွန်း လှမ်းခိုးကြည့်တော့ ဟိုဘက်မှာလည်း ဗညားကြီးတို့ နာရီကြည့်လိုက်တာ တွေ့သည်။

ကလစ်ခနဲသောဖွင့်လိုက်သံအပြီးမှာ ချက်ချင်း ရှေ့ရောက်သွားသည်က ဗညားကြီးမောင်းသည့် ဝက်ပွန်းကားအဖြူလေး။

"သွားပြီ ဟိုကောင်"

မင်းထွန်း ထခုန်မတတ်ဖြစ်သွား၏။ ရဲက ဂီယာချိန်းလိုက်ပြီး ရှေ့ကားတွေကို မျက်လုံးတစ်ချက်ဝေ့၏။ ပြီးမှ ရှေ့မှာ ကပ်လျက်သွားနေသည့်ကားတစ်စီးနောက်ကလိုက်သည်။

တာထွက်ကတည်းက ရှေ့ရောက်သွားသည့် ဗညားကြီးတို့ကားက ချက်ချင်း ရှေ့သို့ဝေးကွာသွားသည်။ ရဲ၏အရည်အချင်းကို ယုံပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် အားလုံး တံတွေးမျိုချလိုက်တော့ လည်ချောင်းထဲမှာ ခြောက်သွေ့ပြီး နာနေကြသည်။

လမ်းဆုံကနေ သူတို့ မလှမ်းမကမ်းမှာ ဗညားတို့ကား နောက်မီးက ပျောက်သွားပြီ။ မီးပွိုင့်လွတ်တာတောင် ရဲက ကားက နှတ်မတက်ဘဲ ရှေ့ကားတွေနောက်က မှေးလိုက်နေသည်။

မျက်လုံးတွေက ကားဆီရှေ့လမ်းကို စူးစိုက်ကြည့်ကာ ထွန်းမြူ တကိမ်းကာစောင့်သလို ကျောနောက်ဖြစ်လာ၏။ ထို့နောက် ဘေးကနေ ဟန်ခနဲဝိုက်တက်ကာ ဗညားတို့ဝင်သည့်လမ်းကြောင်းနောက်ကို ဝင်လိုက်၏။

နောက်ထပ် ဘေးကိုပြန်ထွက်သည်။ မြွေပိမ်ခြွေကောက် နှမ်းပျက် ပေါက် ဝါသွားပြီတော့ ရှေ့မီးပွိုင့်ကို ရဲကားလေး လွတ်သွား၏။ မီးပွိုင့်စောင့်ခဲ့သည့် ဗညားကြီး နောက်မှ ရဲ၏ကား ဘွားခနဲပေါ်လာ သဖြင့် ကားပေါ်မှာ ဗညားလေး တက်ခေါက်၏။

"ဟို သူ့တောင်းစား ပါလာပြီဟ၊ ညာ…ကြီး ဖြန့်ဖြတ်ခဲ့ကွာ နော…"

ဗညားကြီး မျက်နှာကင်းသွားသည်။ ။ ကြတ်တတည်က အမှား ကြီးဖြတ်သွန်နိုင်ခဲ့သဖြင့် ကျေနပ်သွားခဲ့သည့်စိတ်က ချက်ချင်း တင်း ကျပ်လာ၏။

သို့သော် ရှေ့ကားနှင့် ရဲ၏ကားအကြားတွင် သူ ကပ်ပိတ်ထား လိုက်ပြီး မောင်း၏။

စက်မှု(၁)မှာ နှစ်စီးလုံး မီးပွိုင့်မိကြသည်။ မင်းထွန်းက ဆီဒိုးနား ဟိုဘယ်ဘက်မှာ နေရာယူထားပြီးဖြစ်ကာ ရဲက သူ့နောက် တော့ လှဲ ကလေးမေမယ့် အပြင်လိုင်းမှာ ရောက်သွားသည်။ ဘာဖြစ်ဖြစ် ရဲက နှစ်ကောင်ကြားထဲမှာ ညပ်သွားပြီ။ ဗညားကြီး ပြုံးလိုက်၏။





"ဟိုဘက်မှာ ရှင်းပြီကွ ညာကြီး ဝိုက်ပစ်လိုက်တော့"

ဆီဒိုးနားလွန်သည်နှင့် ကားနှစ်စီးက သိသာစွာ ခြားသွားလေကြ သည်။

"နီးနေပြီကွ လျှော့မပေးနဲ့တော့ အချိန်က ငါးမိနစ်နဲ့ လေးဆယ့်ငါး ကျန်တော့တာ"

ဗညားကြီးတို့ကားကို အားမလိုအားမရ လှမ်းကြည့်ပြီး မင်းထွန်း ပြောလိုက်စဉ် ရဲက ရှေ့မှာခံနေသည့် ပရာဒိုကားကြီး၏ရှေ့ကို ကွေ့ဝိုက် ဖြတ်တက်လိုက်၏။ ထိုအခါ ကားနှစ်စီးက ဘယ်ညာ ယှဉ်မိသွားလေ သည်။ ဗညားကြီးက လှည့်ကြည့်သည်။ ရဲက မျက်မှန်ကြည့်ကိုပြုံးလိုက်ပြီး နည်းနည်းလေး အရှိန်မြှင့်ရသည်။ အပြိုင်မောင်းနေသဖြင့် ဗညားကြီး ကားက ရှေ့ကို ခိုင်ခနဲကြွသွား၏။ ရှုံးဆိုင်လာသည့် အကွေ့နားတစ်စီး ကားကို ရှောင်ပြီးသည်နှင့် နောက်မြီးလွတ်ခဲ့ကလေးမှာ ရဲ ခိုင်ခနဲ ဖြန့်တက်၏။

"ဟာ…"

ရှေ့မှာ အကွေ့နား နောက်ထပ်တစ်စီး၏မီးလုံးကြီးတွေက ဝင်းခနဲ သွားပြီးဟု ထင်လိုက်သော်လည်း တုံ့နေသွားသည့် ဗညားကြီးတို့ကား ရှေ့ကို ရဲက ပွတ်ကာပဲဝင်ပစ်လိုက်၏။

"ဟာ ခွေးကောင်"

ဗညားလေးပဲ ထအော်သည်။ လှ…ကလည်း ဆိုဖာထက်မှာ ကြွခနဲ ဖြစ်တာသည်။ ဘတ်စ်ကားကြီးပေါ်မှလူတွေ စီနဲ့ အော်သံတွက်ကာ ပေယ်ယာနှင့်ဒိုင်းဘာ၏ ဆဲဆိုသံက ကျယ်လောင်စွာ။

"တောက် သုံးမိနစ်နဲ့ ဆယ်စက္ကန့်ပဲ လိုတော့တာ ခွေးသူခိုးကောင် ကို အလျှော့မပေးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ လိုက်ကွာ ဖွဲ့"

စည်းကမ်းမဲ့မောင်းနှင်မှုမရှိသော လမ်းမကြီးပေါ်မှာမို့ နှစ်စီးယှဉ်မိလိုက်၊ လည်တဲ့သူက ဖြတ်တက်သွားလိုက်နှင့် ညကြီးမင်းကြီးမှာ ကားနှစ်စီး ပြေးနေပုံက အသည်းယားဖွယ်ပင်။

"ဟာ... ကိုစိန် ဘရိတ်... ဘရိတ်အုပ်"

ဖွတ်ကာသီကာလေး ဖြတ်ကျော်တက်လာခဲ့စဉ် ရှေ့မှာ လင့်နံခရီ ဓာကားကြီး ဖြစ်သွားပုံက ဆတ်ဆတ်ထိမခံနိုင်သော အပျိုကြီးမမလို ရုပ်ပျက်ဆင်းပျက် ဖြစ်ကျန်ခဲ့၏။

ရဲတို့အုပ်စုက ဘာမှမသိခဲ့သော်လည်း...

"ကျွတ်"

ဦးစိန်ရွှေ ကျွတ်ခနဲ စုတ်သပ်သည်။ စွဲမှတ်တတ်လွန်းသည့်မျက်လုံးတို့က ရိပ်ခနဲဖြတ်တက်သွားသည့် မာစီးဒီး၏နံပါတ်ကိုလည်း မှတ်လိုက်ပြီးသား ဖြစ်လျက်...

"ဘယ်လို မိမဆုံးမ၊ ဖမဆုံးမ သားသမီးတွေလဲ မသိဘူး၊ လမ်းပေါ်မှာ ကိုယ့်မသာကိုယ်ထမ်းပြန်ချင်နေပြီထင်တယ်"

တိုက်ပြီ၊ သွားပြီဟု တရားသေမှတ်လိုက်ကာ မျက်လုံးတွေပါ ပြာဝေကုန်အောင် ထိတ်လန့်သွားခဲ့၏။ ထို့ကြောင့် ဦးစိန်ရွှေ ကြမ်းတမ်းစွာ ဆဲရေးမိလေသည်။

"အေးဗျာ ဘယ်လိုမိဘကများ ဒီအချိန်ကြီးထိ လမ်းပေါ်မှာ ပေါက်လွှတ်ပဲစား လွှတ်ထားသလဲမသိဘူး၊ အစိုးရိမ် မရှိလိုက်တာ"

သူတို့ကားတင်မဟုတ်၊ လမ်းပေါ်မှာ ကားတော်တော်များများ ဒုက္ခရောက်ကျန်ခဲ့ကြသည်။ အားလုံးကိုလွတ်အောင် ရှောင်ထွက်သွားကြပေမယ့် ကျန်ခဲ့တဲ့ကားတွေခမျာ ရင်သပ်ရှုမောနှင့်။





အပြိုင်အဆိုင် ပြေးနေကြသည့် ကားနှစ်စီးက လမ်းမပေါ်မှာ ဆိုတာကိုပင် မေ့နေကြသလားမသိ။ မြောက်ဥက္ကလာ ခုံးတံတားကြီးကို ရောက်လာတော့ သတ်မှတ်ချိန်ပြည့်ဖို့ တစ်မိနစ်။

"ပြည့်တော့မယ် ဗညားကြီး"

ဗညားလေးဖင် ထိုင်လို့မကျတော့ပေ။ ဗညားကြီးကလည်း အံကြိတ်လျက် လီဗာကို ဖိနင်းထားတာ မလျှော့။ ဖြစ်ချင်တော့ ရထားလမ်းကိုဖြတ်ဖို့ တံတားပေါ်က တက်လို့မရဘူး ဆိုတာကို ခေါင်းထဲမှာမရှိဘဲ တံတားပေါ် လှတက်ပစ်လိုက်မိခြင်းပင်။ ထို့ကြောင့် မျက်စိအောက်မှာပဲ ရဲ၏ကားက ရထားလမ်းကို လွတ်လွတ်ကျွတ်ကျွတ် ထွက်သွားခဲ့လေသည်။ ဗညားကြီး မောဟစိတ်များကာ မီးရှူးတစ်စလို ဟူးခနဲ ထိုးတက်သွားကာ အသိစိတ်မှာ ဘာမှမမြင်တော့ပေ။

ဦးတိုက်ရှေ့တက်သွားပြီးကာမှ လွတ်နေသည့်လမ်းဘေးကို နောက်မြီးနှင့်ပတ်ဆုတ်လိုက်သည်။ ကားဆက်ကဲ့နေလျှင်တော့ ညကြီးအချိန်မှာ သူ မှန်းတဲ့အတိုင်း ရချင်ရမည်၊ နောက်မှာ ကား ကပ်လျက်ပါလာသဖြင့် နောက်ကားနှင့် သူ့ကားမြီး ဂျိမ်းခနဲဆောင့်တိုက်မိလေသည်။

"သွားပြီကွ"

မင်းထွန်း ထိတ်လန့်သွားသံနှင့်ပြောသည်။ ကိုယ့်ဘက်က နိုင်ပြီဆိုတာ သေချာသွားပေမယ့် သူတို့အားလုံး ပျော်ပျော်ပါးပါးကြီး ဖြစ်မသွားခဲ့ပေ။ ရဲကတော့ ခပ်သဲ့သဲ့ပြုံးလိုက်ပြီး လီဗာကို နည်းနည်း ပြန်လျှော့သည်။ နာရီကိုကြည့်လိုက်တော့ ကိုးနာရီထိုးဖို့ စက္ကန့်လေးဆယ်။

စည်းကမ်းအရ ဘယ်ဘက်ကဖြစ်ဖြစ် ယှဉ်ပြိုင်နေစဉ် လမ်းမှာ တစ်စုံတစ်ရာ တိုက်ခိုက်အနှာတရဖြစ်ခဲ့သည်ရှိသော် မဖြစ်ဘဲရှိသည့်ဘက်က ထိုနေရာမှာပဲ ရပ်မပစ်ရ၊ ရထားဝင်ချိန်ကို အမီဖြတ်နိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ပြီးဆုံးသည်အထိ ယှဉ်ပြိုင်ရမည်၊ ရထားလမ်း ဟိုဘက်ရောက်သွားနိုင်သူအား ရှုံးသည့်သူက ဆရာခေါ် ရမည်။

နောက် ဘယ်တော့မှ ရင်ဆိုင်ယှဉ်ပြိုင်ဖို့ စိန်မခေါ် တော့ပါကြောင်း အများရှေ့မှာ ဝန်ခံရမည့် ဒါက နှစ်ယောက် သတ်မှတ်ခဲ့သည့်စည်းကမ်း။

သို့သော် တကယ်ယှဉ်ပြိုင်ကြတော့လည်း ဘယ်လိုမှ ရှုံးနိမ့်မခံနိုင်ဘဲ လော်ဘား၊ မောဟတွေတက်ဆောင့်ပြီး ယခုကဲ့သို့..

"ပေါ်... ဘူ..."

မြို့ပတ်ရထား၏ ဥသြသံက စူးစူးရှရှဝင်လာ၏။ ရဲ နည်းနည်းလေး အရှိန်မြှင့်လိုက်သည်နှင့် ရထားနှင့် ကိုက်တစ်ရာအကွာလောက်ကနေ အေးအေးဆေးဆေး ဖြတ်ကူးလိုက်နိုင်လေသည်။

"ဟိုကောင်တွေ စောင့်နေကြတယ်"

"ဟင်..."

ရဲအသံကြောင့် နောက်မှာ အာရုံတွေကျန်ခဲ့သည့် မင်းထွန်းတို့တစ်တွေ ရှေ့ပြန်ကြည့်မိကြ၏။ မှောင်မည်းမည်းထဲမှာ မြင်လိုက်ရသည်က ကားတစ်စီးနှင့် လူရိပ်တွေ။ အားလုံး၏မျက်နှာတွေ ညိုမှောင်သွားကြသည်။ ရဲက ကားထဲမီးကို မှိတ်ပစ်လိုက်သည်။

"ခွေးဝဲစားတွေ၊ သူတို့က ကြွက်မနိုင် ကျီ မီးနဲ့ရှို့မှာကိုး၊ ဒါမျိုးတော့ လာစမ်းပါ"

ရထားခုတ်မောင်းသွားသော ဆူညံညံသံထဲမှာ ထူးစံ၏ ကြိမ်းဝါးသံက ထိုးဖောက်ထွက်လာ၏။ ညက အရှုံးအနိုင်ဆုံး ဖြတ်ပေးဖို့အတွက် စိတ်ဝင်တစားစောင့်နေခဲ့၏။

ဖြ ဖြ ဖြ





အခန်း (၅)

"ငရဲ"

ဒီခေါ်သံကိုကြားတိုင်း ရင်ထဲမှာ နူးညံ့ခြင်းတို့ ပျောက်ဆုံးခဲ့သည်။ ထို့ကြောင့် ပြန်မထူးဘဲ မျက်လုံးနှင့်သာ ပင့်လှန်ကြည့်တတ်သည့် အကျင့်ကလည်း မွေးရာပါလိုဖြစ်ခဲ့သည်ထင်၏။

ဆိုဖာပေါ်မှာ ဒူးပေါ် လက်နှစ်ဖက်တင်၍ ထိုင်နေရင်း ငဲ့ကြည့်သည့် ရဲမျက်လုံးတွေကို ဦးကျော်ဇင်က မျက်မှောင်ကြုတ်ကြည့်၏။

"မင်းက ငါ့တပည့်တွေရှေ့မှာ ငါ့ကို မရိုမသေ မလေးမစား လုပ်ပြလိုက်တာလား ငရဲ၊ မင်းကို ဘာ့အတွက်နဲ့ ခေါ်ခိုင်းတယ်ဆိုတာကော သိရဲ့လား"

ရဲက ဘာမှမဖြေဘဲ မျက်နှာပြန်လွှဲပြီး စားပွဲပေါ်က ပန်းသီးတစ်လုံးကို လှမ်းယူလိုက်၏။ လက်က ပန်းသီးကိုင်ကာ မျက်ဝန်းတို့က ရှေ့မှာ ဆိုင်နေသည့် အမေ့ဆီကို ရောက်သွားသည်။

အစက သူ့မျက်နှာကိုကြည့်နေသည့်အမေသည် သူ ကြည့်လိုက်တော့ မျက်ဝန်းတွေကို ရှေ့ဖယ်သွား၏။ အလွန် အပြုံးအရယ်နည်းသော အမေ့မျက်နှာသာ အသက်လေးဆယ်ဆိုသည့် အရွယ်ထိ နုပျို



www.burmeseclassic.com

www.burmeseclassic.com



လှပနေဆဲပါ၊ ဆံပင်ရှည်ကြီးတွေကို အောက်တိုမစ်တစ်ဆံညှပ်နှင့် ညှပ်ထားတတ်သည်။

နှုတ်ခမ်းနီကလေး ဆိုးထားရုံလောက်ပဲ ရှိတတ်တဲ့ ပြင်ဆင်မှုအနည်းငယ် ရုပ်ရည်ကတော့ နုပျိုအောင် ဆံမြိတ်တွေ၊ အကောက်တွေ ဘာမှမလုပ်ဘဲ မျက်နှာမှာ ရင့်ရော်သည့်လက္ခဏာ ဘာမှအရိပ်မထင်သေးပေ။

မျက်ခုံး မျက်လုံး၊ နှာတံ အားလုံး ကိုယ်ခန္ဓာအချိုးအစား ကျနခြင်းကအစ ဒီအသက်အရွယ်မှာ ဒီလောက်လှရသလားဟု မေးရလောက်အောင် လှ၏။

ထို့ကြောင့် တကယ့်လှလှလည်းဟုလူတိုင်းပြောကြသည့် ဦးကျော်ဇင်ကိုယ်တိုင် ကလေးတစ်ယောက်အမေဆိုသည့်အဖြစ်ကို ဂရုမစိုက်နိုင်အောင်ဖြစ်ခဲ့၏။

ဦးကျော်ဇင်က ရဲ၏ပထွေးဖြစ်သည်။ အမေ့ကို တယုတယ ချစ်ခင်သော်လည်း ရဲကိုတော့ ဦးကျော်ဇင်က နူးညံ့စွာ ဆက်ဆံခဲ့သည်မရှိပါ။ ဒါကလည်း သိပ်ဆန်းသည့်ကိစ္စတော့မဟုတ်ပေ။

အမေကိုယ်တိုင်ကမှ နူးညံ့ခဲ့သည့်မိန်းမမဟုတ်ခဲ့ဘဲ။

"မင်း ငါ့အပေါ်မှာ ဒီထက်ရှိုက်လှဲပြီး နူးညံ့ပေးလိုက်ပါလား ပို့၊ မင်းသားကို ငါကလဲ ဖခင်ကောင်းတစ်ယောက်လို မဟုတ်ရင်တောင် ပထွေးမပီသဖို့ ကတာပေးတယ်"

ဦးကျော်ဇင်က ရဲရှေ့မှာပဲ အမေ့ကို ဤသို့ပြောဖူး၏။ ထိုစဉ်က ရဲက ငါးတန်းကျောင်းသား ဖြစ်နေပြီမို့ သက်ရောက် မှုတွေသဘောကို နားမလည်သေးပေမယ့် အမေ့မျက်နှာ လှုသေကောင့်လိုနေတတ်တာကို ပြုံးရယ်စေချင်တာမှန်းတော့ သိခဲ့ပါသည်။

အမေက ဦးကျော်ဇင်ကို မလိုက်လျောသည့်အပြင် ရဲကို စိန်းသက်စွာကြည့်၍ ပြန်ပြောခဲ့သေးသည်။





"ကျွန်မသားမှာ ပထွေးရမှာပဲဆိုတာကို သိရက်နဲ့ ကျွန်မ နောက်အိမ်ထောင်ပြုခဲ့တာပဲ ကိုကျော်၊ ဘဝကို ကဗျာတစ်ပုဒ်ရေးသလို စိတ်ကူးယဉ်လို့မရဘူးဆိုတာ ကျွန်မ နားလည်တယ်၊ အရှိကို အရှိအတိုင်းပဲထားလိုက်ပါ"

အမေ ဖြေခဲ့တဲ့အထဲမှာ ရဲအတွက် ဘာမှမပါခဲ့ပေ။ နောက်အိမ်ထောင်ပြုကြသည့် မိခင်တော်တော်များများ ပထွေးနှင့် ကိုယ့်သားသမီးတွေ သင့်မြတ်စေချင်သော 'ပူပင်မှုမျိုး အမေ့မှာ' မရှိဘူးထင်သည်။ အဖေ ဆိုတာကို မြင်ဖူးလိုက်သည်။ ဒါပေမယ့် မမှတ်မိတော့ပါ။

အဖေက ရိုးသားအေးဆေးလွန်းသူမှန်းတော့ စိတ်က သိနေသည်။ အဖေ့ကိုချစ်လွန်းလို့ အဖေ ဆုံးပါးခဲ့ရသည့်အဖြစ်ကြောင့် အမေ ဒီလိုအေးစက်ထုံထိုင်းသွားခဲ့တာတားဆိုတော့လည်း မဟုတ်။

"အမေ အဖေ့ကို အရမ်းချစ်လားဟင်"

ငယ်ငယ်တာ ရဲ အမေ့ကို မေးဖူးသည်။

"ငါ့ကိုယ်ငါတောင် မချစ်ဘူး၊ ငါက ဘယ်သူ့ကိုချစ်ရမှာလဲ၊ မဟုတ်ကဟုတ်ကတွေ လျှောက်မမေးနဲ့ ကလေးက ကလေးလိုနေ"

အဆွေအငေါက်ပင် ခံခဲ့ရသေးသည့်အဖြစ်ကို မမေ့နိုင်။ ဦးမောင်ဆယ်+ဒေါ်ပိုးဥတို့ဘဝမှာကော ဦးကျော်ဇင်+ဒေါ်ပိုးဥ တို့ဘဝနှစ်ပိုင်းလုံးမှာ ရဲ ပါဝင်ခဲ့သည်။

ဘယ်အပိုင်းထဲမှာမှ မေတ္တာတွဲ့ဓာတ်လမ်းမျိုး မကခဲ့ရပါ။ ဒါတွေကို တသသခံစားပြီး ကြေကွဲတတ်သည့်နှလုံးသားမျိုးသာ ရဲမှာ ရှိနေခဲ့လျှင် ရဲဟာ ခုလောက်ဆို စိတ်ရောဂါတစ်ခုခုနှင့် နှစ်နှစ်ပျော်မွေ့နေခဲ့သည့်ဘဝဆုံးအံ့ဆဲဆဲ ကောင်လေးတစ်ယောက် ဖြစ်နေနိုင်၏။

မိုက်ရူးရဲ ဆိုသော သူ့ဘဝမှာ အကြင်နာကို မလို၊ ပေးရန်လည်း



www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ထို့ကြောင့် အချစ်ကိုလည်း သူ စိတ်မဝင်စားခဲ့ပါ။ အပြင်မှာ ကောင်မလေးတွေနှင့် ခင်မည်၊ တွဲမည်၊ ကြင်နာဖို့ကို စိတ်မဝင်စား။

ပြန်လာတော့ အိမ်တံစက်မြိတ်အောက်ဝင်တာနှင့် သူ့ကို ခေါ်တာ 'ဇရဲ'...

မိုက်ရူးရဲ ဆိုသည့်နာမည်ကို အဖျားဆွတ်၍ 'ဇရဲ'တစ်လုံးကိုယူသည်။ မကြင်နာ မလိုလားခြင်းကို သိသာစေဖို့ထင်သည်။ 'ဇရဲ'လို့ခေါ်ခဲ့တာ အမေကပဲ စခဲ့၏။

ဦးကျော်ဇင်လက်ထက်မှာတော့ 'ဇရဲ'နာမည်က ပိုကြီး သွားသည်။

သူငယ်ချင်းတွေ အိမ်ကိုလာလည်သည့်အခါ 'ဇရဲ'လို့ ခေါ်သံကြားတော့ စိတ်မကောင်းကြပေ။

"မင်းအမေကလဲ လွန်တာပေါ့ကွာ၊ 'မိုက်ရူးရဲ'လို့ ပေးတာတောင် လွန်နေပြီ၊ ဇရဲဆိုတာကြီးက ဘယ့်လောက် ပုလောင်ပြင်းထန်သလဲ"

ဟု ပြောတဲ့သူက ပြောသည်။ ထိုအခါ သူ ပြန်ပြောခဲ့ဖူးသည်။

"ကောင်းတယ်၊ သူများတွေက ဘယ်ကလာမှန်းမသိ၊ ဘယ်ကို သွားရမှန်းမသိ၊ ငါကတော့ ဘယ်ကလာမှန်းမသိပေမယ့် ဘယ်ကိုသွားရမယ်ဆိုတာ သိတယ်"

ရယ်ရင်း ပြောလိုက်ပေမယ့် ရင်ထဲမှာ နာနာကျင်ကျင် ခံစားခဲ့ရတာတွေရှိသည်။ တမြည့်မြည့်ကျွမ်းလောင်တာမျိုး မဟုတ်သော်လည်း ဆက်ထုံးတော့ရှိတာပေါ့။ ရဲရဲ့ဘဝကိုက ဒီတိုင်းဖြစ်ခိုင်းခဲ့လို့ ရဲ ဒီလိုဖြစ်ခဲ့သည်။ ခုကျမှ မထီလေးစားတွေ၊ မရှိမသေတွေဘာလို့ပြောလာတာလဲ။

ရဲက ပန်းသီးကို မစားသေးဘဲ လှည့်ပတ်ကြည့်ရင်း မဲ့လိုက်သည်။ အတိတ်ခေတ်ပြဿနာကြီးကို သတိရနေတာ မဟုတ်ပါ။ ဒါပေမယ့်..

ရဲ ဘာကောင်ဆိုတာကို ဝေဖန်လာလျှင်တော့ ပြောစရာ စကား





တွေ သူ့မှာရှိသည်။ မဝေဖန်ကြေးပေါ့။

"ဇရဲ..."

နောက်ထပ်ခေါ်သံမှာ လေသံက ပိုမာလာ၏။ ဦးကျော်ဇင်က ချာ့တစ်လှမ်းတိုး၍ ရပ်သည်။ မထူးသည့်အကျင့်အပြင် မော့ကြည့်ဖော် ဒင်မရတော့ ဆိုဖာမှာ ထိုင်ချလိုက်ပြီး မျက်နှာကို ရှေ့ကနေကြည့်၏။ ပန်းသီးကိုလှည့်ပတ်ကြည့်ပြီး ပန်းသီးမှာ စကားပြောနေသည့် ရဲ့ မျက်နှာကို သူသိသည်။ မဲ့လိုက်သည့်နှုတ်ခမ်းများက လှောင်ပြုံးတော့ကိုလည်း နားလည်နေ၏။

မိုက်ရူးရဲကို နာခံတတ်အောင်လုပ်ဖို့ မလွယ်ဘူးဆိုတာ သိ... သိသည်။ ဒါပေမယ့်...

"သစ်ပင်တောင်မှ အရိပ်ခိုပြီး အခက်မချိုးရဘူးကွ၊ မင်း ပြ... ...ပြောနေတာတွေကို နားထားလိုက်စမ်းပါ"

ဦးကျော်ဇင်က သူ့ဘေးမှာထိုင်နေသည့် ခေါ်ပိုးဥကို လှည့်မကြည့်ဘဲ လက်ညှိုးထိုးပြ၍...

"ဒါ မင်းအမေ"

ရဲက မော့မကြည့်ပါ။ ပန်းသီးကို စိုက်ကြည့်နေသည့် မျက်ဝန်းတို့ကို ...သည်းနည်းမှမရွေ့ဘဲ လှုပ်ရှားမှုအားလုံးကို ရပ်တန့်ငြိမ်သက်နေ၏။

"ငါက မင်းရဲ့ပထွေးပေမယ့်..."

တင်းခနဲဖြစ်သွားသည့် ရဲ၏မေးကြောနှစ်ဖက်ကို စိုက်ကြည့်ပြီးမှ...

"မင်းရဲ့အမေကလဲ မတောင်းဆိုပေမယ့်ကွာ မင်း အခု...ထဲ ...ကတ်တိုင်း..."

"လာမထုတ်တဲ့အခါ ကျွန်တော်ကကော အပြစ်တင်ခဲ့ဖူးလား"

စူးလက်နေသည့် ရဲမျက်လုံးတွေကို ဦးကျော်ဇင်က ပြန်...ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပြုံးလိုက်၏။ ရှုံရာသည့်အပြုံး။

"ဟုတ်တယ်၊ အဲဒါ ထည့်ပြောရဦးမှာ၊ မင်းကလဲ တောင့်တာမှုမရှိဘဲနဲ့ ငါက ငါ့ဘက်က ဝတ္တရားကျေပေးခဲ့တယ်၊ မင်းကျပြော့ ငါ့ကို..."

"ဘာပေးရဦးမှာလဲ၊ ကျွန်တော့်ရင်ထဲမှာ ဘာမှမရှိနဲ့ ...ကိစ္စတွေ၊ ဘာပြန်ပေးရမှာလဲ"

"အရိပ်ခိုတဲ့ ဥပမာလိုပေါ့ကွာ၊ သစ်ပင်ကလဲ လူတွေ အရိပ်ရပါစေ ဆိုတဲ့ စေတနာထုပ်ကြီးနဲ့ ချပေးတာမှမဟုတ်ဘဲ၊ သိတတ်မှုတရား ဆိုတာ လူမှာမှရှိတာ၊ တိရစ္ဆာန်မှာ မရှိဘူး"

ရဲက ခပ်မဲ့မဲ့ ပြုံး၏။

"ကျွန်တော်က ဘာကောင်မှန်း ကိုယ့်ကိုယ်တောင် မသိတော့ဘူး၊ အဲဒီတော့ ကြိုက်သလို သတ်မှတ်လိုက်ပါ"

"နေဦး"

ဦးကျော်ဇင် မျက်နှာကြီးတင်းသွားကာ ကမန်းကတန်း တား၏။ ရဲက ထမလိုပြင်ပြီးမှ ပြန်ထိုင်၏။ ပြီးတော့ ဒေါ်ပိုးဥကို လှမ်းကြည့်ပြီး မျက်ဝန်းတွေကို လွှဲပစ်သည်။

ဦးကျော်ဇင်ကလည်း ဒေါ်ပိုးဥ... ကြည့်ကာ..

"ပိုး... မင်းသားက..."

လွတ်ခနဲ့စလိုက်ပြီးမှ ပါးစပ်ပြန်ပိတ်သည်။ ဒေါ်ပိုးဥကတော့ ဆိုဖာမှာ ခြေချင်းချိတ်ထိုင်နေရာမှ လွန်ကဲသော လှုပ်ရှားမှု ဘာမှမဖြစ်ပေ။

ရဲ ပြန်တင်လိုက်တာ နေရာမကျဘဲ စားပွဲစွန်းကို တလိမ့်လိမ့် ကျဆင်းသွားသည့်ပန်းသီးကို အဓိပ္ပာယ်မဲ့လိုက်ကြည့်နေ၏။ ကြမ်းပေါ်သို့ ကျသည်အထိ ကြည့်နေပြီးမှ မျက်လွှာပင့်ကြည့်တော့ ဦးကျော်ဇင်က ထိုအပြုအမူအားလုံးအတွက် စိတ်ပျက်ကာ ကျွတ်ခနဲဖြစ်လျက်...





"မချစ်တတ်တဲ့မိန်းမနဲ့ မနာခံတတ်တဲ့သား တကယ်ပါ သိပ်ကိုရှား ...တယ်"

ဦးကျော်ဇင်အသံက တုန်ခါနေသည်။ ဒေါသကော၊ စံပြင်းတာတွေ ...ာ ရောထွေးလျက်...

"ဒီအိမ်မှာ လူသုံးယောက်က ဘာလဲ၊ ငါက မိန်းမယူထားပြီး ချစ်ခွင့် ...ဘူး၊ သားရှိနေပြီး ခိုင်းလို့မရဘူး၊ ငါကကော ဘာကောင်လဲ။ ဒီ ...သားစုရဲ့တာဝန်ကို ငါက ကျေကျေနပ်နပ် ယူထားခဲ့တာ၊ အဲဒါ ငါ့ဘက် ... ဝတ္တရားကျေခဲ့တာမဟုတ်ဘူးလား"

ဦးကျော်ဇင်က ...ကိုကြည့်၍ ဆတ်ခနဲထရပ်လိုက်၏။

"ဒီကောင် လောက်လောက်လားလား ဖြစ်လာပြီ၊ ငါ့အတွက် ...ပေါက်တစ်လမ်းက အားကိုးရတဲ့သားမျိုး မဖြစ်သင့်ဘူးလား။ အခု ...လုပ်၊ ငါ့စကား ဘာဆိုဘာမှ သင်းက မလုပ်ဘူး၊ မနာခံဘူး။ ...ယ်ရောက်လာလေ ရိုင်းစိုင်းလေ၊ ဘာပဲဖြစ်ဖြစ် ပတွေးဆိုတဲ့အမည်း ...ကြီးနဲ့ ငါကပြောတော့ လွန်တယ်၊ မလွန်တဲ့သူက ဆုံးမပြောဆိုပေး ...လို့ ကြည့်တော့..."

"ကိုကျော်ဇင်"

ဒေါ်ပိုးဥက မတုန်လှုပ်သည့်မျက်နှာပေးနှင့် ထရပ်လိုက်သည်။

"ရှင်က ရဲကိုပြောနေတာလား၊ ကျွန်မကို ပြောနေတာလား"

"သူ့ကိုပြောချင်တာလေ၊ မင်း မပါလို့မှမရတာ"

"ဟုတ်ပြီ၊ ဒါဆို မင်းပါဖို့မလိုဘူး၊ သွားတော့"

ဒေါ်ပိုးဥက ပြတ်သည်။ ရဲကလည်း ချက်ချင်း ထထွက်သွား၏။ ...ဇင်မျက်နှာက သပြေသီးမှည့်လို ညိုပုပ်လာ၏။

"...င်းကို ဆုံးမပေးပါ၊ ရိုက်နက်ပေးပါလို့ ငါ မပြောဘူး၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ရှိသင့်သလောက်၊ ဖြစ်သင့်သလောက်တော့ မင်း အပြောအဆိုရှိဖို့ လိုတယ် ပိုး။ အခု မင်းရဲ့သားဂျ..."

"ဒီကိုင်းနေမှာပဲ ကိုကျော်၊ ဒီထက်ဆိုးသွားဖို့လဲ ရှိတာပဲ။ ရှင့်ကို ကျွန်မ ရွဲ့ပြောနေတာမဟုတ်ဘူး။ ရှင်နဲ့ကျွန်မ လက်ထပ်ကတည်းက ဒီကလေးနဲ့ပတ်သက်ပြီး ရှင့်ကို ကျွန်မ ဘာတောင်းဆိုဖူးသလဲ"

"မင်း အဲဒါကို ဘာဖြစ်လို့ ပြောပြောနေတာလဲ"

"ပြောရမှာပေါ့၊ ရှင်လဲ ဒါကိုပဲ ပြောပြောနေတာ မဟုတ်ဘူးလား။ ကိုဖဲတိုင်ရေးတဲ့အရုပ်ကို ဘာအရောင်ပဲခြယ်ထားထား မှန်ထဲ ပြန်ကြည့်လိုက်ရင် မြင်ရမှာ အဲဒါ ရှင် သိပါတယ်"

"ငါ့ဘက်က အားလုံး ရိုးရိုးလေးပဲ ပိုး။ မင်းနဲ့မင်းရဲ့သားကြားက ပြောင်းနိုင်တဲ့ ချည်နှောင်မှုတွေကို ငါ မသိဘူး။ မင်းစကားတွေမှာ ဒဏ်ရာတွေရှိနေတာ မြင်ပေမယ့် မေးမြန်းဖို့လဲ စိတ်ကူးမရှိခဲ့ဘူး။ ငါနဲ့ပတ်သက်ခဲ့တဲ့အပိုင်းမှာ ငါ့ဆန္ဒအတိုင်းပဲ ဖြစ်ချင်ခဲ့တာ"

"ဟုတ်တယ်၊ ကျွန်မက ရှင့်သဘောအတိုင်း အားလုံး နာခံတယ်လေ၊ သူက ရှင့်သားမှမဟုတ်တာ ရှင်လဲ ပထွေးလိုပဲနေတာ၊ သူကလဲ သူ့အတိုင်းပဲ နေမှာပေါ့"

"ပိုး..."

ဦးကျော်ဇင် ဒါးထောက်ဖြတ်ချလိုက်သော လှုပ်လှုပ်ရှားရှား ဖြစ်သွား၏

"မင်းက ငါ့ကို စေဖန်တာလား၊ ပထွေးပီသတာပဲ ပြတ်ခတ် လိုက်တာလား၊ မင်းပဲ .."

"မဟုတ်ဘူး"

ဒေါ်ပိုးဥ ခေါင်းခါလိုက်သည်။

"မလိုပါဘူးလို့ အစကတည်းက ကျွန်မ ပြောခဲ့တာပဲ၊ ငရဲနဲ့ပတ်





သက်ပြီး ရှင် ဒီလောက်ထည့်ခံစားနေဖို့မလိုတာကို ပြောချင်တာ"

ဒေါ်ပိုးဥ မျက်နှာက မယုံနိုင်လောက်အောင် တင်းမာအေးခဲ လျက်..

"ဘယ်တုန်းကမှ မဆုံးမခဲ့တဲ့ငရဲကို နောက်လဲ ကျွန်မ ဆုံးမမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့.."

ဦးကျော်ဇင်သည် ဒေါ်ပိုးဥ ဆက်ပြောလာမှာကို ရူးစိုက်နားစွင့်နေခဲ့၏။

"မိုက်ရိုင်းတာလေးကိုပဲ ချစ်လို့"

ဟု ပြောချလိုက်သည့်အခါ ဦးကျော်ဇင် ငိုင်ကျသွားလေသည်။ တယုတယ ငုံထားမတတ်၊ မုန်းအောင်ချစ်နေခဲ့တဲ့ နူးညံ့ ကြင်နာမှုအရွေး ထွေးခြင်းအားလုံးကိုတော့ ဘယ်လိုမေးပေး ဟုတ်အင်း။ မိုက်ရိုင်း ရိုင်း ကားတာကိုကျတော့ ချစ်ပါသတဲ့။

အချစ်နှင့်ပတ်သက်သော စကား။ သူမနှုတ်ဖျားမှ ကြားရချိန်မှာ သူ့အတွက် ဝမ်းသာစရာ မဟုတ်ဘဲ နေရာမှာတင် ဗုန်းခနဲ ပစ်လှဲ၍ သေရတော့မလို..။

ဒါ ဝင့်ကြွေးလား၊ ဒိမ်နဲ့မကို သူ ချစ်ခဲ့သည်။ သူမကို ဘယ်သော အခါမှ ပစ်ခဲ့နိုင်မှာမဟုတ်။

သို့သော် သူမနှင့်ပတ်သက်သည် ဘယ်လိုတစ်စုံတစ်ရာကိုမှ နားမလည်ခဲ့ဘဲရှိရာ..

ဖ ဖ ဖ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"နားမလည်သေးရင် ဖုန်းဆက်မေးပေါ့ သမီးရယ်၊ ဒါမှမဟုတ်ရ
လဲ သမီးဖေဖေ အားတဲ့တစ်နေ့နေ့ သမီးဆရာမအိမ်ကို လိုက်ပို့ခိုင်းပေ

"အဲဒါလဲ မကောင်းပါဘူးကွာ၊ ဆရာမကို အိမ်ပင့်လိုက်၊ သင်တန်း
ကြေးပေးရသလိုပဲ ပေးလိုက်ရင် ပြီးတာပဲ၊ သမီး မတက်နဲ့တော့"

"ဟာ ဖေဖေကလဲ"

မိဘနှစ်ပါးကို မော့ကြည့်နားထောင်နေပြီးမှ သံစဥ်က ခြေထောက်
ကို ဘယ်ကော၊ ညာကော ဆောင့်၏။ ပြီးတော့ ဆိုဖာပေါ် ဝုန်းခ
ထိုင်ချလိုက်ကာ...

"တစ်နေ့ တစ်နေ့ ဒီသင်တန်းသွားရတဲ့အချိန်လေးပဲ သံစဥ် အပြ
ယွက်ခွင့်ရတာ"

"သမီးရယ် ဒေါ်ဖော ဈေးဝယ်သွားတိုင် သမီး လိုက်ရတာပဲမဟုတ်
ဘူးလား"

"တစ်ပတ်မှ တစ်ရက်တည်း"

သံစဥ်က ရုတ်ခမ်းလေးစူသည်၊ ကိုင်ထားပြီး မစားဖြစ်သည့် ပူတင်
ကို နှစ်ခါ၊ သုံးခါပဲ မိုင်းဖြတ်ကိုက်ကာ ပါးစပ်ထဲ အကုန်ထည့်ပစ်





ပါးစပ်ထဲမှာ စားစရာနှင့် ဘယ်လောက်ဖောင်းကားနေနေ နှုတ်ခမ်း
မပွင့်အောင်ပိတ်ထားနိုင်သည့်စွမ်းရည်များဖြင့် အစားပုပ်တာလေးက
လည်း ချစ်စရာကောင်းနေတာ သံစဥ်ပဲဖြစ်သည်။

ပန်းခြံထဲ လမ်းလျှောက်နေလည်း လက်ထဲမှာ မုန့်ပါသည်။ သွား
အဖ ကြက်တောင်ရိုက်၊ ဘတ်စကက်ဘောပုတ်၊ ဘာလုပ်နေနေ
ပါးစောင်တစ်ဖက်မှာ စားစရာကို ဖိကပ်ငုံထား၏။ လက်ကောခြေကော
နားပြီဆို ချက်ချင်း ဝါးပါပြီ။

ညဘက် ကိုရီးယားကားတွေကြည့်ပြီဆို ပြောသေးသည်။

"ကိုရီးယားတွေက စိတ်ညစ်ရင် အရမ်းစားတာပဲနော်၊ သံစဥ်နဲ့
တူတယ် တွေ့လား"

ဖအေကို လှည့်ပြော၏။

"နောက်တစ်ခါ ငါ့သမီးက စိတ်ကောက်လဲ အစားမပျက်ဘူးကွ၊
မတွေ့ဖူးဘူးလို့ ဖေဖေ မပြောနဲ့"

"ဟုတ်ပါပြီရှာ၊ တွေ့ဖူးပါပြီ၊ ကြုံဖူးပါပြီ"

ဖအေဖြစ်သူက ရယ်မောရင်း သမီးကို ချစ်လို့မဝ။ ဘယ်ကပြန်လာ
လာ သံစဥ်အတွက် မပါမပြီးတာက စားစရာပဲဖြစ်သည်။ ဘယ်လိုစား
စား သံစဥ်ကလည်း ဒီထက်ပို၍ ဆူဖြိုးဝတုတ်လာတာမျိုး မဖြစ်ပေ။

"စားသလောက်သာ ငါ့သမီး ဝမယ်ဆိုရင်တော့ ခက်ပြီ" ဟု အစက
နအခါက ညည်းတတ်သည့် ဒေါ်ပတ္တမြားလိုင်လည်း ခုတော့ မညည်း
တော့ပါ။

ဖခင်ဖြစ်သူက ဦးစိန်ရွှေ၊ မိခင်က ဒေါ်ပတ္တမြားလှိုင်။

သမီးလေးကို တန်ဖိုးကြီးရတနာတွေနဲ့ ဘယ်လိုကင်ပွန်း တပ်ရမ
ကလေးက ချူချာနေသည်ပဲဖြစ်ကာ ဗေဒင်မေးကြည့်တော့ 'ပန်းသံစဥ်'



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာလေးနဲ့ပဲ ထိုက်တန်သွားခဲ့သည်။

ထို့ပြင် ဘာရတနာ ဆင်လို့မှမရ၊ ပလက်တီနမ်ကို ရတနာ မမြှုပ်နှံ
သဲ ဒီတိုင်းဆင်ရသည်။

သံစဉ်ကလည်း ဘာကိုမှ တမ်းတခဲ့တာ မရှိပေ။ စားချင်ရာ စားနေ
ရင်းမှ အသံတိတ်နေခဲ့သူ။ သမီးလေးကိုကြည့်ကာ ဒေါ်ပဒ္မာမြားလှိုင်
သက်ပြင်းချမိ၏။

မေမေက ဘာသက်ပြင်းချတာလဲ၊ ပြောမရဆိုမရတဲ့သမီးဆိုတဲ့
မျက်လုံးကြီးနဲ့ မကြည့်နဲ့နော်၊ သံစဉ် ဒါလေးပဲ ပြောမှာ"

ဒေါ်ပဒ္မာမြားလှိုင် ဦးစိန်ရွှေကို လှမ်းကြည့်၏။

"ကြည့်မနေနဲ့ လှိုင်၊ မင်း စစ်ကူတောင်းလဲ ငါက အရင်ရှုံးနေတာ
သင်တန်းပြီးအောင်သာ တက်ခိုင်းလိုက်တော့"

"ယော..."

သံစဉ် ပျော်သွားတာကိုကြည့်ကာ ဦးစိန်ရွှေတို့ ပြုံးလိုက်မိကြ၏။

ဖဖ ဖဖ ဖဖ





## အခန်း (၇)

စားနေကျ ရေခဲမုန့်ဆိုင်ရှေ့ကို ခပ်သုတ်သုတ်လျှောက်ခဲ့ရင်း လွယ်
အိတ်ထဲက ပိုက်ဆံအိတ်ကိုလည်း ထုတ်ယူလိုက်သည်။ ခြေထောက်ရှေ့ တစ်လံ
လောက်ကိုလည်း မျက်လွှာပင့်ကြည့်ရ၏။

မျက်နှာမမော့ပေမယ့် ဘယ်သူနဲ့မှလည်း မတိုက်၊ ခြေလှမ်းလည်း
မမှားဘဲ ဆိုင်ကိုရှောရှောရှူရှူပဲရောက်၏။ ရေခဲသေတ္တာရှေ့မှာ သံစဉ်
ရပ်လိုက်တာနှင့် စားနေကျဖောက်သည်မို့ ကောင်မလေးတစ်ယောက်
ချက်ချင်း ရောက်လာသည်။

"ဒီနေ့ ဘာစားမလဲ မမ"

"အဲ... ဟို..."

ကောင်မလေးဖွင့်ထားသည့် ရေခဲသေတ္တာကြီးထဲကို ငုံ့ကြည့်ကာ
ဘာစ်ခါတည်း စဉ်းစားမလာခဲ့သဖြင့် သံစဉ် လက်ညှိုးလေး ဟိုထိုးဒီထိုး
နှင့် မရပ်တန့်နိုင်။

ထိုစဉ် ဝယ်သူမိန်းကလေးတွေ ထပ်ရောက်လာကာ ဆိုင်ရှေ့မှာ
လေး၊ ငါးယောက် ဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ.. ဒါလေးပေး ညီမ၊ ဒါကော စတော်ဘယ်ရီရယ်၊ ဒိန်ချဉ်ရယ် အဲ ဒူးရင်းလဲ ထည့်"

ခါတိုင်း တစ်ဘူးပဲယူသည်၊ တစ်ခါတစ်ခါကျမှ နှစ်ဘူး၊ ဒီနေ့ သုံးဘူး ဆိုတော့ ကောင်မလေးက လက်မလယ်အောင် နှိုက်ထုတ်ပေးနေ သည့်ကြားမှ မော့ကြည့်ပြီး ရယ်သည်။

"မဟုတ်ဘူး၊ ဒူးရင်းသီးက အိမ်ကျမှ စားမှာ"

မမေးဘဲနှင့် မလုံမလဲပြောလိုက်မိတော့ အားလုံးပဲ ရယ်ကြသည်၊ သူများတွေ ပိုက်ဆံပေးသွားကြတာ အဟုတ်ပါပဲ၊ သံစဥ်ကျမှ နှစ်ထောင် ကို အကြွေပြန်အမ်းစရာမရှိဘူး ဖြစ်သွား၏။

"မမရယ် သုံးဘူးယူတာပဲဟာ မဘူးပါဘူး ဘူးကြီးယူပါလားဟ နှစ်ထောင့်ငါးရာပဲရှိတာ၊ ငါးရာတန်က လွယ်တယ်"

"အယ်... အဲဒီလိုစားလို့မရဘူး ညီမ၊ ဒါ တစ်ဘူးတောင်မှ..."

ရှင်းပြမလို လုပ်ပြီးကာမှ မပြဖြစ်တော့ဘဲ တစ်ဘူး ပြန်ထားလိုက် ကာ..

"ဒါဆိုရင်ကော.."

"ပိုဆိုးပြီ၊ နှစ်ရာတန်ကော၊ တစ်ရာတန်ကော ဘာမှမရှိတာ"

"ဒါဆို..."

"ယူလိုက်ပါ၊ တို့ဝယ်တာနဲ့ ပေါင်းရှင်းလိုက်မယ်"

"ဟင်..."

သံစဥ်က ဘေးကို ဖျတ်ခနဲလှည့်ကြည့်၏။ သူမဘေးမှာ မြင့်မြင့်မား မားကြီးရပ်၍ ပြုံးပြလိုက်သူကို မြင်ဖူးသလိုလို၊ မသိသလိုလို ဝေနေမိ စဥ် သူက ပိုက်ဆံပေးနေပြီ။

"အို... မယူနဲ့ အဲဒါ..."





ကဖျာကယာ လှမ်းတားပြီး ကြည့်လိုက်တော့ သူကလည်း ပြန်ငုံ့ ကြည့်တာနှင့်ဆုံလျှင်...

"သိလဲမသိဘဲနဲ့"

ဟု နှုတ်ခမ်းလှုပ်ရုံလေးပြောပြီး မျက်စောင်းထိုးသည်။

"မအမ်းနဲ့တော့ ယူထားလိုက်၊ နောက်မှပဲ နှိမ်မယ်"

ကောင်မလေးကိုပြောပြီး နောက်ထပ် မျက်စောင်းရွယ်လိုက်သေး သည်။ ထိုသူ့မျက်နှာမှာ အံ့သြဟန် ဖျတ်ခနဲဖြစ်သွားပြီး ပြုံးကျသွား၏။ သေလိုက်။

သံစဥ် လှည့်ထွက်လာခဲ့သည်။ အချိန်တွေပိုနေတာ ဘာလုပ်ရ မလဲ။ သင်တန်းရှေ့ရောက်ခါနီးတော့ ခြေလှမ်းကို နှေးချပစ်လိုက်ရင်း စဥ်းစားသည်။ ထိုစဥ်...

"ဟိတ်"

အသံကို အရင်ကြားလိုက်ပြီး လူက ဘေးမှာရောက်လာ၏။ သံစဥ် မော့ကြည့်လိုက်တော့ စောစောကလူ။

"ကိုယ့်ကို မှတ်မိလား"

"ဖော့မနေနဲ့ ရိုးနေပြီ"

"ဟုတ်လား၊ တော်တော်များပုံရကယ်နော်"

"ဘာ"

သံစဥ် ဆတ်ခနဲလှည့်ကြည့်တော့ သူက ရယ်သည်။

"ဟုတ်တယ်လေ၊ ရိုးနေပြီဆို"

သံစဥ်က ဘာမှမပြောတော့ဘဲ မျက်စောင်းထိုး၏။

"ချစ်ဖို့ကောင်းတယ်"

"ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာလေ ကလေးလေး"

ကြောင်တောင်တောင်မျက်ခုံးပင့်၍ ကလေးပိုစတာတွေ ဖြန့်ခင်းရောင်းနေသည့်ပေါ် လက်ညှိုးထိုးပြသည်။ သင်တန်းရှေ့ရောက်တော့ သံစဉ် သူ့ကို လှည့်မကြည့်တော့ဘဲ ရပ်နေလိုက်၏။

"ဒီမှာ ကိုယ့်ကို မှတ်မိလား"

လာပြန်ပြီဆိုသည့် ဒေါသစိတ်နှင့် မော့ကြည့်မိတော့မဝတတ် ဖြစ်သွားသည်။ ဒါပေမယ့် နောက်ထပ်စကားတွေများလာမှာ စိုးသောကြောင့် မကြားသလိုလို နေလိုက်မိသည်။

သင်တန်း စတက်ကတည်းက ကွန်ပျူတာရှေ့ ထိုင်လိုက်တာနှင့် ပန်းတစ်ပွင့် လာထားတဲ့သူက ထား၊ ရည်းစားစကားကို မက်စေ့ချ်ပို့တဲ့သူက ပို့၊ ဆင်းတာနှင့် အနားကပ်ပြောသွားတာတွေ။

ဒီသင်တန်းမှာတော့ သင်တန်းတက်သူ တော်တော်များများက လူလတ်ပိုင်း၊ လူကြီးပိုင်းတွေဖြစ်နေသဖြင့် စိတ်အေးလက်အေး သွားလာခွင့်ရနေခဲ့၏။

မေမေတို့ တကယ်ပဲ အမြော်အမြင်ရှိခဲ့ပါသည်။ ကဗိဦးတည်းသောသမီးလေးရယ်လို့ အားလုံး အလိုလိုက်ခဲ့ပြီး တက္ကသိုလ်တက်ခွင့်ကျတော့ မပေးခဲ့ပေ။

တက္ကသိုလ်တက်ကြပြီဆို လူငယ်တွေက ရည်းဘးထားဖို့ ပါမစ်ကျသွားသလိုပဲဟု မေမေက ပြောသည်၊ ဖေဖေက ထောက်ခံ၏။ သံစဉ် အဝေးသင်နဲ့ပဲ ကျောင်းပြီးခဲ့ရသည်။ ဘာပဲဖြစ်ဖြစ် တက္ကသိုလ် တက်ဖြစ်ခဲ့ရင်လည်း ဒီထက် စိတ်ညစ်ရမှာပါ။

မေမေတို့က မျက်လုံးဒေါက်ထောက်ကြည့်မည်၊ ဒုလို ဧယားရှင်ကြတာတွေက ကိုယ်က သက်ခံခံ မခံခံ ရှိနေမှာပဲမို့ စိတ်ညစ်ရမှာက





သံစဉ်ပဲဖြစ်၏။

သူမ နာရီလေး ပင့်ကြည့်လိုက်စဉ်…

"မင်းနဲ့တို့ Daily Mart မှာ ဆုံကြတာလေ၊ ကိုယ့်ကြောင့် မင်းစားနေတဲ့ ရေခဲမုန့်ဘူး လွတ်ကျသွားသေးတယ်"

"ဟင်…"

သံစဉ် နှုတ်ခမ်းလေး ဟသွားကာ မျက်ခုံးမော့ကြည့်မိ၏။ သေချာပြောလိုက်မှ မှတ်မိသွားသည်။ သူပါပဲ၊ လှိုင်းတွန့်ထက်ပို၍ ကောက်ကွေ့နေသောဆံပင်ရှည်ဘုတ်သိုက်ကို သတိတရ ဖြစ်သွား၏။

မျက်ခုံးနှစ်ဖက်ကလည်း ရှိသင့်တာထက် နည်းနည်းပိုထူပြီး နက်မှောင်နေသည်။ မျက်လုံးနည်းနည်းမှေးသလိုရှိသော်လည်း တိုးစိပ်စိပ်ကောနေသည့် မျက်တောင်တွေနှင့်မို့ နည်းနည်းပြုံးလိုက်တာနှင့် ရယ်မြူးရိပ်ဖြစ်သွားတတ်သည်။

နှာတံလည်းပေါ်သည်၊ နှုတ်ခမ်းတို့က အသားဖြူကြသူတွေ နီမြန်းနေတတ်သလောက် သူ့ကျတော့ အညိုရောင်ရင့်သည်။ အမှတ်တမဲ့ကြည့်လျှင် ပြာသလိုထင်ရ၏။

ထို့ကြောင့် ဖြူဝင်းသည့်မျက်နှာက မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း အားလုံး ထင်းနေကာ တော်တော်ချောသည့်မျက်နှာ ဖြစ်သွားသည်။

သံစဉ် လွတ်လွတ်ပေပ်လပ်ကြီးမော့ကြည့်နေတာကို သူက ပြုံးပြ၍…

"ကိုယ့်နာမည်က ... တဲ့"

"ရဲ ဟုတ်လား၊ ဒါပေမယ့် ရှင်က လူဆိုးပဲဟာ"

ရဲက စိတ်မဆိုးဘဲ ပြုံးလိုက်ပြီးခေါင်းလည်းညိတ်သည်။

"ကိုယ် ပြေးနေရတာကို မြင် ပိုက်လို့ ပြောတာလား၊ အဲ့ဒွန်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က မလိမ္မာပေမယ့် လူဆိုးတော့မဟုတ်သေးပါဘူး"

"ဪ... ဟုတ်ဖို့တော့ ရှိတယ်ပေါ့"

ရဲက ခေါင်းညိတ်ပြသည်။

"ဘာဖြစ်လို့ အဲဒီနေ့က ပြေးနေရတာလဲ"

"အဲဒါ..."

ရုတ်တရက် သူ ဘယ်လိုပြောပြရမှန်းမသိဖြစ်သွားပြီးမှ မလွဲတမ်း မော့ကြည့်နေသည့် သံစဉ် မျက်ဝန်းလေးတွေကို ခလုတ်တိုက်မိကာ..

"သူငယ်ချင်းတွေ စုမိတာနဲ့ ကိုယ်တို့က အရမ်းကဲကြဘာလေ၊ သူများကို အစလွန်ပြီး ပြဿနာဖြစ်တက်တာနဲ့ ပြေးရတာ"

"အဲလောက်တောင် ပွဲရသလား၊ နောက်က ရဲတွေလိုက်တာ ဘယ်လိုလုပ်သလဲ"

"ရဲ မဟုတ်ပါဘူး"

သံစဉ် ကိုယ့်ကိုယ်ကို သတိရသွားကာ ပါးစပ်ပြန်ပိတ်လိုက်၏။ သူမ ဘာဖြစ်လို့ ဒီလူ့အပေါ် ဂရုတစိုက် မေးမြန်း ခေါ်ပြောနေမိပါလိမ့်။

"နာမည် ပြောပါလား"

သံစဉ် ပြန်မော့ကြည့်မိပြန်သည်။ ပြောင်ပြောင်ပဲ ခေါင်းခါ၍...

"မပြောနိုင်ပါဘူး"

"ဒါဆိုလဲ နေပါ၊ ရေခဲမုန့်တူး အစားပြန်ပေးတယ်လို့ သဘောထားပြီး ဒီပိုက်ဆံတော့ ပြန်ယူသွား"

မျက်နှာရှေ့ကို တစ်ထောင်တန်နှစ်ရွက်ထိုးပေး၏။ ပိုက်ဆံဆို ခေါက်ရိုးမကျိုးအောင်ကိုင်တတ်သည့် သံစဉ် တစ်ထောင်တန်လေးတွေက သိသာပါသည်။

ဝယ်ခြမ်း၊ ပြန်အမ်းတာတွေ ဘာဖြစ်ဖြစ် သံစဉ်ကပေးတာဆို





အသစ်ပဲပေးချင်သည်။ ကိုယ်ပေးတဲ့ပိုက်ဆံကို လှန်လှောကြည့်ပြီး 'ဟင် ပိုက်ဆံက ပြဲနေတယ်၊ စုတ်နေတယ်၊ လဲပါဦး' စသည့် စိတ်ပျက် စရာကောင်းဆန်သည့် အမူအရာတွေကို မမြင်ချင်တာ သံစဉ့်ရင်ထဲက ထူးခြား သောခံစားမှုပဲဖြစ်သည်။

ထို့ကြောင့် အိတ်ထဲမှာထည့်လာသမျှ ဖွေးတောင့်နေမှကြိုက် သည်။ အကြွေပျက်လို့ ပြန်ပါလာတာတွေဆို အိမ်ရောက်တာနှင့် ခါချ ပြီး အမိုးလက်ထဲ အကုန်ထည့်ပစ်တော့သည်။ အမိုးကနေ မေမေတို့ ဆီ သွားပြန်အပ်၏။

တစ်ထောင်တန်အသစ်တွေ ပေါ်ပေမယ့် ကိုယ့်အကြောင်း ကိုယ်သိ သည့် သံစဉ်ကတော့ ဒီပိုက်ဆံတွေဟာ သူမပေးခဲ့တဲ့အတိုင်းပဲဆိုတာ သိလိုက်၏။

"ရော့ပါကွာ ယူပါ၊ ရည်းစားစာပေးတာမှမဟုတ်တာ"

"အို... ယူစရာလား၊ အစားပြန်ပေးဖို့လဲ မလိုပါဘူး၊ မတော်တဆ ဖြစ်တာ သံစဉ် သိတယ်"

"နာမည်က သံစဉ်တဲ့လား၊ လှတယ်"

စကားထဲမှာ ပါသွားတာကို ရဲက အမိအရ ဖမ်းထားလိုက်၏။ ပြီးတော့ လက်ပိုက်လေးရပ်နေသည့် သံစဉ်ကို ငုံ့ကြည့်၍...

"မင်း မယူလဲ ပိုတောင်ကောင်းသေးတယ်၊ ကိုယ်က မင်းပေးတဲ့ ပိုက်ဆံကိုပဲ မရအရ ပြန်လဲယူလာတာ၊ အိမ်ကိုပါသွားရင်တော့ ည အိပ်ခါနီးတိုင်း ရင်ဘတ်ပေါ်တင်ပြီး စိတ်ကူးတွေယဉ်လို့ရပြီ"

"ဟင်..."

သံစဉ် တုန်ခနဲဖြစ်သွား၏။ သူ့ထံမှ ရယ်သံသဲ့သဲ့သံနှင့်...

"တစ်နေ့ အခါတစ်ရာချစ်ဆယ်လောက် နမ်းနေလို့လဲ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် မမိုက်ရိုင်းနဲ့နော်"

ပြောပြောဆိုဆို သံစဉ်က ပိုက်ဆံကို ဆွဲယူပစ်လိုက်၏။ လွယ်အိတ်ကိုဖွင့်၍ ဖြစ်သလို ထိုးသိပ်ထည့်ပစ်သည်။ ရဲက လူတွေလည်းမကြားအောင် ကြိတ်ရယ်ပြီး မျက်နှာငုံ့လိုက်၏။

"မင်း ယူအောင် အလကားစတာပါ။ ကွယ်ရာမှာဆို စိတ်ကူးယဉ်ပြီး ဘယ်လိုလုပ်နေနေ"

"ကိုရဲ ရှင်..."

"ရပေမယ့် လုပ်စရာလား သံစဉ်ရဲ့"

"ဟွန်း..."

သံစဉ် မျက်စောင်းထိုးမိပြန်သည်။

"ကိုယ့်ကို ခင်မင်ခွင့်ပေးမလား"

"မပေးဘူး"

"ရဝ းယ်၊ ဟောဒီသင်တန်းမှာ တစ်ချက်လောက်ဝင်မွှေပြီး ဖုန်းနံပါတ်တွေ၊ လိပ်စာတွေ ယူလိုက်ရင် အမျိုးမျိုး နှောင့်ယှက်လို့ရတယ်၊ မပေးရင် ညစ်မှာပဲ"

သံစဉ် နာရီငုံ့ကြည့်မိပြန်သည်။ တော်တော် ဂျစ်ကန်ကန်နိုင်ပုံရသည့် ရဲကိုလည်း နည်းနည်းတော့ လန့်နေပြီဖြစ်သည်။

"ရေခဲမုန့်က သုံးဘူးတောင်ဝယ်လာပြီး မစားဘူးလား"

"ရှင့်ကြောင့် စားဖို့မေ့နေတာ"

ပြော၍ သံစဉ်က တစ်ဘူးဖွင့်ပြီး တကယ်စားသည်။ ယောကျ်ားလေးတစ်ယောက်ရှေ့မှာ စားသောက်ဖို့ တော်ရုံမိန်းကလေးတွေ ရှက်တတ်ကြသည်။ သံစဉ်ကတော့ ဂရုမစိုက်ပေ။ ရဲရှေ့မှာသာမကဘဲ လမ်းဘေးပလက်ဖောင်းအစပ်မှာ...





လူတွေ ဈေးသည်တွေ သောက်သောက်လဲ ရှုပ်နေသည့်ထဲမှာ လွယ်အိတ်ကြိုးရှည်ကို စလွယ်သိုင်းလွယ်ထားပြီး ရေခဲမုန့်နှစ်ဘူးက ဘွပ်ကြွပ်အိတ်နှင့် တံတောင်ဆစ်ကွေးမှာ ချိတ်ထားသည်။ လက်နှစ်ဖက်ထဲမှာ ရေခဲမုန့်ဘူးနှင့်ဇွန်းနှင့်။

ငေးခနဲကြည့်ပြီး ရဲက ရယ်ပြန်သည်။ အသည်းယားယားနှင့် နောက်စေကနေ ထုပစ်လိုက်ရလျှင် နောက်ထပ် ရေခဲမုန့်တစ်ဘူး လွတ်ကျနိုင်ဖွယ်ရှိ၏။

သေချာပါသည် ဒီလိုချစ်စရာကောင်းသည့် မိန်းကလေးတစ်ယောက်ရဲ့အတွက် အမှန်တကယ် လိုအပ်နေတာ...

ၛ ၛ ၛ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

"တောက်"

လက်ထဲမှာပါလာသည့် ပန်ကြိုးကို သေချာကြည့်ပြီး ဒေါသဖြစ်ဖြစ်နှင့် လွှဲပေါက်ပစ်လိုက်သည်။ အရင်လိုကာမှ အနှေးတွေ့ရသည့် အဖြစ်ကို သူ အမုန်းဆုံး။

ရှေ့နောက်ဝဲယာကို လှမ်းကြည့်မိတော့ နောက်ကနေ ဒီဘက်ကို လာနေသည့် လင့်ခရီဇာကားကြီးတစ်စီးကို တွေ့လိုက်၏။ နာရီတစ်ချက်ကြည့်ကာ အကူအညီတောင်းကြည့်ဖို့ စိတ်ကူးနှင့် ထွက်တားလိုက်သည်။ ကားက သူ့ရှေ့နားမှာပဲ ရပ်တန့်သွား၏။ တံခါးက မှန်ချပ်လျှောခနဲ နိမ့်ကျသွားတော့ ရုပ်ရည်ခန့်ညားသည့် လူကြီးတစ်ယောက်၏မျက်နှာ ပေါ်လာကာ..

"ပြော"

ပြောမည့်ပါးစပ်ကို အလိုလို ပြန်ပိတ်လိုက်မိ၏။ လူကြီးမျက်နှာက သူ့ ဘာဖြစ်နေသည်ကို ကြိုသိနေသည်။ ဘာပြောပြော ခေါင်းခါဖို့လည်း အဆင်သင့်ရှိနေပြီးသော ခပ်ရိရိလှောင်ရိပ်များနှင့်..

"ကားပျက်နေလို့လား"





ရဲက မပြောတော့ သူက မေးဆတ်ပြီး မေးသည်။ မေးမှတော့ ဖြေရမည်။

"ဟုတ်တယ်၊ ပန်ကြိုး ပြတ်သွားလို့"

လူကြီးက ခေါင်းညိတ်တာလည်းမဟုတ်၊ ခေါင်းလည်းမခါဘဲ ကားကို နောက်ကနေ စူးစိုက်ကြည့်၏။ ခဏကြာမှ သူ့မျက်နှာဆီ ရောက်လာကာ..

"မင်းရဲ့ကား ပျက်နေတာက ပိုကောင်းပါတယ်ကွာ၊ မဟုတ်ရင် အသက်တွေ အများကြီး အန္တရာယ်ရှိတယ်၊ ပြင်မနေနဲ့ လိုက်ချင်တော့ နောက်ကတက်"

"ဘာဗျ"

ရဲ့မျက်နှာ တင်းခနဲဖြစ်သွားသည်။ လူကြီးကလည်း ခပ်ရဲရဲပဲ ပြန်ကြည့်သည်။ ပြီးတော့ မှန်ကိုပြန်တင်လိုက်ပြီး မောင်းထွက်သွားလေသည်။

"တောက်"

ဒုတိယ တက်ခေါက်မိခြင်းက ခြေထောက်ပါ ပါသည်။ ကားနောက်ကို အားရှိပါးရှိ လွှဲကန်ပစ်လိုက်ပြီး မကျေနပ်၊ ရှေ့ကိုလာကာ ဖွင့်ထားသည့် ဘွန်းနက်ကို ဒိုင်းခနဲဖြုတ်ချပစ်မိသည်။ ဒီလူကြီးက ဘာလဲ၊ သူ့ကိုကြည့်လိုက်သည့်မျက်လုံးတွေကို ပြန်မြင်လာ၏။

"မင်းကား ပျက်နေတာက ပိုကောင်းပါတယ်ကွာ"

ဒီလိုပြောသွားရအောင် သူ့ကားက ဘာဖြစ်နေလို့လဲ။ အစိမ့်ပွားယ် တစ်ယောက်တည်းတွေးလေ ဒေါသက ထိန်းမရလေ။ ထိုစဉ် ကောင်ကားလေးတစ်စီး သူ့ထံသို့ ဦးတိုက်မောင်းနှင်လာ၏။ အနားရောက်သွားတော့ အထဲက ခေါင်းပြူထွက်လာသူက မင်းထွန်း။

"ဘာတွေဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်ဖြစ် ဟိုဘက်တိုး"

သူ မင်းထွန်းကို တွန်းထိုးကာ ကားထဲ ဝင်ထိုင်လိုက်သည်။ ပြီးတော့ လီဗာကို ဖိနင်းပစ်လိုက်၏။

"ဟ ဖြည်းဖြည်းလုပ်လေ၊ ဘယ်ကိုလဲ"

ရဲက မဖြေပါ။ ကားကို ရသမျှ အရှိန်ထည့်၍ အတင်းမောင်း၏။ ရှေ့မှာ လင့်နှံ့ခရီးဇာနှင့်တူတာပင်မရှိ။ လမ်းဆုံရောက်တော့ မီးပွိုင့်မို့ ကားရပ်ရသည်။ မျက်လုံးကစားလိုက်စဉ်မှာ လင့်နှံ့ခရီးဇာ၏ခေါင်းမိုးတွေကို သုံးစီးလောက်မြင်ရ၏။ ထင်သည့်ကားကို သူ စူးစိုက်ကြည့်ကာ မီးစိမ်းသွားသည်နှင့် ထိုကားနောက်ကိုပဲ အမီအရ ကပ်လိုက်ခဲ့၏။ ကားက ဦးဝိစာရ လမ်းဘက်ကို ကွေ့သွားသည်။ ရဲက ကပ်လိုက်သည်။

"ရဲ မင်း လင့်နှံ့ခရီးဇာနောက်ကို လိုက်နေတာလား ဘာပြုထားလို့လဲ"

"မသိဘူး ငြိတော့ငြိနေတယ်၊ ဟဲ ဘာမှမသိဘဲ ငြိနေတာ၊ အဲဒါကြောင့် ရှင်းမလို့"

လိုက်နေရင်း ကားက ရပ်စတော့ရှင့်တစ်ခုရှေ့မှာ ရပ်သွားသည်။ ရဲက နောက်မှာ ကပ်လျက်ရပ်ကာ မဆင်းသေးဘဲ စူးစိုက်ကြည့်နေ၏။

"ဟာ.."

ထိပ်ပြောင်ပြောင် ပုကွကွလူကြီးတစ်ယောက် ဆင်းလာတာ မြင်သည်နှင့် ရဲ ဟာခနဲ စုတ်သပ်ကာ စတီယာရင်ကို လက်သီးနှင့်ထုပစ်လိုက်၏။

"တောက်"

လွဲပြီကို သိလိုက်ကာ မင်းထွန်း ခေါင်းကုတ်၏။ ဒီကောင့်ကို ဘယ်သူ လာစသွားတာလဲ။

ဖ ဖ ဖ





## အခန်း (၉)

"သံစဉ်"

ဘေးမှာ ဘွားခနဲပေါ်လာသူကို မော့ကြည့်ကာ သံစဉ် ကားဆီသို့ ဆိတ်ထိတ်ပျာပျာလေး ပြန်ကြည့်လိုက်မိသည်။ တော်ပါသေးသည်၊ ကားက ပြန်လှည့်သွားပြီမို့လို့။

"သံစဉ် ညက အိပ်ပျော်လားဟင်"

"ဘာဖြစ်လို့ မပျော်ရမှာလဲ"

ရဲက နှာခေါင်းတစ်ချက်ပွတ်ပြီး ရယ်သည်။ ပန်းရောင်ရောင်ပေါ်မှာ အဖြူစင်းကျားလေးသုံးကြောင်းပဲ ရင်ဘတ်မှာပါသည့် ဂါဝံယ်ကျပ်အင်္ကျီလေးနှင့်ပျော့တွဲသောထဘီစကတ်က သံစဉ်ကိုယ်ပေါ်မှာ ကပ်ချပ်နေ၏။ ကျောလယ်လောက်နီးပါးရှိသော ဆံပင်တွေက မထူလွန်း၊ မပါးလွန်းဘဲ ရှိလျက် တမင်လှအောင်လုပ်ထားတာလည်း ဖြစ်နိုင်သည်။ သံစဉ်ရဲ့ မျက်နှာလေးကတော့ အလှအပကို တမင်ဂရုစိုက်ကာ မွေးမြူတာတော့ပုံမရပါ။

"သံစဉ်"

"ဘာလဲ၊ ရှင် ဒီမှာနေခဲ့လေ"

လှေကားကို အတူတူ လိုက်တက်လာသဖြင့် လှေကားအကွေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်က ရပ်ပစ်လိုက်သည်။ ရဲက သံစဉ့်ရှေ့ကနေပိတ်ရပ်ပြီး လေ့ကာ လက်ရန်းကို တစ်ဖက်က ကိုင်ထား၍..

"စကားပြောချင်တယ်"

"ဟင်..."

ပိုင်စိုးပိုင်နင်း ပြောလိုက်ပုံက ဒေါသထွက်ဖို့တောင် မေ့သွား၏ သံစဉ် ဖြစ်သွားပုံလေးကိုကြည့်၍ ရဲက ရယ်လိုက်သည်။

"ဆောရီး"

ဟု ပြော ရင်းနှင့်လည်း ရယ်နေကာ..

"လိုရင်းပဲ၊ ကောင်းပါတယ်ကွာ၊ အချိန်တွေ နှမြောစရာကြီး။ ပြီ တော့ သံစဉ့်အိမ်က တော်တော်ကျပ်သေးတဲ့ပုံပဲ၊ သင်တန်းပြီးမှက တ ပဝ်ပဲလိုတော့ ဘာဆိုတော့ နောက် တွေ့ဖို့ခွင့်မလွယ်ဘူးမဟုတ်လား"

"ဟင်... သင်တန်းပြီးတော့မှာလဲ သိတာပဲလား"

"သိတာပေါ့၊ ကိုယ် ပြောပြီးပြီမဟုတ်လား။ တစ်ခါလောက် သွားရှေ လိုက်ရုံပဲ"

သံစဉ်က မျက်ခုံးလေးနှစ်ဖက်တွန့်ပြီး သူ့ကို စိုက်ကြည့်နေသည် ခိုဖြာရှောင်ဆောင်းဘီရှည်၊ စပို့ရှပ်အပြာနှင့် ဂျင်းဂျက်ကက်တစ်ထည် ထပ်ဝတ်ထားသည်။ သူ့ကိုမြင်ရတာ သုံးခါရှိပြီဖြစ်၏။ ထိုသုံးခါစလုံးမှာ ဒီလိုပဲ ဂျင်းဂျက်ကက်ကို ထပ်ဝတ်ထားကတော့ဘာဖြစ်ပြီး ဘောင်းဘီနှင့် အကျီ အရောင်တူတွေပဲဖြစ်သည်။ တဖက်တော့ စတိုင်လ်တွေ ထုတ်နေတာနှင့် တူပေမယ့် ကြည့်ကောင်းနေတာကို ငြင်းလို့မရ။

"ဘယ့်နှယ်လဲ ကိုယ် ချောရဲ့လား"

"မချောပါဘူး"

သတိလက်လွတ် ကြည့်နေပြီးမှ သံစဉ် ရှက်သွားသည်။ ပါးပြ





လေးနှစ်ဖက် နီရဲသွားကာ ပြုံးလည်းပြုံးမိ၏။ ရာသီဥတု သာယာသွား သည်။ ရဲက သံစဉ်ကိုင်ထားသည့်စာအုပ်၏ တစ်ဖက်ကနေ ကိုင်ထား လိုက်ကာ..

"အောက်ပြန်ဆင်းပါလား သံစဉ်၊ စကားတွေ အများကြီး ပြောချင် တယ်"

သံစဉ် ဘာမှပြန်မပြောဖြစ်သေးတဲ့ တက်လာကြသည့် သင်တန်း သူသုံးယောက်ကို ရှောင်ပေးပြီးမှ...

"မဖြစ်ဘူး။ ခုပဲ သင်တန်းစတော့မှာ၊ နေပါဦး ရှင်နဲ့သံစဉ် ဟိုတစ် ခေါက်ကမှတွေ့တာ"

"အဲဒါ ဘာဖြစ်လဲ"

"လူလည်ကျသလိုကြီး..."

သံစဉ် ပြောပုံလေးကြောင့် ရဲ ပြုံးလိုက်မိလျက်..

"အဲဒီလို မတွေးရဘူး။ တန်ဖိုးကြီးတဲ့ရတနာဆိုတာ အပတ်တကုတ် ရှာဖွေတူးဖော်တိုင်းရတာမဟုတ်သလို သွားလာရင်း ကောက်တွေ့ကြ တာမျိုးလဲ ရှိတာပဲ၊ သဘောကကွာ ဥစ္စာရှင်းမှန်နေရင် သူ့အလိုလို ကြုံဆုံလာကြတာပဲမဟုတ်လား၊ မင်းနဲ့ကိုယ်လဲ ရေစက်ရှိခဲ့လို့ပေါ့"

"အံမယ်"

"မင်းကို မြင်မြင်ချင်း..."

"ရှင်နော်"

"ခင်တာလေ၊ ပစ်စလက်ခတ်၊ ပိုစိုးပက်စက် ခင်တာ၊ အိပ်လို့မရ အောင် သတိရတာ၊ အခု ဒီကိုမလာခင်အထိ မင်းဆီကိုလာဖို့ကလွဲပြီး ဘာမှ ကိုယ့်ခေါင်းထဲ ထည့်မရလို့"

"ရှင် သူများကို ရည်းစားစကား ပြောနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"သူမျှားကို မပြောပါဘူး၊ သံစဉ်ကို ပြောနေတာ"

"မသိဘူး သွား"

သံစဉ် ရင်တွေ ပရမ်းပတာ လှိုက်ခါလာသည်။ ယောကျ်ားလေး တစ်ယောက်က မိန်းကလေးတစ်ယောက်ထံသို့ ရိုးသားစွာ ရောက်လာ ဖို့ မရှိနိုင်ဘူးဆိုတာ သိနေပေမယ့် ပြောလာမည်မထင်ခဲ့သဖြင့် ရင်ထဲမှာ ဘာမှမရှိခဲ့ပါ။

သူ ပြောလိုက်ကာမှ ထခုန်လာသည့် ကိုယ့်ရင်ဘတ်ကို စာအုပ်နဲ့ ကပ်ကွယ်ဖို့ဟာ ရဲက စာအုပ်ကို ဆွဲထား၏။

"နေပါဦးကွာ၊ သံစဉ်ကို ကိုယ် ရည်းစားစကား မပြောဘူး၊ အောက် က တီးရှော့မှာ မုန့်နှစ်ချောင်းဆိုင်ပြီး ခဏလေးစကားပြောမယ်၊ တကယ် ခဏပဲ"

"ဘာ မပြောဘူးလဲ ရှင် ခုနကပဲ ပြောပြီးတော့၊ ဖယ် နော်"

"မဖယ်ဘူး၊ မင်း အတင်းတက်သွားရင် ကိုယ် လိုက်လာမှာ၊ အခန်း ရှေ့ကထိုင်နေပြီး အပြန် အတူတူပြန်မယ် မင်း အိမ်ကမြင်ရင်မြင်ပါစေကွာ"

"ရှင် အဲဒီလိုပြောတိုင်း ရမှန်းသိလို့မဟုတ်လား၊ မရဘူး သွား ဖယ်ဆိုဖယ်"

"မဖယ်ဘူး"

"ဘုတ်"

စာအုပ်ကြားထဲက ထွက်ကျသွားတာ နေကြာစေ့ထုပ်လေး။ ရဲ စိတ်မကောင်းဖြစ်သွားကာ ငုံ့ကောက်လိုက်သည်။ သံစဉ်က မျက်နှာ လေးငုံ့၍ နှုတ်ခမ်းစူနေ၏။

"ကိုယ့်ကြောင့် သံစဉ် စားနေတာတွေ ဆုံးရှုံးရတာ နှစ်ခါရှိပြီနော် ကိုယ် လျော်ပေးမယ်ကွာ၊ လိုက်ခဲ့ပါ"





"ဟင့်အင်း"

သံစဉ်က ဖွတ်ဆွဲလိုက်ပေမယ့် စာအုပ်က သူ့လက်ထဲမှာပဲ ကျန် ရစ်ခဲ့၏။ ရဲက ရှေ့ကိုတိုးပေးကာ..

"ရော့..."

သံစဉ် အံကလေးကြိတ်၍ စာအုပ်ကိုမယူဘဲ ဆတ်ခနဲ လှည့်ထွက် ခဲ့လျှင် ရဲက သံစဉ့်လက်ဖျားလေးကို ဆွဲထားလိုက်၏။

"သံစဉ်..."

"အို... ဘာလုပ်တာလဲ လွှတ်"

သင်တန်းစပြီထင်ပါသည်။ လာကြသည့်လူတွေပင် စဲသွားပြီဖြစ် ၏။ ဒါပေမယ့် တစ်ယောက်ယောက်တက်လာခဲ့လျှင် ဆိုသော စိုးရိမ် စိတ်လေးနှင့် သံစဉ် မျက်လုံးလေးပြူးသွားသည်။ ရဲက လက်ချောင်း ကလေးတွေကိုပဲ တင်းကျပ်စွာဖိဆုပ်ထားကာ..

"ရင်ထဲကစကားတွေကို မိုးတိုးမတ်တတ်နဲ့ တန်ဖိုးမဲ့ ပြောထွက် သွားရင် မကောင်းဘူး၊ ခဏလေး လိုက်ခဲ့နော်"

"သံစဉ်မှ မသိချင်တာ"

"ကိုယ်ကတော့ ပြောရမှဖြစ်မှာ"

သံစဉ် သူ့ကို မော့ကြည့် ပေးနေမိစဉ် ဖျတ်ခနဲ မျက်စိ တစ်ဖက် မှိတ်ပြသည်။ ပြီးတော့ နှာခေါင်းတစ်ဖက်တွန့်ပြီး ပြုံး၏။ သံစဉ် အင်အား ခဲသွားခဲ့လေသည်။

သူ့ကို မလွန်ဆန်နိုင်ခြင်းသည်..

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ဖတ်လက်စစာအုပ်ကို ချပစ်လိုက်ရတဲ့အထိ သံစဉ့်စိတ်တွေက လှုပ်ရှားပြေးလွှားနေခဲ့သည်။ အမိုးက ဗီရိုရှေ့မှာ မီးပူတိုက်ပြီးသား အင်္ကျီတွေကို စီစီရီရီထည့်နေ၏။

"အမိုး"

"ဟင်"

အမိုးက လှည့်မကြည့်ဘဲ ထူးသည်။ သံစဉ် အိပ်ရာမှာ လှဲနေရာမှ ငုတ်တုတ်လေး ထထိုင်လိုက်၏။ ပြီးတော့ စာအုပ်ကို ရင်ဘတ်လေး ထထဲမှာ ဖိကပ်ထားရင်း ခဏ စဉ်းစားနေပြီးမှ…

"ဟိုလေ ခုမြင် ခုချစ်ဆိုတာ ဝါကယ်ရှိလားဟင်"

"ရှိ… ဟင်…"

ဖြေမလို့ ထွက်သွားပြီးမှ အမိုး နောက်ကို ဖျတ်ခနဲလှည့်လာသည်။ မျက်လုံးအစုံက ပြူးတူးပြဲတဲ။





"အချစ်တွေ ဘာတွေ မေးလို့ပါလား သံစဉ်၊ ကြည့်စမ်း"

"အမိုးကလဲ ဒီမှာ စာအုပ်ထဲမှာ တွေ့လို့ပါ"

"ဟုတ်ရဲ့လားအေ"

အမိုးက စာအုပ်ကို သင်္ကာမကင်းကြည့်သည်။ ကရင်အမျိုးသမီးကြီးပေမယ့် အမိုးက စကားလည်းသိပ်မဝဲ။ ဗုဒ္ဓဘာသာစစ်စစ်ဖြစ်ရုံမကဘဲ ဒီအိမ်မှာ သံစဉ့်အတွက် တင်းကျပ်ချုပ်ချယ်ရာမှာလည်း မေမေတို့နှင့် တစ်တပ်တအား ပါဝင်ခဲ့သူ ဖြစ်သည်။

တော်ပါသေးသည်။ သံစဉ့်လက်ထဲမှာ စာအုပ်ရှိနေလို့။ ဒါတောင် ဘာစာအုပ်လဲလို့ လာယူကြည့်နိုင်သေးတာမို့ စာအုပ်ကို ရင်ဘတ်မှာ ပို၍ ဖိကပ်ထားလိုက်ရသည်။

ဒီစာအုပ်ဟာ 'ဖတ်ရမည်'အမိန့်နှင့် ဖေဖေ ပေးထားခဲ့သော ဒေါက်တာတင်ကို၏ 'ကင်ဆာရောဂါများအကြောင်း သိကောင်းစရာ' ဆေးမှတ်တမ်းစာအုပ်လေးဖြစ်သည်။

ဒါပေမယ့် အမိုးက စာအုပ်ကိုလာကြည့်ဖို့ထိ စိတ်မဝင်စားတာလား။ သံစဉ်ပြောတာကို ယုံလိုက်တာလားမသိ၊ အင်္ကျီတွေဆီ အကြည့်ပြန်ရောက်သွားခဲ့သည်။

"အမိုးကလဲ ဖြေလေ"

"ဖြေစရာလား ကလေးရယ်၊ ကလေးဆိုတာ ဒါမျိုးတွေ စိတ်မဝင်စားရဘူး"

"ကလေးဖြစ်သွားတာကလဲ ချက်ချင်းကြီးပါလား၊ ဟွန်း"

သံစဉ်က မှဲ့ရွဲ့ပြောကာ ကိုင်ထားသည့်စာအုပ်ကိုချ၍ စားပွဲပေါ်က ဒီမှာ(ပညာရေး)၏ ပန်ထွာဘုရင်မ စာအုပ်ကြီးကို ဆွဲယူလိုက်သည်။ အမိုး မမြင်ခင် စာအုပ်ချင်း လဲကိုင်လိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



"ဟိုနေ့က ဖေဖေပဲ ပြောသေးတယ်၊ သမီး ကလေးမဟုတ်တော့ဘူးတဲ့၊ အားတဲ့အချိန်တိုင်း စာအုပ်တွေ ဖတ်ရမယ်တဲ့၊ ဒီမှာ ဖေဖေ ပေးထားတဲ့ စာအုပ်တွေ ကြည့်ပါဦး"

"ဒါကတော့ ဒါပေါ့ကွယ်၊ ကလေးမဟုတ်တော့တာက တစ်ပိုင်း၊ ကလေးလို ဖြူဖြူဝင်းဝင်း သန့်သန့်စင်စင်ပဲ နေသင့်တာက တစ်ပိုင်း"

"ဘာလဲ အမိုးကလဲ၊ ကလေးမှမဟုတ်တာ နေရာတကာ ကလေးလိုမျက်လုံးနဲ့တော့ ဘယ်လိုလုပ်ကြည့်လို့ရမှာလဲ၊ စာအုပ်ထဲမှာ သိတာတွေလဲ ပါတယ်၊ မသိတာတွေလဲ ပါတာပဲ၊ မသိတာကို သိတဲ့လူကို မမေးရဘူးလား"

"ဟုတ်ပါပြီ ကဲ မေး မေး"

အမိုးက အကျီတွေလည်း ထည့်ပြီးပြီမို့ ဒီဘက်လှည့်လာပြီး စားပွဲရှေ့မှာ ခုံဆွဲထိုင်လိုက်၏။ သံစဉ်က စာအုပ်ကို အမိုးမြင်အောင် တမင်ပြပြီးမှ ပြန်ပိုက်ထားကာ…

"ခုမြင်ခုချစ်ဆိုတာကို ပြောစမ်းပါ၊ အဲဒီလို တကယ်ရလားလို့"

"ဘာရတာလဲ၊ သမီး မေးတာကို အမိုး ဘယ်လိုဖြေရမှန်းမသိဘူး၊ အမိုးတို့ ကြားဖူးတာတော့ ဖူးစာပါတဲ့သူတွေဆိုရင် တစ်ယောက်နဲ့တစ်ယောက် မြင်လိုက်ကြတာနဲ့ ရင်းနှီးသွားကြတာပဲတဲ့၊ ဖူးစာမဆုံရင် သုံးနှစ်သုံးမိုး ကြိုးစားကြ လေ့လာကြပြီးမှ လွဲကြတာတွေ၊ အဲ… အမိုးပြောတာ လွဲကုန်ပြီ ထင်တယ်"

သံစဉ်က အမိုးကိုကြည့်၍ ရယ်နေသည်။ အမိုးကလည်း ရယ်လျက်…

"မသိတော့ဘူးကွယ်။ ခုခေတ် ကျပန်းစကားတွေ အဲ့ယူအဆတွေက ရှုပ်ကရှုပ်နဲ့ ချစ်ကြလိုက်ကြနဲ့ လက်ထပ်ပေါင်းသင်းဖို့ ခေါင်းထဲ





မရောက်လိုက်ဘဲ တစ်ယောက်ပြီးတစ်ယောက် တွဲနေကြတာတွေ မကြည့်ဖူးဘူးလား ဗီဒီယိုကားတွေထဲမှာလေ။ မိဘက ပေးစားလို့ယူကြတာတွေလဲ ရှိတာပဲ၊ ချစ်တာနဲ့ လက်ထပ်တာကို ဘယ်လိုလုပ်တွဲပြောမလဲ၊ လူတစ်ကိုယ် စိတ်တစ်မျိုးဥစ္စာ"

"အဲဆိုရင် ခုပဲမြင်ပြီး တော်ကြာချစ်ပါတယ်ဆိုတာမျိုးက မှုဟုတ်ဘူးပေါ့"

"ဟုတ်နိုင်ပါ့မလားကွယ်၊ လျှာအရိုးမရှိတိုင်း ပြောကြတာ"

"စောစောက အမိုးပြောတဲ့ ဖူးစာဆိုရင်ကော…"

"ဟင်…"

"ကိုယ်နဲ့ ဖူးစာပါနေတဲ့သူမို့လို့ မြင်မြင်ချင်း ချစ်တာမျိုး"

ဖြေဖို့ ပါးစပ်ပြင်လိုက်သေးသည်။ ပြီးမှ မျက်လုံးမှာ မသင်္ကာရိပ်တွေ ပြန်လည်ပြည့်သိပ်လာလျက် သံစဉ်နဲ့စာအုပ်ကို ကူးလူးကြည့်ပြန်သည်။

"ကလေးရယ် အဲဒီစာအုပ်က ချစ်တာညာတာတွေ အဲဒီဇာတ်ပါလို့လား"

"အဲဒီလောက်မပါပေမယ့် သိချင်လို့ပေါ့ အမိုးရဲ့၊ သံစဉ် အရွယ်ရောက်နေပြီဥစ္စာ၊ သိမထားသင့်ဘူးလား အဲဒီလို တကယ်ကြုံလာရင်…"

"အမယ်လေး လုံးဝ မယုံနဲ့ မယုံနဲ့နော်၊ ယောကျ်ားတွေ အလကားပဲ၊ လှလှချောချောမြင်ရင် မကြည့်တဲ့ယောကျ်ား မရှိဘူး၊ ရရင်ယူမယ်ဆိုတာချည်းပဲ"

"အမိုးကလဲ သိမ်းကျုံးမပြောပါနဲ့ သံစဉ့်ဖေဖေကတော့ သစ္စာရှိတယ်၊ တည်ကြည်တယ်၊ မေမေ့ကိုလဲချစ်တယ်"

"အဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



အမိုးက ပြုံးလိုက်ပြီးခေါင်းညိတ်၏။ သံစဉ်က အမိုး ပြုံးလိုက်တာကို မျက်မှောင်လေးကြုတ်ကြည့်ကာ..

"မဟုတ်လို့လား။ အမိုး ပြုံးတာကြီးက လျှောင်သလိုပဲ"

"မလှောင်ပါဘူးအေ လှောင်စရာလား။ ပြောချင်လို့ ဒီမှာ လည်ချောင်းကို ယားနေတာပဲ၊ ပြောရရင် မိန်းမချင်း အတင်းဟုတ်တယ်ဖြစ်ဦးမယ်၊ မိန်းမတစ်ယောက်ကို သတိရလိုက်လို့"

"ဘယ်သူလဲဟင်"

အမိုးက မလိုအပ်ဘဲ ထဘီစကို ဒူးပေါ်ထပ်၍ဆွဲတင်သည်။ ခါးမတ်လိုက်၊ တံတောင်ကိုကွေး၍ စားပွဲစွန်းမှာ နောက်ပြန်တင်လိုက် လုပ်ကာ ပြောဖို့စကားကို အစရှာနေတာနှင့်မပြီးနိုင်။

"ပြောလေ အမိုးရဲ့ ဖေဖေနဲ့ ဆိုင်လို့လား ဖေဖေက ဖောက်ပြန်ခဲ့လို့လားဟင်"

"မဖောက်ပြန်ပါဘူး၊ မောင်စိန်က ပညာတတ် လူရည်မွန်ပါ။ ဟိုမိန်းကလေးက အနေအထိုင်မတတ်တော့ ဘာလိုလို ထင်စရာတွေဖြစ်ပြီး ကံကောင်းလို့ အိမ်ထောင်မပြိုကွဲခဲ့တာ"

"ဟင်..."

သံစဉ် ကိုယ်သိချင်သည့်အကြောင်းကို မေ့သွားသည်။ ဖေဖေနဲ့ မေမေ့မှာ ဒီလိုအကြောင်းတွေ ရှိခဲ့သည်မှန်း သူမ တကယ်မသိခဲ့ပေ။

"ဘာတွေဖြစ်ခဲ့တာလဲဟင် အမိုး၊ အဲဒီမိန်းမက ဘယ်သူလဲ"

"မပိုးဥ တဲ့၊ အားလုံးက သူ့ကို ပိုးလို့ခေါ်ကြတာလေ။ လုလိုက်တာမှ ထိရက်စရာမရှိဘူး၊ အိမ်ဖော်သာလုပ်တယ် လက်ဖဝါး ခြေဖဝါးလေးတွေကို ရဲစိုနေတာပဲ"

"ဒီမှာ အိမ်ဖော် လာလုပ်တာ"





"ဟုတ်ပ။ လှိုင် အိမ်ထောင်ကျတော့ အမိုးက လှိုင့်မေမေ ကျန်းမာရေးမကောင်းသေးတာနဲ့ ခုလို အမြဲတမ်း အတူတူ လာနေမပေးနိုင်ဘူးလေ၊ အဲဒါကြောင့် လှိုင့်မေမေကပဲ သူ့သမီး ပင်ပန်းမှာစိုးလို့ အိမ်ဖော်ရှာလိုက်တာ၊ အဲဒီတစ်ယောက်ကို ပွဲစားက လာပို့တာပေါ့"

"အိမ်ဖော်ကို ပွဲစားကရှာပေးတယ် ဟုတ်လား၊ အိမ်ဖော်ပွဲစားလဲ ရှိတာပေါ့"

သံစဉ် မေးလိုက်တော့ အမိုး ပြောဖို့ အကွက်ရသွားကာ သံစဉ်ကို သနားကြင်နာစွာကြည့်၏။

"ရှိပြီပေါ့ ကလေးရယ်၊ ကလေးက ဒါတွေကို ဘာမှမသိတာ၊ အကောင်ကြီးထွားနေပေမယ့် စိတ်က တကယ့်ကလေးပဲ"

မဆီမဆိုင် ကလေးဖြစ်ရေးကိုပဲ ဦးတည်နေသည့် အမိုးကို သံစဉ် ရှုံ့မဲ့ကြည့်ပြီး ဆံပင်တွေပါ ဖွပစ်လိုက်သည်။

"ဟုတ်ပါပြီ ကလေးပါ ကလေး၊ ကဲ ဆက်ပြောပါ"

သူ့စကားနှင့်သူ အမိုးက မလုံမလဲ ရယ်လိုက်သေးသည်။ တကယ်တော့ သံစဉ် အရွယ်ရောက်နေပြီဆိုတာ မဟုတ်ဘူး ငြင်းနေလို့ရတဲ့ကိစ္စ မဟုတ်ဘဲ။

ငယ်ငယ်ကတည်းက ပိန်ပိန်ရှည်ရှည်လေး သံစဉ်ဟာ ခုဆို အရပ်မြင့် ကိုယ်လုံးသွယ်သွယ်လေးနှင့် အလှသွေးကြွယ်နေပါပြီ။ တော်ရုံ မိန်းကလေးလောက်၏အရပ်ကို သံစဉ်က ခေါင်းတစ်လုံးကျော်နေပါပြီ။ ဒါပေမယ့်...

သံစဉ်ကို ရည်းစားထားခွင့် ပေးလို့မဖြစ်။ သံစဉ် ချစ်သူရှာဖို့ အာရုံမဖြစ်ရအောင် တားဆီးဖို့ထက် ဒီအိမ်မှာ ဘာမှအရေးမကြီးပါ။

"ပြောလေ အမိုး၊ အဲဒီအိမ်ဖော် ပိုးဥ ဆိုတာ..."



www.burmeseclassic.com

www.burmeseclassic.com



"သြော်... လှတော့ ပြဿနာရှိလာတာပေါ့၊ အဲဒီမိန်းကလေးက လှသလောက် စကားပြောတာလေးကလဲ နားဝင်ချိုတယ်"

"ချွဲတတ်တာလား"

"အဲဒီလိုလဲ မဟုတ်ဘူး၊ ဘယ်လိုပြောရမလဲဆိုတော့ သူပြောတဲ့ စကားကို အထူးသဖြင့် ယောကျ်ားတစ်ယောက်က ခေါင်းမခါချင်လောက်အောင် အသံအားဖြင့် စည်းရုံးနိုင်တာမျိုးပေါ့"

"ဒီလိုတော်နေတဲ့ မိန်းမတစ်ယောက်ကို မေမေက ဘာဖြစ်လို့ လက်ခံခဲ့တာလဲ"

"သူက အဲဒီလို နူးညံ့လှပပြီး အိမ်တွင်းမှုကျတော့လဲ နိုင်တယ်လေ၊ နန့်နဖတ်ဖတ်လေးနဲ့ စကားနည်းပြီး အလုပ်အကိုင်မြန်တယ်။ လှိုင်က မိဘလက်ထက်ကတည်းက နေမလောင်၊ မိုးမခအောင် နေခဲ့တဲ့သူ ဆိုတော့ အိမ်မှာ မလုပ်နိုင်ဘူး၊ အိမ်ဖော်တစ်ယောက်နဲ့တစ်ယောက် ပြောင်းဖို့ဆိုတာလဲ လွယ်တာမဟုတ်ဘူးလေ၊ ပိုဆိုးတာက ပိုးကိုလာပို့သွားတဲ့ပွဲစား မထက်က ပွဲစားတွေထဲမှာ သစ္စာရှိတဲ့၊ တိကျတဲ့သတင်း အင်မတန်ကြီးတဲ့သူ၊ သူ ပို့ပေးတဲ့သူကို သူ အာမခံတယ်၊ နှစ်ဖက် အာမခံတာနော်၊ တစ်ဖက်တည်း မဟုတ်ဘူး။ မိန်းကလေးရဲ့မိဘ ဘက်ကိုလဲ ဒီမိန်းကလေးမှာ အန္တရာယ်မရှိအောင် အာမခံတယ်၊ ဒီဘက်မှာလဲ မိန်းကလေးရဲ့ စာရိတ္တ၊ စရိုက် အားလုံးကို အာမခံတယ်၊ သူ ပို့တဲ့လူဆိုရင် စိတ်ချရတာပဲကွယ်။ ပြီးတော့ အဲဒီအိမ်ဖော် မကောင်းရင် ကိုယ့်သဘောနဲ့ကိုယ် နှင်မချရဘူး၊ သူ့ကို ပြန်အပ်ရတာ"

"ဒါပေမယ် အခု..."

"စာရိတ္တပျက်တယ်လို့ ပြစရာမရှိဘူးလေ၊ ကြည့်လိုက်တော့ သူ ဟာသူ နေတာပဲ"





"ဖေဖေကကော"

"မောင်စိန်ကလဲ သူ့ဟာသူ နေတာပဲ၊ ဒါပေမယ့် လှိုင်က ဘယ်သိတ်ချမလဲ"

"ဒါဆို မေမေက ဖေဖေ့ကိုချစ်လွန်းလို့ သဝန်တိုနေတာပေါ့ ဟုတ်လား"

"ဒါက..."

ပြောရင်းနှင့် တစ်သက်လုံး မျိုသိပ်ခဲ့ရတာတွေ ပွင့်ထွက်ကုန်တော့သည်။ ဒီအိမ်ထောင်ရေးအရှုပ်အရှင်းထဲမှာ ချစ်ခြင်း၊ သနားငဲ့ညှာခြင်း၊ သိတ်စက်ခြင်း ဥပေက္ခာများ ရှုပ်ထွေးလျက် ဘယ်သူမှန်သလဲ၊ ဘယ်သူ မှားသလဲ၊ ဘာကို လက်ညှိုးထိုးရမှန်းမသိနိုင်။ သေချာတာတစ်ခုက တော့ သူမကြောင့်ဆိုတာ သေချာသည်။

ဖိုးဥဆိုသည့် သူမကြောင့် လှိုင်တို့လင်မယား အငြိုးအကျယ်တွေ ဖြစ်ကြသည်။

တစ်ခါတည်း မဟုတ်ပါ။ ခဏခဏ ဖြစ်နေကြရင်း သမီးလေးကို ငွယ်ထားရသည့် ကိုယ်ဝန်အရင့်အမာနှင့် မောင်စိန် ဒေါသတကြီး အိမ်ပေါ်မှဆင်းထွက်သွားရာမှ အကဲဆိုးဒင့်ဖြစ်၏။

တစ်အိမ်တည်းမှာ ကိုယ်ဝန်ဆောင်နှစ်ယောက်ဖြစ်နေရသော အချိန်မှာ မောင်စိန်က ဆေးရုံရောက်သွားခဲ့သည်။

ဒီအဖြစ်တွေဟာ ဘယ်တော့မှ ပြန်မဖြေဘဲ ထားလိုက်တာ ကောင်းဆုံးပါ။

"ဘာတွေဖြစ်ကုန်တာလဲ ပြောလေ အမိုး"

"မသိချင်ပါနဲ့တော့ကွယ်၊ သမီးရဲ့ဖေဖေ သစ္စာမဖောက်ခဲ့ပါဘူး၊ အားလုံး အထင်လွဲမှုတွေလို့ သိရတဲ့အချိန်မှာ ပြီးသွားခဲ့ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် အမိုးကလဲ ပြောလက်စနဲ့ကမ မပြောပြီးတော့.."

"ဘယ်ယောကျ်ားဖြစ်ဖြစ် ဘယ်လောက်ရိုးရိုး လှပတဲ့မိန်းကလေး မြင်ရင် သနားကြ ကရုဏာဖြစ်ကြနဲ့ ကိုယ့်မိန်းမနဲ့ ရန်ဖြစ်တဲ့အထိတော့ ပါသွားတတ်တာပဲလေ၊ အဲဒါကို သိစေချင်လို့ပြောတာ။ ကာယကံ ဝစီကံနဲ့မဟုတ်လဲ လှနေတာလေးကို မနောကံနဲ့ ဘယ်လောက်ထိ ဖြစ်မှားနေမလဲဆိုတာ သိနိုင်မလား။ အဲဒီတုန်းကလဲ ပိုး ဆိုတဲ့ မိန်းကလေးကို သမီးရဲ့ဖေဖေ ဘယ်လောက်..."

အမိုး စကားရပ်သွားပြန်သည်။ မျက်လုံးဝင့်ကြည့်လိုက်တော့ သံစဉ် စိတ်ဝင်တစား ငေးကြည့်နေတာကို မြင်လိုက်ရ၏။ ပြောမိပြန်ပြီ ဒီဖါးစပ်။ ကျွံသွားခဲ့သည့်စကားတစ်ခွန်းက ပြန်နုတ်ဖို့လည်း မလွယ် တော့ပေ။

"ဖေဖေက ကြိဘ်ချစ်နေတာလားဟင်"

"မပြောတတ်ပါဘူးအေ၊ သူ့ရင်ထဲကဟာ ဘယ်လိုလုပ်သိမှာလဲ ဘာပဲဖြစ်ဖြစ် ကာယကံမြောက် မဖောက်ပြန်ခဲ့ဘူး ဆိုတော့ ကျေးဇူး တင်ရသေးတယ်"

အမိုးက ပြောနေရင်း ထရပ်လိုက်သည်။ ဒီနေရာက မြန်မြန်လစ် မှပါ။ ဒီအကြောင်း ဖြစ်ထားလိုက်လို့ရရင်တောင် နောက်ထပ် အချ တွေ၊ မေတ္တာတွေအကြောင်း ပြန်မပါလာဘူးလို့ မပြောနိုင်။

သံစဉ်ကတော့ ဒေါ်ပိုးဥ ဆိုသည့်မိန်းမကိုပဲ စိတ်ဝင်တစား ဖြ သွားခဲ့လေသည်။

ဒီလောက် လှလို့လား...

ဏ ဏ ဏ





## အခန်း (၁၁)

သင်တန်းချိန်က တစ်ပတ်မှ သုံးရက်တည်းဖြစ်သည်။ ဒီနေ့ဆို သင်တန်းကာလ ပြီးဆုံးသွားပြီဖြစ်သည်။ ဘာရယ်တော့မဟုတ်ပါ၊ နောက်ဆုံးနေ့ကျမှ သူ ရောက်မလာတာ ခေါ်ချာတော့ ရင်ထဲမှာ ဟာ သွားသလိုလို။

နောက်တစ်ပတ်မှာ စာမေးပွဲဖြေရုံပဲ လာရမှာမို့ အရေးကြီးသည့် အခန်းတွေကို ဆရာမက သင်ပေးနေသည်။ သံစဉ့်စိတ်တွေက စာထဲ ရောက်လာလိုက်၊ အပြင်ရောက်သွားလိုက်။ ဂျပန်စကားပြောသင်တန်း ဆိုပေမယ့် မြန်မာစာမှာ 'အ'သုံးလုံး သင်ရသလိုပါပဲ။ အရေး အဖတ်၊ အပြော အကုန်ပါတာမို့ စာတွေက ခက်သည်။

ကွန်ပျူတာသင်တန်းမှာတုန်းက စိတ်လည်းပါ၊ ဝါသနာလည်းပါမို့ သံစဉ် ဆုတောင်းရခဲ့ပါသေးသည်။ ဘာသာစကားကျတော့ ကြာလေ ခက်လာလေ၊ ကိုယ် နေ့စဉ်ပြောဆိုနေသည့်စကားလည်း မဟုတ်၊ ကြားရဖန်များတာမျိုးလည်း မရှိ။

ထို့ပြင် အင်္ဂလိပ်စကားပြောလို နေ့စဉ်ပြောဆိုရင်း ကြားညှပ်သုံးစွဲ ပြောသွားလို့လည်းမရ။ သူ့ကို သပ်သပ်ကြီး အာရုံစိုက် ကြိုးစားနေရ



www.burmeseclassic.com

www.burmeseclassic.com



တာမို့ စိတ်ကို နည်းနည်းလေးမှ ပျံ့လွင့်လို့မရပေ။ လယ်ဇယ်လ်ဝမ်းကို
ပေါ့ပေါ့ပါးပါးလေး ကျော်ဖြတ်လာခဲ့ပြီး လယ်ဇယ်လ်တူးကျမှ သံစဉ်
ရင်ခုန်တတ်လာသဖြင့် အခြေအနေက မကောင်း။

သင်တန်းချိန်ပြီးသွားလို့ ထရပ်လိုက်ရတဲ့အချိန်မှာ သံစဉ် မှတ်မိခဲ့
တာ ဘာမှမရှိ။ အချစ်က ပြုစားနိုင်လွန်းပါ၏။ လျှောက်မေးမနေနဲ့တော့
သံစဉ်၊ ခုမြင် ခုချစ်ဆိုတာ တကယ်ဟုတ်မဟုတ် ကိုယ့်ရင်ဘတ်ကို
ပြန်မေးကြည့်လိုက်။

သီချင်းတောင် ရှိသေးတယ်မဟုတ်လား၊ 'လက်တွေ့က ရင်ဘတ်
မှာတဲ့။ အားလုံးတွက်ပြီးအောင် စောင့်နေတာဟော့မဟုတ်၊ ဒါပေမယ့်
သံစဉ် ဒီလိုပဲ နောက်ကျတတ်ခဲ့တာ စားရောကြောင့်ဖြစ်သည်။

လွယ်အိတ်ထဲမှာ မရန်းပေါင်းစပ်ချဉ်ထုပ်ကို လိုက်မမိးရှင်း တံခါး
မှာ ရပ်နေလိုက်ရသေးသည်။ တွေ့ပြီဆိုမှ ဖောက်ထားသက်စလေးထဲ
ကနေ တစ်ခုနှိုက်ယူလိုက်ပြီး အငြင်ထွက်လိုက်၏။

"သံစဉ်"

"ဟင်... သူ..."

သံစဉ့်ရင်ထဲမှာ ဒိန်းခနဲ တက်ခုန်သွား၏။ ပိုဆိုးသွားသည်က
ထုတ်ယူထားပြီးသည့် မရန်းပေါင်းစလေးတစ်ခု လက်ထဲက လွတ်ကျ
သွားခြင်းဖြစ်သည်။ သူ အနားရောက်လာမှ ကျသွားသည့်ဆီကို ငုံ့ကြည့်
၏။ မျက်နှာ မော့လာတော့ အလွန်အမင်း ပျက်ယွင်းနေလျက်...

"ဆောရီးကွာ၊ ကိုယ့်ကြောင့်ချည်းပဲဖြစ်ရတာ သုံးခါရှိပြီ၊ ဘာဖြစ်
လို့လဲ၊ ခေါ်လိုက်တာကို လန့်သွားတာလား"

"အင်း"

သံစဉ် ရှက်ကိုးရှက်ကန်းလေးရယ်ကာ ပါးတစ်ဖက်မှာ သူ့ဘာသာ





[illegible]နေသည့် ဆံပင်တွေကို နားရွက်နောက် ညှပ်ပစ်လိုက်သည်။ မျက်လွှာ
[illegible]လေးချ၍ ငုံ့ထားလိုက်သော်လည်း နီမြန်းမြန်းစိမ်းမြနေသည့် ပါးမို့
[illegible]လေးနှင့် နားသယ်စပ် ဆံယဉ်စလေးတွေကို ရဲက ငေးသည်။

"ရော့... ဒီးထုပ်တော့ မဟုတ်ဘူး၊ သံစဉ့်အတွက် ကိုယ် ဝယ်လာတာ"

"ဟင်..."

ရေခဲမုန့်သုံးဘူးက ကြွပ်ကြွပ်အိတ်လေးထဲမှာ ရေမှုန်လေးတွေ
[illegible]လျက်။ ယောက်ျားလေးပေးတာကို မယူဖို့ စိတ်ထဲမှာ တွေးမိလိုက်
[illegible] အထဲကထွက်လာသည့် ဆရာမနှင့် ကွန်ပျူတာပြင်သည့် ဆရာ
[illegible]ယောက်ကြောင့် အမူအရာမပျက်အောင် လှမ်းယူထားလိုက်မိ၏။

"ကိုရဲ ဒီရောက်နေတာ ကြာပြီလားဟင်"

"သိပ်မကြာဘူးထင်တယ်၊ ဒါပေမယ့် စောင့်နေရတဲ့သူ ဆိုတော့
[illegible]တာပေါ့၊ ကိုယ် ဒီလိုစောင့်ရတဲ့အလုပ်ကို အချိန်ပေးခဲ့ရတာ ဒါ
[illegible]မဆုံးပဲ"

မယုံဘူးဆိုသည့် မျက်နှာလေးကို ဖျတ်ခနဲလွှဲပစ်ကာ သံစဉ်က
[illegible]ကားဘက်ကို သွား၏။ ရဲက နောက်ကနေ သာသာလေး ကပ်လိုက်
[illegible]ပြီး...

"သံစဉ် ကိုယ့်ကို အဖြေပေးလေ"

"မပေးပါဘူး"

"ဟာ အဲလိုမလုပ်နဲ့လေ၊ ခဏခဏ ဖွတ်လုပ်နေရရင် ကိုယ်
[illegible]ကားဖြစ်ရတော့မယ်၊ မနှိပ်စက်နဲ့ကွာ ဟိတ်..."

[illegible]ကားထိပ်မှာ ရဲက ရှေ့ကနေ ပိတ်ရပ်ထားလိုက်၏။ ဒီသင်တန်း
[illegible]ပေါ်ဆုံးထပ်မို့ သင်တန်းချိန်ပြီးတာနှင့် အသွားအလာ မရှိတော့ပေ။
[illegible]သွားလူလာကို ခကြောက်ရသော်လည်း သံစဉ် ထွက်မပြောလို့



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာ တက်လိုက်လာလျှင် ခက်ဦးမည်။

"လူ့ရမ်းကားဆို သံစဉ် သိပ်မုန်းတာပဲ သိလား၊ ဖယ်ပေး"

"ကိုယ် ရမ်းကားချင်အောင် မင်း လုပ်နေတာကျတော့ အပြစ်မရှိ ဘူးလား"

"ဘာဖြစ်လို့ ရှိရမှာလဲ၊ သူ့ကို ဘယ်သူက ချစ်ပါ၊ လိုက်ပါလို့ ပြော နေလို့လဲ"

"ဟား... အဲဒီလို ချစ်ခိုင်းတိုင်းသာ ချစ်လို့ရရင် ရဲဆိုတဲ့ကောင်မှာ ရည်းစားတွေ တစ်ထောင်ကြီးနဲ့ ဒိုင်ယာရီဒုံမှာတောင် မဟုတ်တော့ဘူး"

"ဒါက ကိုယ့်သဘောနဲ့ကိုယ်ပဲ၊ သံစဉ့်ကို ဖယ်ပေး"

"မရဘူး၊ ဖြေမှာလား၊ မဖြေဘူးလား"

"ကိုရဲနော်၊ ဟိုမှာ ဒရိုင်ဘာလိုက်လာရင် သံစဉ် နောက်ထပ် ဘာ လုပ်ခွင့်ရမှာ မဟုတ်တော့ဘူး၊ ဒုက္ခလာမပေးပါနဲ့၊ ဒီနေ့လဲ သင်တန်းပြီး ပြီ၊ သူနဲ့သံစဉ် ရေ့ဆက်ဖို့ ဘာမှမရှိတော့ဘူး"

"ဘာဖြစ်လို့ မရှိရမှာလဲ၊ မင်းက ဘယ်ကမ္ဘာကလာတဲ့ ဂြိုဟ်သားမို့ လို့လဲ"

"မသိဘူး၊ ချစ်လဲမချစ်နိုင်ဘူး၊ ဖယ်ပေး"

သံစဉ်က ပြောပြောဆိုဆို ရဲ ပခုံးတစ်ဖက်ကို တိုက်ချပစ်လိုက်ပြီး ထွက်ဆင်းသည်။ နောက်မှာ ငုတ်တုတ်မေ့ကျန်ခဲ့ဖူးသည့်ရာဇဝင် မရှို သော ရဲကလည်း မြန်သည်။

သံစဉ့်လက်မောင်းလေးကို ဖမ်းဆွဲပစ်လိုက်၏။

"အမေ့"

ဆွဲများဆွဲထားလိုက်မလားဟု အတွေး ဖျတ်ခနဲဝင်ကာ ပြေးဆင် လိုက်ဖို့ စိတ်ကူးက နောက်ကျသွား၏။ သံစဉ် သူ့ဘက်ကို ယိုင်ပါသွား





ပြီး ရဲက ပခုံးလေးနှစ်ဖက်ကို ဖိဆုပ်ပစ်လိုက်ကာ မျက်နှာချင်းဆိုင် လှည့်လိုက်၏။

"ကိုရဲ... ရှင်..."

"မရမ်းကားချင်ဘူးလို့ ခပြောသားနဲ့ကွာ၊ ကိုယ်က ဖြစ်ချင်တာကို မနေ ဖြစ်အောင်လုပ်တတ်တဲ့အကျင့် ရှိတယ်၊ ပြော ခုဖြေမှာလား၊ ယ် ဖုန်းဆက်ရမှာလား"

"ဟင်..."

"ဖုန်းဆက်ရင် ဘယ်သူကိုင်ကိုင် ကိုယ်က ရင်ထဲမှာရှိတာတွေ ပြောခိုင်းမှာပဲ"

သံစဉ် မျက်ဝန်းလေးတွေ ဝိုင်းစက်လုလုဖြစ်လျက် မျက်တောင်နက် လေးတွေ ကော့တက်ပြန့်ကားနေရှာသည်။ သနားပေမယ့် မတတ်နိုင်၊

"ကိုယ့်ကို ချစ်တယ်မဟုတ်လား"

တုန်ခါနေသည့် ရင်ဘတ်ထဲက ရိုက်ပုတ်မှုကြောင့် သံစဉ့် နှုတ်ခမ်း လေးတွေပါ ဖွင့်ဟတုန်ယင်နေကြသည်။ ဘေးဘီကို ချောက်ချားစွာ ကြည့်ရင်း...

"ဟို... ဟိုလေ..."

"ဟုတ်ပြီ ပြော"

"လက်ကိုလွှတ်"

"ထွက်ပြေးမလို့လား"

သံစဉ် ခေါင်းလေးယမ်းပြကာ သူ့လက်ကို ဖွတ်ဖြေချနေသဖြင့် တ်ပေးလိုက်၏။ သံစဉ်က လက်ရန်းကိုကိုင်ကာ လှေကားကို နောက် ဆင်းတော့မလိုလေး ကျောကပ်လိုက်ပြီး...

"သူ... သူ့ကို အဖြေပေးရင် ဟို... သံစဉ့်ကို မယ်ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ပြဿနာပဲ"

နမ္မးကုတ်၍ မချိုမချဉ် ၎င်းပစ်တော့ သံစဉ် ဖောန့်သွား၏။ ဒါပေမယ့် ရဲက ပြန်မေးကြည့်ကာ…

"မတော်ဘူး၊ ကဲ ပြော"

"အင်း"

"ဟာ… နေဦး"

"အို… ဖယ်စမ်း"

"မဟုတ်ဘူး"

'အင်း' လို့ ဖြေပြီး သံစဉ် နောက်ကိုပြန်လှည့် ဆင်းလိုက်သည်။ ခြေချော်ပြီး နိမ့်ခနဲယိုင်သွားသဖြင့် ရဲက လှမ်းဆွဲ၏။ သံစဉ်က တစ်မျိုးထင်ကာ ဆောင့်ရုန်းတော့ ရုပ်တန့်သည်။ ဆွဲထားရင်းနှင့် သံစဉ်ကြောက်နေတာကို သိလိုက်သဖြင့် ရဲက လွှတ်ပေးလိုက်ကာ…

"သံစဉ် ဖြုတ်ကျသွားမှာစိုးလို့ ကိုယ် ဆွဲတာပါ၊ ငြိမ်ငြိမ်လေးနေ ကိုယ် ဘာမှမလုပ်ဘူး"

လက်နှစ်ဖက်လုံး မြှောက်ပြီး ကျကျနန နောက်ဆုတ်တောင်းပန်မှ သံစဉ်ကပန်းသေးကျ လက်ကိုင်ပြီးမြုံးကြောင်ကြောင်လေးကြည့်သည်။

"အဖြေတောင်းရတာ သည်းထိတ်ရင်ဖို လှုပ်ရှားမှုတွေလဲ ပါရတယ်နော်၊ မဆိုးဘူး"

သံစဉ် အသက်ရှူပြင်းနေတာလေးကိုကြည့်ကာ ရဲက ရယ်လိုက်သည်။နောက်ကို့ထပ်ဆုတ်လိုက်ပြီးမှမျက်နှာလေးကိုသေချာကြည့်၍…

"ဘာဖြစ်လို့ ကိုယ့်ကို ဒီလောက်ကြောက်ရတာလဲ၊ အတင်းအကျပ် ဖက်နမ်းမယ့်ရုပ် ပေါက်နေလို့လား ကြည့်ပါဦးသေချာ"

ဒီတော့မှ သံစဉ့်နှုတ်ခမ်းလေး အပြုံးလေးတစ်ချက် ပေါ်သွား၏။





"သံစဉ် ကြောက်လို့"

တိုးတိုးလေးပြောပြီး ဖျတ်ခနဲ လှည့်ဆင်းသည်။ သူက လက်ပိုက်ရပ်နေခဲ့ရင်း ပြုံးလျက်…

"သံစဉ်"

လှေကားသုံးထစ်လောက်ဆင်းပြီးမှ သံစဉ်က လှည့်ကြည့်သည်။ ရဲက လက်ပိုက်ထားတာကို မြင်အောင်မြှောက်ပြ၍…

"အခု ကိုယ် လက်ပိုက်ထားတာနော်၊ ဒါပေမယ့် မရရင် ပိုလိုချင်တယ် အဲဒါ သိလား"

"ဟင့်အင်း"

သံစဉ် သုတ်သုတ်လေး ပြေးဆင်းခဲ့မိသည်။ အချစ်က ချိုမြိန်သည်လား ခါးသက်သည်လားဆိုတာ မသေချာပေမယ့် လက်ဖျားခြေဖျားတွေ အေးစက်တုန်ယင်နေတာက ရေခဲရိုက်ထားသလိုပင်။ လက်ဆဲမှာသူ ပေးလိုက်သည်။ ရေခဲမုန့်ဘူးတွေကတော့ ပါလာခဲ့သေးသည်။

'အင်း' လို့ဖြေလိုက်ပြီးမှ သူ ဆွဲလိုက်စဉ်မှာ သူ့ကို သံစဉ် ရေခဲမုန့်ဘူးတွေနဲ့ လွှဲရိုက်မိသေးသည်ထင်၏။ ထိသလား၊ မထိဘူးလား မသိ။

ဒါပေမယ့် ဒရိုင်ဘာ ဆီးမေးရင်တော့ ရေခဲမုန့်ဘူး သွားဝယ်နေလို့ဟုဖြေရာရသည်မို့ ရေခဲမုန့်ဘူးတွေပါလာတာကို ကျေးဇူးတင်မိသည်။

ကားပေါ်ကင်က အဝင်ဝနှင့် ထောင့်ကွက်ကျသောကြောင့် လူတွေ ရှုပ်နေသည်။ တော်ရုံနှင့် မမြင်ရပေ။ သံစဉ် ခြေလှမ်းမမှားအောင် ရှုတိုက်လာခဲ့သော်လည်း ကားပေါ်မှာ ဒရိုင်ဘာက အိပ်ပျော်နေလို့ပါ။ အားကိုးထိုက်ပါပေ၏။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ဆရာတော့ မခေါ်နိုင်ဘူးပေါ့၊ ပြိုင်ပွဲမှာ ရှုံးခဲ့ပေမယ့် ငါတို့ဘက်က ကျရှုံးခဲ့တာတွေ မနည်းဘူး၊ အဲဒီပေါ်မှာ ငါတို့က မင်းတို့နာမည်တွေ ဘာမှတပ်ခဲ့တာမဟုတ်ဘူး။ မဟုတ်ရင် မင်းတို့အဖွဲ့ လိုက်ကြီး ထောင်နှန်းစံသွားရမှာ နားလည်လား"

ဖုန်းကိုင်ထားရင်း ရဲက ဟွန်းခနဲမဲ့လိုက်သည်။ သူ့ဘာတွေ ကြားနေရမှန်း မင်းထွန်းတို့ မသိပေမယ့် အားမလိုအားမရတွေဖြစ်ရင်း ဖုန်းစိုကို နားစွင့်နေခဲ့ကြ၏။

"ညားကြီးနဲ့ ညားလေးတို့ စင်ကာပူကို ထွက်သွားကြပြီဆိုတော့..."

"ဆေးကုဖို့သွားတာမဟုတ်လား။ စုံအောင်ထည့်ပြောလေ"

ရဲက ခနဲ့လိုက်သည်။ တစ်ဖက်က တက်ခေါက်သံ ကြ… ၏။

"ဒဏ်ရာဖြစ်ရတာက ကိုယ့်ဒေါသနဲ့ကိုယ်ပဲ၊ ရိုသလို ပျောင်းသလို လုပ်မနေနဲ့ ဟိတ်ကောင်၊ မင်းတို့ ငါ့ကောင်တွေကို ခြေကျိုးလက်ကျိုး





ဖြစ်အောင် လုပ်လွှတ်လိုက်တာကော နည်းသလား"

"မင်းဘို့က ယောကြောင်းကြီးထားတာလေ"

"အေး... အဲဒါကြောင့် ထားလိုက်ပြီလို့ပြောတာ၊ ဆရာလဲ မခေါ်နိုင်ဘူး။ နောက် ဘယ်တော့မှစိန်မခေါ်ပါဘူး။ ရန်မစပါဘူးလို့လဲ ကတိပေးနိုင်ဘူး၊ ဒါပဲ"

"နေဦး ဖုန်းမချနဲ့ မင်းဘို့ဆီက အဲဒီကတိကို မရလဲဖြစ်တယ်၊ တစ်ခုတော့ သတိပေးလိုက်မယ်နော်၊ မိန်းမယူပြီးမှတော့ ထပ်စိန်မခေါ်နဲ့၊ စိန်ခေါ်မယ်ဆို စောစောစဉ်းစား။ ဒီတစ်ခါဆိုရင် ခြေလက်တင်မကဘူး၊ ဘော်ကြာ မင်းတို့မိန်းမတွေ မုဆိုးမတွေ ဖြစ်ကုန်မှာစိုးလို့"

မကြားဝံ့မနာသာ ဆဲရေးသံထွက်လာတော့ သူ ဖုန်းချပစ်လိုက်၏။

"ဟား ဟား ဟား"

ဖုန်းကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်ပြီး ဟားတိုက်ရယ်တော့ မင်းထွန်းတို့မျက်နှာတွေပါ ပြုံးသွားကြ၏။ ထူးစံက ခုံတန်းလေးပေါ်ကနေ ထရပ်လိုက်ကာ...

"ဘယ့်နှယ်လဲ ဟိုနှစ်ကောင် စင်ကာပူသွားပြီဆိုတာ တကယ်မဟုတ်လား"

ရဲက ခေါင်းညိတ်သည်။ ပြီးတော့ နာရီကြည့်လိုက်၏။

"မင်း ကားရောင်းမယ့်လူနဲ့ ချိန်းထားတယ်မဟုတ်လား"

မင်းထွန်းက ခေါင်းညိတ်ပြီး ထရပ်ကာ...

"ဟုတ်တယ်၊ သွားစို့"

သုံးယောက်သား ကန်ပေါင်ပေါ်ကနေ အတူဆင်းလာခဲ့ကြသည်။ ဘိုးတန်း။ ဆယ်တန်းကတည်းက တွဲလာခဲ့ကြတာ ဒီနေ့ထိ အတူရှိနေကြဆဲ။



www.burmeseclassic.com

www.burmeseclassic.com



မင်းထွန်းနှင့်ရဲက ဆယ်တန်းမအောင်တာချင်းတူသည်၊ ထူးစံကတော့ တက္ကသိုလ်ရောက်လိုက်သေးသည်။ ပထမနှစ်ကို ပြီးဆုံးအောင် တက်လိုက်ပြီးမှ ကျလေသတည်းနှင့်ပဲ မခွဲမခွာ ပြန်ရောက်လာခဲ့၏။ သူက ပြောသေးသည်။

"မင်းတို့ကို သစ္စာမဖောက်ချင်လို့" တဲ့။

ဘာပဲဖြစ်ဖြစ် သုံးယောက်စလုံးမှာ ဘယ်မိဘကမှ ဆင်းဆင်းရဲရဲ မဟုတ်ကြပေ။ ထည်လဲမဟုတ်ရင်တောင် ကိုယ်ပိုင်ကားလောက်တော့ စီးနိုင်ကြသည်ပင်။ သို့ပြင် တူကြတာတစ်ခုက သုံးယောက်စလုံး အိမ်ထောင်သည်တွေမဟုတ်ကြဘဲနှင့် ဘယ်သူမှ မိဘဆီမှာ လက်ဝါးဖြန့်မနေကြ။

..ာမာတာ ဘာညာမျိုးလဲမဟုတ်ဘဲ သုံးယောက်သား ရတ်စု၊ ရတ်..နှင့် ကားပွဲစားဖြစ်လိုက်၊ အိမ်ပွဲစားဖြစ်လိုက်၊ ထူးစံကျတော့ အိမ်ခြံ မြေ ..ား အပေါင်အနှံကအစ အကုန်လုပ်သည်။ ဒီထဲမှာ နည်းနည်းပွဲရှေး..က ရဲဖြစ်သည်။

အိမ်ခြံမြေ ဆိုလည်း သူက ပိုင်ရှင်နှင့်ဝယ်သူကို အကဲခတ်သေးသည်။ စိတ်ပါမှ မပါလျှင် ဘယ်လိုခေါ်လို့မှ ဝင်မပါပေ။ ကားကျတော့ သူပဲလုပ်၏။ မင်းထွန်းတို့ကလည်း ကားအကြောင်းကို သူ့လောက်နားမလည်။

ရဲက စာလည်းဖတ်သည်၊ သူသိတာတွေလည်း များသည်။ တို့ထက်ပိုသိသည့်က ပထွေးနှင့်နေရသည်မို့ အိမ်မှာအဆင်မပြေလို့ အပြင်မှာ လိုမ့်နေတိုင်း လက်လှမ်းမီရာ ဘာပညာမဆို သူက ဆည်းပူးတတ်သူဖြစ်သည်။

တတ်ချင်လွန်းလို့လည်းမဟုတ်၊ အသက်မွေးဝမ်းကျောင်းပညာ





ဘာညာရယ်လို့ မဖြစ်မနေ လိုချင်ဘောလည်းပေါ့၊ တတ်ချင်သိချင်တာကိုက သူ့ဝါသနာဖြစ်သည်။

ဘယ်နေရာမှာမှ မထင်ရှားသော်လည်း နေရာတိုင်းကို သူသိသည်။ ဘယ်အလုပ်ဖြစ်ဖြစ် တတ်ပြီးသား၊ ပွဲစားကန်းကို ရောက်လာတော့ သူတို့သုံးယောက်ကို စူးစူးရဲရဲကြည့်လာကြသည့် မျက်လုံးတွေနှင့် အရင်ဆုံဖြစ်ကြ၏။

နေနေကျအတိုင်း ဒီနေရာမျိုးကို ဝင်ပြီဆို ရဲက ရှေ့က။ ပွဲစားအလုပ်ကလည်း လွယ်တော့မလွယ်ပါ။ အထူးသဖြင့် ကားပွဲစားက မလွယ်။ လုပ်ချင်တိုင်းဝင်လုပ်လို့မရ၊ ကိုယ့်အတွဲနှင့်ကိုယ်၊ ကိုယ့်လူကိုယ်ရှိမှ၊ လူစိမ်းကနေ ဘလိုင်းကြီးဝင်လို့မရသည်မို့ ဒီလောကထဲကို ဝင်စကဆို ရဲတို့သုံးယောက် ရန်ပွဲတွေဖြစ်ရတာ တခြိမ်းခြိမ်း။ နှလို ရဲတို့ ပွဲစားလုပ်စားနေပြီ ဆိုတဲ့ အချိန်မှာတောင် ပြူးရှူစောင်းမြောင်းခံရသေးနှင့်။

"ရဲ ဟိုဘဲ ငါတို့ကို မကြည့်ဘူး တွေ့လား"

"လေးလုံးလား"

"အေး ဘယ်ကကြည့်ကြည့် ဝင်းဝင်းလက်လက်နဲ့ ဘဲနာ မျက်မှန်အပြောင်း နှဖူးကပြောင်"

ထူးစံနှင့်မင်းထွန်းတို့က တစ်လှည့်စီ ချိုးမွမ်းခန်း ဖွင့်နေကြသည်။

လက်ဖက်ရည်ဆိုင်မှာ အတူတူထိုင်လိုက်ကြစဉ် ရဲ မျက်လုံးတွေက တစ်နေရာသို့ ရောက်သွား၏။ ပြီးတော့ စူးခနဲ ဖြစ်သွားသည်။ ခဲပုပ်ရောင် လင့်န်ခရီဇာနှင့် ဘေးမှာရပ်နေသည့်လူကြီး။ ရင်ထဲမှာကျန်ခဲ့သည်ဆို ဘယ်တော့မှ မေ့ပျောက်မသွားတတ်သည့် စိတ်အာရုံမှ အဖြစ်အပျက်အားလုံးများနှင့်တကွ ပြည့်စုံစွာ ပေါ်လာခဲ့၏။

"မင်းတို့ ဘာမှ မမှာကြာနဲ့ဦး"



www.burmeseclassic.com

www.burmeseclassic.com



"နေဦးလေ ကိုကိုဦးမှ မရောက်သေးတာ"

မင်းထွန်းက အထွန့်တက်ပြီးမှ ရဲမျက်နှာစူးစိုက်နေရာကို လိုက်ကြည့်၏။ အရပ်မြင့်မြင့်၊ မဟာနဖူးကျယ်နှင့်လူကြီးက ရုပ်လည်းချော သည်၊ ဥပမိချုပ်လည်း အလွန်သန့်ပြန့်လျက် ပွဲစားဖြစ်ပုံလည်း မရပါ။

ဒါပေမယ့် ပြန်ကြည့်လိုက်တော့ ရဲမျက်လုံးတွေက ဘယ်လိုမှမဖြေ နိုင်သောရန်ကြေးရန်စ ရှိနေသူတစ်ယောက်ကို ကြည့်နေသလိုမျိုး။

"စိတ်ချပါဗျာ ကိုစိန့်ကားကို ရောင်းလို့ထွက်အောင် ကူညီမယ်လို့ ကျွန်တော် အာမခံထားတာပဲ၊ မဟုတ်ဘူးလား"

ဦးစိန်ရွှေကတော့ သူ့သောကနှင့်သူ ဘာကိုမှ ဂရုမစိုက်မိပါ။ ပွဲစား တန်းဆိုတာကို သူ ရောက်လည်းမရောက်ဖူး၊ ရောက်ဖူးဖို့လည်း ကြိုး စားစရာအကြောင်းမရှိပါ။

အခုက ရောက်ဖူးချင်လို့မဟုတ်ဘဲ သူလာမှဖြစ်မှာမို့ လာခဲ့ရသည်။ သူသည် ကိုယ်တိုင်လည်း အင်ဂျင်နီယာ၊ အလုပ်သည်း အိမ်ယာဖြ လုပ်ငန်းဖြစ်၏။

ဝါသနာပါတာကို ဦးစီးထားတာပေမယ့် လုပ်ငန်းက ကြီးကျယ် လွန်းတော့ လူယုံတွေထားရသည်။ လူယုံသတ်လို့ သေတာမျိုးတော့ မဟုတ်ပါ၊ သို့သော် မန်နေဂျာအတွက် ပေးထားခဲ့သည့်ကားက မကြာ သေးမီကမှ ယာဉ်တိုက်မှု ဖြစ်လာခဲ့သည်။

ဒီသတင်းကို ဖုံးဖိထားပြီး ကားကို အမြန်ဆုံး ဒီရောက်အောင် ပို့ခဲ့ရတာဖြစ်၏။ တိုက်မိခိုက်မိသည့်ကားကို ပြုပြင်၍လည်းမသုံးချင် ကိုယ်က သိပ်အယူမရှိပေမယ့် မိန်းမက ဆွေ့ဆွေ့ခုန်နေသည်။

"အမယ်လေး ကိုကိုရယ် အလိုလိုကမှ အိမ်မှာ ကျန်းမာရေးတွေ မကောင်း၊ အတိတ်နိမိတ်တွေကပြနေ တိုက်မိတဲ့လူလဲ ဟိုဘက်မှာ





လက်ကျိုးသွားတယ်ဆို သွားပါ ရောင်းပစ်လိုက်ပါ ရတဲ့ဈေးနဲ့ ထုတ်ပစ် လိုက်နော်၊ လွှင့်ပစ်ရလောက်အောင်လဲ လောဘက မတတ်နိုင်လို့ မဟုတ်ရင် လွှင့်ပစ်ခိုင်းပါတယ်"

မနေ့ကလည်း ဒီကားထွက်အောင်မလုပ်သေးဘူးလား ဆိုပြီး မစား နိုင်၊ မသောက်နိုင် တော်တော်အယူသည်းတဲ့မိန်းမလို့လည်း သူ သက်ညှိုးမထိုးရက်ပေ။

တစ်အိမ်လုံးမှာ ကြိမ်မီးအုံးသလို ပူလောင်နေကြရသည့် သောက ဘစ်ခုက ရှိနေသည်။ ဒါဟာ ဘယ်သူမှမသိပေမယ့် နှလုံးအိမ်တစ်ခုလုံး အစည်ပျော်ကျသွားနိုင်လေသည်။

"ကိုစိန်"

"ဗျာ"

"ဘယ့်နှယ် ဝိုင်လှချည်လားဗျာ မပူပါနဲ့လို့ ပြောပြီးပြီပဲ၊ ခင်ဗျား ကြာသလို အရှုံးခံပြီး ဟိုးလိုးသိပ်သိပ်ရောင်းဖို့ကို မလိုဘူး၊ ဒီနေ့ ကျုပ်ရဲ့ ညာခန်းကို ခင်ဗျား မြင်ရလိမ့်မယ် ကြည့်နေ"

ပွဲစားသိန်းလွင်ကတော့ နာမည်ကြီးတဲ့ဘူး။ သူ့နှုတ်လည်း ခင်ခင် မင်မင်ရှိပေမယ့် ဒီလိုလုပ်ဖြစ်ဖို့ကိစ္စလည်း ကိုယ့်မှာမရှိတော့ ဒီတစ်ခါပဲ အောင်းတနိုး ရောနှောခဲ့မိတာဖြစ်သည်။

သူ့ကားကို ဝယ်မည့်သူရောက်လာတော့ သားအမိနှစ်ယောက် ဖြစ်တာ သူ့လောက်အရွယ်ရှိသည့် အမျိုးသမီးကြီးက တစ်တောင် လောက်နီးပါးရှိသည့် လက်ကိုင်အိတ်မည်းကြီးကို ဟန်ပါပါ ချိတ်ထား သည်။

တော်တော်ချမ်းသာကြွယ်ဝပုံ ရသော်လည်း ဦးစိန်ရွှေ၏ ရိုးဖြောင့် သည့်စိတ်က မိန်းမသားတွေကို လိမ်ညာသလိုကြီး ဖြစ်နေမလားဟု



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်ခနဲ တွေးလိုက်မိသည်။

စိတ်တော့မကောင်းပါ။ ဒါပေမယ့် မတတ်နိုင်။

"ဒီကားလားဟင်"

"လာပါ။ ကျွန်တော်က စောင့်နေတာ၊ မမြိုင်မှာ ပွဲစား ပါမလာဘူးလား"

"ပွဲစားက သူ ကြည့်ပြီးပြီ ဆိုလို့လေ၊ ကျွန်မလဲ နည်းနည်းပါးပါး တော့ ကြည့်တတ်ပါတယ်"

"ဟုတ်ပြီ ကဲ ကြည့်ပါဗျာ"

ဦးသိန်းလွင်က ဖောင်းကို တယုတယပွတ်သပ်ပြီး ချစ်သူမျက်နှာလို ခြောက်နိုးဟန်ပြသည်။

"သူ့ဖွေ့ဟာ ဒီမှာလေ၊ သူ့မိန်းမကို ဝယ်ပေးတာ သိပ်မကြာသေးဘူး ဂျပန်ကပြန်တဲ့ မိတ်ဆွေကလဲ ဒီကားမျိုးပဲ လက်ဆောင်ပေးတော့ တစ်စီးပိုသွားတာပေါ့၊ အဲဒါကြောင့် ဒီလို မော်ဒန်မြင့်တဲ့ကားမျိုးကို ဒီလောက်ဈေးနဲ့ သဟ်မှတ်ပေးတာ"

"အင်း"

မမြိုင်ဆိုသည့် အမျိုးသမီးကြီးက ကားကိုလှည့်ပတ်ကြည့်၍ တံခါး ကိုကိုင်တော့ ဦးသိန်းလွင်က ကိုင်ထားသည့် ရီမုတ်နှင့် လှမ်းဖွင့်လိုက် ပြီး...

"ဟောဒီမှာ ကီးရီမုတ်နဲ့ အသာလေးပဲ၊ အားလုံး နယူးပဲ မမြိုင် ကိုစိုးလဲ ကြည့်ပြီးပြီဆိုတော့ သူပြောမှာပါ၊ ဟုတ်တယ်မဟုတ်လား"

မမြိုင်က ခေါင်းတော့ညိတ်သည်။ သို့သော်..

"ဟုတ်တော့ဟုတ်ပါတယ် ဦးသိန်းရယ်၊ ဒါပေမယ့် ထောင့်နှစ်ရာ ကတော့ များပါတယ်ရှင်"





"မများပါဘူး မမြိုင်ရာ၊ ကိုစိုးကို သူ့ဖွေ့က ထောင့်နှစ်ရာ ခေါ်လိုက် ပြီဆိုတော့ ကျွန်တော် ဒီတိုင်းဆက်ထားလိုက်တာ၊ မာစီးဒီးကို ည့်ဦးလေ၊ တကယ့် မော်ဒန်အမြင့်စား၊ အားလုံး တိုယ်ပိုင်ဟန်၊ ယ်ပိုင်အသံပဲ၊ ဝါသနာပါရင် တစ်ပတ်လောက် ယူမောင်းထားဦး။ ည်ကြည်ဖြူဖြူ ပေးထားဦးမယ်"

ပွဲစားက လုံးဝ အပိုင်ပြောနေသည်။ ရီမုတ်နှင့် တံခါးဖွင့်ပြီး ပြန် လိုက်တာကိုကြည့်ကာ နောက်ကမိန်းကလေးက လိုချင်နေပြီက သာနေ၏။

မမြိုင်ဆိုသည့် အမျိုးသမီးကတော့ မကြည်လင်သေးပါ။

"တကယ်ပါ၊ ဒီကားမျိုးကို ကျွန်တော် ထောင့်သုံးရာကျော်ကျော် ပစ်လိုက်လို့ရတယ်၊ မမြိုင်က ကိုစိုးရဲ့လူဖြစ်နေတော့ အချိန်ဆွဲ နေရမယ်မှမဟုတ်တာ၊ တည့်မယ့်ဈေးကို တစ်ခါတည်းပြောပြီး ဖြစ်နေတာကို ဘယ်လိုလျှော့ရမလဲ၊ မမြိုင်တို့လို မော်ဒန်အမြင့်စား ည်းပဲ စီးနေတဲ့လူတွေဟာ တန်ဖိုးကိုသိပြီးသားပါ။ ဘာဖြစ်လို့ ဝေနေတာလဲ"

"မဟုတ်ပါဘူး၊ မာစီးဒီးကို ကျွန်မက ကြိုက်ကိုကြိုက်တာ၊ ဒါပေ ဆုံးဖြစ်ခဲ့တာ ကြာပြီလေ၊ အရင်ကတော့ သုံးရာငါးဆယ် လေးရာ အခု ဒီလောက်တောင် ကွာနေတော့..."

"ကွာတာက မော်ဒန်မြင့်တာလေ၊ ဒါတွေက နောက်ဆုံးပေါ် ောင်းဆုံးပုံစံသစ်နဲ့ကိုး"

"အန်တီက ကြိုက်နေလို့လား"

"ဟင်..."

မြိုင်က နောက်ကို ဖျတ်ခနဲလှည့်ကြည့်၏။ ဦးစိန်ရွှေ ဘေးမှ



www.burmeseclassic.com

www.burmeseclassic.com



ဝင်မပြောဘဲ နောက်က အသာလေးကြည့်နေရာကနေ ဝင်လာသူ မြင်တော့ မျက်မှောင်ကြုတ်သွား၏။

သူ့ မြင်ဖူးသည်၊ ဘယ်မှာလဲ၊ စဉ်းစားတာ ရုတ်တရက် မရ။ ဦးသိန်းလွင်ကတော့ ပွဲစားချင်းမို့ ရဲကိုသိသည်။ စည်းကမ်းမဲ့ ခုလို ဝင်ပါလာမည်ဟု မထင်သောကြောင့် ရဲ ဘာလုပ်တာလဲဆိုသည့်မျက်လုံးနှင့် စိုက်ကြည့်နေ၏။

မမြိုင် ရဲကို မသိပါ။ ဒါပေမယ့် ကားကိုင့်ကိုင်၍ စူးစိုက်ကြည့်ပုံ သူမအတွက် အားကိုးဖွယ်မို့ သိသလိုပုံစံနှင့် ငြိမ်နေလိုက်မိ၏။

"ကားကို ဘယ်လောက်ခေါ်ထားတာလဲ"

"ထောင့်နှစ်ရာ"

မမြိုင်က ပျာပျာသလဲဖြေ၏။ ရဲ မျက်လုံးဝင့်လိုက်တာက ဦးသိန်းလွင်ဆီကိုမဟုတ်ဘဲ နောက်မှာရပ်နေသည့် ဦးစိန်ရွှေဆီကိုဖြစ်၏။ ဖျတ်ခနဲဝင့်ကြည့်ပြီး မျက်ဝန်းတွေ ရွှေ့သွားကာ..

"အန်တီက ကျွန်တော့်ကိုမပြောဘဲ တစ်ယောက်တည်း လာတာ ကိုး"

"ဘာဖြစ်လို့လဲဟင်"

မမြိုင် မျက်နှာပျက်သွားသလို ဦးသိန်းလွင် မျက်နှာကြီး ရဲသွားသည်။ မမြိုင်ကတော့ သူမစိတ်ထဲမှာ လေးလံတွေဝေနေလျက်နှ ဖြောနိုင်၊ မဆိုနိုင်ဖြစ်နေခြင်းကို ပြောဆိုထောက်ပြမည့်သူ ရောက်လာ ကိုစိုးလင့် ပျာပျာသလဲ ဖြစ်သွားကာ..

"ကြည့်ပါဦး၊ ကိုစိုးကတော့ ထပ်လိုက်လာမလို့ဟာ တခြား အရေး ကြီးတဲ့ဆီ ထွက်သွားရလို့ ပါမလာဘူး၊ ကားက ဘာဖြစ်လို့လဲဟင်"

၈ ရဲက ကားဘော်ဒီကိုခေါက်ကြည့်ပြီး ဦးစိန်ရွှေထံ ချဉ်သည့်မျက်လ





ချားနှင့် လှမ်းကြည့်၏။ အောက်မေးဖျားကို သိသာစွာ လှုပ်ခတ်၍ မထိ ဘာရှိပြီးလိုက်ခြင်းက ကိုယ့်ကို မှတ်မိစေလိုခြင်းဖြစ်ကာ တစ်နည်းအား ဖြင့် ကြေညာလိုက်ခြင်း။

ဒီတစ်ခါ ခင်ဗျားအလှည့်...။

"အဟွန်း"

မျက်ဝန်းတို့ကို လွှဲပစ်လိုက်ပြီး ကားဘော်ဒီကို နောက်ထပ် ထပ် ခေါက်သည်။

"ပွတင်းရိုက်ပြီးသားကြီး အန်တီ၊ ဒါတွေက ပြန်မွမ်းထားတာ"

ဘော်ဒီကို ပွတ်လိုက်ခေါက်လိုက်နှင့် ပြောနေပုံက လူသတ်ပွဲကျွ ဘဖြစ်နိုင်သည့်စကားတွေမှန်းသိလျက်နှင့် ဂရုမစိုက်စွာ..

"ဘာလဲဟင် ပွတင်းရိုက်တယ်ဆိုတာ"

မမြိုင်က မေးတော့ ဦးသိန်းလွင်က ရဲကို ဖြေခွင့် မပေးတော့ပါ။

"မင်းက ဘာမို့လို့ ဒီလောက် သတ္တိတွေရှိနေတာလဲ ရဲ၊ ငါ့အလုပ်မှာ ဘာဝင်ရှုပ်တာလဲ၊ ဒီမှာ သိန်းလွင်ကွ၊ နာမည်တစ်လုံးနဲ့နေလာတာ"

ရဲက မျက်ခုံးပင့်ကြည့်ပြီး ဗန်းတွန့်သည်။

"ခင်ဗျား နာမည် ဘယ်နှစ်လုံးရှိရှိ ကားနံပါတ်က အကွာရာလောက် တော်ဝင်စားဖို့မရှိပါဘူး၊ အန်တီမြိုင်က ကျွန်တော့်ဦးလေးဝမ်းကွဲရဲ့ ယ်ဆွေ ဝတ္တရားရှိလို့ ဝင်ပြောပေးတာ၊ ဘာလဲ ခင်ဗျားက ငြင်းချင် သေးလား"

ရဲက ကားကို ထပ်ခေါက်ပစ်ကာ..

"တီးမိခေါက်မိလောက်ပဲတတ်ပြီး ပွဲစားလုပ်နေတာမဟုတ်ဘူး သိန်းလွင်၊ ဒီမှာ ရဲဆိုတဲ့ ကျွန်တော်ကလဲ ဖြီးဖြန်းထိုးကြိတ် ရောင်းဖို့ ချိုး မလုပ်ခဲ့ဘူးခဲ့တာ ပြိုင်ဘက်မရှိဘဲ၊ ယုံလားတော့မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားတားကို သဟ္ဇာရှိတယ်ဆိုရင် အခု ပြန်ခွာမလား"

"ဟုတ်ကောင်"

"ပြောပြဘာ"

ရဲက ဘောင်းဘီအိတ်ထဲလက်နှိုက်ပြီး တံခါးနားကို လျှောက်သွားသည်။ လက်လက်တောက်နေသည့်ထဲက စပ်ကြောင်းရာလေးတွေကို ရှုးစိုက်ကြည့်၍ မဲ့၏။

ရင်ထဲမှာ ကားဂိုး ကိုစိန့်ဟု ခေါ်သံကြားလိုက်သည့်လူကြီးလို့ပဲ မြင်ကာ တစ်စစီ ဖွဲ့ရွဲ့ပစ်ဖို့ထိ စိတ်ကူးမိနေဘာဖြစ်သည်။ ပွဲစားစည်းကမ်း၊ လူမှုရေး၊ သွား။

အားလုံး ထုတ်ပစ်ထားခဲ့သည်။ နောက်ပြသနာ နောက်မှရှင်း။ သူ မဟုတ်တာပြောနေတာလည်းမဟုတ်။ ပွဲစားနှင့် ဦးစိန်ဆိုသည့် လူကြီး ပြောနေသံ ကြားကတည်းက အခြေအနေကို သူ တွက်လိုက်မိပြီး ဖြစ်သည်။

ကားကို အမြင်အာရုံဖြင့် ရှုးစိုက်အကဲခတ်ပြီး မယောင်မလည်နားစွင့်နေခဲ့၏။ ဦးသိန်းလွင် စကားတွေမှာ မာယာတွေ များနေသည်။

သူ့စည်း ကိုယ့်စည်း မစောင့်ထိန်းဘူးဆိုတာမျိုး သူ ဖြစ်သွားပြီမှန်း သိပေမယ့် ကိုယ့်စကားတွေမှာ မာယာမပါ။

အဲ… မမြိုင်ဆိုသော သူမနှင့် သူ ဘာမှ မသိမမြင် မရင်းနှီးခဲ့ဖူးသည့်မှလွဲ၍…

"အန်တီ လိုချင်ရင်တော့ တန်တဲ့အတိုင်း ကျွန်တော် ဖြတ်ပေးမယ်"

"မလိုဘူး ရဲ၊ နောက်ထပ် အတိုးအဆုတ်လဲ ဘာမှမရှိတော့ဘူး မင်းလဲ ဒီလိုပုံစံနဲ့ နောက်ထပ်ပွဲများများဆက်တိုးနိုင်ပါစေလို့ ငါ ဆုတောင်းပါတယ်၊ ငါ့ကားကတော့…"





"ခင်ဗျားကား မဟုတ်ပါဘူး"

ရဲ၏မျက်လုံးက ဦးစိန်ရွှေထံ ဒိုင်းခနဲရောက်သွား၏။ ဦးစိန်ရွှေက ရဲကို မှတ်မိသွားပြီထင်သည်။ နှုတ်ခမ်းအစုံမှာ အထင်မြင်သေးသော ခံခက်သော ခေါ်သမာနများနှင့် နီမြန်းလာလျက် မျက်ဝန်းချင်း ခဏတော့ ဆုံလိုက်ကြ၏။ ဆုံစည်းမှုက ပြင်းထန်ပါသည်။

ဦးစိန်ရွှေကလည်း အံကြိတ် မျက်မှောင်ကြုတ်လျက်၊ ရဲက မထီမဲ့ မြင်ပြုံးနှင့်။ ထိုအခါ ဦးသိန်းလွင်သည် နှစ်ယောက်ကို အကဲခတ်လိုက်ပြီး တစ်စုံတစ်ရာ ရှိနေနိုင်တာကို နားလည်သွား၏။ ရဲ၏ အဓိကပစ်မှတ် မဟုတ်မှန်း သိလိုက်ပေမယ့် အရှက်ရလိုက်တာက သူပဲဖြစ်နေသည်။

"မမြိုင် ဒီမှာပဲ ဆုံးဖြတ်မှာလား။ ကျွန်တော်ကတော့ ပြောဆိုပြီး ဘာဖို့လို့ ဒီနေ့ အဆင်ပြေပြေပြီးကြမှာပဲလို့တွက်ခဲ့တာ၊ ပုဂ္ဂိုလ်ရေးရာ စွကွေကြောင့် မလိုတမာစကားတွေနဲ့ ကြားဝင်သွေးထိုးတာမျိုး ရင် မမြိုင်ပဲ ကားကောင်းတစ်စီး ဆုံးရှုံးလိုက်ရမှာ"

ဦးသိန်းလွင်က ရဲကိုငဲ့ကြည့်ပြီး တည့်တည့်ပဲပြောသည်။ မမြိုင်ကလည်း ရဲမျက်လုံးတွေက သိသာတာမို့ ဦးစိန်ရွှေကို မလိုလားမှု ရှိနေတာကို နားလည်သည်။

ဒါပေမယ့် ပြောသွားသမျှမှာလည်း ဖြစ်နိုင်တာတွေပဲဖြစ်၏။ ဟာ ကားအကြောင်း မကျွမ်းကျင်ပေမယ့် ရဲ ပြောသမျှကို ဦးသိန်း နိုင်ခဲ့သည့်အဖြစ်ကိုတော့ သတိထားမိ၏။

ဘာပဲဖြစ်ဖြစ် ဒီကားဟာ ဦးသိန်းလွင် ပြောသလောက် မထိုက်တန် ဘာ သေချာသည်။

"ကျွန်မ စဉ်းစားဦးမယ်၊ ဒီညနေ အကြောင်းပြန်ပါ့မယ်၊ ဒါမှမဟုတ် ရင်လဲ ဦးသိန်းတို့ အဆင်ပြေသလို လုပ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



မမြိုင်၏ ဆံုးဖြတ်ချက်အဆုံးမှာ သုံးပွင့်ဆိုင်အကြည့်တွေက သံမဏိမြားတွေလို ထိပ်တိုက်ပြေးဝင်သွားလေသည်။ ရဲက ဆံပင်တွေကို ဖိသပ်ချ၍ မျက်နှာမော့ရယ်သည်။

ပြီးတော့ ကားတစ်ဖက်စီကနေ တစ်လှမ်းချင်းလျှောက်၍ ဦးစိန်ရွှေကို မျက်တောင်စင်းနှင့်ကြည့်ကာ..

"ခံလိုက်ရတဲ့ဒေါသဆိုတာ၊ ပွတင်းရိုက်၊ ဆေးမှတ်ထားလိုက်ရုံနဲ့ ပျောက်မသွားဘူး၊ သိစေချင်လို့ပါ"

ဦးစိန်ရွှေ မသိမသာ အံကြိတ်၏။

အရိုင်းအစိုင်းကောင်...

ဏ ဏ ဏ





အခန်း (၁၃)

"အဲဒါ ဘယ်လိုလုပ်ကြမလဲ ကိုကိုရယ်၊ အခု ဟိုဘက်က တိုက်မိတဲ့ ...ာ ဒဏ်ရာ ပိုးဝင်ပြီး ချက်ချင်းကြီး ထဖြစ်သွားတာ ခု ဆုံးပြီတဲ့"

ဦးစိန်ရွှေ မျက်နှာမသာမယာနှင့် ကော်ဖီပန်းကန်ကို ပြန်ချသည်။ ...က်ကျမှ ကော်ဖီက လည်ချောင်းထဲမှာ တူးတူးခါးခါး ဖြစ်နေသည်။ ...်တိုင်း ကော်ဖီဝိုင်းမှာ သံစဉ် မပါသည်က ထုံးစံပင်။

သူ အလုပ်သွားခါနီးမှ သမီး နိုးလာတတ်ကာ မျက်နှာမသစ်ရ ...တဲ့ "ဖေဖေ သွားတော့မှာလား"၊ "သံစဉ်က ခုမှ နိုးတာ"၊ "ဖေဖေ ... သံစဉ်မှာထားတာ မမေ့နဲ့" စသဖြင့် စားစရာတစ်ခုခုကို ညဘက် ...ပ်စားပွဲမှာ လာမှာထားတာကိုလည်း သတိပေးတတ်သေးသည်။

သူ သွားတော့မှ မအေဖြစ်သူက သူ့သမီးကို ကိုယ်တိုင် မနက်စာ ...သည်။ ဒါက မနက်တိုင်း ထုံးစံ။ ထို့ကြောင့်လည်း သံစဉ် မသိစေချင် ...ပြဿနာကိစ္စအဝဝကို ဒီအချိန်လေးမှာပဲ ပြောဆိုဆွေးနွေးကြရ

ဦးစိန်ရွှေရင်ထဲမှာ ကားကိစ္စနှင့်ပတ်သက်၍ မနေ့က ပြန်လာ



www.burmeseclassic.com

ကတည်းက ဘယ်လိုမှ ခေါင်းထဲကထုတ်မရနိုင်ဘဲဖြစ်ကာ ညစာလည် မစားဖြစ်ခဲ့။

အိပ်ရာထဲ ရောက်လာတဲ့အထိပါခဲ့ပြီး သန်းခေါင်ကျော် ညဉ့်နက် အိပ်လို့ပျော်သည်။ မနက် လေးနာရီမထိုးသေးဘဲ နိုးနေ၏။ နှိပ်စက် သည့်မျက်နှာတစ်ခုဟာ အာရုံထဲမှာ ဘယ်လိုမှပျောက်မသွားခဲ့။

"ဒီကားကို ရှေ့ဆက်ရောင်းဖို့ ပိုမခက်ဘူးလား ကိုကိုရယ်၊ ဒ် ကိုသိန်းလွင်က အားလုံး ပြောဆိုပြီးသားဆို၊ ယူမယ့်လူက ငွေလာ ဖို့ပဲ ရှိတော့တာဆို"

ဒေါ်ပဒ္မာမြသွေင်က မေးခွန်းတွေ ဆက်တိုက်မေးသည်။ ကော် ထည့်ပြီးတော့လည်း မသောက်ဖြစ်သေးဘဲ ဦးစိန်ရွှေ မျက်နှာကိုသ မေးခွန်းများနှင့် မော့ငေးနေခဲ့၏။

ဦးစိန်ရွှေသည် ကော်ဖီ တစ်ငုံပဲသောက်ပြီး လက်သုတ်ပဝါ လှမ်းကိုင်သည်။ လက်ဖဝါးနှင့်ဆုပ်ကိုင်လိုက်ပြီးမှ ပြန်ဖြေပြီး ကော် ပန်းကန်ကို ငုံ့စိုက်ကြည့်သည်။

ဒီပန်းကန် ဒီတိုင်းကျန်ခဲ့လျှင် သံစဉ် ထွက်လာတာနှင့် မေးတေ မည်။

"ဟင်...ဖေဖေ ကော်ဖီလဲမကုန်ဘူး။ ဖေဖေ စိတ်ညစ်အောင် မေ ဘာတွေပြောလိုက်လဲ ပြော"

အမေဖြစ်သူကိုမေးပြီး အားမရဘဲ သူ့ကို ချက်ချင်း ဖုန်းခေါ်မည် ထိုနေ့များမှာဆို အလုပ်ထဲ မရောက်သေးဘဲ ကားပေါ်မှာတင် လ ကိုင်ဖုန်း ထုတ်ရတော့သည်။

"မေမေ ဘာတွေပြောလို့လဲ၊ ဖေဖေက နေမကောင်းဘူးလာ သံစဉ်လဲ ဘာမှမသိပါလား"





စသော ဂရုစိုက်မှုလေးများနှင့် ခွဲတတ်တဲ့သမီး။ ဒါပေမယ့် ခွဲ တယ်ပြောလျှင်လည်း မကြိုက်တတ်ပေ။

"တော်ပြီ၊ နောက် ဘယ်တော့မှ မမေးတော့ဘူး" တစ်မနက် လောက် ပါးစပ်လေးပိတ်ထားလိုက်တာနှင့် မိဘနှစ်ပါးမှာ နေမထိ ထိုင်မသာ။

သမီးလေးကို သူတို့ ဒီလောက်ထိချစ်ကြသည်။ အတွေးထဲမှာ သမီးမျက်နှာလေး ပေါ်လာတာနှင့် ကော်ဖီပန်းကန်ကို ပြန်ကိုင်မိသည်။

လည်ချောင်းနှင့်လျှာက အရသာမခံကြဘဲ ရေတံလျှောက်ကြီး တစ်ခုလိုပဲ ဝတ္တရားကျေရုံ လက်ခံပေးခဲ့သဖြင့် ကော်ဖီက ဘာမှန်းမသိ ဘဲ ဒီတိုင်း စီးဝင်ကုန်ကြ၏။

ဦးစိန်ရွှေ စိတ်ညစ်နေတာကိုလည်း ဒေါ်ပဒ္မာမြသွေင်က အကဲခတ် မိနေလျက်...

"ကိုကို့ကို လှိုင်က နားပူချင်လို့ မဟုတ်ပါဘူး"

ဟု လေသံပျော့ပျော့နှင့်ပြောကာ...

"ဒီလကုန်မှာ စက်ပစ္စည်းကြောင့် စိတ်ညစ်ရမယ်၊ အဖျားအနာ တွေရှိမယ်၊ အဲဒီလိုတွေဖြစ်လာရင် စက်ပစ္စည်းကို ထုတ်ပစ်ရမယ်တဲ့၊ ဒါတွေ လှိုင် ကိုကို့ကို ပြောခဲ့သားပဲ၊ အိမ်မှာ တခြား ဘာဖြစ်ဖြစ် သမီး လေးကို လေပူတောင် မတိုက်စေချင်ဘူး"

"ကိုယ်လဲ သိတာပေါ့ကွာ၊ ကိုယ်လုပ်ချင်တိုင်းမှ မဖြစ်တဲ့ဟာ"

"ဒါဆို ကားက..."

"လောလောဆယ်တော့ ဒီတိုင်းထားလိုက် ရတယ်၊ အဲဒီနေ့က တိုကောင်လေးပြောသွားတဲ့ကိစ္စတွေက တော်တော်ပေါက်သွားတာ ဆိုတော့..."



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး၊ ဒီလောက်ကားအသစ်ကြီးကို ဒဏ်ရာရှိမှန်း အဲဒီ ကောင်လေးက ဘယ်လိုလုပ် သိသွားတာလဲ"

ဒေါ်ပဗ္ဗမြားလှိုင်က မေးတော့ ဦးစိန်ရွှေမျက်နှာမှာ သိသာစွာ တင်းမာသွားသည်။

"အလကား ကလေကချေ ကြီးပြင်းလာတဲ့အဆင့်တွေပဲကွာ၊ ပွဲစားလောကမှာ ထုံးလိုချေ ရေလိုနှောက် ဖြစ်နေမှတော့ ဒါလောက်ကို သိတာ မဆန်းပါဘူး"

ကိုယ့်ကို မကျေနပ်ချက်နှင့် တမင်တကာ တုံ့ပြန်လိုက်ခြင်းတွေ ပါမှန်းတော့ ထည့်မပြောမိတော့ပါ။ ဘာပဲဖြစ်ဖြစ် မနေနိုင်၊ မထိုင်နိုင် သူ့ကို ကိုယ်က သွားပြောခဲ့မိတာဖြစ်သည်။

တကယ်ဆို သူ့ဟာသူ ကားမောင်းရမ်းတာ ဘာဖြစ်လဲ၊ ကိုယ့်ကို လည်း ထိခိုက်တာမဟုတ်၊ ဘယ်သူမှလည်း ဘာမှဖြစ်ခဲ့တာမဟုတ်ဘဲ ဒီအဖြစ်ကို ရင်ထဲမှာ သူ သိမ်းထားလိုက်ဖို့မကောင်း။

လူငယ်တစ်ယောက်၏ မိုက်ရူးရဲစိတ်ကို နှိုးဆွလိုက်သလို သူ တုံ့ပြန်ခဲ့မိသည်။ ကားပျက်လို့ အကူအညီတောင်းတာကို ရှောင်ထွက်ခဲ့ ရုံနှင့် မပတ်သက်ဘဲ နေလိုက်လို့ရလျက် ပြီးခဲ့တာတွေကို ဆွဲထည့်ပြီး နှိမ့်ချပြောဆိုခဲ့သေးသည်။

အထူးသဖြင့် ဒီလိုလူငယ်တစ်ယောက်၏စိတ်ဓာတ် ဘယ်လိုရှိနေနိုင်သည်ကို ထည့်မတွက်မိခဲ့ခြင်းသာ၊ ကံကြမ္မာဟာ ထိုလူငယ်အတွက် မျက်နှာသာပေးလိုက်တာ သိသာလွန်းပါသည်။

"ဒီကောင်တွေအုပ်စု တော်တော်ကိုဆိုးတာ၊ အဲဒီထဲမှာကိုပဲ ဒီကောင်က အဆိုးဆုံး၊ ကိုယ်ခံပညာလည်း တော်တော်တတ်တယ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် သူ့ကို မကျေနပ်တိုင်း သွားဖဲ့ဖို့မလွယ်ဘူး၊ ဒါပေ





မယ့် တစ်နေ့နေ့မှာတော့ ချောင်ပိတ်ရိုက်ခံရမှာပါ၊ မြင်ယောင်သေးတယ်"

ဦးသိန်းလွင်ကိုယ်တိုင်လည်း မခံချိမခံသာ ဖြစ်နေခဲ့သည်။ ထို့ကြောင့် သူ ဘာမှမတတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ကိုယ့်ဘက်က ဘာသိဘာသာ မနေတတ်ခဲ့တာမို့ စမှားခဲ့တာကတော့ ကိုယ်ပါ။ သို့သော်..

ရဲ ဆိုသည့် ထိုလူငယ် လက်တုံ့ပြန်သွားပုံက ရိုင်းစိုင်းလွန်းပေသည်။ ငြိမ်သက်နေသည့် ဦးစိန်ရွှေကို ဒေါ်ပဗ္ဗမြားလှိုင်က ဘာမှမမေးဘဲ တိတ်ဆိတ်စွာစောင့်နေသည်။

"သမီးကော နတစ်လော ကိုယ်ပူ ခဏခဏ ပြန်တက်တာ ဖြစ်သေးလား"

ဦးစိန်ရွှေက ကားအကြောင်းကို မဆက်တော့ဘဲ သံစဥ်ဘက် လှည့်လာသဖြင့် ဒေါ်ပဗ္ဗမြားလှိုင်က ခေါင်းခါပြလိုက်ပြီး..

"မဖြစ်တော့ဘူး၊ ငယ်ငယ်ကတည်းက အာသီးရောင်တတ်တဲ့ အကျင့်ရှိတော့ ဖုံးရိမ်ရဘူးဆိုပေမယ့် ရောဂါတစ်ခုက ဒီလိုပဲ ခဏခဏ ဖြစ်လာရင် မကောင်းဘူး၊ ပြီးတော့..."

"တော်ပြီ လှိုင်"

ဦးစိန်ရွှေက ပျာပျာသလဲတားသည်။ ပြီးတော့ တံခါးဝကိုလည်း လှည့်ကြည့်ကာ..

"နံရံတွေမှာ မျက်လုံးတွေ၊ နားတွေ ရှိတယ်တဲ့၊ ဒီကိစ္စကို မင်း ဘတ်နိုင်သလောက် ထည့်မပြောစမ်းပါနဲ့ သမီးလေး လွတ်လပ်ပျော်ရွှင်နေတဲ့အချိန်မှာ ညှိုးငယ်သွားတာ မဖြစ်စေချင်ဘူး"

"လှိုင် သိပါတယ် ကိုကို၊ ဒါပေမယ့်..."

ဒေါ်ပဗ္ဗမြားလှိုင်သည် သူ့ဒွေးကြီး ဦးစိန်ရွှေ၏ဇနီးမိုလှိုင်သာ ဒေါ်



www.burmeseclassic.com

www.burmeseclassic.com



တပ်ခေါ်ရပေမယ့် ဦးစိန်ရွှေထက်နယ်တာလည်း သိသာသလို ခေတ် ဆန်ဆန် ပြင်ဆင်ထားတာကြောင့်လည်း ပို၍ လှပတင့်တယ်နေသည်။

သို့သော် သူမသည် အလှအပဂုဏ်လည်း မမောက်၊ ဦးစိန်ရွှေကို လည်း နှုတ်ဆိုးမဆိုးခဲ့ပေ။ ချစ်ကြောက်ရိုသေသော ဇနီးမယားကောင်း ပီသစွာ နေခဲ့သည်။ ထို့ပြင်...

"ပြောလေ ဒါပေမယ့် ဘာဖြစ်လို့လဲ"

"မီးကိုဟိုးတဲ့ ပိုးဖလံလေးလိုမဖြစ်အောင် သမီးလေးကို ဒါတွေ အားလုံးပြောပြပြီး..."

"ဟာ မဟုတ်တာ"

ဦးစိန်ရွှေက မယုံဖြစ်ခဲ့သည့်လက်သုတ်ပဝါကို ဖျာခ်ခနဲ ကောက် ယူကာ ပါးစပ်ကို မြန်မြန်ဆန်ဆန် သုတ်ပစ်လိုက်သည်။ ဒေါ်ပန္နမြား လှိုင် ပြောသည့်စကားအတွက် အလွန်အမင်း စိတ်အနှောင့်အယှက် ဖြစ်သွားခြင်းက မျက်နှာမှာ သိသာစေကာ...

"ဘာဖြစ်လို့ ဒီလိုစိတ်ကူးတွေဖြစ်ရတာလဲ လှိုင်ရဲ့ ဒီအဖြစ်ဆိုးကြီးမှာ ဘယ်လိုပျော်ရွှင်စရာတွေရှိမှာမို့လို့လဲ၊ ကြားသိတော့ ကြာပြီး ပူဆွေး သောကဖြစ်ကြရမှာပဲ"

"ကြောက်ရမှန်းသိရင် ရှေ့မတိုးသင့်ဘူးဆိုတာ သူကိုယ်တိုင် နားလည်မယ်လို့ လှိုင် ထင်လို့ပါ ကိုကို သမီးလေးက အခု အရမ်းဖြူစင် နေပေမယ့် တစ်နေ့နေ့မှာ..."

"ဘာမှမဖြစ်ရဘူး။ တို့သမီးက မိဘကိုလဲ အရမ်းချစ်တာတာ မိဘ မသိအောင် လုပ်သွားမယ့်သမီးမျိုး မဟုတ်နိုင်ဘူး"

ပြောနေရင်း ဦးစိန်ရွှေက တစ်စုံတစ်ခုကိုတွေးမိပြီး ငိုင်တွေသွား ကာ...





"ဖြစ်လာရင်တောင် 'နောက်ဆုံးအခြေအနေကျမှ သိပါစေကွာ၊ သမီးလေး ညှိုးငယ်ပူဆွေးနေတာကို မမြင်ရက်ဘူး၊ ဒီတစ်ခါ ကလောကို ...ိုယ်သွားရင် ကြာလိမ့်မယ်ထင်တယ်၊ သမီးလေးမေးရင် အဆင်ပြေ ...လို မင်းဖြေလိုက်ပါ၊ မသိစေချင်တာဆို ဘာမှ အစမပေါ်ပါစေနဲ့"

ဒေါ်ပန္နမြားလှိုင်က ခေါင်းညိတ်လိုက်သည်။

"ကားကိစ္စကိုလဲ ဒီလမကုန်ခင်လွှက်အောင် အတတ်နိုင်ဆုံး လုပ်ပါ ...း ကိုကို အဲဒီကား ဖြစ်ပြီးကာမှ တစ်အိမ်လုံး လူစေ့တက်စေ့ ဖျားတယ်၊ ...ုပ်ငန်းထဲမှာ ပြဿနာတွေတက်ရတယ်၊ အခု ဆေးရုံက လူမမာ ...ကြောင့် ကုန်ရတဲ့ငွေတွေ နည်းသလား၊ သေပြီဆိုတော့လဲ သေစရိတ်နဲ့ ...ုန်ခဲ့တဲ့အမှုကိစ္စအတွက်က လာဦးမယ်၊ ဖြစ်နိုင်ရင် ရှုံးရှုံးမြတ်မြတ် ...ုံးချပစ်လိုက်ပါ ကိုကိုရယ်၊ လှိုင် စိတ်ဆင်းရဲလွန်းလို့ပါ"

"ကိုယ်လဲ မှင်းလိုပဲပေါ့"

ဦးစိန်ရွှေက လက်နှစ်ဖက် စားပွဲမှာတင်ကာ ကုလားထိုင်ကျောမှီ ...ာ ခါးတောင့်တောင့်ကပ်မှီ၍...

"နောက်ဆုံး အလကားပေးလိုက်ရရင်တောင် နှမြောမနေဟာဘူး ...ပေမယ့် ကိုယ့်ပစ္စည်း ဒီလိုဒီဈေးနဲ့ ဖွင့်ချခေါ်ထားပြီးပြီ သိက္ခာတရား ...ာ ရှိသေးတယ်"

ဦးစိန်ရွှေ ဆိုင်ရာမှ ထလိုက်လျှင်...

"ကိုကို"

ဒေါ်ပန္နမြားလှိုင်က ထရပ်တော့မတတ် ပျာပျာသလဲခေါ်ကာ...

"ကလောကို ဘယ်နေ့သွားမှာလဲဟင်"

ဦးစိန်ရွှေက မျက်မှောင်ကြုတ်လျက်နှင့် စဉ်းစားနေသည်။ ခဏ ...ကြာမှ...



www.burmeseclassic.com

www.burmeseclassic.com



"လာမယ့်ဆန်းဒေး သွားမယ်၊ သမီးကိုတော့ ရှမ်းပြည်နယ်ဘက်လို့ပဲ ပြောထားတာ၊ သွားမယ်နေ့ကျမှ ကလောကိုဝင်မှာ၊ ကြာချင်ကြာမှာ ဆိုတော့ ပြောသွားလိုက်မယ်"

"လှိုင်လဲ လိုက်ချင်တယ် ကိုကိုရယ်၊ မမကို သိပ်တွေ့ချင်တာပဲ"

ပြော၍ ထရပ်လိုက်ရင်း ဒေါ်ပတ္တမြားလှိုင် မျက်ဝန်းမှာ မျက်ရည်စတွေ ဝေ့သီလာ၏။ ဦးစိန်ရွှေက ဖျောက်ခနဲ့ကြည့်ပြီး မျက်နှာလွှဲသည်။

"မတွေ့တာပဲ ကောင်းပါတယ်ကွာ၊ သူက ဟိုအရင်တုန်းက မာနကြီးကြီးနဲ့ 'တိမ်ညွန့်စားတဲ့မိန်းမ' လို့ သူ့ကိုယ်သူ ပြောခဲ့တာတစ်ခုကိုပဲ မှတ်မိတော့တာ၊ ဒါကိုပဲ ရေရွတ်နေပေမယ့် ဘာမှမသိတော့ဘူး"

"သမားတော်တွေ ဘာပြောလဲဟင်၊ ကျန်းမာရေးကကော..."

"ဒီတိုင်းပါပဲ၊ ခုတစ်လောကတော့ နည်းနည်းချူချာသေးတယ်တဲ့ အဖေ့တစ်ယောက်ကိုပဲ သူ အကပ်ခံတာ၊ ဆရာဝန်တွေဆိုရင် တစ်ခါ ကျန်းမာရေးစစ်ခါနီးတိုင်း တော်တော် ခက်ခက်ခဲခဲကြိုးစားရတာ လှိုင်"

"မရှုရယ်"

လှိုင်က ပြိုကျလုလုမျက်ရည်တွေကို မျက်တောင်များဖြင့် ပုတ်ခတ်သိမ်းဆည်းရင်း မျက်လွှာချပစ်လိုက်သည်။

"ဖြစ်နိုင်ရင် မမကို ဒီမှာပဲ အနီးကပ်ခေါ်ထားပြီး ပြုစုချင်တယ် ကိုကို၊ ဖေဖေကလဲ အသက်ကြီးပြီ မဟုတ်လား"

"ဒါပေမယ့် သူ့သမီးကို စောင့်ရှောက်နိုင်သေးတယ် လှိုင်၊ ဒီကိုခေါ်ဖို့ အဖေကိုယ်တိုင်က သဘောမတူတာ၊ သမီးနဲ့လဲ ပေးမတွေ့စေချင်ဘူး၊ နေထိုင်ကောင်းတာချင်းကျတော့လဲ ကလောမှာက ရန်ကုန်ထက် အများကြီးသာတယ်၊ ဒီမှာနေလဲ ဘယ်သူဘယ်ဝါဆိုတာ သူ မသိတော့ဘဲ"





ဒေါ်ပတ္တမြားလှိုင် ခေါင်းညိတ်လိုက်သည်။ အတိတ်တစ်ချိန်တုန်းက မမ ဟစ်ကြွေးခဲ့တာတွေ နားထဲမှာ စွဲမြဲလျက်ရှိဆဲ...။

"သန္တာရယ် ပတ္တမြားနဲ့သန္တာ နီတာချင်းတူပေမယ့် တန်ဖိုးချင်းက ကွဲပါတယ်အေ၊ ငယ်ငယ်ကတည်းက ပတ္တမြားကို ခမည်းတော်င်းလို့ ခုနစ်လသမီးကတည်းက ပတ္တမြားလည်ဆွဲ ငါက ရခဲ့တာ၊ ခုနစ်နှစ်သမီးမှာ ပတ္တမြားပွင့်တွေစီပြီး ဖိနပ်စီးရတယ်၊ မေမေဆိုရင် ငါ့ကို ကိုယ်ဝန်လွယ်ရတော့ တိမ်တွေထဲမှာ လျှောက်ပြေးရတယ်လို့ အိပ်မက်ပြီး ဒါကိုပဲ ချဉ်ချင်းတပ်နေလို့ ကိုယ်ဝန်ငါးလနဲ့ မိုးပျံရထားစီးပေးရတာ ကြားဖူးရဲ့လား"

ပြော၍ရယ်သည်။ ပတ္တမြားလှိုင်ဆိုသည့်နာမည်ကို အမြဲ ငြူ ကြာ ပြောတတ်တာဟာ သူ့စိမ်းတွေကိုပင်မဟုတ်ပါ၊ ညီအစ်မချင်းပေ သူ့မကာသာ သူ့မတူတဲ့မိန်းမ ဖြစ်ချင်ခဲ့သူ။

ပြောသေးသည်။ ပမယ့်

"ငါက တိမ်ညွန့်စားတဲ့မိန်းမ"

တိမ်ညွန့်စားပြီးမွေးလာသည်။ သူ့မသာ ထူးခြားတဲ့မိန်းမ၊ သူ့များ သျှင် ထက်မြက်သည်၊ သူ့မသာလျှင် အမျိုးမြတ်သည်၊ တခြား ငါ့ သူ့မလောက် အဆင့်အတန်းမရှိ။

ပတ္တမြားလှိုင်၏မာနက သေးသေးကွေးကွေးမဟုတ်ခဲ့ပေ။ ပြီး ဘာ့စိတ်ဓာတ်ကလည်းမာသည်။ ဒါလုပ်မည်ဆို ဖြစ်အောင်လုပ်သည်။

ဘယ်လိုခြောက်ခြောက် မကြောက်၊ ဘယ်သူချော့ချော့ မပျော့ပေ၊ သူ့သည် ဘဝကိုပုံ၍ ဆုံးဖြတ်ရဲသောမိန်းမလည်း ဖြစ်လေသည်။

ပြောတဲ့အတိုင်း မှန်လည်းမှန်ပါသည်။ ပတ္တမြားလှိုင်ဟာ သူ့မတူသော မိန်းမပါ၊ ဘဝပျက်မှာကိုသိ လျက်နှင့် ဖြတ်တိုးမိုက်ခဲ့ပြီး တွေဝေခြင်းဘာမရှိ



www.burmeseclassic.com

www.burmeseclassic.com



တွေးတောကြောက်လန့်မနေဘဲ ကြောက်နေရင် မျိုးဆက်တုံးသွားမှာပေါ့ သန္တာရယ်'တဲ့။

ညီအစ်မချင်းတူပေမယ့် သန္တာက မစွန့်စားရဲပါ။ သူမ ဤသို့ စွန့်စား ပစ်လိုက်တာကိုကြည့်ပြီးတော့လည်း နေ့စဉ် ရင်မော ဆင်းရဲနေခဲ့ရ သည်။ သူမကတော့ သူမဘဝ၏ အကောင်းဆုံးနေ့များ နောက်ဆုံး ရောက်သည်အထိ မာန်မချခဲ့။

"ဘဝမှာ တစ်ရက်ပဲနေရနေရ ချစ်တဲ့သူရဲ့ရင်ခွင်မှာ သာယာဝ ဘယ်လိုကြယ်ဆိုတာတော့ ခံစားကြည့်ချင်တယ်၊ ဘာဖြစ်လဲ၊ ဒီတိုင်း နေသွားတော့ကော မသေတဲ့လူ ရှိလို့လား"

"နပ်မှာ စိန်တွေ၊ ပတ္တမြားတွေ စီဝတ်ခဲ့တဲ့မိန်းမ...၊

"မိုးညွှန့်စားတဲ့မိန်းမ...၊

အဖေ့တကာ့ မကြည့်ရက်စရာပါလား မမရယ်၊ မမြင်ရ၊ မကြားရလို့သာ ကျန်းမာသိုနေနိုင်တာပါ၊ မမ ဤသို့ဖြစ်နေတာကို မျက်စိအောက်မှာ

"မမြင်နေရမည်ဆိုလျှင် သူမပါ ရူးသွားနိုင်သည်။

လှိုင်တာယ်လို့များ ပတ္တမြားလှိုင်ရယ်၊ သန္တာလှိုင်ရယ် ညီအစ်မ နှစ် သိမ်းဆမှာ သန္တာလှိုင် မရှိတော့တဲ့ ပတ္တမြားလှိုင်ချည်းပဲ ဖြစ်နေခဲ့သည်

"ကြောင်းတွေကို မမ သိခဲ့ရင် ဘယ်လိုနေမလဲ၊ ကျွန်မ သိတယ် မမ မမ ခွင့်လွှတ်မှာမဟုတ်ဘူး။

'မမက ကိုကို့ကို သိပ်ချစ်ခဲ့တဲ့ မိန်းမကိုး'

ဖဖဖ





## အခန်း (၁၄)

အပြင်မှာ တယ်လီဖုန်းသံက ဆူညံနေသည်။ သံစဉ် ရေစိုနေသည့် င်တွေကို ဒရိုင်ယာနှင့်မှုတ်နေရင်း နားစွင့်နေခဲ့တာ တော်တော်ကြာ ည်အထိ ကိုင်မည့်သူမရှိ။

"အမိုးရေ ဖုန်းလာနေတယ်လေ၊ 'မေမေ...'"

တစ်ခါတည်း နှစ်ယောက်လုံးကို ခေါ်လိုက်မိသည်။ ဒါပေမယ့် မြည်သံက ရပ်တန့်မသွားဘဲရှိရာ...

"အမိုးတို့ကတော့ စောစောစီးစီး ခြံထဲရောက်နေပြီ၊ ဒီမှာ သူများ းတဲ့ဟာကို..."

နံဆစ်လောက်ထိရှည်သည့် မွှေးပွဝတ်ရုံလက်ရှည်၊ ဖားဖားကြီးကို ချက် ပုံကြည့်၍ ဒရိုင်ယာကို ပလပ်ဖြုတ်ထားခဲ့လိုက်သည်။ အပြင် လာတော့ ဖုန်းသံက မုန်းစရာကောင်းလောက်အောင် ဆူညံနေ ...

"တိတ်တော့လေ ဘာဖြစ်တာလဲ၊ ကလေးတောင် ချော့မယ့်သူ င် ပြန်တိတ်ရတာယ်၊ ကိုင်မယ့်သူမရှိမှန်းသိရင် ပြန်ချလိုက်ပါလား



www.burmeseclassic.com

www.burmeseclassic.com



အနားမှာရပ်၍ ချက်ချင်း မကောက်ဘဲ ပြောချင်ရာပြောသည် ပြီးတော့ ဖုန်းကိုမကိုင်ဘဲ လက်ဆစ်နှင့်ခေါက်ပစ်လိုက် ပြီးမှ ကိုင်၏

"ဟဲလို ရတနာလှိုင်ကပါ"

"သံစဉ်"

"ဟင်..."

သံစဉ်၏ လျော့ရိလျော့ရဲကိုယ်လေး မတ်ခနဲဖြစ်သွား၏။

"သူ...သူ..."

"ရဲလေ၊ စောင့်ကြည့်နေတာ ကြာပြီ၊ ဘယ်မှထွက်တာ မမြင်ထ ဆက်တာ၊ အခု ကိုယ် သံစဉ်တို့ခြံရှေ့မှာ"

ဘုရား...၊ သံစဉ် ဖုန်းကိုင်လျက်နှင့် ပြတင်းပေါက်ဆီ ပြေးသည် ကြီးတင်းသွားမှ ပြန်လာပြီး ပုခက်ကိုပါ မယူ၍ နောက်ထပ် ပြန်ပြော၏

ခြံပြင်ထိကို ရှင်းရှင်းလင်းလင်း ဘာမှမမြင်ရပါ။ သူ ဘယ်ဘက် မျက်နှာမှာရှိနေတာကိုမသိ။

"သံစဉ်"

"ဟင်... ဒီကဖုန်းနံပါတ်ကို..."

"ကွတ်...၊ အဲဒါတွေက ပြဿနာမရှိတာတွေပါကွာ၊ ဒီမှာ ထီပေါက် ပြီးမှ လက်မှတ်ပျောက်သွားလို့ ဂေါက်နေပြီ၊ ခဏထွက်ခဲ့ကွာ"

"အို... မဖြစ်ဘူး၊ အဲဒါမဖြစ်ဘူး ကိုရဲ"

သူ မမြင်မှန်းသိလျက် သံစဉ် လက်ကာတာတွေကော၊ လက် တာတွေကော စုံသွားသည်။ တော်ကြာ အမိုးဝင်လာမှာလည်းစိုးတ ကြောင့် ဘာပြောရမှန်းမသိ ဘာမှလည်းပြောမထွက်၊ ရေချိုးထားကာစ မွှေးပါဝတ်ရုံကြီးနှင့် ကိုယ့်ကိုယ်ကိုလည်း ပြန်ကြည့်မိ၏။ ရေမခြောက် သေးသည့် ဆံပင်တွေက ဖြစ်သလို ဖွာလန်ကြဲ။





"သံစဉ်"

"ဟင် ကိုရဲ"

"မဖြစ်လို့ မရဘူးနော်၊ မင်း ကိုယ့်အကြောင်း သိတယ်၊ အဲဒီဖုန်း ချလိုက်တော့ကွာ၊ ဝရန်တာကို နည်းနည်းထွက်ကြည့်လိုက်"

"ကိုရဲ... ကိုရဲ..."

ရဲက ဖုန်းချသွားပြီဖြစ်၏။ သံစဉ် ကြောက်စိတ်ဖြင့် ရင်တွေ တုန် နေကာ ဖုန်းကို စားပွဲလေးပေါ်မှာပြန်ချ၍ ဝရန်တာဘက် ပြေးထွက် လိုက်သည်။

တွေ့ပါပြီ၊ ငွေမင်ရောင် အမိုးပွင့်ဂျစ်ကားလေးနှင့် ခိုပြာရောင်ထင်း နေသည့် ရဲက မျက်မှန်နက်ကိုတပ်ထားသဖြင့် အဝေးကြီးက မြင်ရတာ တောင် သံစဉ့်ရင်ထဲမှာ ဒိန်းခနဲခုန်၏။

ကားဘွန်းနက်မှာ လက်ပိုက်မှီလျက် သံစဉ့်ကိုမြင်တော့ သူ့ကား ဆီကို လက်မနဲ့ညွှန်ပြကာ ဆင်းခဲ့ဖို့ခေါ်၏။

"မဟုတ်ဘူး၊ အဲ..."

သံစဉ် လှမ်းပြောပြီးမှ သူ ကြားမှာမဟုတ်တာကို သတိရကာ ဖုန်း ပြန်ကိုင်ဖို့ အမူအရာလုပ်ပြရသည်။ ရဲက ခေါင်းခါ ပြီး ဆင်းခဲ့ဖို့ပဲပြော၏။

သံစဉ် စွန့်စားရတော့မည်ကို သိလိုက်သည်။ လောလောဆယ်မှာ မေမေ အိမ်မှာ မရှိလောက်ဘူးဆိုတာကို တွက်မိသည်။ မေမေရှိလျှင် သံစဉ် ရေချိုးနေတာမျိုးကို ဒီလောက်ကြာကြာ ပစ်ထားမှာမဟုတ်ပေ။

ရေချိုးတာလည်း မကြာရ၊ ခေါင်းလျှော်ထားပြီဆိုလျှင်ပင်လည်း မြိုင်ယာမွှင့်သံကြားတာနှင့်ရောက်လာပြီး ကိုယ်တိုင် မြန်မြန်ခြောက် အောင် လုပ်ပေးတတ်သည်။

အမိုးကတော့ မီးဖိုချောင်ထဲမှာလား၊ ခြံထဲမှာလား။ ဒီက ဖုန်းသံကို



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်ထဲက ကြားရနိုင်ပေမယ့် ကြော်လှော်ထုထောင်းနေချိန်ဆို တစ်ခါတစ်ခါကျတော့ မကြားရပေ။ အဖြစ်နိုင်ဆုံးက ခြံထဲမှာပဲရှိဖို့သာ

ဘယ်မှာပဲရှိရှိ အမိုးကို သံစဉ် ချော့လို့ရသည်။ အခန်းထဲ ပြန်ပြေ ဝင်ကာ အဝတ်အစား ကမန်းကတန်းဝတ်ရသည်။ အဖြူရောင် တစ်ဆက်တည်းဂါဝန်ကပ်ကပ်လေးက ကျောနောက်ကနေ ဇစ်ဆွဲပိတ် လိုက်ရုံနှင့် တစ်ကိုယ်လုံးဝတ်လိုက်ပြီးသားဖြစ်သည်။

ခေါင်းဖြီးဖို့လည်း သတိမရ မျက်နှာကလည်း ဒီတိုင်းနှင့် ခြေဖျား ပေါ်မှာထိကျနေသည့် ဂါဝန်စလေးကို လက်နှစ်ဖက်နှင့်မ၍ အောက် ထပ်ကို အပြေးတစ်ပိုင်း ဆင်းခဲ့၏။

မနက်ပိုင်းမှာ နောက်ဖေးဘက်ကို အမိုးမထွက်တတ်တာ သိသော ကြောင့် နောက်ဖေးပေါက်ကနေ ပြေးဆင်းသည်။ ခြံရှေ့ရောက်ဖို့ကို ဟိုဘက်ကကွယ်၊ ဒီဘက်ကကပ်နှင့် သံစဉ် အပြင်ရောက်တော့ ချွေးပြန် နေပြီ။

"ကိုရဲ..."

ခြံထောင့် သစ်ပင်ရိပ်လေးကနေ လှမ်းခေါ်တော့ ရဲက ကားနားက နေ လှည့်ကြည့်သည်။ သံစဉ် လက်ပြတော့မှ ကားပေါ်ပြန်တက်ဖြ နောက်ဆုတ်မောင်းလာသည်။

"လာ...တက်"

"အို... ကိုရဲကလဲ မဖြစ်ပါဘူးဆိုမှ၊ အဲဒီလို ဇွတ်တရွတ် အတင်းလုပ် တတ်ရင် သံစဉ် ဒီထက်ပိုဒုက္ခရောက်မှာ သိလား"

"ဘာဖြစ်လို့လဲ"

ရဲက ကားကို စက်မသတ်ဘဲ ဆင်းလာသည်။

"နားရီဝက်လောက်ပဲ မဖြစ်ဘူးလား"





"မဖြစ်လို့ပေါ့၊ မဖြစ်ပါဘူးပြောတာ အလကားပြောနေတာ မှတ်လို့ သား၊ ခုတောင်မှ ဖေဖေ ခရီးသွားနေလို့ မေမေလဲ အပြင်ထွက်သွားလို့"

"ကိုယ့်သမီးကို ရည်းစားမထားအောင်တားဆီးကြတာ ဘာဆန်း သို့လဲကွာ၊ ချစ်သူတွေဖြစ်ကြပြီဆိုရင် စွန့်စားကြရမှာပဲ၊ သံစဉ်က သတ္တိ ရှိဘူးလား"

"ဟင့်အင်း"

ရဲမျက်နှာ မဲ့ထွက်သွားသည်။ "ဒီလိုတော့မဟုတ်ပါဘူး၊ ဘာညာ ...များ ဖြေရှင်းလိုက်ပါလား။

ရဲက မဲ့ပြီးမှ ပြုံးလိုက်၏။ စိတ်ထဲမှာ ဘာဖြစ်သွားမှန်းမသိဘဲ သံစဉ်မျက်နှာလေးကို မြတ်နိုးစွာကြည့်မိသည်။

"ဒါဆို ကိုယ့်ကို အဖြေပေးပြီးပြီဆိုတာကိုကော မှတ်မိရဲ့လား"

"အင်းလေ"

"တကယ်ချစ်လို့ဖြေခဲ့တာကော ဟုတ်လား"

"မသိဘူး"

"ပျော်စရာကြီးကွာ၊ အဲဒီလို အားပါးတရဖြေပေးတာ ကျေးဇူးတင် ...တယ်"

"ကိုရဲကလဲ"

သံစဉ်က မဖြီးဖြစ်ခဲ့သည့်ဆံပင်တို့ကို ဟိုကဖိ၊ ဒီကဖိနှင့် နှုတ်ခမ်း ...သည်။ ပြီးတော့ ပြုံး၍...

"ဟို... အဲဒီနေ့က..."

"မှန်ပါတယ်၊ 'အင်း' တစ်လုံးပဲဖြေပြီး တွန်းထိုးထွက်ပြေးတာလေ၊ ...တော်က လူရမ်းကား..."

"အယ်... အဲဒီလိုတော့ မထင်ပါဘူး၊ သံစဉ်...သံစဉ် ရှက်လို့"

www.burmeseclassic.com



ရဲက အပြစ်တင်သလိုလိုစကားတွေနှင့် ရိနေပေမယ့် စိတ်ဆိုး[illegible] လည်းမရှိဘဲ သံစဉ်တစ်ကိုယ်လုံးကို ပြုံး၍ ရှုးရှူးရဲရဲ စိုက်ကြည့်ကာ..

"ရေချိုးထားတာလား"

"အင်း"

သူကြည့်တော့မှ သံစဉ် ရက်သွားကာ ပျော့ကပ်ကပ်ဂါဝန်လေး ပေါ်မှာ လက်လေးထပ်ပိုက်၏။

"ဝရန်တာမှာ ထွက်ရပ်လိုက်တုန်းက ဒီအကျီမဟုတ်ဘူးနော် အကျီလဲတာ မြန်သားပဲ"

ဒါ သူ ပြောစရာလား။ မျက်ဝန်းတွေလည်း မလွှဲဘဲကြည့်နေသဖြင့် သံစဉ် ဘယ်လိုမှ မနေတတ်တော့ဘဲ..

"အမိုးသိသွားရင် လိုက်ရှာမှာ၊ ကိုရဲ ပြန်တော့နော်"

ပြောလည်းပြောရင်း ဆတ်ခနဲပြန်လှည့်ဖို့ပြင်တော့ ရဲက သံစဉ် လက်ကို ဖမ်းဆွဲလိုက်၏။

"ဘယ်သိမှမလိုက်ဘူးဆိုလဲ ခြံနားမှာပဲ စကားပြောခွင့်တော့ ပေးရမှာပေါ့။ ဘယ်လိုဖြစ်တာလဲ"

"အကြာကြီး မရလို့ပါ၊ အမိုး အပေါ်တက်လာလို့ သံစဉ်ကို မတွေ့ရင် ရှာမှာ လွှတ်ပါ ကိုရဲ၊ ဘေးအိမ်တွေကမြင်ရင် မကောင်းဘူး"

ရဲက ခြံတံတိုင်းအမြင့်ကြီးတွေနှင့် ပတ်ဝန်းကျင်ကို ဝေ့ကြည့်၍..

"ဘယ်သူမှမမြင်ဘူး။ သံစဉ် ကိုယ့်ကို တစ်ခုတော့ အခွင့်အရေး ပေးကွာ"

"ဘာလဲဟင်"

မေး၍ သံစဉ်က လက်ကို မရမကပြန်ရုန်းသည်။ ရဲ လက်တစ်ဖက် ထဲကနေ သူမလက်နှစ်ဖက်စလုံးနဲ့ ဖယ်ချနေတာပင်မလွှတ်မြောက်နိုင်





ရဲက ခပ်တင်းတင်း ဖိဆုပ်ထားကာ..

"သံစဉ်နဲ့ကိုယ် အေးအေးဆေးဆေး တွေ့ချင်တယ်"

"အဲဒါက မသွယ်ဘူး ကိုရဲ၊ ပြင်သစ်စကားပြော ထပ်သင်ဖို့တောင် [illegible]သင်တန်းတက်ခွင့်မရဘူး။ အိမ်မှာပဲ ဂိုက်ခေါ်သင်ရမယ်တဲ့"

"အပြင်လောကကို အဆက်ဖြတ်ရလောက်အောင်တော့ မဖြစ်နိုင် [illegible]ဘူးကွာ၊ ကိုယ်က မရေမရာဖြေတာလေးနဲ့ပဲ နေခဲ့ရပြီး ထပ်လဲမမြင်ရ [illegible]တွေ့ရတော့ဘူးဆိုရင် ဘယ်လိုနေရမှာလဲ၊ လွမ်းရမှာတောင် ပါမစ် [illegible]ကျသလိုပဲ"

ဒီရက်ပိုင်းမှာ ဘယ်ကိုသွားဖို့အကြောင်းရှိလဲ စဉ်းစားစမ်း၊ စဉ်းစား [illegible] မြန်မြန်၊ လက်ကိုလည်း ရုန်းလို့မရ၊ နောက်ကြောင်းလည်း မအေး [illegible]ဖြင့် သူ့ကို ပြန်ဖြေဖို့ သံစဉ် အသည်းအသန် စဉ်းစားရတော့သည်။ [illegible] ခေါင်းထဲမှာ ဖျတ်ခနဲ သတိရလိုက်တာရှိကာ..

"ကိုရဲ ဟိုလေ၊ နောက်နှစ်ရက် အဲ... နှစ်ဆယ့်တစ်ရက်နေ့..."

"ပြော"

"သံစဉ် တွန်ပျူတာတက်တုန်းကဆရာမရဲ့ အိမ်တက်ဆွမ်းကျွေး [illegible]ဘယ်၊ အဲဒါ သံစဉ်ကို နေ့ခင်းဘက်ကတည်းက လာကူရမယ်လို့ ပြော [illegible]ထားတာ သိလား"

ရဲက မျက်မှောင်ကြုတ်လျက် စိုက်ကြည့်သည်။

"သံစဉ် စောစောထွက်လို့ရရင် ထွက်ခဲ့မယ်"

"ဘယ်အချိန်လဲ၊ ကိုယ် ဖုန်းဆက်ရမှာလား"

"အို...မဆက်နဲ့ အဲဒါ ပြောမလို့သိလား၊ နောက်ကို ဖုန်း မဆက်နဲ့ [illegible] သံစဉ်မှာ ချစ်သူမပြောနဲ့ ယောကျ်ားလေးသူငယ်ချင်းတောင် [illegible]ခွင့်မရှိဘူး။ ယောကျ်ားသံကြားတာနဲ့ သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရဲက ခေါင်းညိတ်၍ အိတ်ထဲက သူ့လက်ကိုင်ဖုန်းကိုနံပါတ် ဖွင့်ပြ သံစဉ့်လက်ထဲကို ထည့်၏။

"နံပါတ် ကြည့်ထားလိုက်၊ မင်းကဆက်လို့တော့ ရတယ်မဟုတ် လား"

သံစဉ်က နံပါတ်ကိုကြည့်၍ သေချာမှတ်သည်။ အနောက်ကိုကြော နေတာနှင့် သူ့ကိုရှက်နေတာတွေရောကာ ဘယ်နှစ်ခေါက်မှတ်လို့ ခေါင်းထဲမဝင်။

"သံစဉ် မမှတ်မိဘူး၊ ဟို.. ကြောက်နေတာနဲ့ ရင်တွေတုန်နေတာ ကိုရဲ ရဲ့"

"ဒါဆို ယူသွားလိုက်ကွာ၊ ကိုယ့်မှာ ဒီဖုန်း နောက်တစ်လုံး ရှိတယ်"

"မဖြစ်ဘူး၊ ဒါကြီး ဘယ်လိုလုပ်ပြီး သံစဉ်က သိမ်းရမှာလဲ၊ နေဦး သံစဉ် မှတ်ပါ့မယ်၊ ခဏလေးနော်"

သံစဉ်က နံပါတ်တွေကို ရေရွတ်၍ ကလေးစာကျက်သလို မှတ်နေ သဖြင့် ရဲက ရယ်သည်။ ဒီမိန်းကလေးကိုသာ တစ်နေ့ကုန် ထိုင်ကြည့် နေရလျှင် အသည်းယားနေရတာနဲ့ ကြာလျှင် အသည်းပိုလီယို ဖြစ်သွား နိုင်၏။ ကြားဖူးလား..

❧ ❧ ❧





အခန်း (၁၅)

"ကိုကြီးအေး သံစဉ့်ကို ဒီမှာပဲ ချပေးခဲ့တော့"

"ဟင် ဘာဖြစ်လို့လဲ၊ ချမ်းသာကျောင်းနားမှာမဟုတ်လား"

ဒရိုင်ဘာ အေးကိုက နောက်လှည့်မေးတော့ သံစဉ်က စိတ်မရှည် သလိုလေး လုပ်ပြ၏..

"ဒီမှာ သူငယ်ချင်းဝင်ခေါ်ပြီးမှ အတူတူသွားတော့မယ်၊ ဟိုရောက် နင် ဆရာမနဲ့ပဲသိတာဆိုတော့ ကိုယ့်မှာ အဖော်မပါရင် ကြောင်တောင် တောင်ကြီး"

"ဒါဆိုလဲ ငါ ဝင်စောင့်မယ်လေ၊ လိုက်ပို့မှာပေ့ါ"

"နေပါစေ၊ သူငယ်ချင်းသုံးယောက်လောက်စုပြီး သွားမှာ၊ ပြန်လိုက် တော့"

အေးကို မတင်မကျနှင့်ဘဲမော့ကြည့်ငေးရင်းကားပြန်ဆုတ်ရသည်။ ဘယ်အိမ်လဲ၊ ဘယ်သူလဲ မေးချင်ပေမယ့် သံစဉ် နှုတ်ခမ်းစူနေပြီမို့



www.burmeseclassic.com

www.burmeseclassic.com



ထပ်မမေးရဲတော့ပေ။ သံစဉ်လည်း ယုတ္တိရှိအောင် လမ်းထဲကို ကွေ့ဝင်ခဲ့ရသည်။ ဘယ်ဆက်သွားရမှန်းမသိ။ ဒီနေရာမှာ သူစောင့်မယ်လို့ ပြောပြီး တွေ့လည်းမတွေ့။ နောက်လှည့်ကြည့်ဖို့ တ်ကူးလိုက်မိစဉ် မျက်ဝန်းထောင့်မှာ လှုပ်ရှားမှုတစ်ခု တွေ့လိုက်သဖြင့် ကြည့်လိုက်တော့ ကားနက်လေးနဲ့ ရဲကို မြင်လိုက်ရသည်။

တော်ပါသေးရဲ့၊ အချိန်မီရောက်လာလို့ပဲ တွေးမိရင်း သက်ပြင်းချမိ၏။ မဟုတ်လျှင် ဘယ်အိမ်ထဲမှ ဝင်စရာမရှိဘဲ သံစဉ် ဒုက္ခရောက်ပြီ။

"သံစဉ် လာလေ"

ရဲက သံစဉ့်ဘက်ကို တိုးလာပြီး တံခါးဖွင့်ပေးသည်။ သံစဉ်က မတက်ဘဲ ဆံပင်တွေ မျက်နှာတစ်ဖက်မှာ အုပ်ကျလာသည်အထိ ငုံ့ကြည့်ကာ..

"ကိုရဲ ဆင်းလေ၊ အေးအေးဆေးဆေး စကားပြောမယ်ဆို၊ ဒီမှာ အရိပ်ကောင်းတာပဲဟာ"

လမ်းသွယ်လေးထဲမှာ လူလည်းရှင်းသည်၊ အရိပ်တွေနဲ့ အေးလည်း အေးနေ၏။ ကိုယ့်ကို ဘယ်သူမှမသိတဲ့နေရာမို့ ရှေ့က အုတ်ခုံလေးပေါ်မှာ ထိုင်ပြောလို့ရသည်။ သို့သော်..

"ဒီမှာ စကားပြောနေတုန်း သံစဉ့်အိမ်က လိုက်လာကြည့်ရင် ဘယ်လိုလုပ်မလဲ၊ ဆရာမအိမ်က ဒီမှာမဟုတ်ဘူးမဟုတ်လား"

ဟုတ်သည်၊ သံစဉ် ဒါကို မတွေးမိပေ။ ကိုအေးကြီးက လမ်းမှာပဲ ချထားခိုင်းလို့ ချထားခဲ့ရသည့်အကြောင်း ပြောလိုက်လျှင် မေမေ ဒီတိုင်းနေမှာမဟုတ်။

သံစဉ် ကားထဲဝင်လိုက်တော့ ရဲက ကားကို ဘက်ခ်ဆုတ်ရင်း ပြုံးသည်။ သံစဉ်ကလည်း ပြုံး၏။





"ကိုရဲက ဘာပြုံးတာလဲဟင်"

"ဪ.. ကိုယ့်ချစ်သူ အနားမှာပါလာတာကို ကိုယ်က ငိုရမှာလား"

သံစဉ်က မကျေနပ်သေးသလို သူ့ကိုကြည့်နေဆဲရှိကာ..

"ဘယ်ထိသွားမှာလဲ၊ ဖေဖေ့မိတ်ဆွေတွေက အများကြီးပဲ ကိုရဲရဲ့၊ တွေ့ကရာမှာ ဆင်းလို့တော့ မဖြစ်ဘူး"

ရဲက လှည့်ကြည့်ပြီး ခေါင်းညိတ်သည်။

"ကားတွေက ပေါလှချေလား၊ ကြွားနေတာလားဟင်"

သံစဉ်က မေးရင်းရယ်သည်။ ရဲက ပြုံးလိုက်ကာ..

"မပေါပါဘူး၊ ဟိုနေ့က ဂျစ်ကားလေးက သူငယ်ချင်းရဲ့ကား၊ ဒီကားက ကိုယ့်ပတွေးရဲ့ကား"

"ဟင်... ကိုရဲ့ အဖေ မရှိတော့ဘူးလား"

"အင်း...၊ ကိုယ့်ပတွေးမှာ ကားတွေ သုံးစီးလောက်ရှိတယ်၊ ဝယ်အကောင်းလဲလုပ်တော့ ထည့်လဲစီးနိုင်တာပေါ့၊ အဲဒါတွေ ကိုယ် ယူမောင်းတာ၊ ကိုယ့်မှာ ဘာမှမရှိဘူး"

အမှန်အကိုင်းပြောတာ သံစဉ့်ဂ သဘောကျပြီးရယ်ရသည်။

"မိဘပစ္စည်းပဲ ကိုရဲရဲ့၊ ကိုယ့်ပစ္စည်းပဲပေါ့"

"မိဘမှမဟုတ်တာ၊ မိဘဆိုရင်တောင်မှ သူပေးမှ ကိုယ်ရမှာမျိုးကို အားရဝမ်းသာ ကြွားစရာလား"

"ကိုရဲရယ် ပွကျလိုက်တာ၊ ဒါဆို ကိုရဲက ကိုယ့်အင်အားနဲ့ ကိုယ်ဘာ ရှာနိုင်ပြီလား"

"ကြိုးစားနေတုန်းပဲ၊ ဘာလဲ သံစဉ်က အားမကိုးရဲတော့ဘူးလား"

"ဟင့်အင်း၊ အဲဒါတွေမှ သံစဉ် မစဉ်းစားဖူးတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်"

ထွေတာငေါ်တာလားမသိ၊ အကောင်းမှန်းမသိနှင့် 'ကောင်းတယ်' ဆိုတာကို သံစဉ်က မကျေမနပ်လေးကြည့်သည်။

"ကိုရဲက သံစဉ်ကို တစ်ချိန်လုံး အကောင်းမပြောဘူး ထင်တယ် ဘာစကားတွေမှန်းကိုမသိဘူး"

သံစဉ် နှုတ်ခမ်းလေးစူသွားသည်။ ရဲက ပြုံးပြလိုက်ပြီး သံစဉ် လက်ကလေးတစ်ဖက်ကို ဆွဲယူလိုက်၏။

"အို..."

သံစဉ် အလန့်တကြား ပြန်ရုန်းသည်။

"မရုန်းနဲ့ နောက်ထပ် မကောင်း ဘာမှမပြောဘူး"

"ကိုရဲကလဲ ကားကို လက်တစ်ဖက်တည်း မမောင်းရဘူး"

"မင်း ဘာမှမဖြစ်စေရဘူး၊ ကိုယ် အာမခံတယ်"

ရဲက သံစဉ့်လက်ကလေးကို ဆုပ်ကိုင်ထားရင်း တစ်ဖက်က မောင်းသည်။

"ကိုရဲ...ကိုရဲ အဲဒါ ဘယ်ကိုမောင်းတာလဲ"

"ရုပ်ရှင်ကြည့်မယ်"

"ဟာ...ဟင့်အင်း၊ အဲဒီလောက် အချိန်မရဘူး၊ ကိုရဲ..."

ဖ ဖ ဖ





## အခန်း (၁၆)

ရုပ်ရှင်ရုံရောက်တော့ ရုပ်ရှင်က ပြနေပြီဖြစ်သည်။ သံစဉ် ရုန်းတာ [illegible]သည်းမဟုတ်ဘဲ သူ ဆုပ်ဆွဲထားသည့်လက်ထဲကနေ တွန့်ဆုတ် တုန့် [illegible]င်စွာ ပါလာခဲ့လေသည်။

အပေါ် ထပ် နောက်ဆုံးတန်းမှာ မီးထိုးပြသည့်မာတ်မီးရောင်လေး [illegible] ဝင်ခဲ့ရတာ အသည်းယားစရာကောင်းနေသည်။

ဒီလိုနေရာမှာ သံစဉ် ရုပ်ရှင်မကြည့်ခဲ့ဖူးပါ။ ဖျော့မှိတ်တွေကလည်း [illegible]ကြီးတွေ။ ဘေးနှစ်ဖက်မှာ ကာရံထားတာတွေက အခန်းငယ် [illegible]သဖွယ် လုံခြုံကာ ရုပ်ရှင်ပိတ်ကားကို မြင်နေရသည်မှလွဲ၍ ကိုယ့် [illegible] သူများကလည်း မြင်စရာမရှိ၊ သူများကိုလည်း မမြင်ရ။ ထို့ပြင် [illegible]သန်းလာခဲ့စဉ်မှာ မြင်ရသမျှ ထိုအကာအရံလေးတွေထဲမှာ ချစ်သူ [illegible]တွေပဲ ဖြစ်နေသည်။

အိမ်ကိုကြောက်သည့်စိတ်တွေ မရှိတော့ဘဲ သံစဉ် သူ့ကိုပဲ [illegible]ကြောက်လာမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အတူတူထိုင်လိုက်မိသည်နှင့် သံစဉ်ပခုံးတစ်ဖက်ပေါ်မှာ သူ့ပခုံးတစ်ဖက်က ထပ်မှီလျက် လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်သည်။

"ကိုရဲ ဟိုဘက်တိုးကွာ"

"ဘာဖြစ်လို့လဲ၊ ဒီမှာ တိုးလို့မှမရတာ"

"ဘာဖြစ်လို့ ဒီလိုမှောင်မှောင်ကျုပ်ကျုပ်နေရာလေးမှ ဝယ်တာလဲ စိတ်ညစ်လိုက်တာ"

"သံစဉ်ပဲ လူတွေများတဲ့နေရာ မသွားရဲဘူးဆို"

တမင်ကပ်သတ်နေမှန်း သိသောကြောင့် သံစဉ် ဘာမှမပြောတဲ့နေလိုက်သည်။ ကြည့်လိုက်တော့ ကုလားကားက ထွက်လာကတည်းက ပုရွက်ဆိတ်အုံကြီးလို နီနီရဲရဲ ပုပုရွရွတွေ စုလိုက်၊ ကွဲလိုက်နှင့် ကခုန်တွန့်ခါနေကြ၏။

ဗိုက်ပေါ်၊ ချက်ပေါ်တွေနှင့် လှုပ်ယမ်းနေတာကို သံစဉ် မျက်နှာသုသလိုကြီးဖြစ်ကာ သူ့ကိုယ်ကြီးကလည်း လေးနေသဖြင့်…

"ကိုရဲ"

"ဟင်"

"ဖယ်စမ်းပါ၊ လူကို တအားမှီတာပဲ"

"အဲဒီလိုကပ်နေချင်လို့ ရုပ်ရှင်ဝင်ကြည့်တာ၊ ဘာဖြစ်လို့လဲ၊ ကိုယ်ဘယ်တုန်းကမှ ရုပ်ရှင်ကြည့်တတ်တဲ့အကျင့်မရှိဘူး၊ တကယ်ပြောတာ"

"သံစဉ်လဲ နှစ်ခါပဲကြည့်ဖူးတယ်၊ တစ်ခါက အမိုးနဲ့လေ၊ တစ်ခါက သူငယ်ချင်းတွေနဲ့ ဒါပေမယ့် ဒီလိုနေရာမှ ဒီလိုကြီးတွေရှိနေတာ သိကိုမသိဘူး"

"ဘယ်သိမလဲ၊ ဒါ ချစ်သူတွေအတွက် သီးသန့်"

"ဟွန်း… မကြည့်ဘူးလဲ ပြောသေးတယ်၊ သူမသိတာဘာမှမရှိဘူး"





ရဲက အသံမထွက်အောင် ခပ်ကြိတ်ကြိတ်ရယ်ပြီး သံစဉ် ပါးလေးကို လေနဲ့မှုတ်ပစ်လိုက်၏။

"ယောက်ျားလေးပဲကွ၊ မသိဘဲတော့နေမလား၊ ရော့… မုန့်ဝယ်ချိန်ရှိလို့ မဝယ်ခဲ့ရတာ၊ ဒီမှာ ချော့ကလက်ပါတယ်၊ ကြိုက်လား"

ချော့ကလက်နှစ်တောင့်ကို လက်ဖဝါးလေးထဲ ဖြန့်ထည့်ပေးပြီး သက်ကိုမလွှတ်ဘဲ ရဲက သူ့နှုတ်ခမ်းမှာ ဖိကပ်နမ်းလိုက်၏။

"အို…"

သံစဉ်ရင်ထဲမှာ ဒိုင်းနမိုင်းကွဲသွားသလိုပင်။ ကုလားကားက ဆူနေတာ သံစဉ်ရင်ထဲကအသံတွေကိုမမီနိုင်ဘူးထင်သည်။ ရဲက သံစဉ်မျက်နှာလေးကို သူ့နှာခေါင်းနှင့် ထိလုမတတ် တိုးကပ်ကာ…

"သံစဉ်"

"….."

ပြန်ထူးဖို့ မေ့နေသည်။ သံစဉ် အသက်ရှူတွေ ရပ်ကုန်ပြီလားမသိ။ ဘတ်အလယ်လောက်တည့်တည့်မှာ မရှူမရှိက်ဘဲ ရပ်တန့်သွားသည့် အသက်ရှူခြင်းဟာ ရှုပ်ပြာရက်ကြီး ပြတ်တောက်သွားခဲ့၏။

"ကိုယ့်ကိုချစ်လားဟင်"

"….."

"ဖြေလေကွာ"

"ဖြေ…ဖြေပြီးပြီဥစ္စာ"

"ပြေးလွှားခလုတ်တိုက်ပြီး ပြောသွားတာကွာ၊ မလိုချင်ဘူး အခုဖြေ ချစ်လား"

ဒီတစ်ခါ 'အင်း' လို့ဖြေပြီးလျှင် ထွက်ပြေးသွားဖို့အတွက် သံစဉ်မှာ အရေးမရှိ။



www.burmeseclassic.com

"ဖြေလေ၊ ကိုယ့်ကို ကြောက်နေလား"

"အင်း"

သံစဥ်က သူကိုင်ထားသည့်လက်ကို ရုန်းထွက်ဖို့ ကြိုးစားသည်။ သူက ဖိဆုပ်ထား၏။ ချော့ကလက်က လက်ဖဝါးတွေကြားထဲမှာ လူးလူးလိမ့်လိမ့်နှင့် ဘယ်လက်ထဲမှ မရောက်နိုင်ဘဲ ဖြစ်နေသည်။

မှောင်နေပေမယ့် သံစဥ့်နှုတ်ခမ်းဖျားလေးတွေ၊ မေးဖျားချွန်ချွန် အပေါ်နားလေးတွေမှာ ချွေးစလေးတွေ စို့လက်နေတာကို ရဲ မြင်နေရသည်။

ရင်ထဲမှာ မြတ်နိုးခြင်းတွေ ပြည့်သိပ်စွာဖြစ်ရရင်း 'ဒီလောက်ကြောက်တာ တွေ့မယ်'ဟု စိတ်ထဲမှာ တင်းထားဖူးသမျှ ပြေကျကုန်၏။ သန့်စင်လွန်းသည့် ချစ်သူလေးကို ဒီထက် မကဲရက်ဘဲ ဖြစ်သွားရသည်။

"သံစဥ် ကိုယ့်ကိုချစ်တယ်လို့ ပါးစပ်ဖြေ့ ကိုယ် ဘာမှမလုပ်ဘူး တကယ်ကတိပေးတယ်၊ အဲ...တစ်ခုပဲ ပြောစရာရှိတယ်"

"ဘာလဲ"

"ချစ်တယ်လို့ ပြောဦးလေ၊ ပြောပြီးရင် သိရမယ်"

"ပြောပြီးသားကို ကိုရဲက ညစ်တာ"

"ကြားချင်လို့ပါဆို ညစ်စရာလား"

"အင်း"

"ဘာအင်းတာလဲ"

"ချစ်တယ်"

"ရှုရှုဆောင့်ဆောင့်ကြီး"

"ကိုရဲနော်"





ရဲက ရယ်လိုက်ပြီး ပိတ်ကားဆီသို့ လှမ်းကြည့်ကာ..

"ဟာ ဟိုမှာ ကုလားမလေးကို ဟီရိုမင်းသား ကြည့်စမ်း"

ရဲ ပြောသဖြင့် သံစဥ် လှမ်းကြည့်လိုက်လျှင် သီချင်းဆိုနေသည့် ...င်းသမီးက မျက်ဝန်းတွေကို မှေးစင်း၍ မော့ပေးထားသည်။ ကုလား ...င်းသားက ရင်ဘတ်အောက်နားမှစ၍ အပေါ်သို့ တရွေ့ရွေ့ ထိကပ် ...မ်းရှိုက်လာရာ လည်တိုင်နားကျတော့ သံစဥ် မျက်နှာလွှဲပစ်လိုက်၏။

"တွေ့လား၊ ချစ်သူတွေဆိုတာ အဲဒီလို ကြင်နာရတယ်"

"ဟင်...အို...ဟင့်အင်း"

ရဲက သံစဥ့်ပခုံးလေးကို ဆွဲဖက်၍ ရင်ခွင်ထဲ ဆွဲယူလိုက်သည်။ ...ံစဥ်က အတင်းပြန်ရုန်းသည်။ ရုန်းပုံက ရှက်ရွံ့ပုံလေးနှင့် အင်အားမဲ့ ...ာမဟုတ်ဘဲ အချီမခံချင်သည့် ကလေးငယ်လေးတစ်ယောက်က ...န်းကန်ငိုယိုသလိုမျိုး။

"ကျွတ်"

ရဲ ကျွတ်ခနဲဖြစ်လျက် ပြန်လွှတ်ပေးလိုက်သည်။ သံစဥ်က ဟိုဘက် ...ခနဲတိုးကာ ကိုယ်ကို ပွတ်သပ်ခါလို့..

"တကယ်ညစ်တယ်ကွာ၊ ကလေးလဲမဟုတ်ဘဲနဲ့"

"ဟင့်အင်း၊ သံစဥ် ပြန်တော့မယ်"

"ရမလား၊ လုံးဝ ပြန်မပို့ဘူး"

"ကိုယ့်ဟာကိုယ် ပြန်မယ်"

"သံစဥ်"

သံစဥ်က ရှုပွပွနှုတ်ခမ်းလေးနှင့် ဖွတ်ထမည်လုပ်တော့ ရဲက လက် ...ဆွဲထားကာ..

"အဲဒီမှာ အနားကပ်ထိုင်၊ လုံးဝ မထိဘူး"



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြီး သူလည်း ဒီဘက်ကပ်ထိုင်ပစ်လိုက်သည်။ သံစဉ်
လည်း တကယ့်ကို ဟိုဘက်မှာ ပန်းလေးကျုံ့အောင်ကပ်လျှက် လ
တောင်ပိုက်ထားသေးသည်။

ကိုယ့်ကိုယ်ကို နွားဘူးကောင်လိုလို၊ လူရမ်းကားလိုလို ထင်လ
ရင်း သံစဉ်ကို နည်းနည်းတော့တင်းသွားမိသည်။ ချစ်ခွင့်ပန်နေကြ
ချစ်ချင်လို့ဆိုတာ မသိဘူးလား။

စောစောက ပြုတ်ကျကုန်သည့် ချော့ကလက်တွေကို သူပဲ
ကောက်၍ သံစဉ်ရင်ခွင်ထဲ လှမ်းထည့်ပေးလိုက်ကာ..

"အင့်... ကလေးကို မုန့်ပေးကြိုက်ရတာဆိုတော့ မုန့်ကို
စားပါ။ ခင်ဗျားကို ကျွန်တော် မုန့်ကျွေးပြီး ဘာမှမလုပ်ဘူး။ ယုံယုံကြ
ကြည်စား။ တကယ် တကယ် ဆလံပဲ"

ပြောပြီး ဘေးကအကာမှာ ပို၍ပိကပ်နေအောင် လက်ပိုက်
ကာ ရဲက တုပ်တုပ်မျှမလှုပ်တော့ပေ။ ဘာမှမစားဘဲ ဒီလောက်
အောင် မနေခဲ့ဖူးသည့် သံစဉ်က ချော့ကလက်ကိုတော့ စိတ်ဝင်
သည်။ ဒါပေမယ့် ဖေ့ငေါ့ ဆောင့်အောင့်ကျွေးတာကို မစားချင်
သူ့ ပေးထားတာကိုမယူတော့ တစ်ခုက လက်မောင်းပေါ်မှာ
ကာ တစ်ခုက ပေါင်ပေါ်ပြုတ်ကျ၏။ ထိုမှတစ်ဆင့် ခြေထောက်
ထဲသို့ ထပ်မံကျလေသည်။

ရဲက မျက်နှာမလှည့်ဘဲ မျက်ဝန်းထောင့်ကပ်၍ စောင်းကြည့်
ဒါကို သံစဉ်က မျက်စောင်းထိုးပစ်လိုက်ပြီး တစ်ဖက်လှည့်နေ၏။

နေပေါ့၊ သူကပဲ စိတ်ဆိုးရတယ်ရှိသေးတယ်၊ ဟွန်း... ရည်းစ
တာနဲ့ပဲ နမ်းစရာလား။

ရှက်တာကို ဘယ်လိုလုပ်ရမလဲ၊ သိမ်းကျုံးဖက်ပစ်လိုက်တာ





ရင်ခွင်ထဲမှာ ကိုယ့်တစ်ကိုယ်လုံး ဘယ်ရောက်သွားမှန်းပင်မသိတော့ဘဲ
အဖြစ်။

သူလိုချင်တာကိုလည်း မလိုက်လျောနိုင်၊ စကားမပြောဘဲ မျက်
နှာငြိုးကြုတ်နေတာကိုလည်း ဒေါသဖြစ်မိ၊ နေပေ့ါ ဆိုပြီး ဂရုမစိုက်
ဘဲနေလိုက်ဖို့ ကြိုးစားရင်းနှင့် သံစဉ် ငိုချင်လာသည်။

ကလားကား ဘာတွေဖြစ်နေမှန်းမသိဘဲ ကြည့်တော့ ကြည့်နေပြီး
ခြင်း မခံချင်ဖြစ်လိုက်၊ ဒေါသဖြစ်လိုက်နှင့် မျက်ရည်တွေလည်းဝေ
သည်။ ငေးနေရင်း ပေရည်သည့်ကုလားကားက ချော့သိပ်နေသလို
ဖြစ်ကာ သံစဉ်ခေါင်းလေး ဟိုဘက်မှာ မှီကျသွား၏။

ရဲ တမင်တကာ ပါးစပ်ပိတ်နေလိုက်ပြီးမှ သံစဉ်ကို ကြာကြာလည်း
စိတ်မဆိုးနိုင်။ အောက်ကျသွားသည့်ချော့ကလက်တောင့်ကို သူပဲ အနှံ့
ပေး၍ ဒုတိယအကြိမ် ပြန်ကောက်လိုက်ရသည်။ ပြီးတော့ သေချာပြန်
နိုင်ပြီး လှည့်ကြည့်လိုက်လျှင်...

သေလိုက်...၊ မင်း သွားသေလိုက်တော့ မိုက်ရူးရဲ...

ရင်ထဲမှာ အသံတိတ်ဆိုမိရင်း ကိုယ့်အဖြစ်ကို ဘယ်လိုမှ မသတ်
သာနိုင်တော့ဘဲ ပြုံးလိုက်မိလေသည်။ ပါးပြင်တစ်ဖက်မှာ ဆံနွယ်လေး
တွေ ဖေးတင်လျက် ဟိုဘက်မှာ ခေါင်းလေးစောင်းကာ သံစဉ် အိပ်ပျော်
နေပုံလေးက စိတ်ဆိုးရက်စရာမရှိ။

ပန်းလေးနှစ်ဖက်ကို ဆွဲလှုပ်၍ ပြောလိုက်ချင်သည်။

ကျွန်တော်ပဲ မှားတာပါ မမ၊ ခင်ဗျား မမှားပါဘူး။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည့် မေမေ့ခြေလှမ်းတွေ
ခေါင်းငုံ့ထားရင်း သံစဉ် လိုက်ကြည့်နေမိသည်။ ဘေးမှာ အမိုး
လက်ဖက်အစ်ကလေးကို စားပွဲပေါ်မှာချလိုက်၊ ပြန်ကိုင်ပြီး မလိုအ
မွှေနေလိုက်နှင့် ပြီးမှ...

"ရော့ သမီး စား၊ လက်ဖက်နည်းနည်းနဲ့ လျှောက်ရည်လေး
ထားတာ"

မေမေ ဆူနေတာကို ကြောက်နေသည့်ကြားက အမိုး လက်
အစ်ထဲက ပုစွန်ခြောက်ကွေးကြီးတွေကို မြင်တော့ သံစဉ့်စိတ်တွေ
လက်ဖက်သုပ်ဆီ ရောက်သွား၏။

"အမိုး ငရုတ်သီးစိမ်း မပါဘူးလား"

ဟု ပန်းလေးစောင်းထိုပြီး တိုးတိုးလေး ကပ်မေးစဉ်...

"သမီး"

"ရှင်"

သံစဉ့်ကိုယ်လေး မတ်ခနဲဖြစ်သွားသည်။ ဒေါ်ပဒ္မာမြားလို
သံစဉ့်ရှေ့တည့်တည့်မှာ ခြေစုံရပ်လိုက်ကာ...





"သားသမီးပြောစကားကို မယုံမကြည်နဲ့ သူများတစ်စိမ်းကို သွား
မေးမြန်းတဲ့အထိ မေမေ မလုပ်ချင်ဘူး၊ ဒါပေမယ့် အိမ်တက်ဆွမ်းကျွေး
အိမ်ကို သွားတယ်ဆိုတဲ့နေ့က သမီး ပြောတာကိုတော့ မေမေ မယုံတာ
အမှန်ပဲ"

"တကယ်ပါ မေမေရယ်၊ သူငယ်ချင်းအိမ်မှာ သူငယ်ချင်းတွေ
ဝိုင်းခေါ်နေရင်းနဲ့ အဲဒီမှာ Toy ဇာတ်ကား ကြည့်နေကြတာ၊ သံစဉ်က
ရုပ်ပစ်ကြိုက်တာ မေမေ သိရဲ့သားနဲ့၊ ပြီးတော့ အိမ်က ထွက်
သွားတည်းက တမင်တကာ စောစောထွက်သွားတာဥစ္စာ"

"ဘာဖြစ်လို့ စောစောထွက်သွားတာလဲ ပြော၊ သမီးကို အပြင်ထွက်
တာ သွားတာ မကြိုက်လို့ တမင်တကာ ဘာသင်တန်းမှတောင်
ဆက်ခိုင်းခဲ့တာ သမီး မသိဘူးလား၊ အခု ဆရာမကိုယ်တိုင် ဒေါ်ဖော
မှာ ဖုန်းဆက်ထားတာဆိုလို့ မေမေက ခွင့်ပြုခဲ့တာ"

"မေမေကလဲ သံစဉ်လဲ အပြင်ကို သွားချင်လာချင်တာပေါ့၊ သွားခွင့်
မပေးဘူးဆိုပြီး တမင်စောထွက်သွားတာ၊ သံစဉ် ဘာလုပ်မိလို့လဲ"

ပြောတာက သဘာဝကျနေသဖြင့် ဒေါ်ပဒ္မာမြားလှိုင် ပါးစပ်ပိတ်
သွားသည်။ သို့သော် တစ်ခုခုဆိုသော အသိတစ်ခုက စိုးမိုးနေသည်။
သားမှုလို့ တပ်အပ်သိနေခြင်းက သပ်သပ်၊ သမီးလေး ဒီလိုအလုပ်
မျိုး လုပ်တတ်နေမှာမဟုတ်ဟု ယုံကြည်နေစိတ်ကလည်း ရှိနေသည်။

သူ့အဖေ အနားမှာမရှိနေတုန်း သူမမှာ တိုင်ပင်ရမည့်လူ မဲ့နေ
သည်။ အဲဒီနေ့ ဒရိုင်ဘာပြန်လာပြီး သမီးကို သူငယ်ချင်းအိမ်မှာ ချထား
ခဲ့ရသည်ဟု ပြောသည်။

သမီး ပြောသမျှ အားလုံးကို ပြန်ပြော၏။ ထို့ကြောင့် နောက်
တစ်ရက်စောင့်ပြီးမှ ဆရာမအိမ်ကို ဖုန်းဆက်ကြည့်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မရောက်သေးဘူးဟု ပြန်ပြော၏။
နောက်ထပ် တစ်နာရီလောက်မှာ ထပ်ဆက်ဖို့စိတ်ကူးက တကယ်
လို့ ဘမီး မရောက်သေးလျှင် သမီးလေးကို သူများက တစ်စုံတစ်ရာ
အထင်မြင်သေးသွားမှာစိုးကာ မဆက်ဖြစ်ဘဲ ရှိခဲ့ရသည်။ သုံးနာရီကျော်
ကျော်ကြာမှ ဆက်တော့ ‘ခုပဲ ရောက်သည်’ တဲ့။
လေးနာရီနီးပါးလောက် အပြင်မှာ ဘာလုပ်နေခဲ့သလဲ။ ရင်ထဲမှာ
မီးတောက်နေသည်။
သမီး ပြန်ရောက်လာအောင် ဘယ်လိုမှ မစောင့်နိုင်တော့ဘဲ ဒရိုင်
ဘာနဲ့ပဲ ခေါ်ခိုင်းခဲ့မိသည့်အထိ။
ရုပ်ရှင်ကားကြီး ကြည့်နေပါသည်ဆိုတော့လည်း ဒေါ်ပဒ္မာမြားလှိုင်
ဘာမှမပြောတော့ဘဲ ဖြစ်သွားခဲ့လေသည်။
“ဒီမှာ သမီး”
စကား ပြန်စတော့ သံစဉ်က မော့ကြည့်သည်။ ဒေါ်ပဒ္မာမြားလှိုင်
က ဆိုဖာတွေနောက်မှာ ရပ်လျက် ကျောမှီပေါ်မှာ လက်နှစ်ဖက်
ထောက်ကာ..
“ဘာကြောင့်ဆိုတာ ထပ်မမေးနဲ့။ သမီးကို အပြင်မသွားရ၊ ရည်
စားမထားရဆိုတာ မေမေတို့က ခေတ်မျက်စိမရှိလို့ တင်းကျပ်နေကြ
တာမဟုတ်ဘူး။ သမီး စိတ်ဆင်းရဲအောင် တမင်လုပ်နေကြတာလ
မဟုတ်ဘူး”
ဒါဆို ဘာရှိသေးလို့လဲဟု အသံတိတ် မေးလိုက်သည့် သံစဉ်
မျက်ဝန်းလေးတွေကို ဒေါ်ပဒ္မာမြားလှိုင်က နားလည်စွာကြည့်၍..
“သမီးကို အိမ်ထောင်မပြုစေချင်လို့”
ဟု တစ်ခွန်းချင်းပြောသည်။ သံစဉ် နှုတ်ခမ်းလေး မသိမသ





သွား၏။ ယောကျ်ားယူချင်လွန်းလို့မဟုတ်ပါချေ။ ခုပဲ ခေတ်မမီလို့
တ်ဘူးဟု ပြောပြီး ခုပဲ ယောကျ်ားမယူရဘူး ဖြစ်ပြန်သည်။ သီးချိန်
န်သီး၊ ပွင့်ချိန်တန်ပွင့် ဆိုတာတွေကျတော့ မေမေ မတွေးမိတော့
လား။
“သမီးတစ်ကောင် နွားတစ်ထောင်တဲ့၊ အချိန်တန် အရွယ်ရောက်
ရင် ဒီလိုကိစ္စတွေရှိလာမယ်၊ ထိန်းသိမ်းရခက်မယ်၊ အားလုံး
မေတို့သိတယ်၊ ဒါကြောင့် ဘာမှဖြစ်မလာခင် တားဆီးသင့်တာကို
းဆီးရမှာပဲ။ သမီး ချစ်သူမထားရဘူး၊ ချစ်သူနောက် လိုက်တာမျိုး
ရဘူး၊ ဒါတွေ ဒီလိုချုပ်ချယ်နေရတာ သမီးအတွက်ဆိုတာ,တစ်နေ့
ာ့ သမီး သိလာမှာပါ”
“ဒါဆို သံစဉ်က...”
“ဘာမှမမေးနဲ့လို့ မေမေ ကြိုပြောထားတယ်လေ”
ဟင်ခနဲရှုသွားသည့် သံစဉ့်နှုတ်ခမ်းလေးက ရှေ့ကို စုလုံးထွက်လာ
အားမှာ လက်ဖက်သုပ်ကြော်ငြာဝင်ရင်း အပတ်ပေါင်းများစွာ
မွှေနေသည့် အမိုးမှာလည်း သံစဉ့်ကို စားစေချင်သောကြောင့်
ပက်တစ်ဇွန်းခပ်၍ နှုတ်ခမ်းလေးနားကို ကပ်ပေးလိုက်သည်။
သံစဉ်က စုပုပ်နေသည့်နှုတ်ခမ်းလေးကို ဖြေချပြီး ဟထားပေး
၏။ လက်ဖက်သုပ် ပါးစပ်ထဲရောက်မှ နှုတ်ခမ်းစုခြင်းကို ဆက်
ဖြစ်တည်စေပြီး အဝါးမပျက် ဆန္ဒပြလေသည်။
အမိုးတစ်ယောက်တည်း ကြိတ်ပြုံးမိရင်း နောက်တစ်ဇွန်းထည့်ဖို့
သွားတော့ သံစဉ်က စားပွဲအောက်ကနေ ခြေထောက်ချင်းရိုက်ပြီး
ပေး၏။
အမိုးက နောက်တစ်ဇွန်း ကမန်းကတန်း ထည့်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ဖော"

ဒေါ်ပဏ္ဏမြားလှိုင်က နှစ်ယောက်ဖြစ်နေပုံကို မြင်နေရသဖြင့်...

"လှိုင် စကားပြောနေတယ်လေ"

"အေးပါကွယ်၊ ကလေးက နားထောင်နေတာပဲဥစ္စာ၊ လက်ဖက်က နယ်ပြီးသားဆိုတော့ ပဲကြော်တွေ ပွကုန်မှာစိုးလို့"

ရှင်းပြလိုက်ရပေမယ့် အမိုး ထသွားရှာသည်။ သံစဉ်ကတော့ ဝါးပြ မျို့ချရင်း နော်က်ထပ် ဝါးခွင့်မရှိတော့သည့် ပါးစပ်ကလေး တလှုပ်လှုပ် နှင့်ကျန်ခဲ့၏။

ထို့နောက် စားပွဲပေါ်မှာတင်ထားသည့် ဗန်းလေးထဲကပန်းသီးကို လှမ်းယူလိုက်သည်။ ဒေါ်ပဏ္ဏမြားလှိုင်က သမီးဖြစ်သူကိုတော့ ဘာမှ မပြောပါ။

"ဒီဗီဒီဇာတ်ကား ကြည့်နေတယ်ဆိုတဲ့ သူငယ်ချင်းအိမ်က ဘယ်မှာလဲ"

ဟင်...၊ ရုတ်တရက်မေးလိုက်တော့ သံစဉ် ထိတ်ခနဲ ဖြစ်သွား၏။ ဒါပေမယ့် သံစဉ်က ဖြတ်ထိုးဉာဏ်ကောင်းသူ ဖြစ်သည်။

"ဘူတာကြီးနားမှာပဲ မေမေ၊ သူတို့အိမ်က ဆင်းရဲပါတယ်"

"ဆင်းရဲတဲ့လူက ဒီဗီဒီစက်နဲ့လား။ သမီးကို လူပေါင်းစုံနဲ့ ခင်မင်နေ လောက်အောင် မေမေတို့ အချိန်မပေးခဲ့ဘဲ အဲဒီလို စုတ်စုတ်ပြတ်ပြတ် တွေနဲ့ ဘယ်တုန်းက သူငယ်ချင်း ဖြစ်ကုန်တာလဲ"

"မေမေကလဲ"

ဒီနေရာမှာ သံစဉ် ဟန်မဆောင်နိုင်တော့ပါ။ ကွန်မြူတာသင်တန်း မှာလည်း ကိုယ်ပိုင်ကားစီးနိုင်တဲ့သူတွေချည်းပဲ ရှိသည်။

သံစဉ့်ကို အပ်ဖို့ ရွေးကတည်းက ရန်ကုန်တစ်မြို့လုံးမှာ ရှိသမျှ





သင်တန်းတွေကို ဖေဖေကိုယ်တိုင် ရွေးချယ်ရှာဖွေခဲ့တာဖြစ်သည်။

ဂျပန်စကားပြောသင်တန်းက ပိုဆိုးသေးသည်။ လူတွေ အများကြီး သည်း လက်မခံ။ တက်ကြသည့် ဆက်ရှင်အားလုံးပေါင်းမှ တစ်ရာ ပြည့်ပေ။

"ပြောလေ သမီး"

"သူတို့က ဒီရက်ပိုင်းလေးကျမှ ဆင်းရဲသွားတာ မေမေရဲ့၊ ဟို... ဟိုလေ သူ့အဖေက လောင်းကစားရှုံးပြီး တိုက်တွေခြံတွေ အကုန် သူများကို ပေးလိုက်ရတာတဲ့"

"ဘာ..."

သံစဉ်က တတ်သမျှမှတ်သမျှတွေ ဖြီးသည်။ မေမေက ပြုံးပြ သနဲ့ဖျပ်ကာ...

"ဖြစ်ရလေး သံစဉ်ရယ်၊ အဲဒီလို စရိုက်အဆင့်အတန်းတွေနဲ့ သမီး ငြိနေတယ် ဟုတ်လား၊ အမယ်လေး ကြည့်ပါဦး"

မျက်လုံးလည်းပြူးထွက်လာသည်။ မေမေက ရင်ဘတ်ကိုလည်း ဘတ်၏။ ပြီးတော့ သံစဉ့်ဘေးမှာ ကမန်းကတန်း လာထိုင်ကာ...

"အဲဒီမှာ သမီးက တစ်နေကုန်ဟုတ်လား။ အဲဒီကရေတွေ သောက် ဆိုးမသန့်တွေ အတွေ့တူစား"

"မေမေကလဲ လူလူချင်းပဲဟာ"

"လူချင်းတူပေမယ့် ဘဝချင်းမတူဘူး သမီး၊ သူ့အကျိုးပေးနဲ့သူ၊ ကိုယ့်အကျိုးပေးနဲ့ကိုယ်။ အဆင့်အတန်းဆိုတာ လူက ခွဲခြားစရာ မလိုဘဲ သဘာဝကိုက အလိုလို ကွဲပြားလာပြီသား၊ လူချင်းတူပြီး တွေ့လို့ မေမေတို့ ခုလိုနေရတာပေါ့၊ အားလုံး တူတူပဲဆိုရင် သူတို့ ဘာဖြစ်လို့ ဆင်းရဲနေသလဲ"



www.burmeseclassic.com

www.burmeseclassic.com



သံစဉ် မေမေ့ကိုပဲ ငေးနေမိသည်။ ကိုင်ထားဆဲ ပန်းသီးလေးကို စားဖို့မေ့သွား၏။

"သဘာဝထဲမှာကိုက မတူညီမှုတွေရှိနေတာ။ ဖွဲတို့ လုံ့လတို့ ဘာတွေပဲ အစိုက်ကျနေနေ လောလောဆယ် အဲဒီလူ ဘာလဲ၊ ကိုယ့်အနာဂတ်ကိုတောင် ကြိုမသိနိုင်တဲ့ကိစ္စ၊ သူများရဲ့ နောင်တစ်ချိန် ကြီးပွားလာမလား၊ ချမ်းသာလာမလားဆိုတာတွေ မေမေတို့ စိတ်ဝင်စားဖို့ မရှိဘူး သူ့ဟာသူ နောက်တစ်ချိန်မှာ စကြဝဠာကိုပဲ လွှမ်းမိုးသွားသွား၊ အဲဒါလဲ စိတ်ဝင်စားဖို့ မရှိဘူး၊ မေမေဆိုလိုတာက ဆင်းရဲတဲ့ လူတွေ၊ ဖြေသိမ့်ကြတဲ့ စကားလုံးတွေကို သမီး ထည့်မစဉ်းစားဖို့ပဲ။ လူတစ်ယောက်ရဲ့ဘဝကို လောလောဆယ် မျက်စိအောက်ကဘဝနဲ့ ဆုံးဖြတ်ပြီး အထင်မသေးဖို့ ဘာညာတွေလေ၊ အဲဒီလူ နောင်တစ်ချိန် ချမ်းသာလာရင်ကော ဘာဖြစ်လာမှာလဲ၊ ငွေတွေ သုံးနိုင်လာမယ်၊ ဘုရားထူးမယ့် အခြေအနေတွေ ရှိချင်ရှိမယ်၊ သူ့စရိုက်၊ သူ့အယူအဆတွေက ဖိကပ်မနေဘူးလို့ ပြောနိုင်မလား"

ဒေါ်ပတ္တမြားယှိုင် ပြောနေရင်း ဒေါသသံတွေဖြစ်လာပြီး ထရပ်လိုက်ပြန်သည်။

"လူတစ်ယောက်ကို ဘယ်လိုမြင်ပါနဲ့ ဘယ်လိုမနှိမ်ပါနဲ့လို့ မေမေ့ကို သမီး မပြောနဲ့ လောကကပေးထားပြီးတဲ့ မတူညီမှုတွေကို ဘယ်တော့မှ ရောသမမွှေလို့မရနိုင်ဘူး။ ဇွတ်တရွတ် မွှေနှောက်ပစ်ရင် မတူညီမှုတွေနဲ့ အမြဲတမ်း စိတ်ဆင်းရဲနေရမှာပဲ။ ဘဝကြောင်ဖော်မပြောနဲ့ သူငယ်ချင်းပေါင်းတာတောင်မှ ဆင်းရဲတဲ့သူနဲ့ သမီး မပေါင်းရဘူး လိုရင်းက အဲဒါပဲ"

အစက ညာပြောလိုက်တာပေမယ့် မေမေပြောတာတွေကို သံစဉ်





စိတ်ဝင်စားသွားခဲ့သည်။ လူတွေကို ဘယ်လို ဘာညာ သံစဉ်မှ မမြင်ဘတ်ခဲ့ဘဲ။

ဆင်းရဲခြင်း၊ ချမ်းသာခြင်း ဘယ်လောက်နက်တယ်ဆိုတာ လည်းသိ။ ထိုအခါ ကိုရဲ ဘယ်လိုလူမျိုးလဲဆိုတာကို သတိတရ တွေးမိလာ၏။ မဆင်းရဲပါဘူး၊ ကိုရဲ မဆင်းရဲနိုင်ပါဘူးဆိုတာ တွေးမိရင်း 'ကိုယ့်မှာဘာမှမရှိဘူး' လို့ ပြောတာကိုလည်း သတိရသည်။ ပြောခဲ့သေးသည်။

'မိဘပစ္စည်းလဲ သူတို့ပေးမှ ကိုယ် ရမှာကို မစားရဝခမန်း မကြွားဘူး' ဆိုတဲ့သူ။ ဒါဆို သံစဉ့်ကျတော့ကော…

မေမေ့ကို မေးလိုက်လျှင် မေမေ့ဒေါသတွေ ယမ်းပုံပေါ် မီးကျတာကဲ့ ဆိုးသွားနိုင်၏။ ကိုရဲဟာ ဘယ်လိုလူလို့ပင် မှန်းဆမရနိုင်သည့် အယူအဆစိတ်ဓာတ်တွေ ရှိနေလေသည်။

ဇွတ်တရွတ်ဆန်သလောက် စိတ်ဆတ်သည်။ ဒေါသဖြစ်သွားပြီဆိုပြီ့မှ ပြုံး၍ ချစ်စနိုးစတတ်သေးသည်။ တကယ် စိတ်ဆိုးသွားတာကိုလည်း ခဏလေးနဲ့ ရယ်နိုင်ပြန်သည်။

ဟိုနေ့က ရုပ်ရှင်ရုံထဲမှာ သံစဉ် အိပ်နေတော့ သူက ရွံ့ပြီး ထိုင်ကြည့်နေသည်။ သံစဉ် တကယ့်ကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတာဖြစ်သည်။

"သံစဉ်"

"ဟင်"

ခုံကို ပုတ်နှိုးလိုက်တော့မှ သံစဉ် မျက်လုံးဖွင့်တော့ ရုပ်ရှင်ရုံထဲမှာ လူတွေ တစ်ယောက်မှမရှိတော့ဘဲ အမှိုက်လှဲ သန့်ရှင်းရေးသမားတွေ ကြည့်လို့။

ပြီးတော့ သံစဉ်ရှေ့မှာ ရုပ်နေသူတွေက ရုံထဲကို ဝင်လာမှ စဉ်



www.burmeseclassic.com

www.burmeseclassic.com



ခုံနေရာကို မီးထိုးပြသည့် လူနှစ်ယောက် ဖြစ်နေသည်။

မီးတွေဖွင့်ထားပြီးပြီမို့ တစ်ရုံလုံး လင်းထိန်နေသည့်ထဲမှာ လူတွေ ဝိုင်းကြည့်နေသဖြင့် သံစဉ် လန့်ဖျပ်ထရပ်လိုက်တော့ ရဲက ခပ်ကြောင်ကြောင်ပုံနှင့် ဝမ်းသာအားရ ထဖြစ်ကာ...

"ဟော နိုးသွားပြီ နိုးသွားပြီ တော်သေးတာပေါ့ ဟဲ ဟဲ"

ကြည့်နေသည့်လူနှစ်ယောက်ကို လှည့်ပြောပြီး သံစဉ့်လက်ကို ဆွဲကာ...

"ကျွန်တော့်ချစ်သူက ညဘက်ဆို အလုပ်အရမ်းများတော့ နေ့ကျမှ အိပ်ရတာလေ၊ ကျွန်တော်ကလဲ ရုပ်ရှင်ကြည့်ချင်တာနဲ့ ခွတ်ခေါ်လာတာ၊ အိပ်မောကျနေတာကို မနိုးရက်လို့ ဆောရီးဗျာ"

ရှက်လိုက်သည့်ဖြစ်ခြင်း။ သူက ရှည်ရှည်ဝေးဝေး မဟုတ်တာတွေ ပြောပြီး ရှင်းပြနေသေးသည်။ ခပ်လှမ်းလှမ်းမှာ တံမြက်စည်းလှည်းနေကြသည့် မိန်းကလေးတချို့ ရယ်နေကြသည်။ ကားပေါ်ပြန်ရောက်လာတော့ သံစဉ် မျက်နှာကို လက်ဝါးနဲ့အုပ်၍ ငိုချပစ်လိုက်ချင်သည်။ ရဲက တဟားဟားရယ်ပြီး သံစဉ့်လက်ကို နွာချ၏။

"ကိုရဲနော် သွား ဖယ်"

"ဟား ဟား ဟား၊ ရယ်ရတယ်"

"ဘာရယ်ရတယ်လဲ၊ ကဲ... ကဲ..."

သူ့ကို တမင်နာအောင် ထုနှက်ပစ်မိသည်။ သံစဉ်က ထုလေ သူက လက်နှစ်ဖက်နဲ့ကာထားရင်း ရယ်လေ။

"ဘာဖြစ်တာလဲကွ၊ ဘာလဲ အိပ်ရေးပျက်သွားလို့လား၊ မနိုးမဖြစ်လို့ နှိုးရတာနော်၊ ခင်ဗျားကို နောက်ပွဲစဉ်မှာ လူတွေ ဝင်ဦးမှာမို့လို့ မဟုတ်ရင် မနိုးမချင်း ထိုင်စောင့်ပေးမှာ"





"အဲဒီလိုညအိပ်မပျော်တာ သံစဉ်ကမှမသိတာ၊ ကိုရဲကို မုန်းတယ် သိလား၊ သူများကို ကလဲ့စားချေတာ"

"မဟုတ်ပါဘူး"

"သက်သက် အရှက်ခွဲတာ"

"မဟုတ်ပါဘူးဆို"

မဟုတ်ဘူး ငြင်းနေသည့်ရုပ်က စပ်ဖြဲဖြဲ။

"အိပ်ပျော်သွားမှန်းသိရင်လဲ ရုပ်ရှင်ပြီးတော့ နှိုးပါလား၊ သံစဉ့်ကို လူတွေ ဝိုင်းရယ်ဂုန်အောင် ညစ်တာ၊ မုန်းတယ် တကယ် အဟုတ်"

"ဟာကွာ တကယ်မမုန်းရဘူး၊ အဲဒါ ချစ်လို့စတာလို့ ခေါ်တယ်"

"ဘာချစ်တာလဲ၊ ရှင့်ကို မချစ်ဘူး၊ ပို့... အခုချက်ချင်း ပြန်ပို့ပေး"

"ကိုယ်ပို့ချင်မှ ဖြစ်တာပါ"

"ဘာ"

"မင်းကို အခု ကားတင်ပြေးလို့ရတယ်၊ အဲဒါဘော နားလည်ရဲ့လား"

"ပြေးကြည့်ပါလား၊ သံစဉ် တအားအော်မှာပေါ့"

"ဟား ဟား"

မျက်ရည်စလေးတွေ မခြောက်တခြောက်နှင့် သံစဉ်ကို ကြည့်၍ ရဲက ရယ်ပြီးရင်းရယ်လျက်...

"ရည်းစားနဲ့ရုပ်ရှင်ကြည့်တာများ အိပ်ပျော်သွားရသလား၊ ဘေးမှာ ဒီကောင်က ငုတ်တုတ်ကြီးထိုင်ပြီး ဘာလုပ်ရမလဲ"

"ရုပ်ရှင်ကြည့်နေပေါ့၊ ဘယ်သူက စပြီး မချော့တဲ့နေတာလဲ၊ ကိုရဲ စကားမပြောတဲ့နေလို့ သံစဉ် ဒေါသဖြစ်ပြီး အိပ်ပျော်သွားတာ"

"သြော်...သြော် ဒေါသဖြစ်ရင် အိပ်ပျော်တတ်တယ်လား၊ မှတ်ထားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှတ်တာလဲ"

"မှတ်ထားသင့်တာပေါ့၊ ဒါက ရုပ်ရှင်ရုံမို့လို့၊ ဒီပြင်နေရာမှာဆို မင်
ကိုယ့်ဘေးမှာ အဲဒီလို ဖွံ့ဖွံ့ညက်ညက်လေးအိပ်ပျော်နေရင် လုံးဝချမ်းသာ
မပေးဘူး"

"အယ်... ကြည့်စမ်း"

"ဟုတ်တယ်လေ၊ ဘာလဲ လူရမ်းကားလို့ ပြောချင်သေးလို့လား
ဒီကောင်က အစကတည်းက လူကောင်းမဟုတ်ဘူးပြောထားတာ"

"ယုံတယ် ယုံတယ်၊ နောက် ဘယ်တော့မှမလိုက်ဘူး"

"ဘယ်ကိုလဲ"

"ဘယ်ခေါ်ခေါ် မလိုက်ဘူး"

"အဲလို ရမယ်ထင်လို့လား"

ပြောလိုက်တာက တခြား၊ သံစဉ် ဘယ်လိုမှ မထင်မှတ်ဘဲ ရှိစေ
အနားကို ဖျတ်ခနဲကပ်ပြီး ပါးလေးတစ်ဖက်ကို နမ်းပစ်လိုက်သည်။

"ကိုရဲ"

ပါးကို ယောင်ရမ်းကာအုပ်မိကာ သံစဉ် တုန်သွားတော့ သူက ပြ
လိုက်ပြီး...

"မကျေနပ်ဘူးလား၊ အလျော်ပြန်ပေးမယ်"

"သွား"

သံစဉ် တစ်ဖက်လှည့်ပစ်တော့ လက်ဖဝါးလေးတစ်ဖက်ကို ပြန်ဆွဲ
ယူကာ...

"အရမ်းချစ်ဖို့ကောင်းတာပဲ သံစဉ်၊ ဖြူနေတာလေးကို ကိုယ် စိတ်
ဆိုးလို့မရဘူး"

စိတ်ဆိုးလို့မရဘူးဆိုပြီးတော့ သံစဉ်ကို အရှက်ကွဲအောင်လုပ်ပြ





သူ တုံ့ပြန်ခဲ့တာသည် ဟုတ်ဘူးလား၊ မကျေနပ်သေးဘဲ သံစဉ် မျိုသိပ်ခဲ့ရ
သည်။

နောက် ဘယ်တော့မှ မသွားတော့ဘူးလို့လည်း ဆုံးဖြတ်လိုက်မိ
သည်။ သူ့ရှေ့ရောက်ပြီဆို သံစဉ် ဘာမှ လွန်ဆန်လို့မရခဲ့တာကို လန့်
နေသလိုလို။

ပြီးတော့ မေမေဆုံလျှင် သံစဉ် နောက်ထပ် ဘယ်လို ညာရမလဲ...။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ဘာတဲ့လဲ ကိုကျော်"

ဦးကျော်ဇင်မက ဖုန်းကို အင်္ဂါဖဲပြန်ယည့်ပြီးမှ မကြည်မလ
မျက်နှာနှင့်...

"မလာနိုင်ဘူးတဲ့"

ပြောပြီး ဆံပင်သပ်၍ ပြတင်းပေါက်နားမှာ သွားရပ်သည်။ ဒီမိန့်
ရယ်၊ ဒီတစ်ယောက်နဲ့ သူ့ဘဝကို ဘယ်လို စုစည်းပုံဖော်ရမှန်းပင် မ
တော့ပေ။

မိသားစုလို စည်းလုံးချင်တာမျိုးတော့မဟုတ်ပါ။ သူဟာ လူ
မဟုတ်ပေမယ့် အလွန်မြင့်မြတ်သည့်ယောက်ျားစာရင်း မဝင်နိုင်
လည်း သေချာသည်။

ဒါပေမယ့် တစ်အိမ်တည်းမှာနေပြီး ဒီလောက်ထိ အေးစက်
ပြတ်တောက်နေပုံကြီးကတော့ ဖြစ်သင့်တာထက် အများကြီး လွန်
နေသည်ဟု ထင်သည်။





မယားပါသားနဲ့ပထွေးဆိုတဲ့ကြားက ခြားနားမှုဟာ ဆိုးရွားပေမယ့်
ဘက်ကဆိုးဆိုးရွားရွားရက်စက်ခဲ့ဖူးခြင်းမရှိတာလည်းသေချာသည်။
ဒီဘက်ပြန်ကြည့်တော့လည်း သူနှင့် ရဲတို့နှစ်ယောက်ကြားမှာ
ဆိုသွေးထိုးနေမည့်သူမဟုတ်သော ပိုးကို ဘယ်လို အပြစ်တင်မလဲ။
ဒါ...

ဤသို့ဖြစ်ရခြင်းများဟာ ဒီကောင်လေးကိုယ်တိုင် သူ့သမိုင်း သူ
နခြင်းပဲဖြစ်သည်ဟု အဖြေထွက်၏။

ယင်ယင်ကတည်းက ဂျစ်တိဂျစ်ကန်၊ ပြောရင် နားမထောင်၊ ထင်ရာ
ဒ်ဆို ဘာမှဂရုမစိုက်။ 'ငါ့ရှာကျွေးတာစားပြီး မင်းအေးအေးဆေး
နေပါ'လို့ ဆုံးမလိုက်ပြီးသည့်နောက်မှာ သူ့ဟာသူ သုံးနိုင်ဖြုန်းနိုင်ဖို့
င်လှုပ်ရှားလာ၏။

ပေါင်းလိုက်သင်းလိုက်သမျှ သူငယ်ချင်းတွေဆိုတာလည်း သူနှင့်
ာ်တူ၊ အလိုက်တူတွေ။ ခုလည်း သူ RU အီလက်ထရွန်းနစ်မှာ
ာ်လုပ်နေပြန်သည်ဟု ကြားထားသည်။

န်းဆက်တော့လည်း သူ ရှိနေသည်။ ဒီမှာ အင်ဗာတာမှာ မီးနို
်ပြနေတာ ဘာဖြစ်မှန်းမသိလို့ သူ့ကို ဖုန်းဆက်ခေါ်မိသည်။

"ကျွန်တော် မလာနိုင်ဘူး ဦးကျော်၊ ဒီမှာ အလုပ်တွေများနေလို့"

ဒ်ဆို တခြားတစ်ယောက်ယောက်ကို လွှတ်လိုက်ဖို့ ပြောတော့..

"ဘယ်သူမှ လာမှာမဟုတ်ဘူး၊ အဲဒီအင်ဗာတာဝယ်တဲ့ဆီမှာ
ြသိုက်၊ ဒါမှမဟုတ်ရင်လဲ ခေါ်လိုက်ပေါ့"

ြောပုံက ယဉ်သည်။ သူ့ပစ္စည်းနှင့်သူ ဆိုင်ပြရမှန်းတော့ သူပြော



www.burmeseclassic.com

ကိုယ့်သားသမီးတစ်ယောက်လုံး ဒါကိုနားလည်လျက်နှင့် တကယ်
ဆို လာမကြည့်သင့်ဘူးလား။ ဦးကျော်ဇင် ကြိတ်မှိတ်တွေရင်း မျိုသိ
နေရသည့် သက်ပြင်းမောကြီးချသည်။

မဖြစ်သင့်တာတွေ၊ မလုပ်သင့်တာတွေ ရဲဆိုတဲ့ကောင် ဘာတွေ
လုပ်လုပ်၊ ဘာတွေဖြစ်ဖြစ် သည်းခံနေရတာက သူပဲ ဖြစ်သည်။

ကားတွေ ဘယ်မှာတိုက်လာတိုက်လာ သူပဲလိုက်ရသည်။ နော
ထပ် ဘယ်ကားယူသွားသွား မယူနဲ့ မမောင်းနဲ့လို့ သူ မပြောနိုင်။

ကြောက်လို့မဟုတ်ပါ။ ချစ်လို့ပဲဖြစ်သည်၊ ပိုးကို သူ မပစ်နိုင်သ
ဒီဝဋ်ကြွေးက ဘယ်သောအခါမှ ကျွတ်လွတ်ဖို့ မရှိပေ။ သူ ဒေါ်ပိုး
ဘက်ကို ခပ်ဖြည်းဖြည်း ငုံ့ကြည့်၍..

"ပိုး... မင်းသား ဂရုမစိုက်တာက နားရင်းအုပ်ခံရတာထက်
တယ်နော်၊ ကြာလေ ဆိုးလေပဲ။ တကယ်ဆိုရင် ကိုယ့်ကို သူ ဘယ်လို
သဘောထားထား မင်းရှိနေတာကို မမေ့သင့်ဘူး"

"မိဘလို သဘောမထားဘူးလို့ ပြောချင်တာလား ကိုကျော်"

"ဒီသဘောတော့ ဒီသဘောပဲ၊ ဒါပေမယ့် မရှိသေးရင်နေလေ မ
ကားသင့်တာကို ပြောတာ၊ အခု မင်းသားလုပ်ပုံက စော်ကားနေတာ

"ဟွန်း"

ဒေါ်ပိုးဥက ပန်းအိုးကလေးကို ရေလဲပြီး ပန်းတွေအဆင်သင့်လ
ရှိနေလျက်နှင့် အိုးထဲမှာမထိုးသေးဘဲ စားပွဲဘေးမှာ ဒူးထောက်
နေရာကနေ ထရပ်လိုက်၏။

ပြီးတော့ ဦးကျော်ဇင့်ဘေးကို လျှောက်သွားကာ..

"စော်ကားတာတော့နေအောင် တမင်တကာ မွေးထားတာလို့
မထင်ဘူးလား ကိုကျော်"





"ဟင်..."

ဒေါ်ပိုးဥက မှဲ့ဖြူးတွေ၊ လှောင်ပြုံးတွေကို စွန့်လွှတ်၍ မျက်ဝန်းများ
တစ်နေရာတည်းမှာပဲ စူးစိုက်ချထားပြီး...

"ရှင့်ရင်ထဲမှာ ငရဲနဲ့ကျွန်မအပေါ် နားမလည်ခြင်းတွေ၊ မခံရပ်နိုင်
ခြင်းတွေနဲ့ အချိန်ပြည့် လုံးထွေးနေတာ ကျွန်မ သိတယ်၊ ကျွန်မအတွက်
ဘာမှမဆန်းတာတွေကို ရှင်က အထူးတဆန်းကြီး ဖြစ်နေတာကိုး"

"မဟုတ်ဘူးလေ၊ အထူးတဆန်းကြီးဖြစ်ရတာက..."

"ကျွန်မ သိတယ်"

သူ စကားမဆုံးခင် ဒေါ်ပိုးဥက ပိတ်ပြောသည်။

"တကယ်ဆိုရင် ရှင့်ဘက်က ပျော်ရွှင်သင့်တာ"

"ဘယ်လို"

"ဟုတ်တယ်"

ဒေါ်ပိုးဥက သူနဲ့ မျက်နှာချင်းဆိုင်နေရာမှာ လာရပ်ပြီး မျက်ဝန်း
ဆုံကြည့်သည်။

"ရှင့်ကို ကျွန်မ လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တာဟာ ပထမ အချက်
ရှင်ဟာ လူကောင်းတစ်ယောက်မဟုတ်လို့ပဲ"

ဦးကျော်ဇင် မျက်မှောင်ကြုတ်သွားမိ၏။ ဒီမိန်းမ ဘာတွေပြောနေ
ပဲ နားလည်ဖို့ကြိုးစားရင်း ရှုပ်လာသည်။ ဒီအသက်ဒီအရွယ်
ယောမှ မကြားဖူး၊ မကြုံဖူးတာလည်း မရှိတော့ပါ။ လိုက်လို့မမီ
ောင် ရှုပ်ထွေးမြင့်မားနေသည့် အဖြစ်အပျက်၊ ပဟေဠိဆိုတာဖော
လား။

သူ့ဦးနှောက်တွေ ပါဝါလျော့ကုန်လို့လား၊ ဒါမှမဟုတ် ဒီမိန်းမ
ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပိုးဦးကတော့ ပြည့်သိပ်သောခံစားချက်များနှင့် မျက်ဝန်းတို့ကို သေးသို့လွှဲစိုက်ချလိုက်ပြန်ကာ...

"ဒုတိယအချက်က ငါ့ရဲ့အတွက် လိုအပ်နေတဲ့ ပထွေးနေရာမှာ ရှင်သာ အသင့်တော်ဆုံးမို့လို့၊ ဒါပေမယ့် ရှင်က မကောင်း ဘူးဆိုတဲ့ ဘက်မှာ ရှိပေမယ့် မဆိုးဘူးဖြစ်နေတော့ အံမဝင်ခွင်မကျတွေ ဖြစ်ကုန် တာပေါ့"

"မင်း ဘာတွေပြောနေတာလဲ ပိုး၊ မင်းအတွက် ငါက ဘယ်လိုလူ ဖြစ်သင့်တာလဲ"

"ကျွန်မအတွက် မလိုဘူးလို့ ပြောပြီးပြီပဲ ကိုကျော်၊ ရှင့်ကို ငါ့ရဲ့ အတွက်ပဲ ကျွန်မ ရွေးခဲ့တာ၊ သူများအိမ်မှာ အိမ်ဖော်တောင်လုပ်ခဲ့ဖူးတဲ့ မိန်းမအတွက် ဆင်းရဲခြင်းဆိုတာ အဆန်းမှမဟုတ်ဘဲ၊ ရှင့်ကို အားကိုး ချင်လွန်းလို့ လက်ထပ်ခဲ့တယ်လို့ ထင်လား"

"ထင်ခဲ့ဖူးတယ်၊ ဒါပေမယ့် ခု ဇဝေဇဝါတွေဖြစ်ကုန်ပြီ၊ မင်းရင်ထဲမှာ ငါ ငြိငြင်သွားမှာလဲ မကြောက်ဘူး၊ ငါ ထားခဲ့လို့ ဒုက္ခရောက်မှာလဲ ဂရုစိုက်နေတဲ့ပုံ မရှိဘူး၊ နောက်ပြောပါ၊ မင်းတို့သားအမိရဲ့ ပဟေဠိတွေ ငါ စိတ်ဝင်စားတယ်"

ဒေါ်ပိုးဦးက ခြောက်ကပ်ကပ်ရယ်ပြီး စားပွဲဆီကို ပြန်လျှောက် သွား၏။ သူမ ဒီတိုင်းချထားခဲ့သည့် ပန်းငါးပွင့်ကို ရိုးတံများမှစုကိုင်ပြီး ဆေးကြောရေဖြည့်ထားခဲ့သည့် ပန်းအိုးကလေးထဲမှာ စုပြုထိုးစိုက် လိုက်သည်။ ပြီးတော့ တစ်ချက်မှမပြုပြင်၊ ပြန်မကြည့်တော့ဘဲ ခါးမတ် မတ် ပြန်ရပ်၍ သူ့ဘက်လှည့်သည်။

"ကျွန်မဘဝမှာ အလှအပ ကဗျာ တစ်ခုမှ မရှိခဲ့ဘူး ကိုကျော် အဲဒီအတွက် ကျွန်မရင်ထဲမှာလဲ ကဗျာမရှိဘူး"





ယုံပါတယ်ဟု မပြောဖြစ်ပါ။ ဦးကျော်ဇင်မျက်ဝန်းများက ငိုက် ဘချို့၊ ထောင်တချို့နှင့် ဖရိုဖရဲ မလှမပ ကျန်ခဲ့သည့် ပန်းအိုးလေးနှင့် န်းတို့အဖြစ်မှာ ငြိတွယ်နေလျက် တိတ်ဆိတ်စွာ နေခဲ့သည်။

"မွေးလာပြီဆိုကတည်းက အစိမ့်ဟာယမ်းမဲ့တဲ့ဘဝထဲမှာ ရှင်သန်ခဲ့ရ တယ်၊ တစ်ချိန်လုံး နိမ့်ကျခဲ့ရတဲ့ဘဝနဲ့ ဘာပြောပြော မမှန်တဲ့ဘက်မှာ နေရတဲ့မိန်းမ၊ ဘာလုပ်လုပ် အမှားတွေချည်းပဲဖြစ်ခဲ့တဲ့သူ၊ တိမ်ညွှန့် းပြီး မွေးဖွားခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ ခြေဖဝါးအောက်မှာ ကျွန်မ တော့ နင်းပြား"

အရွယ်တင်နုပျိုဆဲရှိသေးသည့် ဒေါ်ပိုးဦးမျက်ဝန်းမှာ မျက်ရည် ကြည်တွေ လဲ့လာသည်။

"ကျွန်မတစ်သက်မှာ လိုချင်တောင့်တဆုံးအရာဟာ ချမ်းသာခြင်း ဟုတ်ဘူး၊ အချစ်တွေ၊ ရင်ခုန်တာတွေလဲ မဟုတ်ဘူး။ အဲဒီတစ်ခုကို ရင် ကျွန်မတစ်ဘဝလုံး ခြောက်သွေ့ပူလောင်ခဲ့သမျှတွေ ပြီးပြီပဲ"

"အဲဒါ ဘာလဲ ပိုး၊ ငါ မသိရဘူးလား၊ ငါ့မှာ သိခွင့်မရှိဘူးလား။ င်းရင်ထဲက လိုလားတောင့်တတဲ့လူမျိုး ငါ မဟုတ်ခဲ့ဘူး ဆိုရင်တောင် းအပေါ်မှာ ငါ အများကြီးကောင်းခဲ့တာပါ၊ ငါ ပေးဆပ်ခဲ့ရတာတွေကို ယုံကြည်တယ်၊ မင်းက..."

"မြားပစ်တဲ့လူတိုင်းက မြားကို ဘယ်နေရာသွားဆိုပြီး ပြောဆို းစေလိုက်တာမှမဟုတ်တာ ကိုကျော်၊ သူ့ရဲ့လားရာကို ရှင် တစ်နေ့ တော့ သိရမှာပါ"

ဦးကျော်ဇင်မျက်နှာ မသိမသာ တင်းသွားသည်။ အင်ဗာတာပြင်ဖို့ ကာနေ အတိတ်ပဟောင်းရာသီတစ်ခုထဲမှာ ပိတ်မိသွားသလို သူ့ းအားလုံးက ထိုရာသီအပြင် ဘက်ကိုမှ မမြင်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"လားရာကို မသိပေမယ့် အဲဒီမြားတစ်စင်းဟာ ငရဲ ဖြစ်လိမ့်မယ်လို့ ထင်တာကော မှန်ရဲ့လား"

ဒေါ်ပိုးဥက ခေါင်းမညိတ်ပါ။ ငြင်းပယ်ခြင်းလည်းမပြု။

"ကြိုက်သလိုထင်ပါ"

"နေဦး၊ မေါ်ခွန်းက ရိုင်းသွားမယ်ဆိုရင်တော့ ကြိုတောင်းပန်ပါတယ်၊ ငရဲက မင်းရဲ့သား ဟုတ်ရဲ့လား"

ဒေါ်ပိုးဥ ဖျတ်ခနဲလှည့်ကြည့်သည်။ မျက်ဝန်းတို့မှာ မလိုလားသောဖူးလက်ခြင်းများဖြင့် ဦးကျော်ဇင်ကို စိုက်ကြည့်နေပြီးမှ..

"ကျွန်မသား မဟုတ်ဘူးလို့ ရှင် တွေးသွားသလား၊ ဟွန်း..."

ဒေါ်ပိုးဥ၏ရယ်သံက ငိုနေရင်း ရယ်နေတာနှင့်တူနေ၏။

"ကောင်းတယ်၊ ကျွန်မ ရင်နှီးစွန့်စားခဲ့ရကျိုးနပ်တယ်၊ ကျွန်မက အဲဒီအတိုင်းပဲ ဖြစ်ချင်ခဲ့တာ၊ ကိုယ့်ကိုယ်ကို တွေဝေမျော့ညှုံ့ခဲ့သလား ခဏခဏ တွေးမိခဲ့တာတွေ ခုမှ ကျေနပ်သွားတယ်၊ ငရဲကို ငရဲ ခေါ်ခဲ့တာကိုက ရက်စက်ချင်တာ၊ ကျွန်မဟာ ရက်စက်ပြတ်သားနိုင် တဲ့မိန်းမဖြစ်ဖို့ထက် ဘာမှ အရေးမကြီးဘူး"

ဒေါ်ပိုးဥ ပြန်ဖြေခဲ့တာ ဒါပါပဲ။ ဘာကိုမှ လိပ်ပတ်မလည်သေး သူ နှုတ်ဆိတ်နေခဲ့ရသည်။ ဒါပေမယ့် တစ်ခုကိုတော့ နားလည်သွား ခဲ့၏။ ထိုအရာသည်..

သူ မျှော်လင့်သော ဒေါ်ပိုးဥထံမှ နူးညံ့ခြင်းတစ်စုံတစ်ရာကို ဘယ် သောအခါမှ ရတော့မှာမဟုတ်သလို သူမရင်ထဲမှာ သူဟာ ဘယ်တုန်းကမှ အဓိကမဟုတ်ခဲ့သည့် အဖြစ်အတွက်..

ဖ ဖ ဖ





အခန်း (၁၉)

ပန်းရောင်ကန့်လန့်စင်းပါသည့် စပို့ရှပ်လက်ရှည်အဖြူနှင့် ဘောင်းဘီရှည်အဖြူက လွင်နေသည်။ အပေါ်ကနေ ချိုင်းပြတ် ခါးတို ဂျင်းဂျက်ကက်လေး ထပ်ဝတ်ထားသဖြင့် အသားဖြူသည့် ရဲတစ်ကိုယ်လုံး က ချောမှုန်နေသည်။

RU အီလက်ထရွန်းနစ်ရှေ့မှာ ရပ်နေသည့် ရဲကို မြင်သည်နှင့် ခွန်းက ကားကို သုံးလွှာအောက်ထပ်ရှေ့နားမှာ ရပ်ပစ်ခဲ့သည်။

"ရဲ..."

တစ်ဖက်ကိုသွားဖို့ပြင်နေသည့်ရဲက နောက်ပြန်လှည့်ကြည့်၏။

"ဘယ်သွားမလို့လဲ"

"မင်းကကော"

မေးပြီဆို ပြန်လှန်မေးခွန်းပဲ ရောက်လာတာကို သိပြီးသားမို့ ခွန်း သူပဲ စိတ်လျှော့ရသည်။

"မင်းကိုရှာနေတာ သုံးရက်၊ လေးရက်လောက်ရှိပြီ လက်ကိုင်ဖုန်း ဘာဖြစ်လို့ ပိတ်ထားတာလဲ"

"ခကိုင်တော့တာ"



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော်ဇင်နှင့် တစ်စုံတစ်ရာငြိခဲ့ပြီမှန်း တွေးမိကာ မင်းထွန်း ထိုကိစ္စကို ဆက်မမေးတော့ပါ။

"ငါလဲ ဖေဖေ့ပွဲရုံမှာ ဝင်ကူနေတာကွ၊ စိတ်ကောင်လေး ဝင်လ တာနဲ့ မင်းကိုမတွေ့တာနဲ့ ဒီမှာပဲဆိုတာ ငါသိတယ် ဟဲ ဟဲ"

ဟဲ ဟဲ ရယ်သံက ခတ်သိချင်းတွေမို့ လက်ထဲမှာ ရေလေးခန် ဆိုမှ လက်ကြောတင်းချင်ကြသည့်အထာကို ဖော်ကျူးလိုက်တာ

"ဘာလဲ ဟဲ ဟဲ"

အထာမှန်းသိပေမယ့် ရဲက မကြည့်။ မှုန်ကုတ်ကုန်မျက်နှာ သူ့ကိုကြည့်ကာ..

"ဘာလုပ်ဖို့ ငါ့ကိုရှာတာလဲ"

"မေးမလို့"

မင်းထွန်းက အထဲကို လှမ်းကြည့်လိုက်သေးသည်။ ပြီးမှ..

"ပြီးခဲ့တဲ့အပတ်ထဲမှာ မင်းနဲ့ ကောင်မလေးတစ်ယောက် ရုပ် တူတူကြည့်တယ်မဟုတ်လား"

"အဲဒါ ဘာဖြစ်လဲ"

"ထူးဆန်းလို့ပေါ့ကွ၊ မင်းပဲ သံယောဇဉ်မရှာဘူး ဆိုပြီးတော့ ဘာလဲ မင်း ဟိုတစ်ခါကြွေနေတဲ့ ရေခဲမုန့် အိပ်မက်လေးလား"

"မင်းထွန်း သွားစမ်းပါကွာ၊ ဒီမှာ ဖီးလ်နဲ့လူ မငြိရတဲ့အထဲ"

ပြောပြီး ရဲက အထဲကို လှမ်းဝင်သွား၏။ မင်းထွန်းကလည်း လို ဝင်လာသည်။

"ရဲရေ.."

အသက်ငယ်ငယ်နှင့် နဖူးပြောင်ကာ မျက်မှန်တပ်ထားရသ ကိုဝေက သူကို့ကို လှမ်းခေါ်၍..





"စတိုထဲ ခဏဝင်ပေးစမ်းပါကွာ၊ ခဲဆော်တဲ့ကောင် နိုင်းလိုက်တာ ဖြန်မလာဘူး။ အလုပ်က အရေးကြီးနေတာကွ၊ မင်း ဝင်လိုက်စမ်းပါ"

ရဲက လှည့်ကြည့်ပြီး ခေါင်းညိတ်သည်။ မင်းထွန်းက နောက်က ပါလာရင်း စတိုထဲမှာ ဖြစ်သလို စုထပ်ထားသည့် မီးအားမြှင့်စက်ဖုံးခွံ တွေကို လိုက်ကြည့်သည်။ အလုပ်သမားတွေက သူ့နေရာနှင့်သူ၊ သူ့ ဘာဝန်သူယူကြလျက် ဘယ်သူမှ ခေါင်းမဖော်ကြပေ။ အပြင်ဘက်မှာ တော့ ပြင်ဆင်ထုတ်လုပ်ပြီးသည့် မီးအားမြှင့်စက်တွေ၊ အင်ဗာတာတွေ အထပ်ထပ်ပြည့် ကာ RU အီလက်ထရွန်းနစ်ကြီးက တခမ်းတနားပါ။

အထဲမှာ တစ်မျိုးစီ၊ တစ်ခုစီ တပ်ဆင်လုပ်ကိုင်နေကြတာကို မြင် တော့ မျက်စိတွေလည်းရှုပ်၊ အထင်လည်းကြီးသွား၏။ ကျိုင်ပတ်သူက တ်၊ ခဲဆော်သည့်နေရာက သပ်သပ်၊ ဖောက်စက်ကိုကိုင်ကြည့်တော့ ရဲက သူ့ကို မော့ကြည့်ကာ..

"လျှောက်ကိုင်မနေနဲ့"

ဟု ခပ်တိုးတိုးပြောသည်။ ကိုယ့်သူငယ်ချင်းကို ဒီလိုတွေတတ်ထား မှန်းလည်းသိပေမယ့် ကျွမ်းကျင်အဆင့်ထိ ထင်မထားခဲ့သဖြင့် မင်းထွန်း က ရဲ လုပ်ကိုင်နေသမျှကို ထိုင်ကြည့်နေတာ တအံ့တဩ။

"ရဲ ဟိုကြေးကြိုးခွေတွေက တော်တော်လေးမှာပဲနော်၊ အချိန်နဲ့ ယ်ရတာလား၊ အခွေလိုက်လား"

"မှာရတာပေါ့၊ ဒီထဲက တုန်ကြမ်းအားလုံး ကုမ္ပဏီကြီးတွေမှာ ရတာ"

"ဩော်.. ဒါ ကုမ္ပဏီကြီး မဟုတ်သေးဘူးပေါ့"

"မင်း ဘာလုပ်မလို့လဲ၊ စေ့စေ့စပ်စပ်သိချင်ရင် အပြင်မှာ ဆော ပြောင်ရှိတယ် သွားမေး"



www.burmeseclassic.com

www.burmeseclassic.com



စောစောက ထိပ်ပြောင်ပြောင်ပုဂ္ဂိုလ်ကိုပြောတာမှန်း တွေးမိကာ မင်းထွန်း ပါးစပ်ပိတ်သွားသည်။ မဟုတ်ကဟုတ်ကစိတ်နှင့် စိတ်တိုင သည့်ရဲကို သေချာကြည့်လိုက်ပြီး...

"ကောင်မလေးနဲ့ မင်း အဆင်မပြေလို့လား"

ရဲက ဘာမှမပြော။ မင်းထွန်းက နားငြီးသည့်စကားသံတွေကြော နောက် နည်းနည်းဆုတ်လိုက်ကာ...

"မင်းကလဲ ဒါမျိုးက စိတ်ရှည်ရတယ်ကွ၊ ပြောပါဦး ဘာဖြစ်လို့လဲ"

"တွေ့ကိုမတွေ့တာ၊ စကြကတည်းက သူ့ဘက်က သိပ်ဖြစ်ခဲ့တာ မဟုတ်ဘူး"

"ဟင်... သူက မင်းကို မချစ်ဘူးလား၊ ချစ်သူတွေဆို"

"ဟုတ်တယ်၊ ဒါပေမယ့်..."

အလုပ်ကို ခဏရပ်ထားပြီး ရဲက မှုန်ကုတ်ကုတ်နှင့်ပဲ ပြောပြသည် နဂိုကတည်းက ပွနေသည့်ဆံပင်တွေကို ထိုးဖွလိုက်၊ ပြန်ဖိလိုက်နှင့် တော်တော်မကျေမနပ်ဖြစ်နေတာက သိသာသည်။

သို့သော် တော်တော့်ကြီး လွမ်းဖျားလွမ်းနာကျနေတာကလည် သိသာပါသည်။

မင်း ဝင့်လည်ပြီလို့ ပြောရအောင်ကလည်း ခက်နေသည်။ မိန် ကလေးတချို့ ငြီးချင်သလိုလိုဖြစ်ခဲ့ကြပေမယ့် ရဲက ဘာသိဘာသာ နေခဲ့တာ သူတို့အသိ။

ချစ်သွားပြီဆိုတော့လည်း မယုံနိုင်စရာပါလား။

"အဲဒါ တကယ်ထိချက်ပြင်းတယ်ကွာ ကိုယ့်ကိုယ်ကို ဘာကောင် မှန်းကို မသိတော့ဘူး၊ ငါက သူ့ရည်းစားလား၊ တစ် ဖက်သတ်ကြိုက် နေရတဲ့ကောင်လား"





"မင်းကလဲ"

"ဟုတ်တယ်လေ၊ တွေ့ရဖို့ ငါ ရင်တွေပူနေရတာ၊ လုံးပမ်းနေရ တာ၊ သူ့ကျတော့ ဘာမှမဖြစ်ဘူး"

"မင်း မြင်ရလို့လား"

"မြင်တာထက် သေချာတယ်၊ မင်း စဉ်းစားကြည့်ပါလား၊ ရုပ်ရှင် ကြည့်ကြတာ ခဏလေးကို အိပ်နိုင်သေးတယ်၊ ဟိုထိလဲ မကြိုက်၊ ဒီကိုင်လဲမကြိုက်၊ ဖုန်းဆက်တော့ သူ တစ်ခါမှ လာမကိုင်ဘူး"

"မင်းက သူ တားထားတာကို ဘာဖြစ်လို့ဆက်ကဲဟာလဲ၊ တော်ကြာ သူ့လူကြီးတွေက ယောက်ျားသံကြားပြီး..."

"ဘာသံမှမပေးဘူး၊ ငါပဲ တက်ခေါက်ရပ်ကျန်ခဲ့ရတာ"

"အိမ်သိတာပဲကွာ၊ သွား round ပါလား"

"တစ်နေ့တစ်ခေါက် အမြဲရောက်တယ်"

မင်းထွန်းလည်း စိတ်ညစ်သွားသည်။ ရဲက ကိုင်ထားသမျှ ကိရိယာ တွေကို ချထားလိုက်ပြီး စက်ခုံဘေးမှာ ပစ်ခတ်ထိုင်ချလိုက်၏။

"စွန့်စားတယ်ဆိုတာက နှစ်ယောက်စလုံး သတ္တိရှိမှ ဖြစ်တာကွ၊ အခုက ငါပဲတစ်ဖက်သတ်ကြီးဖြစ်နေရတာ၊ တစ်သက်မှာ ဒီတစ်ခါ ခံရ တာ အခက်ဆုံးပဲ"

"မင်းက မကျေမနပ်နဲ့ လှည့်ပြန်လိုက်တော့မလို့လား"

ရဲက ဆတ်ခနဲလှည့်ကြည့်ပြီး ကျွတ်ခနဲ စုတ်သပ်၏။ စိတ်ပျက်လို့ တက်ဘဲ တက်ခေါက်လိုက်တာမျိုးဖြစ်သည်။

"ဒီတစ်ခါတွေ့ရင် ဖွတ်ခိုးပြေးဖို့ စိတ်ကူးနေတာ၊ တကယ်တမ်း တာ ဘာစ်ဖက်သတ်ကြီးဖြစ်နေရပြီဆိုရင်လဲ ငါ ချစ်နေတဲ့မိန်းမကို ဝါ အောင်ယူမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလဲ ပြီးတာပဲကွာ၊ ကြိုးစားပေါ့၊ ဒီမှာ လိုအပ်ရင်..."

မင်းထွန်းက သူ့ရင်ဘတ်ကို ထုပြသည်။

"ဖုန်းတစ်ချက်ပဲ ဆက်"

"အခု ဘာလာလုပ်တာလဲ"

"ဘာမှမလုပ်ဘူး၊ ဒီရက်ပိုင်းမှာ ငါတို့ကောင်တွေ လှုပ်ရှားမှု နည် နေတော့ ရေခန်းနေတယ်လေ၊ ငါကတော့ ဖေဖေ့ကို အပီအပြင်ကူ လိုက်တာ မဆိုးဘူးကွ၊ မင်း အဆင်ပြေလား"

"ပြေပါတယ်"

"အေးပါ၊ မင်းက လက်မအားရင် ခေါင်းသုံးလို့ရတဲ့ကောင် ဆိုတေ သာတာပေါ့၊ မြန်မြန်လုပ်ကွာ တစ်ခုခု သွားစားမယ်"

ရဲမျက်လုံးတွေ အလုပ်ဆီ ပြန်ရောက်သွားသည်။ ဒါပေမယ့် စ ကိရိယာပစ္စည်းတွေကို စိတ်မဝင်စားဘဲ သံစဉ်မျက်နှာလေးကိုပဲ မြင် သည်။ မုန့်စားနေတာကိုပဲ မြင်ရတာတ်သည့် စိုအိနီတွေးသော နှုတ်ခ လေးကို သတိရနေမိ၏။ နမ်းဖူးလို့တော့မဟုတ်ပါ၊ ငေးဖူးခဲ့လို့ဖြစ်သည်

'မင်းနှုတ်ခမ်းတွေ ငါ ရေသောက်တိုင်းလွမ်းတယ်'

ဒါလည်း သီချင်းထဲမှာပါပဲ။





## အခန်း (၂၀)

"ဖေဖေ"

ဖေဖေ့အသံကြားသည် သံစဉ် မြောက်ခနဲ ခုန်ပစ်လိုက်မိသည်။ ...ဆီက ဖုန်းဆက်တိုင်း သံစဉ် အိပ်နေတာနှင့်ပဲကြုံကာ ဖေဖေ့ ...သံကို မကြားရတာ ကြာပါပြီ။

"ဖေဖေ ပြန်မလာသေးဘူးလားလို့"

"ပြန်လာမှာပေါ့ သမီးရယ်၊ ဒီမှာ အလုပ်ကိစ္စလေးတွေ မပြတ်သေး ...သမီး နေကောင်းရဲ့လား"

"မကောင်းဘူး"

"ဟင်..."

"ဖေဖေ့ကို လွမ်းနေတာလေ၊ အခု ဖေဖေ ဘယ်မှာလဲဟင်"

"ဖေဖေ...ဖေဖေ ရှမ်းပြည်နယ် တစ်နေရာက..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘာမြို့လဲ၊ ဘာနေရာလဲ၊ အခု ဖေဖေ ဖုန်းပြောနေတာ ဘယ်နေရာလဲ၊ ဖေဖေ့နားမှာ ဘာတွေရှိသလဲ၊ လှမ်းကြည့်လိုက်ရင် ရှုခင်းတွေကို ဘယ်လိုမြင်ရသလဲ"

"သမီးရယ်"

"ပြော သံစဉ်မျက်လုံးထဲမှာ ဖေဖေ့ကို မှန်းကြည့်လို့ရအောင် ပြောပါ ဖေဖေရဲ့"

"သမီး... သမီးဖေဖေဆီက ဖုန်းလာ၊ မေမေ့ကိုပေးစမ်း"

ဒေါ်ပဏ္ဍုမြားလှိုင် ပျာပျာသလဲရောက်လာပြီး တောင်းတော့ သံစဉ် က မပေးဘဲ ရှုံးကော့စ်ကို လှည့်ပတ်ပြေး၏။

"ဖေဖေ့ နောက်တစ်ခါဆို ဖေဖေ ဘယ်သွားသွား သံစဉ် လိုက်မှာ နော်၊ သံစဉ် သင်တန်းတွေ မတက်ရတော့ဘူးဆိုရင် ဒီတိုင်း မနေနိုင်ဘူး ဒါပဲ"

ကဲ ပြောတော့ဆိုပြီး လက်လျှော့ကာ ဒေါ်ပဏ္ဍုမြားလှိုင် ဆီဖုန်းပြန်လျှောက်သွားရသည်။ သားအဖ ဖုန်းပြောနေတာ မပြီးတော့ပေ။

သမီးလေး အဲဒီလို နိုက်နိုက်ချွတ်ချွတ်မေးတာတွေကြောင့် ဖအေ လုပ်သူက ဖုန်းဆက်တိုင်း သမီးနဲ့မတိုးအောင် ဂရုစိုက်ခဲ့ရှာသည်။ ခုကျ နကွ...။

"ဒါပဲ ဖေဖေ ဟုတ်...ဟုတ်ကဲ့၊ ဘိုင်... ဖေဖေ ကျန်းမာပါစေ"

ဖုန်းချလိုက်သံကြားတော့လည်း သက်ပြင်းမချအားခဲ့ပါ။ ချက်ချင်း ထမြည်လာသည့်ဖုန်းသံကြောင့် ဒေါ်ပဏ္ဍုမြားလှိုင် ထိုင်နေရာမှ သမင် လည်ပြန် ကြည့်လိုက်မိသည်။

ကိုကိုများ ငါနဲ့ စကားပြောချင်လို့ ထပ်ခေါ်တာလားဟု တွေးမိ သဖြင့် ထမလို ဖြစ်သွားသေးသည်။ ပြီးမှ မဟုတ်သေးပါဘူး ငါနဲ့ပြော





ချင်ရင် သမီးကို ခေါ်ခိုင်းမှာပေါ့ဟု တွေးဖြစ်ကာ သမီးကိုင်လိုက်တာကို အသွင့်နေလိုက်၏။

"ဟဲလို"

"သံစဉ် ကိုယ်ပါ"

"ဟင်..."

ဖုန်းကိုင်ထားရင်း မညာတတ်သည့်မျက်လုံးတွေက မေမေ့ဆီ ရောက်ခဲ့ရောက်သွားခဲ့သည်။ ကြောက်သလိုလို၊ ရှက်သလိုလိုနှင့် မတွေ့ ချင်စိတ်တွေ ဖြစ်နေတာက သပ်သပ်။

ရုပ်ရှင်ရုံထဲမှာ ရက်စက်ခဲ့တာကိုလည်း မကျေနပ်သေးပေ။ သို့ သော် သူ့ကို သံစဉ် လွမ်းပါသည်။ ရယ်လိုက်လျှင် ပိုချောသွားတတ် သည့်မျက်ဝန်းတွေကို သတိရ၏။ မထိတထိရိုပြီး မေးစင်းကြည့်တတ် သည့် မျက်တောင်ဖျားတွေကို သဘောကျသည်။

ပြီးတော့ ပခုံးနှစ်ဖက်ကျုံ့၍ ခပ်ကြိတ်ကြိတ်ရယ်တတ်သော သူ့ အသံကို မျက်နှာချင်းဆိုင်နေတုန်းကတော့ ဒေါသဖြစ်ခဲ့ရပြီး ကွယ် သွားတော့ လွမ်းနေမိ၏။

ဘာပဲဖြစ်ဖြစ် ဖုန်းထဲက သူ့အသံကို လိုလားနှစ်သက်ရင်းဖြင့် မေမေ့ကိုလည်းကြောက်ကာ...

"အဲ... ဟို ပြော...ပြောလေ"

"သံစဉ့်ကိုလွမ်းတယ်"

"အင်း...ဟို..."

"ကိုယ့်ကို မေ့နေလား"

"ဟင့်အင်း"

"တွေ့ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက..."

သံစဥ် ဆုံးအောင်မပြောလိုက်ရပါ။ မေမေက ဖုန်းကို ဆွဲယူပစ်လိုက်၏။ တစ်ဖက်ကလည်း ပြောင်းလဲသွားခြင်းကို သတိထားမိသွားပုံပေါ်ကာ အသံတိတ်သွားသည်။

ဒေါ်ပဒ္မာမြားလှိုင်က မျက်လုံးအဝိုင်းသားနှင့် တောင့်တောင့်လေးဖြစ်သွားသည့်သံစဥ်ကို ငုံ့ကြည့်ပြီး မဲ့လိုက်ကာ...

"ဟေ့... ဘာဖြစ်လို့တိတ်သွားတာလဲ၊ ဟိုနေ့တွေကလဲ ဖုန်းခေါ်ပြီး သံစဥ်မဟုတ်လို့ ပြန်ချသွားတာ မင်းပဲမဟုတ်လား"

ပြန်ဖြေခြင်းမရှိပါ။ ဒါပေမယ့် ဖုန်းတော့မချသေးပေ။

"မျိုးနဲ့ရိုးနဲ့ ဂုဏ်ရည်တူ၊ အဆင့်အတန်းတူဆိုရင်လဲ ပေါက်လွှတ်ပဲစား၊ ကလေကချေလို ခိုးကြောင်ခိုးဝှက် လုပ်မနေနဲ့ ပြောရဲရင်ပြောမင်း ဘယ်သူလဲ၊ ဘယ်သူ့သားလဲ"

ရယ်သံသဲ့သဲ့ထွက်လာသည်။ ဒေါ်ပဒ္မာမြားလှိုင် မျက်မှောင်ကြုတ်သွား၏။ ဒါ ရယ်စရာလား။

"ရည်းစားမထားရဲတဲ့ကောင်မလေးကို ကြိုက်ထားရလို့ ဖုန်းခိုးဆက်တာပါ၊ အဲဒါ ကလေကချေဆိုရင် အန်တီမှန်းတာ သိပ်တော်တာပဲလို့ ပြောရမှာပဲ"

"ဟင်..."

"ကျွန်တော်က ကလေကချေပါ"

"ဘာ..."

"အဖေက သေပြီး အမေက နောက်အိမ်ထောင်နဲ့လေ၊ ကျွန်တော့်ကိုတော့ အရပ်ကမွေးခဲ့ကြတာ၊ အလုပ်က ကြုံရာကျပန်း၊ တစ်ခါတလေ အလစ်သုတ်ပြီး ပြေးရလွှားရတာတွေ..."





"တောက်"

ဒေါ်ပဒ္မာမြားလှိုင် တက်ခေါက်ကာ ဖုန်းကို ဝွက်ခနဲချပစ်လိုက်၏။ ဘတ်တစ်ခုလုံးသည် အသက်ပြင်းပြင်းကြောင့် မောက်တက်လာ ိက်၊ နိမ့်ကျဝင်သွားလိုက်နှင့် လေးလေးကန်ကန် ကျပ်ကျပ်ခဲခဲကြီး ှားရှားနေသည်။

"သမီး"

ခေါ်သံက လှိုက်ခါနေလျက် သံစဥ်ရှေ့ကိုတိုးသွားရင်း ခွေကျသွား ာ့မတတ်ပင်။

"ညည်း... ညည်း ရည်းစားထားတတ်နေပြီပေါ့ ဟုတ်လား"

"မေမေ"

သံစဥ် ဘာမှလည်းမပြောတတ်ဘဲ ဒေါ်ပဒ္မာမြားလှိုင် ရှေ့တိုးလာ ာ့ နောက်ဆုတ်လိုက်မိသည်။

"ထားလိုက်တဲ့ကောင်က ကလေကချေ၊ လူရမ်းကား၊ ခွေးလို ာင်တတ်ပြီး တိရစ္ဆာန်လိုရိုင်းတဲ့ကောင်၊ ညည်း... ကဲဟယ်"

"အား..."

ဒေါ်သက ကရုဏာဒေါသပါ၊ ဒါပေမယ့် ဘာဆိုဘာမှမမြင်၊ အားရှိ သွဲ့ရိုက်ပစ်လိုက်သဖြင့် သံစဥ်ကိုယ်လေး လည်ထွက်သွားပြီးမှ ဲ ပစ်လဲ၏။

"သမီး... အမယ်လေး... ကလေး သေပါပြီကွယ်"

အမိုး ပြေးလာသည်။ သံစဥ်ကို ပွေ့ထူလိုက်တော့ သံစဥ်သည် က်ခေါက်လေးပါလာကာ ရုတ်တရက် ခေါ်လို့မရ။

"သမီး...သမီးလေး၊ ဖြစ်ရလေကွယ်"

င်ငယ်လေးကတည်းက သူမပဲ ချိုပိုးထိန်းကျောင်းခဲ့ရသည့်



www.burmeseclassic.com

www.burmeseclassic.com



ကလေးမို့ အမိုး မျက်ရည်တွေ ချက်ချင်း ဖြစ်ထွန်းလာသည်။

"စိတ်ကိုထိန်းပါဦး လှိုင်ရယ်၊ ကလေးက...ကလေးက... အို..
တော့ ကြမ်းကြမ်းတမ်းတမ်း မလုပ်သင့်ဘူးလို့ထင်တယ်ကွယ်"

မျက်ရည်တွေကို ပွတ်တိုက်သုတ်၍ သံစဉ့်မျက်နှာလေးကို
တွေ ဖယ်ရှားပွတ်သပ်ပေးကာ..

"သမီးလေး.. သမီးလေး သတိရပြီလား"

ခေါ်ရင်း အမိုး မျက်ရည်ကျလေသည်။ ဒေါ်ပဒ္မာမြားလှိုင်သ
ရိုက်ပစ်လိုက်သည့်လက်ဝါးကို ကျစ်ခဲနေအောင်ဆုပ်ထားကာ မျက်
လွှဲနေ၏။

"လာ..လာ သမီးလေး ထ၊ အခန်းထဲသွားနေလိုက်နော်၊
ဒေါသဖြစ်နေတုန်း ပြန်မပြောရဘူး"

ပွင့်လာသည့်မျက်ဝန်းလေးတွေမှာ မျက်ရည်တွေ ပြည့်တက်
ကာ မိခင်ဖြစ်သူကို မော့ကြည့်လိုက်သော ကြေကွဲမှုများက
တစ်ရာပြောတော့မှာကို သေချာစေခဲ့သဖြင့် အမိုးက ချော့မော့တွဲ
သည်။

"မေမေ သံစဉ်က..."

"လာပါ သမီးရယ်၊ မေမေ့ကို အမိုး ပြောပြမယ်၊ သမီး ပါးလေး
အမိုး ကြပ်ထုပ်ထိုးပေးမယ် နော်၊ လာ.."

သံစဉ် အင့်ခနဲရှိုက်သည်။ အမိုး အတင်းဆွဲခေါ်သည့်နောက်
ပါသွားသော်လည်း မေမေ့ကို မယုံနိုင်စွာ လည်ပင်လေးလိမ်၍
ကြည့်နေခဲ့မိသည်။

ပထမဆုံး မြင်ဖူးခဲ့ရသော မေမေ့ဒေါသတွေကို သံစဉ် ပါးတစ်
နှင့် ရင်းခဲ့ရသည်မို့ ဘယ်လိုမှ မြေသိမ့်လို့မရ။





အချစ်ဟာ ဘယ်လိုအရာမှန်း သေချာကွဲပြားမသိခဲ့သေးသော်
လည်း ပါးတစ်ဖက်မှာတော့ ကျိန်းစပ်ပူလောင်ခဲ့ရလျက် တရိပ်ရိပ် မှုး
နောက်ရီဝေနေခဲ့ပြီး...

ပင်လယ်ရေမချိုတာ ဘယ်သူ့မှာ အပြစ်ရှိသလဲ မေမေ။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"အဲဒါ မင်းမှားတယ် လှိုင်၊ သမီးကို ကိုယ်ထိလက်ရောက် လုပ်ပ
လိုက်တာ မင်း သိပ်မှားတယ်"

ရောက်ရောက်ချင်း ကြားရသည့်သတင်းက နားမချမ်းသာ၊ သ
က သူ့အမေကို စကားမပြောတဲ့နေသည်တဲ့။ ဘယ်လိုချော့ချော့ မရ
မအေဖြစ်သူက မျက်ရည်တစမ်းစမ်းနှင့်။

သူပြောလိုက်တော့ ခေါင်းတဆတ်ဆတ်ညိတ်ကာ ချုံးပွဲချ ငို
သည်။

"ဟုတ်ပါတယ် ကိုကို၊ လှိုင်...လှိုင် ဒေါသဖြစ်လွန်းလို့..."

"မင်းက ဒေါသကို ဖောက်ခွဲပစ်လိုက်တာ၊ ဒါ ဆုံးမတာမဟုတ်ဘူ

"ပြောပါ ကိုကိုရယ်၊ လှိုင့်မှာ အပြစ်ရှိပါတယ်၊ ရိုက်လိုက်ပြီးမှ သ
လေး သိပ်နာသွားပြီမှန်း သိတယ်၊ လက်က အဲဒီလောက် အတိုင်းအ
မရှိဖြစ်သွားမှန်းလဲ တကယ်မသိခဲ့ပါဘူး၊ သမီးပါးလေးမှာ သွေးခြ
ကျန်ခဲ့တော့မှ..."





ဦးစိန်ရွှေ ဆတ်ခနဲ ထရပ်လိုက်သဖြင့် ဒေါ်ပဒ္မာမြားလှိုက် စကား
ဆက်နိုင်။ သူမမှာ အပြစ်ကြီးနေသည်ကို ဒေါ်ပဒ္မာမြားလှိုင် သိသည်။
ဦးစိန်ရွှေဟာ သမီးလေးကို အသက်လောက်ချစ်သည်။ သနားစရာ
သမီးလေးမို့ ပိုချစ်ခဲ့သည်။ အလိုလိုက်ထားသင့်သည့်ကလေးမို့ တရား
ွန် အလိုလိုက်ထားခဲ့တာ ဖြစ်သည်။

ဒါကို နှစ်ရက်ကြာဘာတောင် ပါးပြင်မှာ သွေးခြည်ဥတင်ကျန်ခဲ့
အောင်ရိုက်ပစ်ခဲ့သော သူမအပေါ် ဘယ်လိုမှ ခွင့်လွှတ်မှာ မဟုတ်ဘူး
တာ သေချာနေသည်။

နီရဲမှုန်နေသော မျက်နှာကြီးနှင့် အမောမပြေနိုင်ဘဲ ညည့်ခန်းမှာ
ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

"ဒီကောင် ဘာကောင်ပဲဖြစ်ဖြစ် တို့ကလေးကို တို့ ဆုံးမနားချဖို့
ခွင့်အရေး ရှိသေးတယ်၊ ဖြားယောင်းသိမ်းသွင်းဖို့ ကြိုးစားနိုင်သေး
သယ်၊ နောက်ဆုံး ဘယ်လိုမှတားမရတော့ရင် ဒီလိုဒီအကြောင်းတွေ
နေတဲ့အကြောင်း ဖွင့်ပြောပြီးတားရမယ်၊ လူငယ်ဆိုတာတော့ စိတ်ရှိ
သတဲ့အတိုင်း မှားမှားမှန် မှန် ဖွတ်တိုးချင်တာ သဘာဝပဲ၊ ဘုံနှစ်ဆင့်
သာခံဆောင်ပေါ်က ဘုရင့်သမီးတော်တောင်မှ အောက်မှာ ချင်
ခင်ပမ်းဆီးသွားတဲ့ ခိုးသားကို ငုံ့ကြည့်မိပြီး ချစ်ကြိုက်သွားသေးတာ"

"ကိုကိုရယ် လှိုင်ကလေ ဖုန်းထဲက အဲဒီကောင်လေးကို မိုက်ရိုင်း
ဘာကို..."

"သမီးဆီမှာ မင်း ပေါက်ကွဲပစ်လိုက်တာလေ၊ အဲဒါ ရက်စက်လွန်း
ေါ့ မင်းကို ကိုယ် မထင်ခဲ့ဘူး"

"ကိုကို"

"သမီးက တခြားမိန်းကလေးတွေနဲ့ တန်းတူထားပြီး ဘ



www.burmeseclassic.com

www.burmeseclassic.com



ထိန်းချုပ်ရမယ့်ကလေးလား၊ မိခင်နေရာမှာနေပြီး မင်း မသိဘူးလား လှိုင်"

"ကိုကိုရယ်"

လှိုင်က သူ့ဆီကိုပြေးလာပြီး နောက်ကနေ ခါးကိုဖက်ထားလိုက်ကာ..

"လှိုင့်ကို ကြိုက်သလိုပြောပါ ကိုကို၊ နည်းလမ်းမကျတဲ့မိခင်ဆိုပြီး ကိုကို ကြိုက်သလိုအပြစ်ပေးပါ၊ သမီးလေးအပေါ်မှာ လှိုင်ထားတဲ့ မေတ္တာကိုတော့ မခွဲခြားပါနဲ့၊ မပုတ်ခတ်ပါနဲ့ ကိုကိုရယ်၊ သမီးလေးကို လှိုင် ဝမ်းနဲ့လွယ်မွေးခဲ့ရသလိုပဲ အသက်နဲ့ထပ်တူ ချစ်ခဲ့တာပါ"

ဦးစိန်ရွှေ တင်းထားသည့်မျက်နှာကို ပြန်လျှော့သည်။ ဖက်တွယ်ထားသည့် ဒေါ်ပဒ္မာမြားလှိုင်၏လက်တို့ကို ဖြေချလိုက်ပြီး ဆက်လျှောက်သွား၏။

"နောက်ကို ဆင်ခြင်ဖို့ပဲ သတိထားပါ၊ သူ့ဘဝလေး မပျက်စီးရအောင် ထိန်းချုပ်နေကြတဲ့အထဲမှာ နောက်ထပ် ရင်နာစရာတွေ ဘာမှ မရှိစေချင်ဘူး"

ဦးစိန်ရွှေက ဆိုဖာနောက်မှီမှာတင်ထားသည့် တိုက်ပုံအင်္ကျီကို လှမ်းယူပြီး အတွင်းကို ဝင်သွားလေသည်။ ဒေါ်ပဒ္မာမြားလှိုင် ရှိုက်သံ မစဲနိုင်သေး။

မမရယ်... သမီးလေးကို လှိုင် သိပ်ချစ်ခဲ့တာပါ။ လှိုင့်ရင်ထဲမှာလည်း၊ မမနဲ့အချိုးတူတဲ့မာနတွေရှိတယ်။

သမီးလေးကို မတန်မရာမုန်းလာတဲ့ကောင်ကြောင့် မခံနိုင်လွန်းလို့ ဖြစ်ခဲ့ရတာ လှိုင့်ကို ခွင့်လွှတ်ပါ။ ရင်ထဲမှာ စကားတွေဆိုရင် တောင်းပန်နေမိသည်။





တကယ်ဆို ဦးစိန်ရွှေဟာ အလွန်မာနကြီးသောယောကျ်ား ဖြစ်သည်။ သူ့ မာနကြီးတာက ဥစ္စာ၊ ပညာကြောင့်လည်း မဟုတ်၊ ရုပ်ချောလည်းမဟုတ်ပါ။

မိန်းမတစ်ယောက်အပေါ် ကြည့်သည့်မျက်လုံးတိုက ပျော်ဝင်ခြင်းနဲ့မဟုတ်တဲ့ မသက်ဆိုင်သလို မာကျောကျောပုံမျိုးဖြစ်သည်။ ပဒ္မာမြားလှိုင်နှင့် လူကြီးချင်းစေ့စပ်ကြတော့ ငြင်းလည်းမငြင်း၊ ပါလက်ပါလည်းမဟုတ်။ ပဒ္မာမြားလှိုင်ကတော့ သူ့ကို မြင်မြင်ချင်း သဘောကျခဲ့သည်။ ပြီးတော့ ကိုယ့်ဆုံးဖြတ်ချက်၊ ကိုယ့်အကြောင်းနဲ့ ယ်မို့ ကြာကြာအချိန်ဆွဲနေလျှင် စိန်ရွှေဆိုသည့်ပုဂ္ဂိုလ်က ဒီထက် မာသွားနိုင်တာမို့ လက်ထပ်ဖြစ်အောင် မြန်မြန်ကြိုးစားခဲ့၏။

တစ်ဖက်က အချစ်မပါခဲ့သည့်အိမ်ထောင်ရေးက သိပ်တော့ နွေး မှု မရှိခဲ့ပေ။ ဦးစိန်ရွှေ မာနကြီးတာကတစ်မျိုး၊ လှိုင် မာနကြီးတာ မောက်မာခြင်းစွက်၏။

လှိုင်က စိတ်ဓာတ်သာမက အပြောလည်းရိုင်းသည်။ ထမ်းခနဲဆို ပါတတ်သည်။ အိမ်ဖော်အလုပ်သမားတွေအထိ သဘောမကျ ရိုက်ချင်နှက်ချင်သည်။ ဦးစိန်ရွှေက မကြိုက်ပေ။ မကြိုက်လို့ ပြောတော့ အိမ်ဖော်ငယ်ငယ်နဲ့ဆိုလျှင် လှိုင်က မဟုတ်မဟတ်တွေ ပြီးနေခဲ့သည်။ မာနကြီးသည့်ယောကျ်ားမို့ ဦးစိန်ရွှေက ဘာမှမဖြေ

လှိုင် ပြောဆိုလာပြီဆို ဟုတ်သလိုလို၊ အရှုံးပေးသလိုလို နေလိုက် ၏။ မေတ္တာရေစက်က သမီးနဲ့ကျမှ ဆုံခဲ့သလားမသိ။ သမီး ကိုကျတော့ သည်းသည်းလှုပ်ချစ်ခဲ့သည်။

ပြင် အံ့သြစရာကောင်းတာ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



လှိုင် သွက်သွက်ခါ ရူးသွပ်သွားခဲ့သောအခါ ဦးစိန်ရွှေ၏ ကရုဏာတရားများက ယုံနိုင်ဖွယ်ပင်မရှိပေ။ လှိုင့်ကို ဂရုစိုက်သည်၊ ဘယ်လိုဖုကွဖြစ်ဖြစ် ခါးစည်းခံပြီး ပြုစု၏။

နောက်ဆုံး လှိုင့်ကြောင့် ခေါင်းကွဲထိပ်ပေါက်လည်း ဖြစ်ခဲ့ရသည်။

ဒါလည်း ပြုစုမပျက်ခဲ့ပေ။ လူကြီးတွေအစီအမံဖြင့် လှိုင့်ကို ပြင်ဦးလွင်သို့ ခွဲထုတ်ခေါ်သွားသည်အထိ ဝတ္တရားမပျက် ရှိခဲ့သည်။

မာနနှင့်သစ္စာတရားက ဖွားဖက်တော်လား၊ ဒါမှမဟုတ် ခေါသနဲ့မာနက မိတ်ဆွေလား၊ ချစ်ခြင်းမေတ္တာမှာ ဖွားဖက်တော် ရှိ မရှိတော့ သိချင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ပတ္တမြားလှိုင်နှင့် သန္တာလှိုင် ဆိုသော ညီအစ်မနှစ်ယောက်သည် ယောကျ်ားတစ်ယောက်အား တူညီသော ချစ်ခြင်းတို့ဖြင့် ထာဝရချစ်ခဲ့ကြရခြင်းအပေါ်မှာ ထိုသူ သိတတ် နားလည်စေချင်သည် ဖြစ်ရာ...

ဖ ဖ ဖ





## အခန်း (၂၂)

"ဒီမှာလေ သမီးကိုလိုချင်လို့ သမီးရဲ့မေမေ လာတောင်းရတာ" ဖေဖေ ပြောပြတော့ သံစဉ် ပြုံးလိုက်မိသည်။ ညောင်ပင်ကြီးနဲ့ ကူစိုးရုပ်တုကြီးက ကြွားရွှားအသက်ပါလှသည်။ ပူဇော်ပသထားကြ ည့် အလှူငွေတွေ၊ အမွေးတိုင်ငွေ့တွေ တငွေ့ငွေ့လှိုင်ထွက်နေ၏။ တော်တော်များများမှာ ဒီမှာပဲ ကလေး လာတောင်းတတ်ကြသလား တွေးမိကာ သံစဉ် ကိုယ့်အဖြစ်ကို လွမ်းသလိုလို စိတ်ဝင်စားမိ လိုလို။

ဒီဘက် ပြန်ကြည့်လိုက်တော့ ဖေဖေက ဟိုဘက် တန်ဆောင်းဆီ ကူးသွားနေတာတွေ့၏။ ဒီနေ့ မေမေမွေးနေ့ ဆိုတာ ဘုရားရောက်မှ ဖေက ပြောသည်။

ရွှေသက်န်းကပ်၊ ရေလှူ၊ ပန်းလှူ၊ အလှူငွေတွေထည့်ဝင်လျက် လုံးက ကြာသပတေးသားသမီးအတွက်ပဲ ဖြစ်သည်။ ဒါပေမယ့် မွေးနေ့က ဆယ်လပိုင်း ဆယ်ရက်နေ့ပဲဖြစ်၏။ အခုမှ ခုနစ်လပိုင်း ဆယ့်သုံးရက်။

သံစဉ်ပြောတော့ 'ဖေဖေက ခရီး ခဏခဏထွက်နေလို့ ကြိုလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတာ' ဟု ဖြေသည်။ ဒါဆို မေမေက ဘာဖြစ်လို့ လိုက်မလာတာလဲ၊ ဖေဖေ ပြန်ရောက်လာပြီးမှ သံစဉ် 'မေမေ့ကို ပြန်ခေါ်ခဲ့သည်။ အားလုံး အရင်အတိုင်းပဲ စိုပြည်နေခဲ့တာကို မေမေရယ်၊ ဖေဖေရယ် သံစဉ်နဲ့ အတူတူလာလည်းရတာပဲ။

ဖေဖေကတော့ တိုတိုတုတ်တုတ်ပဲဖြေပြီး လုပ်စရာရှိတာကိုပဲ သွက်လက်စွာ လှုပ်ရှားသွားခဲ့သည်။ ကြိုလုပ်တာ ဆိုပေမယ့် သံစဉ်လည်း မေမေ့အတွက် ဆုတွေတောင်းပေးခဲ့ပါသည်။ အိမ်ရောက်မှ မေမေ့အတွက် လက်ဆောင်တစ်ခုခုပေးဖို့ စဉ်းစားရဦးမည်။

ညောင်ပင်ရှေ့မှာ ငေးနေရင်း ဟိုဘက်တိုးဖို့ ခြေလှမ်းရွှေ့လိုက်တော့ လက်ကို တစ်စုံတစ်ယောက်က ဆွဲထားလိုက်ခြင်းခံရကာ..

"သံစဉ်"

လှည့်ကြည့်လိုက်တော့ ရဲ။

"ကိုရဲ"

သံစဉ်-သူ့ကိုမော့ကြည့်၍ လက်ကိုရုန်းဖို့ မေ့သွားစဉ် ရဲက နောက်လက်တစ်ဖက်နှင့် သူ့မလက်ကို ထပ်အုပ်ကိုင်ကာ..

"သတိရလိုက်တာကွာ၊ ကိုယ့်ကိုကော သတိရရဲ့လား"

"ကိုရဲ... ကိုရဲ ဟိုနေ့က မေမေ့ကို ဘာတွေပြောလိုက်တာလဲဟင်"

အနက်စင်းပါးပါးလေးတွေပါသည့် ရှက်အင်္ကျီအနီရဲနှင့်အပြုံင် ရဲ မျက်နှာက နီမြန်းသွားသည်။ နှုတ်ခမ်းနှစ်လွှာကို စေ့ပစ်လိုက်ပြီးမှ...

"ဆောရီးကွာ၊ အဲဒီလိုစော်ကားရင် မခံတတ်တဲ့ ကိုယ့်အကျင့်က နှုတ်မစောင့်ဘူး၊ အစကတည်းက ဒီတိုင်းပဲ၊ မင်းအမေကိုကျမှ တမင်ရိုင်းမိတာမဟုတ်ပါဘူး၊ ကိုယ့်တို့ချစ်ကြတာနဲ့ လူကြီးတွေကိုစွ မရောနဲ့ကွာနော်၊ သံစဉ့်ကို ကိုယ် သိပ်ချစ်တာယ်၊ ရုပ်ရှင်ကြည့်တဲ့နေ့က ကိုယ် အစ





…နှ်သွားတာကို သံစဉ် နာကြည်းပြီး မုန်းဖို့မေ့ဖို့တွေထိ စိတ်ပေါက် …မှာ တအားစိုးတာ၊ အဲဒါကြောင့် သံစဉ်နဲ့ စကားပြောချင်လို့ ဖုန်း …က်တာ၊ မင်းကို တောင်းပန်ချင်လို့ပါ"

သံစဉ် ဘာမှမပြောဘဲ သူ ပြောတာတွေကိုပဲ နားထောင်နေမိ …ည်။

"ကိုယ့်ကို စိတ်မဆိုးဘူးမဟုတ်လားဟင်၊ ပြောပါဦး သံစဉ်"

သံစဉ် ခေါင်းလေးခါပြလိုက်ပြီး မျက်လွှာချ၏။ မုန်းလို့မှ မရခဲ့ဘဲ၊ …တ်လွှာချလိုက်တော့ သံစဉ်တို့ ဆုပ်ကိုင်ထားသည့် သူ့လက်ခုံစောင်း …မှ ကြမ်းရှသောမွေးညင်းရိပ်ရိပ်ကို မြင်ရသည်။ လက်ချောင်းများ …ည် ဖြူနုသွယ်လျနေလျက် မွေးညင်းတွေမြင်ရသည့်လက်တို့က …ကျုံးပီသစွာ ကြည့်ကောင်းနေ၏။

သူနဲ့ထိတွေ့မိတိုင်း ရင်ခုန်တတ်လွန်းလို့ သံစဉ် ကြောက်လန့်ခဲ့ရ …ဟာ ရင်ခုန်သံတွေကိုပါ။ ထိုစဉ် စိတ်ထဲမှာ ဖေဖေ့ကို ဖျတ်ခနဲ …တိရကာ လက်ကို ကမန်းကတန်းရုန်းတော့ ရဲက ဖိကိုင်ထားသည်။

"ဖေဖေ မြင်သွားလိမ့်မယ် ကိုရဲ၊ ဟိုနေ့က ကိုရဲ ဖုန်းဆက်တုန်းက … သံစဉ် အရိုက်ခံရတယ်"

"ဟင်..."

ရဲ မျက်နှာ ကွက်ခနဲပျက်သွားသည်။ မျက်နှာလွှဲပစ်လိုက်ပြီး …တ် ခနဲစုတ်သပ်၏။ လက်ကိုလွှတ်ပေးလိုက်သည့်အချိန်မှာပဲ မလှမ်း …ခ်းသို့ ဦးစိန်ရွှေ ရောက်လာခဲ့လေသည်။

သံစဉ်က ဖေဖေ့ကိုမြင်လိုက်သည်နှင့် 'သွားတော့ ကိုရဲ၊ နောက် …ည်ကြည့်နဲ့နော်'လို့ တိုးတိုးလေးပြောကာ လှည့်ထွက်လာခဲ့၏။ …ဖြမပျက်အောင် ထိန်းလိုက်ရတာ သိပ်တော့မလွယ်။



www.burmeseclassic.com

ဦးစိန်ရွှေကတော့ ရဲကို မြင်လိုက်ရလေသည်။ အလွန်အမင်း ရှုံးနစ်စွဲထင်နေသော ဒေါသတွေက ကိုးမျက်နှာ၊ ထိုပုံရိပ်ကို ဘယ်နေရာမှာ တွေ့တွေ့ မမှတ်မိနိုင်ဖွယ်မရှိ။

သမီးနဲ့နီးနီးကပ်ကပ်လေးရပ်နေကြတာကိုမြင်လိုက်သဖြင့် မသက်သာ စိတ်က ကြီးမားစွာဖြစ်ထွန်းသွားခဲ့၏။

သို့သော် ဖအေတစ်ယောက်ဖြစ်နေသောကြောင့် ဘုရားပေါ်မှာ မရေရာသော ထိုကိစ္စမျိုးကို ဖွင့်မေးဖို့ကမသင့်တော်။

ဒီကောင် သမီးနဲ့လား၊ ဖြစ်နိုင်ခြေတွေရှိနေသော လိပ်ခဲတည်းလည်းစိတ်နဲ့ ဒေါသတွေ အလျှံတညီးညီး တောက်လောင်လာခဲ့သည်။ သေချာတွေးကြည့်လေ ဖြစ်နိုင်လေ။

"ဖုန်းထဲမှာ ဘယ်လောက်မိုက်ရိုင်းသလဲ ကိုကို စဉ်းစားကြည့်လေ၊ သူ့သမီးကို ငါ မတွေ့ရှိနေပါလားဆိုတဲ့ ရိုသေလေးစားမှုလေးတောင် မရှိဘူး"

လှိုင်ပြောတာတွေကို ပြန်တွေးမိရင်း ဦးစိန်ရွှေ အံကြိတ်မိသည်။

နောက်ဆုံး သူတောင်းစားနဲ့ဲဖြစ်ပါစေ သမီးလေးကို မတွေ့ မပျက်၊ ဒေါသမဖက်ဘဲ ချော့မော့ဖျောင်းဖျနိုင်သေးသည်။ ဒီကောင်နဲ့သာ တကယ်ဆိုလျှင်...

ဏ ဏ ဏ





အခန်း (၂၃)

စားပွဲပေါ်မှာ ငွေငါးသိန်းအုပ်က အစည်းလိုက်အတိုင်း ရှိနေ၏။ ...က စီးကရက်သောက်နေရင်း ဆိုဖာမှာ လျှော့ကိုလျှော့ရဲ မှီနေသည်။ ...ကလုံးတွေက ပိုက်ဆံတွေဆီ ရောက်သွားလိုက်၊ လေကားအဆင်း အတွင်းခန်းဆီကို ဝေ့သွားလိုက်နှင့် စိတ်မရှည်သော အမူအရာများ ...ည်း ဖြစ်လာသည်။

မင်းထွန်းနဲ့ထူးစံက"အပြင်ကိုသွားကြဖို့ ရဲကို လာစောင့်နေကြတာ ...သည်။ ရဲက မထသေးသဖြင့် သူတို့လည်း ထိုင်နေကြရသည်။ ထူးစံ ... ရဲ ကြည့်ကြည့်နေသည့်အတွင်းခန်းဆီကို လှမ်းကြည့်ကာ..

"မင်း ပိုက်ဆံအပ်ဖို့စောင့်နေတာကို မင်းအမေက သိလို့လားကွ" ရဲက ခေါင်းခါလိုက်ကာ..

"မသိဘူး၊ တစ်ခါမှလဲ မအပ်ဖူးပါဘူး။ ဒါပေမယ့် နောက်ဆိုရင် ...ယ်တိုင် ကားဝယ်ရောင်းလုပ်တော့မယ်၊ ကိုယ်ပိုင်စီးပွားရေးထောင်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ဒီအိမ်မှာလဲ နေဖြစ်မှာမဟုတ်တော့ဘူးလေ၊ ဒီငွေနဲ့ စပြီး အသိ
တဲ့သဘောပဲ"

ရဲက ငွေကိုကြည့်ကာ..

"နည်းပေမယ့် ငါ့အတွက်တော့ ဒီငွေက အစပျိုးခြင်းပဲလေ၊ အ
ကို အသိပေးမယ်၊ ခွဲထွက်မယ်"

"မင်းအမေက တားရင်ကော"

မေးလိုက်ပြီးမှ မင်းထွန်းက လက်ကာပြလိုက်ပြီး..

"ဒီလို စီးပွားထူထောင်တာက ဘားစရာဘော့မဟုတ်ဘူး၊ ဒီမှာမ
တဲ့ကိစ္စရယ်၊ ပြီးတော့ ဦးကျော်နဲ့အတူ မင်းကို လက်တွဲဖို့ဆန္ဒလဲ သူ့
ရှိချင်ရှိမှာ၊ ငါပြောတာက အဲဒါ.."

"ဘာမှရှိမှာမဟုတ်ပါဘူး၊ အမေ့ခေါင်းထဲမှာ ငါ့ရဲ့အနာဂတ် မရှိဘူ

"မဟုတ်ပါဘူးကွာ၊ အန်တီက အေးအေးဆေးဆေး နေတတ်တ
ပါ၊ ဒါမှမဟုတ်ရင် သူ့ရင်ထဲမှာ ဘယ်သူ့ကိုမှမပြောဘဲ မျိုသိပ်ထား
အကြောင်းတစ်စုံတစ်ရာလဲ ရှိချင်ရှိမှာပေါ့၊ သားသမီးကိုမချစ်တဲ့မိ
မရှိပါဘူး"

"မဝေဖန်နဲ့မင်းထွန်း၊ ကိုယ့်အလုပ်ကိုယ်လုပ်"

ပိတ်ပြောလိုက်ပြီး ရဲက စီးကရက်ကို ဖိရှိုက်မှာသည်။ ပြီးတော
ခပ်ပြင်းပြင်းမှုတ်ထုတ်ပြီး ပြာခွက်ထဲမှာ ထိုးချေပစ်လိုက်၏။

စေတနာနဲ့ပြောတာကို စော်ကားလိုက်သလိုကြီးမို့ မင်းထွ
မျက်နှာကြီး ရှုံ့တွသွားသည်။ သို့သော် ဒီလိုပဲ စော်ကားခံနေက
ခံလက်စနှင့် ခံနေခဲ့ရသည်။

ထုံးစံကတော့ လက်ရှိတင်းကျပ်နေသည့် စကားစုတွေထဲက ထွ
ဖို့ စဉ်းစားလိုက်မိကာ..





"မင်းက လုပ်ငန်းတွေဘာတွေ ခွဲတော့မှာဆိုတော့ ဘာလဲ ပန်းသံ
စဉ်နဲ့ အဆင်ပြေနေပြီလား၊ ဟိုနေ့ကပြောတော့ မပြောဘူးဆို"

ထုံးစံ စလိုက်မှာ မင်းထွန်းက သူ ပြောစရာရှိတာကို သတိရသွား
ကာ..

"ပန်းသံစဉ်ဆိုမှ သတိရတယ်ကွ ရဲ... မင်းရဲ့သံစဉ်ကို ငါ ဟိုလူကြီးနဲ့
အတူတူတွေ့လိုက်တယ်"

ရဲက မျက်ခုံးလှည့်ကြည့်သည်။ ညှော်ခန်းဆီကို ထွက်လာခဲ့သည့်
ဒေါ်ပိုးဥ ခြေလှမ်းတွေသည် ဒီဘက်သို့ မထွက်မိသေးဘဲ ထောင့်ကွယ်
လေးမှာတင် ရပ်တန့်သွားခဲ့၏။

"မင်းနဲ့ ဟိုအရင် ကားပျက်တုန်းက ငြိမိတဲ့လူကြီးလေ"

"ဆက်ပြော"

"သားအဖ ဖြစ်နိုင်တယ်ကွ၊ အဲဒီလူကြီးက ဆောက်လုပ်ရေး
လုပ်ငန်းပိုင်ရှင်၊ သူကိုယ်တိုင်က ဗိသုကာပညာရှင်တဲ့၊ နာမည်က အဲ
ဦးစိန်...ဦးစိန်ရွှေ ဟုတ်တယ်"

"ဦးစိန်လို့တော့ ခေါ်သံကြားလိုက်သားပဲ"

ရဲမျက်နှာ မည်းခနဲညိုသွား၏။ ခပ်ဖိဖိအံကြိတ်၍ မဲ့သည်။

"တကယ် သူ့အဖေ သေချာလား"

"သေချာသလောက်ပဲ၊ အဲဒါ မင်း ဘယ်လိုလုပ်မလဲ ဟိတ်ကောင်
ကတော့ မစသေးဘူး အဝါကတ်ပြနေပြီ"

"အနီကတ်ပြလဲ ဂရုမစိုက်ဘူး၊ ဒီလူကြီးနဲ့ရင်ဆိုင်ရမယ့်ပွဲကို ငါ
စိတ် ဝင်စားတာပေါ့၊ သေချာတယ် သံစဉ်ကို ငါ မရရအောင်ယူမှာ"

"မင်းကလဲ သံစဉ်ကိုလဲ ငဲ့ဖို့ စဉ်းစားဦး၊ သူ့ဘက်က သူ့အဖေနော်
မင်း ဒါကိုတော့ ဖယ်ထားလို့မရဘူး၊ သံစဉ်ကို မင်း မချစ်တာလဲမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ရေရှည် လက်တွဲသွားနိုင်ဖို့က ရှိသေးတယ်

"မဆိုင်ဘူး။ အချစ်ကအချစ်၊ မာနက တစ်လိုင်း။ သူ ငါနဲ့ လက်ထ

ရင် ငါနဲ့နေရမှာ၊ သူ့အဖေကို ဘာမှထည့်တွက်ဖို့ မလိုဘူး"

မင်းထွန်းက ခေါင်းကိုတွင်တွင်ယမ်း၍ သူ့ပခုံးကို လှမ်းထိုးသည်

"မိဘဆိုတာကို ထည့်မတွက်လို့ရမလား ရဲရ။ မင်းရဲ့ ဒဿနတေ

က မင်းရဲ့ဘဝထဲမှာပဲ မှန်မှာပေါ့။ ပြီးတော့ သံစဉ်က မင်းမှမင်း။ မရေ

သေမလိုဖြစ်နေတဲ့မိန်းကလေးမျိုး မဟုတ်ဘူး။ လောလောဆယ် သူ့က

မမြင်ရလို့ ပုရွက်ဆိတ်အုံပေါ် ဖင်ထိုင်မိသလိုဖြစ်နေတာက မင်း"

"အေးလေ၊ မင်းဟာမင်း ဒီလူကြီးနဲ့ ဘာတွေငြိခဲ့ငြိခဲ့ သူ့သမီးက

လိုချင်ရင်တော့ ပြင်သင့်တာပြင်၊ လျှော့သင့်တာလျှော့"

ထူးစံကလည်း ဝင်ပြောသည်။

"မပြင်ဘူး။ လျှော့ပေးလိုက်တာလဲ ငါ့ရာဇဝင်မှာ မရှိခဲ့ဘူး၊ ဘာ

မှန်းမသိဘဲ ငြိသွားခဲ့တဲ့ ဒီလူကြီးနဲ့ ငါ့ရဲ့ မောဟာမျှဉ်းကောက်တွေ

သူ့ပဲ စခဲ့တာ။ ငါ သူ့ကို တုံ့ပြန်ခဲ့တဲ့အတွက်လဲ သူ့ရင်ထဲမှာ အုံဖွဲ့နေမ

ပဲ၊ နောက်ထပ် သမီးရှင်ဆိုတဲ့ လောဘ၊ ဒေါသ ထပ်တက်လာဦးမယ

ဆိုရင် ငါ့အတွက်လာဖို့မှာ ကံကောင်းခြင်းလက်ဆောင်တွေ ဘယ်လို

မရှိနိုင်တော့ဘူး"

"ဒါဆိုရင် မင်းက အခန့်မသင့်လို့ သံစဉ်ကို စွန့်လွှတ်ရမယ် ဆိုရ

တောင်မှ..."

"စွန့်လွှတ်လိုက်ဖို့ အိပ်မက်ထဲမှာတောင် မမက်ဖူးဘူး"

ဖြစ်ရလေဟုသာ ညည်းလိုက်ချင်မိသည်။ မင်းထွန်းနှင့် ထူး

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြ၏။

အားလုံး၏ကွယ်ရာနေရာလေးမှရှိနေသည့် ဒေါ်ပိုးဥကတော





ကိတ်ဆိတ်စွာ ပြုံးနေခဲ့လေသည်။ မရည်ရွယ်ခဲ့ပါဘူး။

ကျွန်မ လုပ်ချင်တာကို လုပ်ခဲ့ပြီးပေမယ့် နောက်ထပ် ဤသို့ဖြစ်

အောင်ဆိုတဲ့ ရည်ရွယ်ချက်တွေ မရှိခဲ့ဘူးဆိုတာ ပြောရင် ယုံပါ့မလား။

ဟား ဟား ဟား။ သွားတွေပေါ်အောင် ရယ်သည်။ နံရံမှာ ကျော

ပ်မှေ့ရင်း ပခုံးတွေလှုပ်အောင်ရယ်၏။ ဒါပေမယ့် ရယ်သံက တိ

သက်သော ငိုညည်းသံနှင့် တူနေခဲ့သည်။

ရင်ထဲမှာ နှစ်ပေါင်းများစွာ မျိုသိပ်ကြိတ်မှိတ်ထားခဲ့တာတွေဟာ

နေ့ ဒီလိုတွေဖြစ်လာလျှင် ဤသို့ရယ်မောပစ်လိုက် ဖို့တော့မဟုတ်ခဲ့ပါ

။ ဒီလောက်ထိ တိုက်ဆိုင်စွာ သူမ ကံကောင်းနေခဲ့လိမ့်မည်ဟု

ကူးလည်း မယဉ်ခဲ့ဖူးပါ။

ခုတော့ မင်းနီရာများနှင့်သာ ပြည့်နှက်ခဲ့သည့် သူမ၏ ဘဝစာမျက်

ဘာ သပ်ရပ်လှပစွာ ရှိလာပေတော့မည်။

တစ်သက်လုံး ခေါင်းငုံ့ငိုကြွေးခဲ့ရသမျှ ပြုံးရယ်ကြည်နူးခြင်းဖြင့်

ဆုံးသတ်ခွင့်တွေ ရတော့မည်။

ဦးစိန်ရွှေ ကျွန်မ စိတ်တော့မကောင်းပါဘူး။ ဒါပေမယ့်...

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

မြင်ကွင်းက မသေသပ် မခမ်းနားပေ။ ရပ်ထားသည့် ကားကြ
တစ်စီးနားမှ လက်ညှိုးထိုးလှမ်းအော်နေသူတစ်ယောက်နှင့် ယောက်ျာ
ကိုင် ပိုက်ဆံအိတ်မည်းအရှည်ကြီးကိုပိုက်၍ ဒီဘက်တည့်တည့်သို့
ပြေးလွှားလာသူ နှစ်ယောက်။

မြင်လိုက်တာနှင့် ရဲ ခန့်မှန်းမိလိုက်သည်။ ကားပျက်သူကို ကူညီ
မလိုလို့နှင့် ပိုက်ဆံအိတ်လုပြေးသည့် အလွန်ရိုးစင်းသော အဖြစ်ပါပဲ

လမ်းမမဟုတ်၊ လမ်းကြားမဟုတ်ပေမယ့် လမ်းက လူမစည်ကား
သော ကားသွားကားလာနည်းသည့် ကျိုးတိုးကြဲတဲနေရာမျိုးဖြစ်သည်

အလစ်သမားကို ဆီးဖမ်းမည့်သူမရှိဘဲ နောက်က ပြေးလွှားလိုက်
လာသူ သုံးယောက်လောက်က မီအောင်လိုက်ပြေးနိုင်မည့်ပုံလည်း
မပေါ်ပါ။

အမှန်က ရှေ့ကနေဖြတ်ပိတ်ပြီး ကုပ်ပိုးစနှစ်စကို ဖမ်းဆွဲပစ်လိုက်
ရုံပဲ ရှိသော်လည်း...





ရဲ၏မျက်ဝန်းက ကားနှင့်လူကြီးဆီ ရူးခနဲရောက်သွားပြီး...

"ခင်ဗျားပဲကိုး"

တစ်ယောက်တည်း ဟွန်ဒခနဲမဲ့ကာ ကားကို အရှိန်လျှော့လိုက်
ယောက္ခမလောင်းကြီးမှန်း သိခဲ့ပြီမို့ အလစ်သမား ဖမ်းပေးပြီး
နှာလိုမျက်နှာရလုပ်ဖို့ မဟုတ်ပါ။

"ဟိတ် လာတက်ကြ"

ကားကို ရှေ့မှာမြင်ကာ အလုအယက်ရောင်ကွင်း ဖြတ်ကျော်ကြ
အလစ်သမားနှစ်ယောက်၏ ပြေးနှုန်းက ကားနောက်ပြီး ကျွမ်း
သတ်မရဘဲ ဒယီးဒယိုင်တွေ ဖြစ်ကုန်သည်။

ကြားများမှားသလားဆိုသည့် မျက်နှာများနှင့် လှည့်ကြည့်၏။
ရှေ့နောက်တွေမှာ လူတွေ ထွက်ပေါ်လာသဖြင့် တံခါးဖွင့်ပေး
သည့် ကားပေါ်သို့ ပြေးလွှားတက်လာကြသည်။ သူတို့တက်ပြီး
နှင့် ရဲက ကားကို အရှိန်ဆောင့်ထွက်လိုက်လေသည်။

ဘိုမှာ တက်သွားပြီ၊ သူတို့အချင်းချင်း ချိတ်ဆက်ထားကြတာ"
ခိန့်ရှေ့ လှမ်းအော်နေရင်း အနားရောက်လာသည့်ကားကို မြင်

ဘင်..."

ဘခမ်းအစုံက ဟင်ခနဲ ပွင့်သွားသည်။ သူ့ဘေးကျမှ ဘေးမှန်
လျှာခနဲကျသွားလျက် မချိမချဉ် မျက်နှာတစ်ခုက နီးကပ်စွာ...

ခင်..."

ညှိုးတည်တည့်ထိုး၍ ကြောင်ငေးကျန်ခဲ့သည်အထိ ဦးစိန်
ယောက်ယက်ခတ်သွားခဲ့သည်။ အလစ်သမားတွေနောက်
ကြသူတွေက ဟိုတစ်ဖက်မှာ ငေးကြောင်ကျန်ခဲ့ကြစဉ် ရဲက



www.burmeseclassic.com

www.burmeseclassic.com



ကားကို လွှန်သွားပြီးမှ ပြန်ဆုတ်သည်။

ဦးစိန်ရွှေ၏ကားနှင့် ဆန့်ကျင်ဘက်လားရာအတိုင်း တေ
ကလေး ရပ်လိုက်ပြီး...

"သူတို့ကို လွှတ်ရာကျွတ်ရာ ပို့ပေးလိုက်ဦးမယ်၊ နောက်တစ်
ရာမှာ ထပ်ဆုံကြတော့မှ ရှင်းကြတာပေါ့၊ ဖြစ်တယ်မဟုတ်လား"

"ဟုတ်ကောင်"

ဦးစိန်ရွှေ ကားနောက်ပင် ပြေးလိုက်မိလေသည်။ ဒီကောင် အ
သမားမဟုတ်ဘဲ သူ့ကို ပြုံးချက်နဲ့ သက်သက်လုပ်သွားတာ။

ကိုယ် ကျူးလွန်ပြောဆိုခဲ့မိတာ တစ်ခါတည်းရယ်၊ သူ ပြန်ပြီး
ပေးနေတာ ဘယ်နှစ်ခါရှိပြီလဲ၊ ဘယ်လောက်ဆိုးရွားသလဲ၊ ဘယ်
ဆက်ဦးမှာလဲ။

"တောက်"

အိတ်ထဲမှာပါသွားတာက ငွေရှစ်သိန်းတည်းပေမယ့် သမီးအ
ပစ္စည်းရွေးလာတာပါသည်။ ဒီပစ္စည်းတန်ဖိုးက သိန်းရာကျော်
သည်။ ဦးစိန်ရွှေ ကားထဲ ကပျာကယာပြန်ဝင်၍ လက်ကိုင်ဖုန်း
လိုက်၏။

ထိုနေရာမှာ လူတွေများပြားလာသော်လည်း...

ဖ ဖ ဖ





## အခန်း (၂၅)

"တော်တော် လူမဆန်တဲ့ကောင်"

ဟု ကြိမ်းဝါးရင်း ဖေဖေ့မျက်လုံးတွေက သံစဉ်ဘက်ကို ဝေ့လာ၏။
မှာ ဒိတ်ခနဲမြည်ကာ ဟန်ဆောင်မကောင်းသည့်မျက်လုံးတို့ကို
နဲ့မဆုံဖြစ်အောင် ရှောင်တိမ်းလိုက်ရသည်။

"ကားပြိုင်မောင်းနေကြတုန်းက အန္တရာယ်ရှိတာသိလို့ မနေနိုင်
နိုင် ဒီပါးစပ်က ကျားမြီးသွားဆွဲမိတယ်လေ၊ နောက်ပိုင်းမှာ ဒီ
င် ကိုယ့်ကိုပဲ အတိုက်အခံလုပ်နေတာ၊ အခု ပါသွားတာက နည်း
နောနောမဟုတ်ဘူး"

ဖေဖေက မေမေ့ကိုပြောနေတာပေမယ့် ပြောသမျှပုံစံက ကိုရဲနဲ့
တော်တူနေသဖြင့် သံစဉ် စိတ်မလုံပါ။ ဟိုအရင် ဘုရားမှာ ကိုရဲ
လာတုန်းကလည်း ဖေဖေ ကိုရဲကို မြင်လိုက်မှာပဲဆိုတာ သံစဉ်
သည်။ မမေးတာက ဖေဖေ တမင်တကာ မျိုသိပ်ထားတာလား။
မဟုတ် သံသယကို မဝင်ခဲ့လို့လား။ ကိုရဲကို လှမ်းကြည့်လိုက်
မျက်လုံးတွေကတော့ အမှတ်တမဲ့ကြည့်လိုက်တာ မဟုတ်နိုင်တာ
သည်။



www.burmeseclassic.com

www.burmeseclassic.com



သံစဉ် အနေရခက်နေဆဲမှာ ရဲစခန်းက ဖုန်းဝင်လာခဲ့၏။

"ဘာတဲ့လဲ ကိုကို"

ဒေါ်ပဒ္မာမြားလှိုင်က ဖုန်းကိုင်နေသည့် ဦးစိန်ရွှေနားကို ရောက်
ပြီး မေးသည်။ ဦးစိန်ရွှေက ဖုန်းကိုချ၍ ဆိုဖာပေါ်မှာ တင်ထားဆဲရှိသ
တံ့ကပ်ပုံအင်္ကျီကို လှမ်းယူလိုက်သည်။

"ပစ္စည်းတွေ ပြန်ရပြီ လာစစ်ပါတဲ့၊ ကိုယ် သွားလိုက်ဦးမယ်"

"ဟယ် ဝမ်းသာလိုက်တာ"

ဒေါ်ပဒ္မာမြားလှိုင် ဝမ်းသာအားရဖြစ်သွားသည်။ သံစဉ်လည်း
သက်ပြင်းချနိုင်တော့သည်။ သို့မဟုတ်လျှင် ပစ္စည်းဆုံးလို့ စိတ်ညစ်
ထက် ဖေဖေ့ဆူပူသံတွေကြားထဲမှာ သံစဉ် ဘာမဆိုင်ညာမဆိုင်
ညစ်နေရဦးမည်။

"ကိုကိုရယ် ခုနကပဲ အပြင်က ပြန်ရောက်တယ်"

"ရပါတယ်ကွာ၊ ဒါက ကိုယ့်ကိစ္စပဲဟာ၊ တော်ကြာ ကွန်မျ
ပြင်မယ့်လူတွေ ရောက်လာပေါ့မယ်၊ သမီးကို နည်းနည်းပါးပါး ရှ
ထားဦး"

"ဟုတ်ကဲ့ပါ"

သံစဉ်ကို ပြန်ကြည့်တော့ ဖအေ အပြင်ထွက်သွားတာကိုပဲ
ပြင်းလေးချလိုက်တာ မြင်၏။ ဒီကလေးမ...၊ သူ့အဖေ ထင်သလို
ဟုတ်နေသလား...။

ဒေါ်ပဒ္မာမြားလှိုင် ရင်ပူနေပါပြီ။ အများသူငါလို မွေးထားတဲ့က
ဆိုလျှင်တော့ ဒီလိုကိစ္စများမှာ မဟုတ်တရုတ် မှားယွင်းတော့
ထင်တာနှင့် သင့်တော်သလို နေရာချထားပေးလိုက်ရုံပဲ ဖြစ်
ခုတော့...





"သမီးလေး"

"ရှင် မေမေ"

ကိုကိုက မမေးရဘူးလို့ ပိတ်ထားပေမယ့် မျိုသိပ်မထားနိုင်တာနှင့်
ဒေါ်ပဒ္မာမြားလှိုင်က မေးဖို့ စသည်။

သံစဉ်က ကွန်ပျူတာတင်ထားသည့်စားပွဲပေါ်က စာရွက်စာတမ်း
တွေကို ရှင်းနေရင်း မော့မကြည့်ဘဲ ထူးတာဖြစ်သည်။

"သမီးဖေဖေနဲ့ အခု ခဏခဏ ပြဿနာတက်နေတဲ့ တစ်ယောက်
က သမီးနဲ့များ သိနေလား"

"ရှင်..."

သံစဉ် ချက်ချင်း မျက်နှာပျက်သွား၏။ လူကြီးမို့ ဒီလို မျက်လုံး
အားတွေကို သူခိုးဖမ်းသလို စိုက်ကြည့်ရင်း သံသယတွေ ပို၍ကြီးထွား
လာသည်။

"ဘုရားမှာ သမီးနဲ့ အဲဒီသူငယ် စကားပြောနေတာကို သမီး ဖေ
မြင်တယ်တဲ့"

"ဟင်...အို...မ...မဟုတ်တာ၊ ဘယ်သူနဲ့လဲ မပြောပါဘူး"

သံစဉ် ခေါင်းခါလျက် မျက်နှာကို ချက်ချင်း ငုံ့ချပစ်လိုက်သည်။
ဒေါ်ပဒ္မာမြားလှိုင်မျက်နှာ တင်းခနဲဖြစ်သွားလေသည်။ သူမ သိလိုက်ပြီ
ဖြစ်၏။

"သမီး"

နောက်ထပ် ရှေ့တိုးကာ စကားစလိုက်သည်နှင့် အပြင်ကနေ လူ
ခေါ်ဘဲလ်က မြည်လာ၏။

ဒေါ်ပဒ္မာမြားလှိုင် မျက်နှာကိုပြုပြင်ကာ အိမ်ရှေ့ကို အာရုံပြောင်း
လိုက်၏။ သို့သော် သမီးရည်းစားထားနေပြီဆိုသည့်အဖြစ်က ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကို အကြီးအကျယ် နှိပ်စက်နေလေသည်။

"အန်တီ ကျွန်တော်တို့က Sun အီလက်ထရွန်းနစ်ကပါ အန်ကယ် ဦးစိန်ရွှေ ဖုန်းဆက်ထားလို့"

"သြော်.. ဟုတ်ပါတယ်ကွယ်၊ မှာခဲ့ပါတယ်၊ ဝင်ပါ ဝင်ပါ"

လူရွယ်နှစ်ယောက်ကို ဒေါ်ပတ္တမြားလှိုင်က တံခါးဖွင့်နေရင်း ကြည့်သည်။ တစ်ယောက်က မြင့်မြင့်၊ ဆံပင်ရှည်ခပ်ပွပွကို နောက်မှာ စုစည်းထားပြီး အရောင်မွဲမွဲနှင့် နစ်ကီဦးထုပ်ကို ဆောင်းထား၏။ ဂျင်းဘောင်းဘီနှင့် ဂျက်ကပေါ်ဖြူဖပ်ဖပ်ကို အပြာရောင် အကောင်းစားစပို့ရှပ်ခံ၍ ဝတ်ထား၏။ ပြီးတော့ ဘောင်းဘီရှည်ကို ခြေသလုံးတစ်ဝက်လောက်ထိ ခေါက်တင်ထားသောကြောင့် နီရဲနေသည့် ခြေဖဝါးစောင်းများနှင့် အမွေးကြမ်းတချို့ ယှင်းနေသော ခြေသလုံးဖြူဖြူက ထင်းနေ၏။ထိုတစ်ယောက်ကို ဒေါ်ပတ္တမြားလှိုင် ခြေဆုံးခေါင်းဆုံးကြည့်၍ တံခါးကို ပြန်ပိတ်ထားလိုက်သည်။

နောက်တစ်ယောက်က ကြိုးသိုင်းအိတ်ရှည်နှင့် ခပ်ပုပုပဲ ဖြစ်ကာ သူလိုကိုယ်လိုပါပဲ။

"လာ.. လာ.. ဒီဘက်..ခန်းထဲမှာ"

ကွန်ပျူတာတွေရှည်း သုံးလုံးရှိနေသည့်အခန်းထဲကို ဦးဆောင်ခဲ့ရင်း သံစဉ် ဘယ်ရောက်သွားသလဲဟု ရှာမိသည်။

ခေါ်မည်ပြင်ပြီးမှ ဟိုတစ်ယောက်၏ပုံကို ပြန်သတိရကာ ဒေါ်ဖောကိုပဲ ခေါ်လိုက်တော့သည်။ ပုံစံက အရပ်မြင့်မြင့်၊ ရုပ်ကဖြောင့်သည်။

ဒေါ်ပတ္တမြားလှိုင်က ဒေါ်ဖောကိုပဲ အပ်၍..

"ဒေါ်ဖောရေ ကလေးတွေ လိုတာလေး နည်းနည်းထိုင်စောင့်ပြီး လုပ်ပေးလိုက်နော်၊ လှိုင် ရေချိုးချင်လို့"





"အေးပါ အေးပါ.. သွား"

ဒေါ်ဖောက ရပ်နေလိုက်၊ ထွက်သွားလိုက်နှင့် နောက်တစ်ခေါက်မှာ လက်ဖက်သုပ်ပွဲနှင့် ဓာတ်ဘူးလေး ယူလာသည်။

"လူလေးတို့ စားကြဦးကွယ့်၊ လုပ်လဲလုပ်ပေါ့"

"ဟုတ်ကဲ့ အဒေါ်၊ ရပါတယ်"

ပြင်နေသည့်တစ်ယောက်က ကွန်ပျူတာနားမှာ ထိုင်လျက် မတ်တတ်ရပ် ငုံ့ကြည့်နေသူက ဒေါ်ဖောကို လှည့်ကြည့်ကာ..

"ဒီမှာ မီးအားမြှင့်စက် သုံးသလား ဒေါ်လေး"

"ဟင်.. အဲ.."

အမိုးသည် ခပ်ဖိုင့်ဖိုင့် အမျိုးသမီးကြီးပါ။ ပုံစံကြည့်လိုက်တာနှင့် ..သစ္စည်းနှင့်ပတ်သက်ပြီး ဘာမှနားလည်မှာမဟုတ်တာ သိသာနေသည်။

"ဒါဆိုရင် မီးအား အဝင် ဘယ်လောက်လောက်ရှိသလဲ ဆိုတာပဲ ..ပါ"

ထပ်မေးတော့ ပိုဆိုး၏။

"အဲဒါလဲ အမိုးက မသိဘူး၊ နေဦး နေဦး ကလေးကို ခေါ်ပေးမယ် .."

အမိုးဟု သူ့ကိုယ်သူမ ပြောသည့် အမျိုးသမီးကြီး ထွက်သွား.. ရဲက ကြိတ်ပြုံးသည်။ နံရံတစ်ဖက်က ခြောက်ထပ် စင်မြင့်ကြီး ..တင်ထားသော မိသားစုဓာတ်ပုံကြီးတစ်ပုံဆီသို့ စူးခနဲ ကြည့်မိ ..နောက်ထပ်ရယ်သည်။

အဘယ်ကြောင့်ဆိုသော်..

..ဓာတ်ပုံထဲမှာ ဦးစိန်ရွှေသည် သူ့ကို ပြေပြစ်စွာကြည့်လို့..။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာလိုက်ဘဲ အမိုးနှင့်အတူ သံစဉ် ပါလာသည်။ ခြေသံကြာ
ကတည်းက သူ့ ကျောခိုင်းနေလိုက်သဖြင့် သံစဉ်က သူ့ကိုကျော်ဖြတ်
ကာ ကိုကိုအောင့်ဘေးမှာ ရပ်လိုက်၏။

"မီးအားမြှင့်စက်က တစ်ခါတလေပဲ သုံးဖြစ်တာပါ။ မီးအဝင်က
နှစ်ရာ့နှစ်ဆယ်ပဲ၊ ဘာဖြစ်လို့လဲဟင်၊ ကွန်ပျူတာနဲ့ ဆိုင်လို့လားဧ"

"ဆိုင်တာပေါ့"

ကိုကိုအောင်ကပဲ ခါးမတ်မတ်ပြင်ရပ်ပြီး ဖြေလိုက်တော့ သံစဉ်
မျက်လုံးတွေက ကျောဘက်ရောက်နေသည့် သူ့ထံသို့ ရောက်မလာ
တော့ပေ။ နောက်ကနေ အသာလေး လက်ပိုက်ကြည့်ရင်း ရင်ခုန်သံ
တွေကို လွှတ်လပ်ခွင့်ပေးထားလိုက်သည်။

သူချစ်သော ဆံပင်ညိုညိုပျော့ပျော့လေးတွေကို ငေးရင်းနဲ့လည်
ခြေဖျားထိ ပုံကျနေသည့် ဂါဝန်ပွပွလေးနဲ့သံစဉ် တစ်ကိုယ်လုံးကို မြ
ကြည့်မိ၏။

ပျော့တွဲတွဲဂါဝန်လေးကို နောက်မှာ ခါးစည်းကြိုးကလေး သိုင်း
ချည်ထားသဖြင့် ပြည့်ဝင်းလှပသောကိုယ်လုံးလေးက ထင်းနေ၏

"ဒါဆိုရင်တော့ မီးအားမြှင့်စက်မှာ OVER CUT ပျက်နေ
ထင်တယ်၊ တစ်ချက်လောက်ကြည့်ပါရစေ။ ဒီလိုပါ၊ ဒီမှာ တော်တော
လောင်သွားတာလေ၊ နောက်ထပ် ဒါမျိုးထပ်ဖြစ်မှာစိုးလို့ပါ၊ OVER
CUT ပျက်နေရင် တစ်ခါတည်း လုပ်ပေးခဲ့မယ်"

"ဩော်.. ဟုတ်တာပေါ့၊ လာ လာ အမိုး… အဲ.. အမိုးက နား
မလည်ဘူး။ သမီး လိုက်ပြလိုက်ပါကွယ်"

"ဟုတ်ကဲ့"

သံစဉ်က ခေါင်းလေးငုံ၍ သူ့ရှေ့က ပြန်ဖြတ်သွားသည်။ နည်းနည်း





မှ မော့မကြည့်။

"မင်း လိုက်ကြည့်လိုက်ကွာ"

ကိုကိုအောင်က မှင်သေသည်။ သံစဉ့်နောက်က သူ လိုက်ခဲ့ရင်း
လှေကားကြီးအောက်က အခန်းရှေ့ရောက်တော့ သံစဉ့် လက်မောင်း
လေးကို လှမ်းဆွဲထားလိုက်မိကာ..

"သံစဉ်"

"အမေ့"

သံစဉ် လန့်ဖျပ်၍ လှည့်ကြည့်လေသည်။

"ဟင်… ကိုရဲ"

သံစဉ့်မျက်နှာလေးက ကယောင်ချောက်ချားနှင့်…

"ကို…ကိုရဲ…"

"မင်းကိုတွေ့ချင်လို့လေ၊ လူကို တစ်ချက်မှ မော့မကြည့်ဘူး"

"အို…"

ရဲက သံစဉ့်ကို ရင်ခွင်ထဲဆွဲသွင်းပစ်လိုက်ပြီး လှေကားရိပ်ကြောင့်
မှောင်နေသည့်အောက်ကို တိုးကပ်လိုက်၏။

"သံစဉ်"

"ကိုရဲ…ကိုရဲ အဲလိုမလုပ်နဲ့၊ ဟင့်အင်း"

"အမြဲတမ်း ဟင့်အင်းချည်းပဲကွာ၊ မရဘူး"

"အို… ကိုရဲ"

သံစဉ် လက်ကလေးတကာကာနှင့်ရှောင်နေတာ ရှိခိုးမတတ်ဖြစ်
နေသဖြင့် ရဲမျက်နှာ မချင့်မရဲ မဲ့ကျသွားကာ..

"ဘာမှမလုပ်ဘူး ခင်ဗျားကို၊ ဒီမှာ ပြောတာနားထောင်"

"ဘာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အ…"

ဘာမပြောညာမပြောနှင့် ရဲက သံစဉ်ကိုယ်လုံးလေးကို နံရံဘက်မှာ ဖိကပ်ပစ်လိုက်သဖြင့် လန့်အော်မိတော့မတတ်မှာ ပါးစပ်ကို ကမန်းကတန်း ပြန်ပိတ်ရသည်။

"သံစဉ်"

ရဲမျက်နှာက သံစဉ်မျက်နှာလေးနှင့် ထိကပ်တော့မတတ် ငုံ့ကျလာသည်။ ကျောကပ်ထားရတာ နံရံ၊ ပခုံးနှစ်ဖက်မှာ သူ့လက်တွေနဲ့ ဖိကပ်ချုပ်ထားသေးသည်။

သံစဉ် ရင်တွေခုန်လွန်းသဖြင့် ဒူးတွေပါတုန်လာ၏။ မျက်နှာ လွှဲရှောင်ဖို့လည်း သတိမရတော့ဘဲ စိတ်ညှို့ခံလိုက်ရသူလို သူ့မျက်ဝန်းများမှာ ငြိတွယ်ငေးမောသွားခဲ့လေသည်။

"သံစဉ် ကိုယ့်ကိုချစ်တယ်မဟုတ်လား"

"အင်း…၊ လက်…လက်တွေကိုလွှတ်ပါ"

"လွှတ်မယ်၊ မင်းကို ကိုယ် စကားတွေအများကြီးပြောချင်တယ်၊ ဘယ်လိုလုပ်ရမလဲ"

"ကိုရဲရယ် အဲဒါက လောလောဆယ် မဖြစ်နိုင်လို့ပါ၊ သံစဉ့်ကို နားလည်ပါနော်၊ ပြီးတော့လေ ကိုရဲ သံစဉ့်ဖေဖေ့ကို သိလားဟင်"

ရဲ မျက်ခုံးအနည်းငယ် တွန့်ကျသွားပြီး ဘာမှမပြောနိုင်။

"သိတယ်မဟုတ်လားဟင်၊ ဖေဖေက ကိုရဲ့ကို…"

"အဲဒါပဲ ကိုယ်ပြောချင်တာ၊ သံစဉ့်ကို ကိုယ်ချစ်ခဲ့တာကော၊ အခုကော မင်းရဲ့ဖေဖေနဲ့ ဘာမှမဆိုင်ဘူး၊ အဲဒါကို ယုံပါ၊ မထင်မှတ်ဘဲနဲ့ ကိုယ့်ကို သူက စလိုးသွားတာ၊ နောက်ပြီးတော့ အသွားအပြန်တွေ ဖြစ်ကုန်တယ်၊ ဒါပဲကွာ၊ ဒါတွေ သံစဉ်နဲ့ မငြိစေချင်ဘူး"





"ကိုရဲရယ် ဖေဖေက ကိုရဲက အရမ်းကို မကျေမနပ် ဖြစ်နေတာ"

"အခု သူ့ပစ္စည်းတွေ ကိုယ် ပြန်ပို့လိုက်တာပဲ၊ သူ့ကို တိုက်ရိုက် မကူညီခဲ့ပေမယ့် အလစ်သမားနှာခေါင်းယောက်ဆီက ကိုယ် ပြန်ယူပေးခဲ့တာပဲ"

"ဟင်… အခု ရဲစခန်းက ဖုန်းဆက်တဲ့ကိစ္စက…"

"ဟုတ်တယ်၊ ပစ္စည်းနဲ့ငွေက ကိုယ် ပြန်ပို့ပေးလိုက်တာ၊ တော်ပြီ သံစဉ်၊ သံစဉ့်ကို ကလေးဆန်ဆန် ရိုးရိုးဖြူဖြူလေးပဲ ကိုယ် ဖြစ်စေချင်တာ၊ အဲဒါတွေကို မမေးပါနဲ့"

"မမေးလို့ဖြစ်မလား ကိုရဲရဲ့၊ ကိုရဲနဲ့ဖေဖေ အဲဒီလိုဖြစ်နေတာကို သံစဉ်က ဘယ်လိုလုပ် စိတ်ချမ်းသာမလဲ"

ရဲက သံစဉ့်ပခုံးလေးနှစ်ဖက်ကို နံရံမှာ ဖိကပ်ချုပ်ထားရာကနေ …တ်ခနဲဆွဲယူလိုက်ကာ…

"ဘာလဲ သံစဉ့်ဖေဖေနဲ့ကိုယ် အက်ကြောင်းတွေဖြစ်နေတာနဲ့ သံစဉ်က ကိုယ့်ကို မေ့လိုက်ချင်တာလား"

"ကိုရဲရယ့် သံစဉ်ပြောတာ အဲဒီလိုမဟုတ်ပါဘူး၊ ခက်တော့တာပဲ၊ အဲဒါတွေ နောက်မှပြောရအောင်နော်၊ တော်ကြာ မေမေထွက်လာရင် …ာ့ရောက်လိမ့်မယ်"

ကိုင်ထားသည့် သူ့လက်တွေကို သံစဉ်က ဖယ်ချသည်။ ရဲက ဖွတ် …သွား၏။

"ဘာဒုက္ခဖြစ်ဖြစ် ကိုယ် ဂရုမစိုက်ဘူး သံစဉ်၊ မစိုက်လို့လဲ မင်းရှေ့ … မရောက်ရောက်အောင် ကိုယ် လာခဲ့တာ၊ နောင်အခါ ဘယ်လို …သနာတွေပဲရှိရှိ ကိုယ့်ဘက်က နေပေးမယ်လို့ မင်း ကတိပေး"

"ဘယ်လို…၊ ကိုရဲက ဖေဖေနဲ့ ဒိတိုင်းဆက်ဖြစ်သွားမယ်လို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာလား”

“ကိုယ်က မဖြစ်တော့ဘူး၊ ကိုယ့်ဘက်က ပြီးနိုင်ပေမယ့် သံစဉ် ဖေဖေက ပါဝါတွေ ထပ်တက်နေရင် ဘယ်လိုလုပ်မလဲ၊ တကယ်ပါ သံစဉ် စမိခဲ့တုန်းက ကိုယ့်ရင်ထဲမှာ မင်း မရှိခဲ့သေးဘူး၊ ရှိလာခဲ့တော့ တောင် အရှုံးမပေးတတ်တဲ့ ကိုယ့်အကျင့်က နိုင်ကွက်မရမချင်း ရှေ့ ဆက်ဖို့ပဲ ရှိခဲ့တာ။ ဒါပေမယ့် အခု မင်းကို ဆုံးရှုံးမခံနိုင်တော့မှ သူနဲ့ ဘာမှမဖြစ်ချင်တော့တဲ့ဆန္ဒတွေ ပေါ်ခဲ့တာ၊ မင်းအဖေကို အရှုံးပေး ချင်လို့တော့မဟုတ် ဘူး။ ဒါပေမယ့် မင်းကြောင့်...”

သံစဉ် မော့ငေးနေသည့်နှုတ်ခမ်းလေးတွေကို ရဲက စိုက်ကြည့်ရင်း စကားသံမဆုံးဘဲ ရပ်သွားသည်။ ထို့နောက် ချစ်သူတိုင်းအတွက် ပါမစ် မလိုဟု ယူဆပစ်လိုက်သော ဆုံးဖြတ်ချက်များတိုင်း ရာသီမဲ့အနမ်းမိုးက တိုးတိုက်သွန်းဖြိုးသွားခဲ့လေသည်။

တကယ်ပါ...မ်းကျတော့လည်း သူ့ရင်ခွင်မှာပဲ သံစဉ် ချမ်းလို့ ခိုက်ခိုက် တုန်...၊ အနမ်းမိုးနှင့် ဆောင်းရင်ခွင် ...ည် အေးချမ်းစေလေသတည်း။

ဖဖဖ





အခန်း (၂၆)

“အဲဒီနေ့က ငါတို့ကားထွက်တော့ ဦးစိန်ရွှေ ဝင်လာတယ်လေ၊ ...က ဖုံကို ခပ်ကွယ်ကွယ်နေလိုက်ပေမယ့် ဒီလူကြီးက မြင်တယ်ကွ ...ါကြောင့် ဖြစ်မှာပေါ့”

“ဖြစ်တော့ သွားသေလိုက်လေ၊ သူ့ကို ဘယ်သူက ဂရုစိုက်မှာမို့လို့ ...ရှောင်ဖို့ ဆုံးဖြတ်လိုက်တာက သံစဉ်ကို ငါချစ်လို့၊ မရရင် ဆောင့် ...ပစ်လိုက်ရုံပဲ၊ ဘယ်သူမှာမှာ ဘယ်သူလဲလဲ”

“အဲဒီလို ဒေါသမာနတွေ ဟုန်းခနဲထဖြစ်နေရင် မင်း သံစဉ်ကို ဆုံးရှုံး ...ပဲ”

“ဟုတ်တယ်”

ခင်းထွန်းက ကရုဏာဒေါသနှင့် ပြောသည်။ ကိုကိုအောင်က ...ာက်ခံ၏။

အဖြစ်သနစ်တချို့ သူ ခုမှသိရပေမယ့် အခြေအနေအရ ဖြစ်ဖို့ရှိ ...တွေက မကောင်းသည့်ဘက်မှာ ပိုများနေသည်။ ရဲကတော့ ရှုံး ...ိုင်းခနဲ ပေါက်ကွဲပစ်နေကျအတိုင်း ဒေါသ ယော်ထိပ်ထိ အ...ား ...ခဲ့ရောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ဘာတွေရှိထားထား ဒေါ်သက ပထမ၊ ဒေါ်သက ဒုတိယ
နံပါတ်သုံးကလည်း ဒေါ်သပဲဖြစ်လေသည်။

"ဒီလူကြီး ငါ့ကို ဘယ်လောက်ထိ ကြိတ်မှိတ် မုန်းတီးနေမ
ဆိုတာ သံစဉ် သူ့သမီးမှန်းမသိခင်ကတည်းက ငါ ခန့်မှန်းပြီးသား။ ငါ
က လူငယ်ပီပီ ပေါက်ကွဲပစ်တယ်၊ သူက လူကြီးပီပီ ဆိုတဲ့ သမာ
ထုပ်ပိုးသိမ်းဆည်းထားတယ်၊ တိုင်းတာကြည့်လို့ရရင် သူ့ဒေါသ
ငါ့ထက်တောင် ပိုဦးမှာ"

"အေးလေ မင်းကချည်း ဒေါက်ဖြုတ်ပစ်ခဲ့တာတွေလဲ မင်း တွက်
မှပေါ့၊ မင်းကို သူ အကူအညီမပေးခဲ့ကဲ့ အစပထမက သူ မပေးခဲ့တာ
ရှိတာ၊ မင်းဆီက ဘာယူသွားလို့လဲ၊ မင်း ပြန်ဖွဲ့တာတွေကျတော့
လိုမ့်ခံရတာ"

"မင်းကလဲ အဲဒီလိုမြင်ယား"

မင်းထွန်းက မသိမသာ ဓာက်ပုသွားသည်။ မုန့်တိုင်းက သူ့ဘက်
လှည့်လာပြီ။

"ငါက မင်းကို မကောင်းပြောနေတာမဟုတ်ဘူး၊ သံစဉ်နဲ့
အဆင်မပြေဖြစ်နေမှာစိုးလို့ ထောက်ပြတာကွ၊ ဘာပဲဖြစ်ဖြစ် သူ့အ
မင်းကို အဆင်ပြေစေချင်မှာပေါ့၊ အခု မင်းက ဂရုမစိုက်ဘူးဆို
ဘာလုပ်မှာလဲ ကဲ...၊ မင်း ဘာလုပ်ခွင့် ရှိလို့လဲ၊ အခု သူတို့က သံစဉ်
လုံးဝ ပေးမထွက်နိုင်းတော့ဘူး၊ မင်းနဲ့ဆိုတာ သေချာသိသွား
ကောင်မလေး အရိုက်အနှက်များခံရသေးလားမသိဘူး၊ သံစဉ်
တခြားပို့တော့မယ်ဆိုတဲ့ သတင်းကလဲ ဖြစ်နိုင်တာပဲ"

မင်းထွန်းပြောတာကို မျက်မှောင်ကြုတ်လျက်နှင့် ရဲက ငြိမ်သ
စွာနားထောင်နေခဲ့သည်။ ကိုကိုအောင်က စိတ်မကောင်းသလို သ





ရှည်ကြီး ချလိုက်ကာ..

"ငါတို့က တကယ်အဟုတ် လုပ်ပေးခဲ့ပေမယ့် ဦးစိန်ရွှေ ပြန်လာ
ငါတို့ကားကို မြင်သွားတော့ ဘယ်လောက်ပေါက်ကွဲသွားလဲ မင်း
သား"

ဒါ သူမသိသေးသည့်ကိစ္စ၊ ရဲက ကိုကိုအောင့်ကို လှည့်ကြည့်၏။

"ကွန်ပျူတာကိုကော ထရန်စဖာကိုကော ထုရိုက်ပေါက်ခွဲပစ်တာ"

"ဟင်... ဟုတ်လား"

မင်းထွန်း ဆက်ခနဲဖြစ်သွားသည်။ ရဲက တက်ခေါက်၏။

"သူ့ဟာသူ ပေါ်လို့ ထုရိုက်ခွဲပစ်တာ ခွဲပါစေပေါ့ကွာ မင်း လုပ်ရမှာ
အဲဒီကောင်မလေးကို မရရအောင် ခိုးယူလိုက်ဖို့ပဲ"

ပြောလိုက်သည့်အသံက သူတို့လုံးယောက်ထံမှမဟုတ်ပါ။ ဒေါ်ပိုးဥ
နွှံသာရောင် ပါတိတ်ပွင့်ဝတ်စုံနှင့် ဆံပင်ရှည်ကြီးကို ကျစ်ဆံမြီး
ချောင်းတည်း ကျစ်ထားသဖြင့် ယဉ်စစလေး ဖြစ်နေသည်။
ထွက်လျှောက်လာပုံက အေးဆေးတည်ငြိမ်၍ ရဲရင့်နေ၏။ သူမ
ရဲ့ကိုပဲ စူးစိုက်ကြည့်ကာ..

"မင်း အဲဒီကောင်မလေးကို ရအောင်မယူနိုင်ရင် သွားပြီ"

ချွန်ပတ်သက်သမျှ တစ်သက်လုံးက ဝင်မပါခဲ့ဖူးသည့် အမေ့ကို
အမလည်သည့်မျက်ဝန်းများနှင့် ကြည့်နေသည်။ သူ့ရှေ့တည့်
ာ ဝင်ထိုင်လိုက်သော အမေ့မျက်လုံးတွေထဲထိ စူးစိုက်ကြည့်

ဒီမှာပဲ ခဏခဏ ပြောနေကြတဲ့ အဲဒီသားအဖနှစ်ယောက်ကိစ္စကို
သည်နေပြီ ငရဲ၊ ဒါကြောင့် ပြောတာ၊ မင်းကို ငရဲလို့ခေါ်ပြီး
မ်းကားခွင့်ပေးထားတာ ခေါင်းငုံ့သည်းခံဖို့ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမှာ ရှားပါးဆုံးသော ဆုံးမစကားဖြစ်နိုင်၏။ သူတို့
ယောက်လုံး ငြိမ်ကျသွားကြသည်။ ဒေါ်ပိုးဉကတော့ ရဲ တစ်ယော
တည်း၏မျက်နှာကိုပဲ စူးစိုက်ကြည့်နေခဲ့တာဖြစ်သည်။

"ဦးစိန်ရွှေနဲ့ ဒေါ်ပတ္တမြားလှိုင်တို့ကို မင်းထက်အရင် ငါက သိ
ခဲ့တာ၊ ဘာအကြောင်းရှိလို့လဲ၊ ဘယ်လိုရင်းနှီးသလဲ ထပ်မမေးနဲ့။ ဒီ
လူတွေကို မင်း ဂရုစိုက်ဖို့မလိုဘူး၊ အလျှော့ပေးဖို့လဲမလိုဘူး။ ဘ
နေရာမှာပဲဖြစ်ဖြစ် မင်းကိစ္စတွေကို ငါ လျစ်လျူရှုထားနိုင်တယ်၊ ဒီနေ
မှာတော့ မဖြစ်ဘူး ရဲ။ ငါ့သားဖြစ်တဲ့ မင်းမှာ ဘယ်လိုပြစ်ချက်တွေ
သဘောမတူတာလဲဆိုတဲ့ ပတ်ဝန်းကျင်ရဲ့အထင်မြင်သေးစွာ ရှုးစ
တွေ ငါ မခံနိုင်ဘူး၊ မင်းလဲ မင်းရာဇဝင်နဲ့မင်း နေခဲ့သလို ငါက
ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်မာန်နဲ့ ရပ်တည်လာခဲ့တဲ့မိန်းမပဲ"

ပြောနေရင်း ဒေါ်ပိုးဉက မျက်မှောင်ကြုတ်နေဆဲရှိသည့်
နားလည်လိုက်ကာ..

"မင်း ပိုရှင်းအောင်ပြောလိုက်မယ်၊ ဦးစိန်ရွှေနဲ့ မင်း ခုထာ
ဆုံခဲ့ပြီး အနိုင်မခံ အရှုံးမပေးစိတ်တွေ ဖြစ်ခဲ့တယ် မဟုတ်လား။
ဒီလိုပဲ၊ အဲဒီမိသားစုအပေါ်မှာ မကျေနပ်စရာတွေ ရှိခဲ့ဖူးတယ်၊ မင်း
အရှုံးမပေးစေချင်တဲ့ အဓိကက အဲဒါ၊ နောက်တစ်ခုက ကိုကျော်
မသက်ဆိုင်ဘဲ မင်းရဲ့ အိမ်ထောင်ရေးအတွက် ငါကိုယ်ပိုင် ရင်းနှီး
ပေးဖို့ စည်းစိမ်ဥစ္စာလဲ အဆင်သင့်ရှိတယ်"

"မလိုပါဘူး အမေ"

ရဲက ချက်ချင်း ထပြောသည်။

"မိုက်ရူးရဲဆိုတဲ့နာမည်နဲ့ ရပ်တည်ခွင့်ပေးခဲ့တာကိုပဲ အမေ့
သားလို့ ကျွန်တော် သတ်မှတ်ထားခဲ့တယ်၊ မလိုတော့ဘူး။ ဒီကော





ရူးရဲဆိုတဲ့ ဂုဏ်ထူးအပြင် မိဘအရိပ်အဝါ အားကိုးနဲ့ ရမ်းကားနိုင်နေ
လို့ နောက်ထပ် ဂုဏ်သရေတွေ တိုးလာမယ့်အဖြစ်ကိုလဲ မလိုချင်
ဘူး၊ ဖြစ်နိုင်ခြေအားလုံးကို ထုတ်ကြည့်ပြီးမှ ကျွန်တော် ဆုံးဖြတ်
ဆုံးဖြတ်လိုက်ပြီးရင် ဖြစ်အောင်လုပ်မယ်၊ ကျွန်တော့်ဘဝ တစ်ဆစ်
အတွက် ကျွန်တော်လိုလိုချင်ချင် ထူထောင်မယ့် အိမ်ထောင်ရေး
တွက် ဘယ်သူ့ဆီကမှ အကြံဉာဏ်၊ ထောက်ပံ့မှု မယူဘူး။ ဒီကိစ္စမှာ
ရှုပြုပြီး မတိုက်တွန်းပါနဲ့"

ပြောစကားတွေက နာစရာကောင်းပေမယ့် ဒေါ်ပိုးဉက မျက်နှာ
ချက်မှမပျက်ဘဲ ခေါင်းညိတ်သည်။

"ဒါလဲကောင်းပါတယ်၊ မင်း လျှော့ပေးလိုက်မှာမဟုတ် ဘူးဆိုတာ
ငါ ခန့်မှန်းပြီးသားပါ။ အခုလိုဝင်ပြောတာက ငါ့ဘက်ကလဲ ဒီလိုပဲ
ရှိတယ်ဆိုတာကို သိစေချင်လို့"

စကားဆုံးတာနှင့် ချက်ချင်း ထထွက်သွား၏။ ရဲမျက်နှာက
တင်းမာမာ ဖြစ်ကျန်ခဲ့သည်။ အချစ်ကို မထင်မှတ်ဘဲ တွေ့ရှိခဲ့
ရင်ထဲကို ဝင်လာတာက လေညင်းလေးတစ်စလို ပါးပါးကလေး
တွယ်ခဲ့တာကျတော့ သက်ရင့်ပင်အိုကြီးလို ခိုင်ခိုင်မာမာ။
သံစဉ်ကို ဘာဖြစ်လို့ ဒီလောက်ထိ ချစ်မိသွားခဲ့တာလဲ။ အချစ်မှာ
ယ်ကြောင့်ဆိုသော် ဆိုသည့် ဖြေရှင်းချက် မရှိပေ။

ဒါဆို သူ ဘာလုပ်မလဲ။ သူငယ်ချင်းတွေက ဦးစိန်ရွှေနှင့် ရှေ့
ဆက်စေချင်၊ အမေကတော့ အရှုံးမပေးဖို့ ပြောခဲ့သည်။
ဘယ်သူ တိုက်တွန်းတာကိုမှ ခေါင်းထဲမထည့်ချင်သည့် သူဟာ..

ဟ ဟ ဟ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"မငိုပါနဲ့ သမီးရယ်၊ မိဘက မသင့်တော်ဘူးထင်လို့တားရင် နေ့... ဆုတ်တဲ့သားမီးဆိုတာ အမြဲတမ်း ဝုဏ်ကျက်သရေတိုးပြီး ဘယ်တော့... လဲ အတိဒုက္ခမရောက်ဘူး၊ တိတ်နော်"

ပန်းသည်းအတိုအထွာလေးတွေပါမကျန်အောင် ကောက်ထည့်... ဆည်းနေရင်း အမိုးက သံစဉ်ကိုလည်း ပြေးချော့သေးသည်။ သံစဉ်... အမိုးလက်ကိုဖယ်ချပြီး ခေါင်းခါ၏။

မွေ့ရာအစပ်မှာ ခြေချထိုင်နေရာကနေ ခြေထောက်တွေ သိမ်း... ပြီး မွေ့ရာပေါ် ဒွေ့ခနဲတိုးတက်၏။ အမိုး ပွေ့ဖက်ချော့မြူလို့... လှမ်းလာသမျှ ပုတ်ခတ်ဖယ်ချကာ..

"မသင့်တော်ဘူးထင်လို့ တားရင်တားပေါ့၊ သံစဉ်ကို ဘာဖြ... ဟိုအဝေးကြီးကို ပို့တာလဲ၊ ဟိုမှာ သံစဉ်က သိတဲ့လူလဲမရှိဘူး"

"အမိုး ပါမှာပဲကွယ်"

"အမိုးက သံစဉ်သူငယ်ချင်းမှမဟုတ်တာ၊ စားချင်တာတွေ... ကျွေး၊ မေမေ့ကိုလွမ်းလို့ငိုရင် ချော့မယ် ဒါပဲ၊ ပြီးတော့ ကားသေး...





...သားနဲ့ ခရီးအဝေးကြီးသွားရမှာ သံစဉ်က မစီးနိုင်တာလဲသိသားနဲ့ ...ကတ်တာ၊ ဖေဖေ သိပ်ရက်စက်တယ်"

ပြောနေတာလဲ ဒါတွေပဲဖြစ်သည်။ ပြောပြီးတိုင်း ဟီးခနဲ ငိုနေတာ ...ခပြီးနိုင်။

"တံခါးခြောက်ပေါက်တောင်ပါတာ သမီးရယ်၊ အထဲမှာ အိပ်ခါနီး ...ာ မွေ့ရာကြီးလုပ်လို့ရတယ်၊ စားစရာတွေ အချို၊ အချဉ်၊ အစပ် ...နဲ့ အမိုးလုပ်ခဲ့မှာ၊ လေအေးစက်ဖွင့်ထားမယ်ဆို ဘာလိုသေးလဲ"

"လေအေးစက်ကြီး သံစဉ် မကြိုက်ဘူး၊ အဲဒါလဲ ဖေဖေ သိတယ်၊ ...တွေ ဒီလောက်ရှာနေတဲ့အချိန်မှာ တံခါးတွေအလုံပိတ်ပြီး အကြာကြီး ...း ရင် သံစဉ် သေမှာပဲ"

"ဘာမှ သေစရာမလိုဘူး"

...ပတ္တမြားလှိုင်က တံခါးဝကနေ လှမ်းပြောသည်၊ သံစဉ်က အမိုး ...ည့်နေရာကနေ မေမေ ရောက်လာတာကို နှုတ်ခမ်းလေးစူပစ်ပြီး ...ငုံ့သည်။

"အဲဒီလိုမိုက်ရိုင်းရမ်းကားတဲ့ သတ္တဝါနဲ့ပေါင်းမှ သမီး သေမှာ၊ ...ားမထားဖို့ကို မိဘ ဒီလောက် တတွတ်တွတ်ပြောနေရက်နဲ့၊ ... တွင်းတူးမိုက်တဲ့သမီး၊ ညည်း..ညည်းကိုလေ ပြောချင်တာတွေ ...ကြီးပဲသိလား၊ ညည်းကို ဘယ်သူနဲ့မှ မပေးစားနိုင်လို့ ဒီလောက် ...တာ၊ မဟုတ်ရင် ဒီကောင်နဲ့လွဲဖို့ကို ပထမ ဦးတည်ချက်ထား ...င့်တော်ရာနဲ့ ပေးစားဝစ်လိုက်တာကြာနေပြီ နားလည်လား။ ..."

"...သာ... ပြီးပြီ"

...ရင် ကားပေါ်တင်လိုက်တော့၊ အေးကို ကို လှိုင် လွှတ်မိုက်



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ သယ်ခိုင်း"

"အေးပါ"

"သူ့အဖေရောက်လာတာနဲ့ ထွက်မှာ"

ဒေါ်ပတ္တမြားလှိုင်၏အသံက တုန်ခါအက်ရှလာ၏။ ဒီသမီးလေး ချစ်လိုက်ရတာများ ညအိပ်ညနေမပြောနဲ့ ဟိုဘက်ခန်း ဒီဘက်ခန်းတောင် ခွဲမသိပ်ခဲ့ဖူးပေ။

သူမမျက်ဝန်းမှာ မျက်ရည်တွေ ပြည့်နေပါပြီ။

ဒါကို သံစဉ် မြင်မှာစိုးသောကြောင့် အထဲကိုလည်းမဝင်၊ တည် တည့်လည်းမရပ်ဘဲ အခန်းဝကနေ တစောင်းရပ်နေရသည်။

"မမေ့"

သံစဉ် လှမ်းခေါ်တော့ လှည့်မကြည့်မိအောင် စိတ်ကိုချုပ်ထိန်း ထားလိုက်၏။

"ဒီနေ့ မိုးတွေ ညိုမည်းနေတာပဲ မေမေ၊ နောက်နေ့မှ သွားလို့မ ဘူးလား၊ တံခါးတွေပိတ်ပြီးကားစီးရင်း သံစဉ် မရဘူးနော်"

"မတတ်နိုင်ဘူး အဲဒါ ညည်းအဖေ စီစဉ်တာပဲ၊ သူတောင်မှ အလုပ် တွေလက်စနဲ့ ထလိုက်ရမှာ၊ တော်ကြာ ဖုန်းဆက်လိမ့်မယ်၊ ထွက် တော့ဆို ထွက်ရမှာပဲ၊ ကုမ္ပဏီမှာ တစ်ခါ သူ့ကိုဝင်ခေါ်ရမှာ၊ ကိုယ့်မိဘ ဒီလောက် စိတ်ပန်းလူပန်းဖြစ်နေတာ ဘယ်သူ့အတွက်လဲဆိုတာ နည်း နည်းပါးပါး ခေါင်းထဲထည့်၊ မနေ့တစ်နေ့ကမှတွေ့တဲ့ ကလေးက အရိုင်းအစိုင်းကောင်အားကိုးနဲ့..."

ဒေါ်ပတ္တမြားလှိုင် ငိုသံပါလာသည်။ ပြီးတော့ မျက်ရည်ကို ဖြ သလို ပွတ်တိုက်သုတ်ပစ်ပြီး အခန်းရှေ့ကနေ ထွက်ခွာသွားလေသည်

သံစဉ်လည်း မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ





သည်။ ပထမဆုံး ကြေကွဲရသည်က ဖေဖေနှင့်မေမေ့ကို ခွဲခွာရမည့် အဖြစ်၊ နောက်ထပ် သောကဟာ ကိုရဲကို တမ်းတနေမိခဲ့သည့်စိတ်ပဲ ဖြစ်သည်။

သံစဉ် ကျောင်းလည်းပြီးပြီ ဘယ်တုန်းကမှလည်း ရှုပ်ရှုပ်ပွေပွေ သွားလာနေထိုင်ခဲ့တာမရှိ၊ ပထမဆုံးချစ်ခဲ့မိသည့် အချစ်အား ထုတ်နုတ် ပစ်လိုက်ရမည့်အဖြစ်က ဘာမှမဖြစ်လောက်ဘူးထင်ခဲ့ပေမယ့် ရင်ထဲ နင့်နေသည်။

"ကဲ သမီး အမိုး ပြီးပြီ"

ဟု အမိုး ပြောလိုက်ချိန်တွင် အုံ့မည်းနေသည့်မိုးက တဖျောဖျော ရွာလာပြီဖြစ်၏။ မိုးသံကိုလည်း ကြားရသည်။ ရင်နာ နေတာတွေ သည်း တွေးကာ သံစဉ် မျက်ရည်ကျနေဆဲဖြစ်သည်။

"သမီး"

သံစဉ် မထူးပေ။

"ဒီမှာလေ ဂါဝန်ပွပွလေး အမိုး ထုတ်ထားတယ်၊ ကားပေါ်မှာ သောင့်သက်သာစီးရအောင် အဲဒီ ဂျင်းကျပ်ကျပ်လေး လဲဝတ် နော်"

"မလဲဘူး နေပါစေ ကျပ်ကျပ်သေသေ"

ဖေဖေနှင့်မေမေကို ချစ်တာသပ်သပ်၊ ကိုရဲကို တမ်းတနေတာက သပ်ဖြစ်ကာ အိမ်ကမထွက်မီ ဖုန်းဆက်ဖို့ကို သံစဉ် အမျိုးမျိုး အကြံ ၍ ချောင်းခဲ့သေးသည်။

ပေမယ့် မအောင်မြင်ပါ။ မိုးသည်းသည်းထဲမှာပဲ ဖေဖေ့ဆီက တော့ သံစဉ်တို့ ကားပေါ်ရောက်သွားခဲ့၏။

မေမေက အပြင်ကို လုံးဝ လိုက်ပြီး နှုတ်မဆက်ပါ။ သံစဉ်ရှေ့မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂချင်လို့ဘဲဆိုတာကို သံစဉ် သိသည်။ ဒါပေမယ့် တစ်နေရာက‌ေ
ကားထွက်သွားတာကို ကြည့်နေမှာပါ။

"မောင်အေးကို မောင်းတော့ကွယ်"

"ဟုတ်ကဲ့ အမိုး"

ကားထွက်လာတော့ သံစဉ် မေမေ့ကို လှမ်းအော်နှုတ်ဆက်ခဲ့သေ
သည်။

"မေမေရ သံစဉ် သွားပြီ"

အော်ပြီး ဟီးခနဲ ငိုချလိုက်တော့ အမိုး မျက်ရည်သုတ်ရှာသည်

ဏ ဏ ဏ





## အခန်း (၂၈)

"ဟာ ဟိုကား..."

မိုးတွေက သဲသဲမဲမဲ ရွာနေသည်။ မနက်ဆယ်နာရီလောက်မှာ
...သင် ရှေ့ကို ဝါးတစ်ရိုက်စာလောက်ပဲ မြင်ရ၏။ ထို့ကြောင့်...

ကားကို အတော်ကြီးဂရုစိုက်မောင်းနေသည့်ကြားက မျက်လုံးထဲ
... ကားတစ်စီးက ဘွားခနဲပေါ်လာကာ ရှေ့မှာ ကန့်လန့်ဖြတ်ဝင်၏။

အေးကို ဟာခနဲဖြစ်သွားကာ ကားကို ဘရိတ်အုပ်ပစ်လိုက်ရတာ
...ဘ်မတင်လေးပဲဖြစ်၏။

"ဟော့ ဘာလဲကွ"

ကားက ဘယ်ကိုမှ ဆက်မသွားဘဲ ကန့်လန့်ပိတ်ရပ်လိုက်သဖြင့်
...ကို ဒေါသထွက်သွားသည်။ မှန်အလုံပိတ်ထားသောကြောင့်
...ယ်က ဆဲနေလည်း သူတို့ကြားမှာမဟုတ်၊ မိုးသံက ဆူညံနေသည်။
...ရှေ့ဆက်မရ၊ ရှောင်လို့မလွယ် ဖြစ်နေတုန်းမှာ ဟိုကားပေါ်ကနေ
...ယ်နှစ်ယောက် ပြေးဆင်းလာကြတာ မြင်လိုက်ရ၏။

အရပ်ပိုမြင့်သည့်လူရွယ်က သူ့ဘေးကိုရောက်လာပြီး အပြင်ကနေ



www.burmeseclassic.com

www.burmeseclassic.com



မှန်ကိုပုတ်သည်။ တစ်ခုခု အလျင်စလိုပြောချင်ပုံရှိသည်မို့ အေးကိုး ဒေါသထွက်သွားမိတာကို ပြန်မျိုသိပ်သည်။ လမ်းလယ်ကောင်မှာ သူတို့ ကား တစ်ခုခုဖြစ်သွားတာဆိုလျှင် ကိုယ့်ကားလည်း ထွက်လို့ရမှာ မဟုတ်တာကြောင့် မပြောမဆိုဘဲ နေလို့မရတာကို တွေးမိပြီး မှန်ချ လိုက်၏။

"ဘာလဲကွ"

မေးပြီးမှ မိုးစက်တွေ ဖျန်းခနဲဝင်လာသဖြင့် ရုတ်တရက် မျက်လုံး တွေမှိတ်လိုက်မိပြီး မျက်နှာလွှဲပစ်လိုက်မိ၏။ ထိုခဏလေးမှာ လှုပ်ရှား သွားကြတာက မြန်သည်။

လော့ခ်ချထားသည့်တံခါးကို လူရှယ်က ဖွင့်လိုက်ပြီးဖြစ်ကာ အေးကိုကို လက်သီးတစ်လုံးနှင့် ရိုပ်ခနဲမိတ်ဆက်သည်။

ခွပ်ခနဲမီးပွင့်သွားကာ အေးကို ဘာမှမသိလိုက်ရဘဲ ကူရှင်ပေါ် လန်ကျသွားသည်။

"ဟဲ့ ဟဲ့ ဘာလုပ်ကြတာလဲ၊ နေ့ခင်းကြောင်တောင် ဓားပြတိုက် တာလားဟာ၊ လာကြပါဦး လာကြပါဦး"

အမိုး အော်တော့အော်သည်၊ ဒါပေမယ့် မိုးသံတွေကို မဖောက်နိုင်။ အေးကိုမျက်နှာကို နောက်ထပ် လက်သီး တစ်ချက်နှင့်သိပ်ပစ်လိုက်ပြီး လူရှယ်က ကားထဲဝင်ထိုင်လိုက်၏။

"ကိုရဲ"

သံစဉ် ခေါ်လိုက်သံလေးကြောင့် အမိုး မျက်လုံးပြူးသွားသည်။ ဒါ... ဒါ...

"မြတ်စွာဘုရား၊ ဟဲ့... ဟိုကောင် မလုပ်နဲ့...မလုပ်နဲ့နော်၊ သမီး မလိုက်ရဘူး"





ရဲက တံခါးတွေကိုဖွင့်ပစ်လိုက်ပြီး သံစဉ်ကို လှမ်းဆွဲသည်။ သံစဉ် က အလိုက်သင့်ပါသွားသဖြင့် အမိုး သိမ်းကျုံးဆွဲထားမိလေသည်။ ဒါပေ မယ့် မရပါ။

"သမီး...သမီး အဲဒီလိုမလုပ်ရဘူး၊ သမီး အိမ်ထောင်ပြုတာနဲ့ သေရ မိမှာမယ်၊ ပြုလို့မဖြစ်ဘူး၊ အဲဒါတွေ အမိုး ပြောပြမလို့ပါကွယ်၊ လိုက် သွားပါနဲ့"

"ဟင့်အင်း"

သူ့ ဆွဲထားသည့်လက်ကို သံစဉ်ကိုယ်တိုင် ခါချပစ်ခဲ့သောကြောင့် ဘာမှမတတ်နိုင်ခဲ့တော့ပါ။ ကားက အိမ်ကထွက်လာတာ ဘယ် လောက်မှမဝေးသေးပေ။

ခုတော့ မစဲသေးသည့် မိုးရေတွေထဲမှာ သတိလစ်နေသည့် ဒရိုင် ဘာနှင့် အမိုး နှစ်ယောက်ပဲကျန်ခဲ့လေသည်။

ဦးစိန်ရွှေဆီ ဖုန်းဆက်ဖို့ ဖုန်းကမရှိ။ ရှေ့ကကား ထွက်သွားပြီပေ မယ့် ကားမောင်းနိုင်မည့်သူကို ရှာရဦးမည်။ ဘာပဲဖြစ်ဖြစ် သံစဉ်ကတော့ ချစ်သူနောက် ပါသွားပြီဖြစ်၏။

အမိုး ခြေမကိုင်မိ၊ လက်မကိုင်မိနှင့် နောက်ဆုံး မျက်ရည်တွေပဲ သွင်သွင်ကျဆင်းလာခဲ့သည်။

မိုက်လိုက်တဲ့ ကလေး၊ ဘယ်လိုဘယ်အကြောင်းတွေ ရှိခဲ့တယ် ဆိုတာသာ ညည်းလေးသိရင် ဒီလိုဆုံးဖြတ်ရဲမှာမဟုတ်ဘူး။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"သံစဉ် တစ်ခုခုတော့ စားကွာ၊ ဒီမှာ စားစရာတွေကို ပုံနေတာပဲ ဘာမှလဲမစားဘူး"

"ဟင့်အင်း"

တိုက်ခန်းလေးက ကျဉ်းကျဉ်းလေး၊ အထဲမှာ ဧည့်ခန်း သပ်သပ်မရှိသေးပါ။ စပြီဆိုကတည်းက ငှားတာတွေ၊ သူများဆီက အကူအညီယူခဲ့ရတာတွေ မဖြစ်ချင်လို့ လက်ထဲရှိတာလေးနဲ့ ဝယ်ပစ်လိုက်တော့ ဒီလိုတိုက်ခန်းလေးပဲ ရသည်။

ထိုပြင် အထဲမှာ ပစ္စည်းလေးဘာလေးထည့်ထားဖို့ကို စိတ်ကူးနေတုန်းမှာပဲ သံစဉ် သွားတော့မည်ဟု သတင်း အတိအကျရတာမို့ ဘာမှ မလုပ်နိုင်တော့ဘဲ မိန်းမခိုးရေးကို ဦးစားပေးခဲ့ရ၏။ ထို့ကြောင့် တိုက်ခန်းကအရင်ရှိလက်စ မစ္စည်းဟောင်း အတိုအထွာများနှင့် ဘာမှလည်း မရှင်းလင်းရသေးဘဲ ဒီတိုင်း ရှုပ်ပွနေတုန်းဖြစ်သည်။

သံစဉ်သည် ဒီထဲရောက်လာကတည်းက ဆက်တီခုံလေးတစ်လုံးဆွဲထိုင်နေလိုက်တာ ကျောက်ရုပ်ထားသည့်အတိုင်းပင်။

သူ အပြင်ထွက်ပြီး တစ်ခါပြန်လာတိုင်း စားစရာပါသည်။ သံစဉ်





နှံ့စားတတ်မှန်းသိလို့ ဝယ်လာခဲ့သည့်မုန့်ထုပ်တွေ ဆိုတာ စားပွဲပေါ်မှာ မြင်မကောင်း။

"ဘာဖြစ်လို့လဲ သံစဉ်ရယ်၊ ကိုယ် ပိုင်ဆိုင်တာလေးကိုမြင်ပြီး လန့်သွားတာလား၊ ဒါမှမဟုတ်ရင် ကိုယ် အတင်းဆွဲချ ခိုးလာတာကို မကျေနပ်လို့လား"

"မဟုတ်ဘူး သံစဉ်လေ..."

သံစဉ်က ပြောရင်း ရပ်ပစ်လိုက်တော့ သူ ခုံတစ်လုံးဆွဲပြီး သံစဉ်နားမှာ ကပ်ထိုင်လိုက်ကာ..

"ဆက်ပြောလေ"

သံစဉ့်ပခုံးလေးကိုဖက်၍ မေးလိုက်မိသည်။ သံစဉ်က ပခုံး လေးကျုံ့ပစ်၍ သူ့လက်ကို မသိမသာလေး ဖယ်ချလိုက်သည်။ သူကလည်း ဖယ်ပေးလိုက်ပါသည်။

အပြင်မှာ မိုးစုပ်စုပ်မချုပ်မသေးဘဲ အထဲမှာ မီးတွေဖွင့်ထားသဖြင့် ဘယ်အလင်းရောင်ကမှ အားမသာဘဲ မကြည်မလင်ရှိနေသည်။

သံစဉ်က ဂျင်းဘောင်းဘီဒူးကျကလေးနှင့် ရှပ်အင်္ကျီပွပွလေးကို ဝတ်ထားကာ ငိုထားရှာသည့်မျက်နှာလေးမှာ နီရဲနေလေသည်။ မျက်တောင်ဖျားလေးတွေမှာ မျက်ရည်စတွေ စိုကပ်နေဆဲ ရှိတာကိုလည်း မြင်နေရ၏။

"သံစဉ်ရယ် ကိုယ် မင်းကို ဘယ်လိုမှကို ဆုံးရှုံးမခံနိုင်လို့ မရမက ခိုးခဲ့တာ၊ ကိုယ် စွန့်စားခဲ့တာကို မင်း မြင်မှာပါ၊ တကယ်ဆို ထောင်ကျသွားနိုင်တယ် ပိုင်ဆိုင်ချင်တဲ့စိတ်တစ်ခုတည်းနဲ့ ကိုယ် ဆုံးဖြတ်တာ ဘာအတွက်နဲ့မှ နောင်တမရဘူး၊ ဒါပေမယ့် မင်း မျက်ရည်ကျတာကို ကိုယ် မမြင်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲကလဲ ငိုချင်နေတာကို ဘယ်လိုလုပ်ရမှာလဲ"

ပြောပုံလေးက သနားစရာပါ။ မြတ်နိုးဖို့လည်းကောင်းသည်။ ဒါပေမယ့်…

"သံစဉ် ကိုယ့်ကို မချစ်ဘူးလားဟင်"

"ချစ်တာက ချစ်တာပဲ၊ ဒီလိုလုပ်ဖို့ သံစဉ် ဘယ်တုန်းကမှ စိတ်မကူးခဲ့မိဘူး၊ ဖေဖေ အရမ်းစိတ်ဆိုးမှာပဲ သိလား၊ မေမေ့ကိုလဲ သနားတယ်"

"ကိုယ့်ကိုကော"

"ကိုရဲနဲ့ တူလို့လား၊ ဟိုက မိဘ၊ ကိုရဲက ချစ်သူ"

"အဖေ၊ အမေထက်ချစ်တဲ့ မောင်ရယ်လို့ပဲ ကိုယ် ကြားဖူးတယ်"

"သံစဉ် ဖေဖေတို့ကို ဘယ်တုန်းကမှ ခုလို မလွန်ဆန်ခဲ့ဖူးဘူး၊ ခွဲလဲ မခွဲခဲ့ဘူး"

"ဘာပဲဖြစ်ဖြစ် လက်ထပ်မယ့်တစ်နေ့မှာ ခွဲရမှာပဲမဟုတ်ဘူးလား"

"ဘယ်သူနဲ့မှ ဘယ်တော့မှ လက်မထပ်ရဘူးလို့ ဟိုတုန်းကတည်းက သံစဉ်ကို ပြောထားတာ"

"ဘာ"

သံစဉ်က သူ့ကို ရှင်းမပြတတ်သည့်မျက်နှာလေးနှင့် မော့ကြည့်သည်။ ပြီးတော့ မျက်လွှာချသည်။

"ဟုတ်တယ်၊ ဘာကြောင့်ဆိုတာမပြောပေမယ့် သံစဉ် အိမ်ထောင်ပြုလို့မရဘူးလို့ပဲ တဖွဖွ ပြောခဲ့တာ၊ ပြီးတော့ အိမ်ထောင်ပြုတာနဲ့ သေသွားတော့မလိုလို ပြောဖူးတယ်"

"အဓိပ္ပာယ်မရှိတာကွာ"

ပြောရင်း ရဲက ခုံကိုထပ်ဆွဲ၍ နီးအောင်ကပ်ကာ သံစဉ်နှင့် ပခုံးချင်းထပ်သည်။ လက်ဖဝါးလေးကို သူ့လက်ဝါးနှင့် ထပ်ဆုပ်ထားပြီးမှ…





"တော်ပြီကွာ မိဘတွေကိစ္စကို ထားခဲ့လိုက်တော့၊ လွှမ်းလဲ မလွှမ်းနဲ့တော့နော်၊ အခု မင်းနဲ့ကိုယ် နှစ်ယောက်တစ်ဘဝ ထူထောင်ကြမယ်၊ ကိုယ့်ကို ယုံတယ်မဟုတ်လား"

သံစဉ်က သူ့ပခုံးမှာ ခေါင်းလေးဖေးတင်လာကာ…

"ကိုရဲကကော သံစဉ်ကို တကယ်ချစ်လို့လား"

"ဟာ…"

ရဲ မချင့်မရဲ မဲ့ကျသွားကာ လက်ဖဝါးလေးကို ဖျစ်ညှစ်လိုက်မိ၏။

"အဲဒါ ခုမှမေးဖို့သတိရလား သံစဉ်ရယ်၊ မေးပုံက ပန်းခြံထဲမှာ စောတစ်ဖြုတ် ချိန်းတွေ့နေကြတဲ့ ချစ်သူတွေအတိုင်းပဲ၊ ဟိုတုန်းက ချစ်တာတွေ ပြောချင်လွန်းလို့ ဒီကောင် ပျာယာခတ်နေတာကျတော့ ဘာမှပြောချိန်မရခဲ့ဘူး"

"ဟုတ်တယ်၊ ကိုရဲ မကျေနပ်လဲ မတတ်နိုင်ဘူး၊ သံစဉ် ကိုရဲနဲ့ဆုံခဲ့ရတာ ဘယ်မှာကြာသေးလို့လဲ၊ ပြီးတော့ ဟို… ကိုရဲက အတင်းကြီး အဖြေတောင်းတော့…"

"ဘာ… ဒါဆို မင်း ကိုယ့်ကို မချစ်ခဲ့ဖူးပေါ့"

"ဟင့်အင်း"

သံစဉ်က ခေါင်းလေးခါပြကာ…

"ချစ်တယ်၊ သံစဉ်က ချစ်ပါတယ်၊ ကိုရဲကိုတော့ ကြောက်တယ်"

"ဘာကြောက်တာလဲ"

"ကိုရဲအကြောင်းမှ သံစဉ် ဘာမှမသိရတာ၊ သံစဉ် ပြောတာက ဆင်းရဲတာချမ်းသာတာ ဘာမှမပါဘူးနော်၊ ကိုရဲ ရှုပ်သလား၊ ပွေသလား၊ ချစ်သူတွေ များခဲ့သလား၊ ရှိနေဆဲလား အဲဒါတွေ…၊ သံစဉ်ကို ပြန်ခိုးသလို တခြားမိန်းကလေး…"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ အဲဒီလောက်ဆို ရပြီ ကိုယ့်ကို ပွေ့တဲ့လူလို့ သံစဉ် ထင်နေ
တာ"

"ဖေဖေတို့ကလဲ ကိုရဲကို အကောင်းမှမပြောတာ၊ ကိုရဲ' ကိုယ်တို
ကလဲ ဖေဖေ့ကို ရှိသေလေးစားဖို့ ခုချိန်ထိ အစီအစဉ် မရှိဘူးမဟုတ်
လား။ သံစဉ် မိဘကို ခြေစုံပစ်ပြီး အားကိုးခဲ့ရတဲ့ ချစ်သူက သံစဉ်ကို
တကယ်မချစ်ရင် ဘယ်လိုလုပ်မလဲ၊ အဲဒါ သံစဉ့်မှာ အပြစ်ရှိလားဟင်"

နားထောင်နေရင်း သူ ပြုံးလိုက်မိသည်။ သံစဉ် ပွင့်လင်းတာလေ
ကိုချစ်သည်။ ပြောရဲတာကိုလည်း သဘောကျမိ၏။

"သံစဉ်ရယ်"

သူ သံစဉ့်ပခုံးလေးကိုဖက်၍ နဖူးဆံစလေးတွေကို လေနဲ့ ဖြည်
ဖြည်းလေးမှုတ်လိုက်သည်။

"ကျိန်တွယ်ပြောဖို့ ဝါသနာမပါဘူး။ ဒါပေမယ့် ကိုယ် ရည်းစ
တစ်ခါမှ မထားခဲ့ဖူးဘူး၊ အဲဒါ တကယ်ပါ။ ကိုယ်တို့အုပ်စု လွတ်လွတ်
လပ်လပ် ရှုပ်ပွေကြတာရှိတယ်၊ ဒါပေမယ့် မိန်းကလေးတွေနဲ့ ရှုပ်တာ
မဟုတ်ဘူး၊ အဲဒါလဲ တကယ်။ လူကြီးဖြစ်ဖြစ်၊ လူငယ်ဖြစ်ဖြစ် ကိုယ့်ကို
ထိပါးလာပြီထင်ရင် လက်တုံ့ပြန်တာပဲ၊ အဲဒါ ကိုယ့်အကျင့်။ စပြီး
ကိုယ်ပဲ အဆုံးသတ်ခဲ့တာ၊ သံစဉ့်ဖေဖေ့ကို ကိုယ် မကျေနပ်တာတွေ
ကျန်သေးတယ်၊ ဒါပေမယ့် သံစဉ့်ကြောင့် ကိုယ် အခု အားလုံးကို မေ
လိုက်ဖို့ ဆုံးဖြတ်ရုံတင်မကဘူး မတောင်းပန်နိုင်ပေမယ့် ထပ်မတုံ့ပြ
မိအောင်နေမယ်၊ အဲဒါလဲ တကယ်ပဲ"

သူက စကားဆက်မပြောဘဲ စားပွဲပေါ်က စတော်ဘယ်ရီရေခဲမုန့်
ဘူးလေးကို လှမ်းယူလိုက်သည်။ ကိုယ်တိုင်ဖွင့်လိုက် ပြီး သံစဉ့်လက်ထ
ထည့်ပေး၏။





သံစဉ်က ယူထားပြီး မစားဘဲ ဒီတိုင်းလေးကိုင်ထားသည်။

"ကိုယ့်ဘက်မှာ အားနည်းချက်တွေတော့ ရှိသေးတယ် သံစဉ်၊
ဘွကို ကိုယ်က ပြောပြထားသင့်ပေမယ့် ကိုယ့်တို့အဖြစ်က ဘာမှ
ဆင်ချိန်မရခဲ့တာ"

"ဘာတွေလဲဟင်"

သံစဉ် မျက်နှာလေးမော့ပြီး မေးသည်။ ရဲက နဖူးလေးကို ဖျတ်ခနဲ
လိုက်၏။ သံစဉ် ရှက်ကိုးရှက်ကန်းပုံလေးဖြစ်သွားပေမယ့် မျက်နှ
ဝင်ခဲ့ပေ။

ရဲက သံစဉ်ကိုင်ထားသည့် ရေခဲမုန့်ဘူးလေးထဲကို ဇွန်းကလေးနဲ့
ပြီး သံစဉ့်နှုတ်ခမ်းလေးတွေနားမှာကပ်ပေး၏။

သံစဉ်က အလိုက်သင့်လေး ဟပေးတော့ သူ တယုတယ ခွံ့ပေး
သည်။

ပြီးတော့ တိုးတိုးလေး အနားကပ်ကာ...

"ရေခဲမုန့်ဘူးတွေမြင်တိုင်း ကိုယ် ရင်ခုန်တယ် သိလား၊ မင်းနဲ့
ခဲ့ကြတဲ့ အမှတ်တရသင်္ကေတလေးမို့လို့"

သူ ခွံ့ကျွေးနေတာကို စားနေရင်း သံစဉ် ကြည်နူးလာခဲ့သည်။
ယုံကြည်အားကိုးခြင်းတွေလည်း ဖြစ်ခဲ့သည်။ သူ သံစဉ့်ကို
ချစ်တာ ဖြစ်နိုင်သည်ဟု နောက်ထပ် သတ်မှတ်လိုက်မိသည်.

"ဆက်ပြောလေ ကိုရဲ"

ခေါင်လို့ခေါ်ပါလား၊ ကိုရဲ ဆိုတာကြီးက လူတိုင်းပါးစပ်ထဲမှ
တာ"

ကားမစပ်ဘဲ ရဲ တောင်းဆိုခြင်းတွေ စဖြစ်လာ၏။ သံစဉ်က ပြုံး
...



www.burmeseclassic.com

www.burmeseclassic.com



"ရှက်စရာကြီး"

"ဘာကိုရှက်ရမှာလဲ၊ ကိုယ် နားထောင်ချင်လို့ကွာ၊ ခေါ်ကြ

"ဟင့်အင်း"

"မခေါ်ဘူးလား"

"ဟာ… ကိုရဲ ဘာလုပ်မလို့လဲ၊ အနိုင်မကျင့်နဲ့"

"ဘာမှမလုပ်ဘူး၊ မခေါ်ဘူးဆိုရင် မခေါ်မချင်း ဂျိကျမလို့"

တစ်ဝက်ကျသွားသည့်ရေခဲမုန့်ဘူးကို သံစဉ်က စားပွဲပေါ် ထားလိုက်ရင်း ရယ်သည်။

ငိုချင်တာတွေကို ခဏမေ့သွားပြီမှန်းတွေးမိကာ ရဲက သ မျက်ဝန်းလေးတွေကို ငေးကြည့်နေမိသည်။

"သံစဉ်"

"ဘာလဲ"

"မင်းရဲ့အဖေနဲ့ကိုယ် နောင် ဘယ်တော့မှ အဆင်ပြေပြေ ဆ လို့ရမှာမဟုတ်ဘူးဆိုရင် သံစဉ် ဘယ်လိုလုပ်မလဲ"

မရယ်တဲ့ ငြိမ်းနေပေမယ့် ရဲမျက်ဝန်းတွေထဲက လေးနက်မှု သံစဉ် နားလည်သွားသည်။

"ကို… ကိုကတော့ သံစဉ် စိတ်ချမ်းသာအောင်၊ ဖေဖေနဲ့ အ အောင် နေထိုင်သွားဖို့ ဘယ်တော့မှ စိတ်မကူးတော့ဘူးလား၊ သံ ပိုင်ပြီဆိုပြီး မာနတွေ ဆက်ကြီးနေဦးမှာလား"

သူ ခေါင်းခါလိုက်သည်။

"အဲဒီလိုဖြစ်လာနိုင်ဖို့ရှိပေမယ့် သက်ရောက်မှုတွေကတော့ ထင်သလိုမဟုတ်ဘူး၊ ကိုယ့်ဘက်ကနေ ကိုယ်က ပြိုင်ဘက်လို့ မှတ်လိုက်ပြီးတဲ့လူတစ်ယောက်ကို တစ်ခါမှ အရှုံးမပေးခဲ့ဖူးဘူး





ကိုယ်ချစ်တယ်၊ မင်းအဖေကို နောက်ထပ် မတုံ့ပြန်တော့ဘူးလို့ ဆုံးဖြတ် ခဲ့တာလဲ မင်းကြောင့်ပဲ၊ ဒါပေမယ့် အဲဒါက ရင်မဆိုင်မိကြခင်မှာပဲ ဖြစ် သိမ့်မယ် သံစဉ်၊ ကိုယ် သိတယ်၊ မင်းအဖေ ကိုယ့်ကို ဘယ်နည်းနဲ့မှ ကြည်ဖြူမှာ မဟုတ်ဘူး"

သံစဉ် မျက်နှာလေး ငယ်ကျသွားသည်။ ဒါတွေ မပြောချင်တော့ ဘူးဆိုပြီး ဒီကိစ္စကြီးက ရင်ထဲမှာ ခံနေသောကြောင့် ဒါကိုပဲ ပြောဖြစ်ခဲ့ နဲ့ပြီ။

ရဲ စိတ်မကောင်းနိုင်ပါ။ တကယ်တမ်း ချစ်တတ်လာခဲ့တော့ နေ့ည ဖြတ်သန်းမှုတိုင်းဟာ ပုံမှန် ဘယ်လိုမှမဖြစ်နိုင်တော့ဘူးဆိုတာကို းလည်လာခဲ့၏။

ရင်ထဲမှာ ရေနွေးစီးကြောင်းကြီး စတင် စီးဆင်းလာခဲ့ပြီ ဖြစ်သည်။ သူကို ချစ်လို့ သိမ်းပိုက်ခဲ့တာတောင် ဦးစိန်ရွှေဘက်က တစ်မျိုးထင် တွေ ရှိသေးသည်။

ထင်တာ မြင်တာတွေနှင့် စွပ်စွဲထိပါးလာရင် သူ ငြိမ်ခံနေရ လား…။

ဖဖ ဖဖ ဖဖ



www.burmeseclassic.com

## အခန်း (၁၀)

"ဘယ်မှာတဲ့လဲ ကိုကို"

"မသိဘူး၊ ဘယ်ပါသွားမှန်းကိုမသိတာ၊ တောက်"

ဦးစိန်ရွှေ တက်ခေါက်ရင်း ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိတ
မပြေးရုံတစ်မယ်ပဲရှိတော့သည်။

ညှော်ခန်းကိုထွက်သည့် နောက်ဖေးအတွင်းတံခါးနားကနေ ဒေါ်
က ရပ်ကြည့်နေရင်း မျက်ရည်လည်နေ၏။ ဒေါ်ပတ္တမြားလှိုင်ကတေ
သံစဉ် ပါသွားကတည်းက မျက်ရည်မစဲခဲ့ဘဲရှိရာ ချည်ချောတဘ
လေးတစ်ထည်ကို ကိုင်ထားရသည်အထိပင်။

ပြီးတော့ နာရီကိုမော့ကြည့်ကာ..

"ကိုးနာရီလဲ ထိုးနေပြီ၊ သွားပြီ သမီးလေး အညွန့်ကျိုးပါပြီ ကို
ရယ်၊ ရက်စက်လိုက်ကြတာ၊ ဒီကလေးကိုမှ..."

ပြောလို့လည်းမထွက်နိုင်၊ မပြောဘဲ ကြိတ်ငိုလို့လည်းမရတော့
နာရီတစ်နာရီ ရွေ့တိုးသွားတိုင်း ကမ္ဘာပျက်လောက်အောင် ခံစား
တာ ဘယ်လိုခြေညာရမှန်းမသိ။





တစ်နေကုန် ဦးစိန်ရွှေလည်း ရှာလွန်းလို့ ဖတ်ဖတ်မောနေခဲ့သည်။
က်လှမ်းမီသမျှ ကိုယ့်လူရင်းတွေကိုလည်း တိုးတိုးကြိတ်ကြိတ် အကူ
ညီတောင်းထားခဲ့သည်။

ကိုယ်ပဲ ဖုန်းခဏခဏဆက်မေးခဲ့ရပြီး ဘယ်သူ့ဆီကမှ သတင်း
မပါ။

"အဲဒါကြောင့် ကိုကို့ကို လှိုင်ပြောတာ၊ မပြောမဖြစ်တဲ့စကား ဆို
ာ ပြောရမှာပေါ့၊ ကိုယ်သေမယ်မှန်းသိရင် ဘယ်သူမှ တွင်းတူးမမိုက်
အခု ကလေးက ဘာမှမသိတော့..."

"ဩော်.. ဒါဆို မင်းအစ်မကျတော့ကော"

မိန်းမလိုမိန်းမရ ပြန်ပြောချင်ပေမယ့် ဒေါသကလည်း ဖြစ်နေသည်။
းလုံး ကိုယ်အသုံးမကျတာချည်းပဲလို့ ပြောတာမျိုးကိုလည်း မခံနိုင်။
ပတ္တမြားလှိုင်လည်း ဘာမှ မပြောနိုင်တော့ပါ။

သူမမျက်လုံးထဲမှာ ဆံပင်အကျီဖရိုဖရဲနှင့် သံတိုင်တစ်ဝက် ပိတ်
ထားသည့်ထဲက အစ်မဖြစ်သူမျက်နှာက ကွက်ခနဲပေါ်လာ၏။

"တော်ပါပြီကွာ၊ ဘာမှ မင်း ပြန်ပြီး တူးဖော်မနေနဲ့၊ ဒီ သမီးလေး
ကျက်ဆို ငါ အရာမှန်သမျှကို ပုံအောစွန့်လွှတ်ရဲတယ်၊ ငါ့သမီးကို
က ရှာမယ်၊ ပြန်ခေါ်မယ်၊ ဘဝမဆုံးခင် ငါ့လက်ထဲမှာ ဘာဖြစ်သွား

"အဲဒီကောင် ဘယ်ကကောင်လဲဟင်၊ ကိုကို ခုထိ မသိသေးဘူး

"မသိဘူး၊ ရဲလို့ခေါ်ကြတာပဲ ငါသိတာ"

ဦးစိန်ရွှေပါးစပ်မှ 'ငါ'တွေ ဘာတွေဖြစ်ကုန်တာမို့ ဘယ်လော
တ်လှုပ်ရှားဒေါသဖြစ်နေသလဲဆိုတာကို ခန့်မှန်းကြည့်နိုင်မိလို့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပဒ္မာမြားလှိုင်က ခဏငြိမ်ကျသွားပြီးမှ ကယျာကယာ ပြန်မေးလာ
ကာ...

"ကိုကို... ကိုကို ဟိုတစ်ခါ ထရန်စဖာ ပေါက်ခွဲပစ်တဲ့ကိစ္စတုန်းက
လေ အဲဒီ အီလက်ထရွန်းနစ်ကလူတွေကို မေးကြည့်ပါလား"

"မေးပြီးပြီ ဒီကိုပါလာတဲ့ အလုပ်သမားတောင် အလုပ်မဆင်းတာ
နှစ်ရက်ရှိပြီတဲ့၊ ဒီကောင်က သူတို့ဆီကလူ မဟုတ်ဘူးတဲ့၊ သူတို့ သိဖ
မသိဘူးတဲ့"

"အဲဒီ သိတဲ့လူရဲ့ အိမ်ကို လိုက်ပါလား ကိုကိုရယ်"

"လိုက်တယ်၊ လိုက်ပြီးပြီ အဲဒီ ကိုကိုအောင်ဆိုတာကိုလဲ ဘယ်လို
ရှာမတွေ့တာ"

ဦးစိန်ရွှေသည် စကားပြောရင်း ဆတ်ခနဲ ကိုယ်မတ်သွား၏။ ကာ
နံပါတ်၊ ဒီကားနံပါတ်ကို သူ သိနေသည်။ မော်တော်ယာဉ်ထိန်းသိမ်းေ
ကနေ စုံစမ်းလို့ရတာပဲ။ ကိုယ်မှာ နှိုက်စမ်းလိုက်တော့ ဖုန်းက အလွယ
တကူမရှိ။ သူ ဘာမှမပြောဘဲ တယ်လီဖုန်းရှိရာသို့ ခပ်သုတ်သုတ
သွားမိသည်။ သို့သော်...

ဖုန်းပေါ် လက်တင်ရုံပဲရှိသေးသည် သူ့ထက်ဦးသူက ခေါ်လို
သဖြင့် မြည်သံက ဆူညံလာ၏။ စိတ်လက်မကြည်မသာနှင့် နားထော
လိုက်ရတော့သည်။

"ဟဲလို ဦးစိန်ရွှေပါ"

"ကောင်းတာပေါ့၊ ကျွန်မကလဲ အဓိကပုဂ္ဂိုလ်နဲ့ပဲ တွေ့ချင်တာ
ဒါနဲ့ ဒေါ်ပဒ္မာမြားလှိုင်ကော ရှိပါတယ်နော်"

ဦးစိန်ရွှေ တင်းခနဲဖြစ်သွားသည်။ ဖုန်းသံကြားကတည်းက ထ
လိုက်ပြီးသား ဖြစ်နေသည့် ဒေါ်ပဒ္မာမြားလှိုင်ထံသို့ တစ်ချက် ဝ





ည့်၏။ ပြီးမှ...

"ခင်ဗျား ဘယ်သူလဲ၊ ကျွန်တော်နဲ့ပြောချင်တာလား။ ကျွန်တော့်
လား၊ လိုရင်းကို သိပါရစေ"

"လိုရင်းက ကျွန်မသားက ရှင့်သမီးကို ခိုးပြေးတဲ့ကိစ္စပဲ"

"ဟင် ခင်... ခင်ဗျား ဟိုကောင် ရဲ့ ဆိုတဲ့..."

"ဟုတ်တယ်၊ သမီးတစ်ယောက်လုံးပါသွားတာတောင်မှ နာမည်
ည့်အစုံမသိသေးဘူးလားရှင်၊ မဖြစ်မနေ တော်ရတော့မယ့် ကိုယ့်
က်နာမည်လောက်တော့ မှတ်ထားသင့်တာပေါ့"

"မသိဘူး၊ သိလဲမသိချင်ဘူး။ ဘယ်သူက သမက်တော်မှာလဲ၊ လုံးဝ
ဘ်းစားဘူး"

"အို... 'ဘူး'တွေလဲ များလှချေလား၊ ကျွန်မက ရှင့်ကို သမက်တော်
လား မတော်ချင်ဘူးလားလို့ မေးနေတာမှမဟုတ်တာ၊ တော်ကို
ရမယ့်အဖြစ်ကို ပြောပြတာ"

"တောက်"

"အချိန်တန် အရွယ်ရောက်နေတဲ့ သမီး ယောကျ်ားယူတာများ
ာက်ထိ ဖြစ်ရလား ဦးစိန်ရွှေရယ်၊ ရှင်လဲ သူများသားသမီးကို
ာပဲ၊ ကိုယ့်လက်ထဲကျမှ ရှုံ့ရှုံ့ သေသေ ဘာဖြစ်ဖြစ် ဆိုပြီးတော့
မဟုတ်ဘူးလား"

"ဟင်..."

ဦးစိန်ရွှေ ကိုယ်လုံးကြီး တောင့်တင်းသွားလေသည်။ ဒီတစ်ခါ
ဒ္မာမြားလှိုင်ကို လှမ်းကြည့်မိသောမျက်ဝန်းများက ချောက်ချားစွာ။

"တကယ်ဆိုရင် ကျွန်မသားဘက်ကတောင် နစ်နာပါသေးတယ်"

"ခဲ့ဗျာ ခင်ဗျား... ခင်ဗျားက ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောမှာပါ၊ ဒါပေမယ့် ရှင် သွေးတက်သွားနိုင်တယ်နော်၊ ရင်ဘတ ဖိပြီး နားထောင်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မသားက လူရမ်းကား ဆိုတဲ့ ဂုဏ်ပုဒ်အပြင် အိမ်ဖော်မရဲ့သား ဖြစ်နေတော့…"

"ဘာ… မင်း… မင်း…"

"သိသွားပြီလား"

"ပိုးဉ…"

"ခဏနေပါဦး၊ ကျွန်မမှာ ပြောစရာတွေရှိသေးတယ်"

ထိုအချိန်တွင် ဒေါ်ပဒ္မာမြားလှိုင် အနားရောက်လာကာ…

"ပေး ကိုကို"

ဖုန်းကို ဆွဲယူပစ်လိုက်၏။

"ပိုးဉ"

ဦးစိန်ရွှေသည် ဒေါ်ပဒ္မာမြားလှိုင်လက်ထဲက ဖုန်း၏စကား ပြော ခွက်ကို လှမ်း၍ပိတ်လိုက်ကာ…

"ရဲ ဆိုတဲ့ကောင်က ပိုးဉရဲ့သား"

ဟု အသိပေးလိုက်သည်။ ဒေါ်ပဒ္မာမြားလှိုင် မျက်လုံးအစုံ တောက်သွားသည်။ ဦးစိန်ရွှေ လက်ကိုခွာချပစ်လိုက်ပြီး…

"ညည်းက ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်တာလဲ ပိုးဉ၊ ငါတို့ အိမ် ကနေဆင်းသွားတုန်းက ညည်းတို့လင်မယား ကျေကျေနပ်နပ် မဟုတ် ဘူးလား"

"ဩော်… တိမ်ညွန့်စားတဲ့ မိန်းမကြီးကို၊ ဒါပေမယ့် ရှင် ဒေါ်ပဒ္မာမြားလှိုင်တော့ မဖြစ်နိုင်ဘူး၊ သန္တာလှိုင် မဟုတ်လား"

"မိပိုးဉ"

ဒေါ်ပဒ္မာမြားလှိုင် တကယ်မဟုတ်ခဲ့သော သန္တာလှိုင် ဒေါသရော





ချောင်းထွက်သွားသည်။ ဟိုတုန်းက ကိုယ်တိုင် ရိုက်နှက်ဆုံးမခဲ့ဖူးသော ကိုယ့်မျက်နှာကို ရဲရဲမကြည့်ဝံ့ခဲ့သော ထို ပိုးဉ ဆိုသော မိန်းမတစ် ယောက်က သူမကို ခေါ်လိုက်တာ သန္တာလှိုင်တဲ့။

"တောက်"

"ဒေါသတွေ ခဏသိမ်းလိုက်ဦး သန္တာလှိုင်၊ ရှင်တို့က ကောင်မ လေးရဲ့ မိခင်ကို အရှုံးမှန်းမသိရအောင် ညီအစ်မနှစ်ယောက် လှိုင်ချင်း ဘုတာနဲ့ နေရာလဲခဲ့နိုင်ပေမယ့် ဒီကောင်မလေးကတော့ အိမ်ထောင် ကျပြီး သားသမီးမွေးတာနဲ့ ရှုးမှာပဲလေ၊ ဒါကို ဖျောက်ဖျက်ပစ်လို့ ရ လား"

"မရဘူး၊ အဲဒါကိုသိရက်နဲ့ ညည်းက ငါတို့ကို ဘဝပျက်အောင် လုပ် လိုက်တာပေါ့ ဟုတ်လား၊ သားအမိနှစ်ယောက်ပေါင်းပြီး ယုတ်မာလိုက် ကြတာပေါ့လေ"

"အဲဒါ ယုတ်မာတယ်လို့ခေါ်လား မလှိုင်၊ ဟုတ်တယ်ဆိုရင်လဲ အရှုံးမျှတပါတယ်၊ ရှင်တို့တွေ ရက်စက်ယုတ်မာခဲ့ကြတုန်းကလဲ ပျော်ခဲ့ကြတာပဲမဟုတ်လား၊ ခုလဲ ကျွန်မ ပျော်နေတယ်၊ အရမ်းကျေနပ် တယ်၊ ဒါပေမယ့် စိတ်တော့မကောင်းဘူး မလှိုင်၊ ကျွန်မ ပစ်ဖို့မြားတွေ ကျန်သေးဘူး"

"ဩော်…ဩော်… ဒီမှာ ပိုးဉ၊ ကျွန်မဖြစ်ခဲ့တဲ့လူက မြွေကျောက်ဖျာ ပေါ် တက်ထိုင်လို့မရဘူး၊ ဘယ်မှာမှလဲ ရှောနေသလို့မရဘူး၊ သူ့ရှိတဲ့ နေရာမှာ ကျွန်မစောင့်နေမှာပဲ"

"ဟုတ်လား၊ ဟား ဟား ဟား ကျွန်မစောင့်နေတယ် ဟုတ်လား"

ရယ်သံက မြူးကြွကြွထွက်လက်မနေဘဲ အေးစက်ခြောက်သွေ့ နေသည်။ ရယ်နေရင်း ငိုကြွေးနေသယောင် ထင်လာရ၏။ ငိုနောက်



www.burmeseclassic.com

www.burmeseclassic.com



ရယ်နေခြင်းကို တိခနဲရပ်တန်းပစ်လျက်…

"ထားလိုက်ပါတော့။ ကျွန်မသားနဲ့ ရှင့်သမီး ညားသွားတော့ ရှင်တို့လဲ ကျွန်မျိုးကျွန်နွယ်ပေါ့၊ မခေါ်ချင်လို့ရပေမယ့် မတော်ချင်လို့မရဘူးလေ။ ပြောတာဆိုတာ သတိထားမှပေါ့၊ ကျွန်မသားဘက်ကလဲ နောင်မကြာခင်မှာ အရူးမလင် ဖြစ်ရဦးမှာ"

"ဟိတ် တိတ်စမ်း။ ညည်းသားကို ဘယ်သူက အသိအမှတ်ပြုလို့လဲ၊ ငါ့သမီးကို မရမက ရိုက်နှက်ပြီး ဆွဲခေါ်ပြီး ပြန်ပေးဆွဲမှု ဟိုးအရင် သိန်းနှစ်ရာကျော်ပစ္စည်းလုယက်မှုမှာ အလစ်သမားတွေနဲ့ အပေါင်းအပါအဖြစ် သုံးယောက်ပေါင်း လုယက်မှု၊ အဲဒီအမှုတွေနဲ့ ညည်းရဲ့သား အဖမ်းခံရတော့မှာ"

"ဘယ်လို"

"ဟား ဟား"

တစ်ဖက်က တအံ့တသြ တိတ်ကျသွားသဖြင့် ဒေါ်သန္တာလှိုင် အားရပါးရ ရယ်ပစ်လိုက်သည်။ ပြီးတော့ သူမ၏ အနိုင်ရလိုက်ခြင်းအတွက် ဦးစိန်ရွှေ သိနိုင်ရေးရန် လှမ်းကြည့်ပြီး မဲ့ပြုလိုက်သေးသည်။

"ဒီမှာ ပိုးဥ၊ ညည်းကို ငါ တစ်ခုပြောမယ်၊ မြင့်မိုရ်တောင်ကို ဗီးစေ့နဲ့ပေါက်ဖို့ မကြိုးစားဘဲ ညည်းရဲ့ခြေလှမ်းတွေကို ပြန်ရုပ်လိုက်ပါ။ အခုကလေးတွေ ဘယ်မှာလဲ၊ ဖြစ်ခဲ့သမျှကို ငါတို့ လျှော်ပစ်လိုက်မယ် ငါတို့သမီးကိုပဲ ငါတို့လက်ထဲ ပြန်အပ်ပါ"

စဉ်းစားနေတာလား၊ တွေဝေသွားတာလားမသိ တစ်ဖက်က အသံတိတ်ကျနေသည်။

"ဒီလိုမှမဟုတ်ရင်တော့ ညည်းသား ထောင်ကျမှာပဲ၊ ဖုံဒရိုင်ဘာကို ရိုက်နှက်သတ်ပုတ်ပြီး ငါ့ကားပေါ်ကနေ သမီးကို ဖွတ်တရွတ် ဆွဲချသွား





…။ အဲဒါတွေလဲ ညည်း သိတယ်ဆိုရင် ဒီလိုကျူးလွန်တဲ့အပြစ် ဘယ်…ဘက်ကြီးသလဲဆိုတာလဲ နားလည်မှာပေါ့၊ ဟော့ ကြားရဲ့လား၊ ဘာ… သိပ်ကြောက်သွားလား"

"အဟွန်း…"

တစ်ဖက်က မချိတရိရယ်သံလေး ထွက်ပေါ်လာသည်။

"မကြောက်ပါဘူး။ ဇာတ်လမ်းက ဆုံးမှမဆုံးသေးတာ၊ တကယ်…ကြောက်ရမယ့်သူ ဘယ်သူဆိုတာ ဘယ်လိုခန့်မှန်းနိုင်မှာလဲ၊ ဒါပေမယ့်…ကျွန်မက သိတယ်၊ ကျွန်မ နှစ်ခါမရှုံးဘူး၊ အဲဒါကော ဘာဖြစ်လို့လဲ…ချင်သေးလား မလှိုင်ဇီ ကျွန်မရင်ထဲမှာ သူများကို ညစ်ပတ်ဖို့ဆိုတဲ့စိတ်…ခင်မွေးမြူထားခဲ့တာ မရှိလို့ အားလုံးဟာ ဖြစ်သင့်တဲ့အတိုင်း ဇာ…မှာက ဖန်ဆင်းပေးသွားတာ၊ ဒီတစ်ခါ ကျွန်မ နိုင်အလှည့်"

"ပိုးဥ… ပိုး ဥ"

ဒေါ်သတကြီး ဘယ်လိုပဲ ဆောင့်ခေါ်နေနေ တစ်ဖက်က ဖုန်းချ…ပြီဖြစ်သည်။

"ဘာတွေပြောသွားသလဲ လှိုင်၊ သမီးတို့ရှိတဲ့နေရာ ပြောမသွား…လား၊ မင်း မမေးလိုက်ဘူးလား"

ဒေါ်ပဏ္ဏမြားလှိုင်သည် ဘာမှလည်း ပြန်မဖြေနိုင်ဘဲ နှုတ်ခမ်းကို…ပုမတတ် ကိုက်ထားလျက် ခေါင်းခါပြ၏။

"တောက် သွားပြီ၊ လုံးဝ သွားပြီ"

ဦးစိန်ရွှေ ဒေါ်သနှင့် ယူကျုံးမရခြင်းတွေ ရောထွေးလျက် တက်…လိုက်သည်။ ဖုန်းနားကနေမခွာဖြစ်ဘဲ နှစ်ယောက်စလုံး အံ့ကြိတ်…ခဲ့ကြရင်း…

"ဘာသွားတာလဲ ကိုကို၊ ပိုးဥသားဆိုတာနဲ့ပဲ ကိုကိုက…"



www.burmeseclassic.com

www.burmeseclassic.com



"တိမ်စမ်း လှိုင်၊ မင်းတို့ညီအစ်မ ဒီလို အပြောပက်စက်လွန်းလို့ ခုလိုတွေဖြစ်ကုန်တာ၊ လူနဲ့တိရစ္ဆာန် ဘာကွာလဲ သိလား"

ဒေါ်ပတ္တမြားလှိုင်မျက်နှာ တင်းသွား၏။

"ကလေးကလား မင်းကိုမေးနေတယ်များ မှတ်နေလား။ လူဆိုတာ သိတတ်နားလည်ရတယ်။ မှုတတာ၊ မမှုတတာကို ဆင်ခြင်နိုင်ရတယ်။ လူတွေထဲမှာ ပိုပြီးမြင့်မြတ်သူဖြစ်ချင်ရင်တော့ စာနာသည်းခံတတ်ဖို့ လိုတယ်။ မင်းတို့မှာ အဲဒါတွေ မရှိဘူး။ လူဖြစ်ပြီး မျိုးသိပ်အောင့်အည်း မထားနိုင်ဘဲ ပေါက်ကွဲလွယ်တယ်ဆိုရင် အဲဒီလူ ချို့ယွင်းတာပဲ"

"လှိုင်က အဲဒီလိုဖြစ်နေပြီလား ကိုကို၊ ပိုးဥအသံကြားတာနဲ့ ကိုကို ပုံစံပြောင်းသွားတာကျတော့ သိပ်ကိုပြည့်ဝတယ်ပေါ့"

"မပြည့်ဝရင်တောင် ငါ မချို့ယွင်းဘူး၊ ပိုးဥနဲ့ ရဲဆိုတဲ့ကောင် သား အမိဖြစ်သွားတဲ့ကိစ္စမှာ ငါတို့ဘက်က စိုးရိမ်ဖွယ်တွေ အများကြီး ဖြစ်သွားပြီ၊ အဲဒါ မင်း တွေးမိရဲ့လား။ ရှေ့ကလာတဲ့ရန်သူထက် နောက် ရန်သူကို ပိုကြောက်ရတယ်၊ သူ့ကို ငါတို့က မေ့ခဲ့ပေမယ့် သူက ငါတို့ကို ဒုက္ခပေးဖို့ လွတ်လွတ်လပ်လပ်ကြီး ကြံစည်နေတာ"

"သူ ဘာမှမကြံစည်ဘူးတဲ့၊ အားလုံးက သူ့အလိုလို ဖြစ်ကုန်တာ တွေချည်းပဲတဲ့"

"ဘာကြောင့်ပဲဖြစ်ဖြစ် အားလုံး သူဖြစ်စေချင်သလို ဖြစ်သွားပြီ မဟုတ်ဘူးလား။ ဒီလို အမြေးတွေတင်ကျန်ခဲ့တာတွေဟာ ဘယ်သူ့ ဘက်မှာ အကျိုးရှိသွားသလဲ၊ မင်း အခုလဲ ဒီလို လေသံဟန်ပန်တွေနဲ့ ထပ်ပြောလိုက်သေးတယ်"

"ဒီလိုမပြောလို့ လှိုင်က ခြေသလုံးဖက်တောင်းပန်ရဦးမှာလား ကိုကို၊ သူ့သားဖြစ်တဲ့အတွက် ကိုကိုက လက်ထပ်ပေးလိုက်နိုင်သလား





...လက မျဉ်းကြောင်းချက်တွေကို ပြောင်းလဲပစ်တော့မှာလား"

"မပြောင်းဘူး၊ ဒါပေမယ့်..."

ဦးစိန်ရွှေ ပြောချင်တာတွေ ရင်ထဲမှာရှိနေသည်။ ဘယ်လိုပြောရ မှန်းလည်းမသိ။ နာရီကိုကြည့်လိုက်တော့ ဆယ်နာရီခွဲတော့မည်။

ဦးစိန်ရွှေ ခေါင်းငိုက်စိုက်နေလျက်နှင့် နှုတ်ခမ်းသားတွေ ပျောက် ...ယ်လုမတတ် ဖိပိတ်အံကြိတ်ထားလေသည်။

ပိုးဥ...။

သူမသည် ဟိုတုန်းအခါက အလွန်လှပချောမွေ့သော မိန်းကလေး ...တစ်ယောက်။ ခုချိန်မှာ ဘယ်လိုနေသလဲတော့ သူ မသိပေ။

"သူ့နာမည်က ပိုးဥလို့ခေါ်ပါတယ်၊ ပြောရရင် သူ ဒီလို အလုပ်မျိုး ...တော့ တစ်ခါမှ မလုပ်ခဲ့ဖူးဘူး ကိုစိန်"

"မလုပ်ဖူးတော့ ဘယ်လိုနိုင်းမလဲ ပွဲစားရယ်၊ အိမ်မှာ လှိုင်တို့ကလဲ ...မ်ဖော် တစ်ခါမှ ထားခဲ့ဖူးတာမဟုတ်ဘူး"

ပတ္တမြားလှိုင်က ဝင်ပြော၏။

အိမ်ကိုရောက်လာသည့်ပွဲစားက ပိုးဥကို သေချာအာမခံ၍ အပ် ...ခဲ့သည်။ တကယ်လည်း အိမ်ဖော်မလုပ်ဖူးခဲ့သော ပိုးဥဟာ ဘာမှ သွန်သင်စရာမလိုဘဲ အလိုက်တသိ တာဝန်ကျေစွာ လုပ်ကိုင် ...ခဲ့သည်ပင်။ ထို့ကြောင့် ဒေါ်ဖော လောလောဆယ် ပါမလာသေး ...ည့်အဖြစ်အတွက် ပြဿနာက ငြိမ်းချမ်းသွားခဲ့၏။

ပတ္တမြားလှိုင်သည် သူ့ရည်ရွယ်ချက်နှင့်သူ 'သားကလေးပဲ မွေး ...' ဟု တဖွဖွပြောရင်း ကိုယ်ဝန်နှင့်ပတ်သက်သမျှကိုပဲ စိတ်ဝင်စား ...သည်။

အခုက လှိုင်တို့၏ ဆွေစဉ်မျိုးဆက် ရှိခဲ့ကြသော ရောဂါဆိုးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ဦးစိန်ရွှေ ဘာမှမသိခဲ့ပေ။ ရိပ်မိသိရှိရလောက်အေ ပတ္တမြားလှိုင်ကလည်း ဒေးမှိုင်တွေဝေနေတာမျိုး နည်းနည်းလေ မဖြစ်။

အချိန်ပြည့်လိုလို သူမ ပေါင်းသင်းဆွေးနွေးခဲ့သည်က အိုဂျီများ ဖြစ်ကာ သွားလိုက်ရသည့် ရွှေတိဂုံဘုရား။ ဘုရားဆိုလို့ နောက်က လိုက်ကြည့်၊ ဘုရားရှေ့မှာ ဦးသုံးကြိမ်ကို ဖြောင့်ဖြောင့်တန်းတန်း ချ ခဲ့တာမဟုတ်ဘဲ ကလေးတောင်းသည့် ရက္ခစိုးညောင်ပင်တွေ၊ အ မျက်နှာဘယ်ထောင့်ဖြစ်ဖြစ် ကလေးတောင်းလို့ရတယ်ဟု ကြားလို တာနှင့် အဲဒီနေရာကို ရောက်အောင်သွားသည်။

ဆုတောင်းနေတုန်းဆို နားထောင်ကြည့်လိုက် 'ဘုရား တ တော်မ, သားလေးကိုပဲ မွေးဖွားခွင့်ပေးပါဘုရား'။

'ရက္ခစိုးနတ်မင်းရယ် ကျွန်မအတွက် သားလေးကိုပဲ ပေးပါ'

ဒါတွေ လွန်လွန်းလာတော့ ဦးစိန်ရွှေ မကျေမနပ်ဖြစ်လာခဲ့သ အလိုလိုနေရင်း ကိုယ့်ကိုယ်ကိုပဲ နွားသိုးကောင်လိုလို၊ ဝက်သိုးကော လိုလို ခံစားမိလာခဲ့သည်။ ဘယ့်နှယ် လက်ထပ်လိုက်ကြတာ လပိုင် ရှိသေးသည်။ ကလေးရဖို့က အဓိက၊ သားမွေးနိုင်ဖို့က ပထမ၊ ဒါတွေ သူ မြင်နေကြားနေရ၏။ နဂိုကတည်းက အိမ်ထောင်ရေးကို စိတ် စားခဲ့ဘဲ အလိုက်သင့် စီးမျောသာယာတတ်လာဖို့ သူက ကြိုးစား တုန်း။

"ဘယ်လိုဖြစ်နေတာလဲ လှိုင်၊ ဘာအကြောင်းကိစ္စရှိလာလာ အ မှာ မင်းက မရှိဘူး၊ အပြင်ကနေညှိသည်တွေ လာကြလို့ မြင်သွား တော့လဲ ကိုယ့်ဘေးမှာ မင်း မဟုတ်ဘူး၊ မဖြစ်မနေ တွဲသွားကြ တွေ၊ လူတွေ ကိုယ်နဲ့တွဲပြီး မြင်သွားကြတာတွေအားလုံးက ကြ





တော့ သနားစရာနဲ့ကိုယ့်ကို ပြောစရာတွေ ဖြစ်ကုန်ပြီ"

မျိုးသိပ်ရင်း၊ စောင့်ကြည့်နေရင်းနဲ့ပဲ ဒီပုံစံချည်းပဲဖြစ်လာတော့ စိန်ရွှေက မခံနိုင်။ မိဘတွေက ရတနာတွေစုအောင် တန်ဖိုးကြီးတင်စေ ချင်၍ စိန်ရွှေဟု ခပ်တုံးတုံးနာမည်ကို မှည့်ခဲ့ပေမယ့် သူ့အသိဉာဏ်က စတုံးပါဘူး။

လှိုင်ဟာ ဆိုရှယ်ကျသူတွေလို လွတ်လပ်ချင်တာမျိုးမဟုတ်ဘဲ ကလေးရရေးအတွက်နှင့် အိမ်မကပ်နိုင်တာဖြစ်သည်။ သူမ မျက်နှာကို အချိန်ပြည့် မြင်နေချင်လွန်းလို့တော့ ပြောနေတာမဟုတ်၊ မသင့်တော် တာတွေ များလာလျှင် ပတ်ဝန်းကျင်ပါးစပ်ထဲရောက်ကုန်မှာစိုးရသည်။

လှိုင်ကတော့ ဘာပြောပြော ဂရုစိုက်ခဲ့တာမရှိ။

"လှိုင့်ညီမကို လှိုင် ယုံတယ် မောင်၊ မောင့်ကိုလဲ ယုံတယ်၊ ပြီးတော့ ချစ်တယ်၊ အဲဒါကြောင့် လှိုင် ကြုံးစားနေတာ၊ လှိုင် ကလေးမွေးနိုင်မှ မောင့်အတွက် ကျန်ခဲ့မှာ" တဲ့။

ဒီစကားတွေ ထည့်ထည့်ပြောနေတာကိုလည်း သူ သဘော ပေါက်ခဲ့ပေ။ နှစ်ယောက်စလုံးကို ကျန်းမာရေးစစ်ဆေးခဲ့ပြီးပြီ ဘယ် သူ့မှာမှ ချို့ယွင်းချက်မရှိ၊ အချိန်တန်ရင် သားသမီးက ရလာမှာပဲ မဟုတ်ဘူးလား။

"အချိန်တန်လို့ရလာရင် အဲဒီကလေးက သားလေးပဲဖြစ်ရမှာ မောင်၊ လှိုင် သမီးမမွေးချင်ဘူး၊ မွေးလို့မဖြစ်ဘူး။ သားမွေးနိုင်မှ လှိုင့် မျိုးဆက်က စပြီ..."

ထိုစဉ်ကတော့ စကားကို ဒီနေရာမှာပဲ ရပ်ပစ်ခဲ့သည်။

လှိုင်က စည်းစိမ်ဂုဏ်မောက်တဲ့ မိန်းမတစ်ယောက် ဖြစ်သည်။ နေရှင်ဆန်လွန်း၏။ သူမ ကိုယ်ဝန်ထဲမှာကတည်းက မိုးငြိဖြစ်သူကို



www.burmeseclassic.com

www.burmeseclassic.com



မိုးပုံရထားစီးစေခဲ့ရသည့်ချဉ်ချင်းတပ်ခြင်းကို အမြဲ ဂုဏ်ယူပြောလေ့ရှိသည်။

'ငါက တိမ်ညွန့်စားတဲ့မိန်းမ'တဲ့။ 'ငါနဲ့ဘယ်သူမှ တူလို့မရဘူး၊ တူလဲမတူရဘူး'

ကြွေးကြော်သံက ရင့်သီး၏။ ဒါကိုဖြစ်ချင်ပြီဆို မရမနေ ဖြစ်အောင်လုပ်တတ်သည်။ တကယ်တော့ လှိုင်တို့မိဘမျိုးရိုးစဉ်ဆက် ခံစားသွားကြရသည့် ဒုက္ခကြီးတစ်ခု ရှိသည်။ ထိုအရာသည် မိခင်ဘဝကို ရောက်သွားသည့်မိန်းမတိုင်း ရှုံးသွပ်ခဲ့ရပြီး သက်ဆိုးမရှည်ကြခြင်း ဖြစ်လေသည်။ သို့သော် လှိုင်တို့၏ ဘေးတော်များလက်ထက်မှာ အမြွှာညီအစ်မမွေးခဲ့ပြီး ထိုနှစ်ယောက်မှ တစ်ယောက်က သားယောကျ်ားလေး မွေးသည်။ ထို ယောကျ်ားလေးမှစ၍ ဒီဘက်မှာ ထိုရောဂါဆိုးကြီး မခံစားကြရတော့ဘဲ လှိုင်တို့ဘက်က တောက်လျှောက်မှာ မွေးလိုက်တိုင်း မိန်းကလေးပဲဖြစ်ကာ ထိုမိန်းကလေးသည်လည်း အချစ်နဲ့ဘဝကို ဖန်ခြားနိုင်ဘဲ အိမ်ထောင်ပြုကြ ကလေးမွေးကြနှင့် လှိုင့်မေမေထိဖြစ်ခဲ့၏။

မိဘဘိုးဘွားတွေ ပါးစပ်ထဲမှာ ယောကျ်ားလေးမွေးလိုက်နိုင်ရင် ဒီမျိုးဆက်ကူးရောဂါပြတ်ပြီဟု ပြောသံတွေ ဖြစ်လာခဲ့၏။

ဒါကို လှိုင်က အသေမှတ်ထားပြီး ဆုံးဖြတ်၏။ လှိုင့်ကို အိမ်ထောင်မပြုဖြစ်အောင် ဖအေလုပ်သူက တားဆီးခဲ့ပေမယ့် လှိုင်က မရပါ။

"ဘာဖြစ်လဲ ဖေဖေ၊ ဒီတိုင်းနေသွားလဲ သက်တမ်းစေ့ရင်သေမှာပဲ မျိုးတုံးမှာပဲ၊ လှိုင် အိမ်ထောင်ပြုမယ်၊ ယောကျ်ားလေးတစ်ယောက် မဖြစ်မနေ မွေးမယ်၊ လှိုင် အသက်စွန့်ပြီး သားလေးမွေးနိုင်ခဲ့တယ်ဆိုရင် ပီတိနဲ့ အစိုပ္ပာယ်ရှိရှိ သေချင်တယ်"

လှိုင်ပြောတာကို ဖခင်ဖြစ်သူကလည်း လက်ခံသည်။ ဒါပေမေ





ိုယ့်သမီးလေး သံတိုင်တွေနောက်ရောက်မှာကိုလည်း အဖြစ်မခံနိုင်၊ ပေမယ့် သူ မပေးစားလျှင်လည်း လှိုင်က မရမက ကြိုးစားမှာကို သိသည်။

ထို့ကြောင့် စိန်ရွှေတို့မိဘများနှင့် လူကြီးချင်းပြောဆိုဆွေးနွေးပြီး က်ထပ်ပေးခဲ့ရခြင်းဖြစ်သည်။ ဒါတွေကို စိန်ရွှေက ဘာမှမသိခဲ့ပေ။

သန္တာလှိုင်သည် ယောကျ်ားလေး စမွေးကတည်းက မသေခဲ့သော ျိုးစုဘက်မှ ညီမဝမ်းကွဲဖြစ်သည်။

လှိုင်ကလည်း ဖွင့်ပြောသည်။ သန္တာကလည်း ကူညီဖို့ ကတိပေးခဲ့ စိန်ရွှေသည် ပတ္တမြားလှိုင်ကို လှိုင်ဟု ခေါ်ခဲ့သောကြောင့် သန္တာ နေ သန္တာလှိုင်ဖြစ်စေပြီး အိမ်မှာ ခေါ်ထားခဲ့၏။

တစ်နေ့နေ့ သူမ ရှုံးသွပ်သွားသည့်အချိန်တွင် သူမနေရာမှာ လှိုင် ဖြစ်နှင့်ပဲ ဆက်လက်ရှိနေပေးဖို့ဖြစ်၏။ ကျန်ရစ်ခဲ့သည့် သားလေးနှင့် ချစ်ခဲ့သောယောကျ်ား၊ ၌ပါ အပ်နှံထားခဲ့ပြီးဖြစ်သည်။

"သားလေးဟာ ငါ့အမေ အရှုံးမကြီးပါလားလို့" မသိစေချင်ဘူး၊ အဖေကလည်း သားလေး မွေးတဲ့အခါ တို့ ရှိနေသေးသားနဲ့ ခေါ်ပြီ ပြောထွက်မှာမဟုတ်ဘူး သန္တာ။ အဲဒါကိုပဲ ငါ နောက်ဆုံးတော ျိုးဆက် သန့်စင်ဖို့ကို နင် ကူညီပါဟာ"

သန္တာက ခေါင်းညိတ်ခဲ့ပြီးသည့်နောက်မှာ အိမ်မှာ အဝင်အထွက် ာခဲ့ပြီး ဒီမှာပဲ ပြောင်းနေခဲ့တော့သည်။

ှိုင် ဘာတွေဖြစ်နေသည်၊ ကြံစည်နေသည်ကို စိန်ရွှေက လုံးဝ ခဲ့ပေ။ ထိုကြားကာလထဲမှာ ပိုးဥ ရောက်လာခဲ့တာဖြစ်သည်။

"ဒါ အိမ်ဖော်လား၊ ရုပ်ကတော့ ပျံလန်နေတာပဲ"

ိုးဥ အိမ်ပေါ် စတက်လာကတည်းက ပွဲဘားကိုကျော်၍ လှိုင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးက ထိုမျက်နှာဆီရောက်သည်။ ပိုးဥ ဘယ်လိုပဲ တာဝန်
ကျေ ဘာသဲလုပ်လုပ် နှုတ်ရှိသမျှမှာ အကောင်းပြောခံရတာ သိပ်မရှိ

တာကယ်တော့ ပတ္တမြားလှိုင်ဆိုသည့်မိန်းမတစ်ယောက်ဟာ အ
လွန်အဆိပ်သင့်ခဲ့ရခြင်းဖြစ်သည်။ အကြောက်လွန်ကဲသဖြင့် မကြေ
တော့ခြင်းဖြစ်သည်။

လုပ်ချင်ရာလုပ်သည်၊ ပြောချင်ရာပြောသည်၊ နဂိုကတည်
မောက်မာခဲ့သည့်စိတ်ဟာ 'ငါက ဘဝဆုံးရမယ့်သူ'ဟု ခံယူထာ
သဖြင့် ဘာကိုမှ ဆင်ခြင်ရမှန်းမသိတော့ပေ။

"ပိုးဥ ညည်းက ဘာဖြစ်လို့ သနပ်ခါးမလိမ်းတာလဲ၊ မိုးလင်းလာ
မျက်နှာပြောင်နဲ့"

ပိုးဥ သနပ်ခါးမလိမ်းလျှင် မျက်တောင်ကော့များကို ပို၍ ပေါ်
ကာ ပါးပြင်လေးတွေ နုမွတ်နေတာကလည်း ထိကိုင်ကြည့်ချင်
ဖြစ်နေသည်။ ဒါကို လှိုင်က မရှုဆိတ်နိုင်။

နောက်တစ်ခါ သနပ်ခါးလိမ်းထားပြန်တော့လည်း ပါးပြင်
နှစ်ဖက်မှာ ပါကွက်ရှည်လေးတွေကို ဘာရပ်ရှ်လေးနှင့် ခြစ်ထားပုံ
ကြည့်လို့မရ။

"သနပ်ခါးပဲ ဖြစ်သလိုပွတ်ပစ်လိုက်ပါလား၊ မနက်မနက် ည
မျက်နှာကို အဲဒီလို အနုစိပ်ခြယ်မှုန်းနေတော့ အလုပ်ချိန်က ဘယ်မှာ

ဟု မေး၍ အပြစ်ရှာသည်။

"ပိုး အစောကြီးထပါတယ် မမ၊ အလုပ်ချိန်မပျက်ပါဘူး"

လို့ အကျိုးအကြောင်း ပြန်လည်တင်ပြတာကိုလည်းလက်မခံ

"ညည်းက ငါ့ကို ဆင်ခြေဆင်လက်နဲ့ ဘာလဲ"

မေးပြီးဆို လက်ကရောက်ပြီးပြီ။





ပြောတာကို နားထောင်၊ မကြိုက်မှန်းသိရင် နောက် မလုပ်နဲ့
မှတ်မတက်နဲ့ ကဲဟာ၊ ကဲ..."

ပါးရိုက်တာကို ဆံပင်ဆောင့်ဆွဲပြီးမှ ရိုက်သည်။

ပိုးဥသည် အလွန်လှပနုနယ်သူလေးဖြစ်ရာ ပါးပြင်လေးတစ်ဖက်
ာက်ဝါးရာစွဲပြီးဆို တော်တော်နှင့် မပျောက်နိုင်။

ပုံ မြင်နေကြားနေရသူက ပိုးဥထက် အရင်ရောက်နေခဲ့သည့်
ဘာ၏မိန်းမ အမြင့်ပဲဖြစ်သည်။

အမြင့်က အသက်သုံးဆယ်လောက်ပဲရှိသေးသည်။ ဒရိုင်ဘာနဲ့မှ
ကြိုက်မိပြီး ဒရိုင်ဘာ၏မိန်းမ ဖြစ်နေရပေမယ့် သူမကိုယ်တိုင်က
တစ်ယောက်ဖြစ်သည်။

ထဲကတန်းလျားမှာပဲနေကာ ပိုးဥ မရောက်ခင်က သူမပဲ အိမ်ကြီး
ာ လာပြီး ကူညီလုပ်ကိုင်ပေးနေခဲ့တာဖြစ်သည်။

ဥ ရောက်တော့လည်း သူမ အဝင်အထွက် မပျက်ခဲ့ပေ။ ထို့
င့် ပိုးဥဘဝကို သူမ အားလုံး မြင်နေရသည်။

ခင်းစားပွဲမှာ လူသုံးယောက်က အကြိုက်မတူ။ သန္တာ ရောက်
ညရက်ဆို သုံးမျိုးချက်ရ၏။ ထိုအခါ စိန်ရွှေ ကြိုက်တတ်တာလေး
ပိုးဥက ရှေ့မှာထားပေးပြီး ပြင်ဆင်ပေးသည်။ သုံးယောက်
တွက် ကြိုက်တတ်တာတွေကို ရှေ့မှာထားပေးတာပဲဖြစ်ပေ
စိန်ရွှေ ရှေ့ကဟင်းပွဲကို လှိုင်က သဝန်တို၏။

ယောက်ျားကြိုက်တဲ့ဟင်း ငါသိတယ်၊ ညည်း ဒီလောက်ထိ
ပေးဖို့မလိုဘူး၊ သွား၊ လုပ်စရာရှိတာလုပ်၊ ဝေးဝေးနေ အဟွန်း
..."

ရုပ်အဆင်းပေါ်မှာ သဝန်တိုနေသည့်လှိုင့်မျက်လုံးတွေကို



www.burmeseclassic.com

www.burmeseclassic.com



စိန်ရွှေက သိသည်။ ပိုးဥ အစစ သည်းခံရင်း ငိုကြွေးနေရတာကို
ရိပ်မိ၏။

"မင်း ဒီမိန်းကလေးကို မလိုလားရင်လဲ ပြန်ပို့လိုက်ပါလာ
မင်းမှာလဲ အကုသိုလ်များနေတာပဲ၊ သူ့အတွက်လဲ မကောင်းဘူး"

"ဘာ...၊ မောင်က လှိုင့်ကို စိတ်ကောင်းမရှိတဲ့သူလို့ ပြောလို
လား"

လှိုင်ကလည်း လည်သည်။ ပိုးဥအပေါ်မှာ စိန်ရွှေ ကရုဏာ
နေပြီလို့တွက်မိ၏။ ပိုးဥကို ဆူတိုင်း ပြောတိုင်း စိန်ရွှေ မျက်နှာမကော
တစ်ခါတစ်ခါ ဝင်ရောက်ဖျန်ဖြေသလိုလိုနှင့် တားဆီးခဲ့တာတွေ
ရှိသည်။

ထိုသို့ရှိလေ လှိုင့်ရင်ထဲမှာ လှိုင်းထန်လာခဲ့လေ။

တစ်ညမှာတော့ စိန်ရွှေက ဒင်နာတစ်ခုမှာ သောက်စားပြီး ပြ
သဖြင့် မူးနေသည်။ ညဉ့်နက်တဲ့အထိ စောင့်နေပေးမယ့်လူ မရှိသ
မှာ ပိုးဥပဲ ကျန်ခဲ့သည်။ တံခါးဖွင့်ပြီး ပိုးဥ ဘေးမှာ ကပ်နေပေးခဲ့
စိန်ရွှေက ယိမ်းယိုင်နေသဖြင့် ပိုးဥဘက်ကို ပြိုကျသွားခဲ့၏။

"အို... ကိုကိုကြီး"

"ပိုး...ပိုးလားဟင်"

စိန်ရွှေက မျက်ဝန်းတွေကို မှေးစင်းကြည့်ကာ အာလေး လှ
နှင့်ပြော၏။ သူ့မျက်လုံးထဲမှာ ပိုးဥမျက်နှာလေးက လှချင်တိုင်
သည်။

အိမ်ထောင်ကျခဲ့ပေမယ့် မချစ်တတ်ဖူးခဲ့သော နှလုံးသား
မျက်နှာလေးကို ငေးရင်း ရင်ခုန်သံတွေ ပြန်လာသည်။

ဒီကောင်မလေးကို သနားစိတ်တွေဖြစ်ခဲ့ခြင်းမှာ မရိုးသား





သူ့ကိုယ်သူ သိနေခဲ့ပါသည်။ ဒါပေမယ့် သူ့မှာ သိက္ခာတရားရှိ
ပိုးဥလေးက မျက်နှာငယ်ရှာသူ။ သူ နည်းနည်းလေး ပုံစံပျက်ပြီး
ငဲ့ညှာစာနာမှုတွေ ပြလိုက်တာနှင့် ပိုးဥဘဝ ဒီထက် အဆပေါင်း
ဆိုးတော့မှာကို သိနေခဲ့၏။
ှိုင့်ကို မကြောက်ပေမယ့် ပိုးဥကို သနားလို့ပါ။ သို့သော် ထိန်းချုပ်
င်သမျှဟာ အရက်နှင့်မထိတွေ့မီမှာပဲဖြစ်ကာ ခုတော့ သူ အမူး
ာခဲ့သည်။ စည်းလွတ်ကမ်းလွတ် လှုပ်ခါ နေသည့် နှလုံးခုန်သံ
ထိန်းချုပ်ဖို့လည်း သတိမရတော့ပေ။
ိုးဥရယ် မင်း...မင်း ဒီမှာမနေနဲ့တော့၊ အေ့... မင်း... မင်း ဒီက
ာ့ နော်၊ မင်းကို ကိုယ် သနားတယ်၊ မကြည့်ရက်ဘူး ပိုးရယ်"
အို... ကိုကိုကြီး မလုပ်ပါနဲ့"
ဥကိုယ်လေးကို တံခါးမှာပြန်ကပ်၍ စိန်ရွှေက အကင်းနမ်းသည်။
ာင်းကို လှိုင်ကိုယ်တိုင် ပက်ပင်းကြီးမြင်သွားခဲ့လေသည်။
ကြည့်စမ်း မိန်းမယုတ်မ၊ ဒီလိုအကွက်ကို ညည်းက စောင့်နေတာ

နှာကလည်းရောက်လာသည်။ နှစ်ယောက်လက်ကြားထဲမှာ
ုးထွက်သံယိုတွေဖြစ်ခဲ့ရှာသည်။
လုပ်နဲ့ မလုပ်နဲ့နော် လှိုင်၊ မင်း ပိုး...ပိုးကို မတိနဲ့ ထိရုံရှင် ဘိ

ိုယ့်ကိုယ်ကိုပင်မနိုင်ဘဲ စိန်ရွှေ စကားတွေဆိုရင်း ကြမ်းပြင်ပေါ်
ွားသည်။ အိမ်ကြီးပေါ်မှာ ဆူညံသံတွေ ဖြစ်နေတာကြားသဖြင့်
ရောက်လာတော့ ပိုးဥက ပျော့ခွေနေပြီဖြစ်သည်။
ှိုးသည် သူ့ယောက်ျားကိုတော့ မျက်စောင်းတောင် လှည့်မထိုး



www.burmeseclassic.com

www.burmeseclassic.com



ပေ။ မညာမတာပြောပါသေးသည်။

"ယောက်ျားလေးကတော့ ရရင် ယူမှာပဲ၊ မိန်းကလေးက ဆင်
တဲ့။

ပိုးဥက အရမ်းတော်နေသဖြင့် နှင်လည်းမထုတ်၊ ဘယ်လိုမှလည်း
စိတ်မချနိုင်တော့တဲ့ လှိုင်က သူမ သဘောကျ စီစဉ်ခဲ့သည်။

"ညည်း ဒဏ်ရာတွေ ပျောက်သွားပြီလား ပိုးဥ"

"ဟုတ်ကဲ့"

"အေး ညည်းက မပါဘူးဆိုကာတော့ ငါ လက်ခံလိုက်ပါပြီ
ကလဲ မူးနေတော့ အပြစ်မရှိဘူး။ ဒါပေမယ့် ညည်း ဒီတိုင်းနေသွား
နောက်ထပ် ဒီကိစ္စတွေ ထပ်ပြဖြစ်ဦးလို့ ဘယ်သူမှ အာမမခံနိုင်ဘူး
အဲဒီတော့ ညည်းကို ငါ မောင်ဆယ်နဲ့ ပေးစားမယ်"

"ရှင်..."

ပိုးဥ မျက်လုံးလေး ဝိုင်းသွားသည်။ လှိုင်က ခပ်တည်တည် စိုက်ကြ
ကာ...

"မောင်ဆယ်က မာလီဆိုပေမယ့် ညည်းနဲ့ မတိမ်းမယိမ်းပဲ ရှိ
လေးလဲ မဆိုးဘူး"

"ဟင့်အင်း၊ ပိုး...ပိုး မယူပါရစေနဲ့ မမရယ်၊ ပိုးလေ ဒီကနေ ထွ
သွားဆိုရင်..."

"အို... သွားခွင့်မပေးနိုင်ဘူး၊ အိမ်ဖော်ထပ်ရှာဖို့ဆိုတာလဲ လွယ်
မဟုတ်ဘူး၊ ညည်းထွက်သွားရင် ဒါ့ယောက်ျားလဲ သိက္ခာကျ
အိမ်ဖော်ဆိုတာ အပြီးအပိုင်ထွက်သွားတာ မပြောနဲ့ ဈေးသွားရင်
တောင်မှ လမ်းမှာရပ်ပြီး အတင်းတုတ်ကြသေးတာ။ မောင်ဆ
ညည်း လက်ထပ်ရမယ်၊ စိတ်ချ ညည်းတို့ကို တင့်တင့်တယ်တ





က်ထပ်ပေးမှာ၊ ငါက ညည်းအတွက် ရွှေတစ်ဆင်စာ ပေးဦးမှာ"

ပိုးဥ မျက်ရည်ပေါက်ပေါက်ကျရုံအပြင် ဘာမှမတတ်နိုင်ခဲ့ပါ။ စိန်ရွှေ
လည်း ပိုးဥကို သနားနေသည်။ ဒီလိုတွေဖြစ်ရတာ သူ့ကြောင့်။

"သူလဲ မချစ်ဘဲနဲ့ ဘယ်ယူချင်မလဲ လှိုင်၊ လူတစ်ယောက်ရဲ့ အခွင့်
ရေးကို မင်း ဒီလိုချုပ်ကိုင်ပစ်လိုက်တာ မကောင်းဘူး"

"ချုပ်ကိုင်တာမဟုတ်ဘူး မောင်၊ သင့်တင့်တာကို စီမံပေးတာ
တစ်ဆင်စာ လက်ဖွဲ့မယ်၊ မောင်ဆယ် နေတဲ့အခန်းလေးကို ရှဲ့
ဘက်ပြီး အိမ်ထောင်ပစ္စည်းအစုံ ထည့်ပေးမယ်၊ လင်ကောမယားကော
ာ ခုလိုပဲ ဆက်လုပ်သွားရင် ဘယ်လောက်အေးချမ်းသလဲ၊ အမြင့်
င်မယားဆိုရင် လင်က ဒရိုင်ဘာ၊ မယားက အိမ်မှာ ကြည့်စမ်း။
ငြိုက သူ့အလုပ်ကိုတောင် ထွက်ခဲ့ပြီး ဒီမှာပဲ လာကူနေတာ မဟုတ်
လား"

"ဒါကာ သူတို့ချင်း ချစ်ကြိုက်ခဲ့ကြတာကိုး"

"အို... မသိဘူး၊ အချစ်တွေ အလကားတွေ မောင် လာရှုပ်ပြမနေနဲ့
င်က မချစ်တဲ့မိန်းမကိုယူထားခဲ့ရတာ ကိုယ်ချင်းစာနေတာပေါ့
ာလဲ မိန်းမချင်းမို့လို့ သိတယ်၊ သူ မောင်ဆယ့်ကို မယူဘူးလို့ တင်းခံ
င် မောင့်ကို မုန်းနေလို့"

"မင်းကွာ အဓိပ္ပာယ်မရှိ..."

"ရှိတယ်၊ မောင်လဲ ထပ်မတားနဲ့နော်၊ လှိုင် မောင့်သိက္ခာကို မစော်
ကားချင်ဘူး"

လှိုင်ကတော့ သူမနောက်မှာ အကြံပေးနေသည့် သဏ္ဍာကလည်း
ဖြင့် နည်းနည်းမှ မလျှော့ပေ။ ထိုပြင် သဏ္ဍာသည် အမြင့်နှင့်ပိုးဥ
ယောက်အပေါ် တစ်ယောက် သိတတ်နေကြတာကိုလည်း



www.burmeseclassic.com

တစောင်း အကဲခတ်စောင့်ကြည့်နေတတ်သည်။

"တိတ်ပါ ညီမလေးရယ်၊ ကိုယ့်ဘဝမှာ ကျောထောက်နောက်ခံ အားကိုမှမရှိတာ ဘာတတ်နိုင်မှာလဲ၊ မောင်ဆယ်က ရှိးသားပါတယ်"

"မမရယ် ပိုး အိမ်ထောင်ပြုဖို့ကို ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးဘူး ပိုးလေ ကိုကိုကြီးအပေါ်မှာ စိတ်နဲ့လဲမပြစ်မှားခဲ့ဘူး၊ ကိုယ်ထိလက် ရောက်လဲ လွန်ကျူးပြီး စိတ်ကူးမယဉ်ခဲ့ပါဘူး"

"ဒါပေမယ့် ညီမလေး မောင်ဆယ့်ကို မယူရင် မမလှိုင်က စွပ်စွဲမှာပဲ တို့လဲ အလုပ်ပြန်ဝင်ဖို့ စိတ်ကူးနေတာ ကြာပြီ၊ တို့ အလုပ်ဝင်ရင် အစ်ကို လဲ ဒီက ထွက်ရမှာပဲလေ။ ဒီလို စည်းကမ်းကြီးပြီး ကင်းကျပ်တဲ့အိမ်မှာ တို့ ဘာ၊စပါယ်ရှယ်နှာစ် လုပ်ပေးရတဲ့အခါ ပြန်ချိန်၊ သွားချိန်က မမှန်နိုင် ဘူး။ ဘယ်လိုလုပ် ဖြစ်မှာလဲ၊ တစ်ယောက်ခင်ငွေနဲ့လဲ ရပ်တည်ဖို့က မဖြစ် ...နိုင်ဘူး၊ အစ်ကို့အတွက် တခြားနေရာတစ်နေရာ အဆင်ပြေတာနဲ့ ဒီက ...သွားတော့မယ်"

"မမရယ် ပိုးကိုထားခဲ့မှာလားဟင်၊ ဒီထဲမှာ ပိုးကို အားပေးနှစ်သိမ့် မယ့်သူ မမပဲရှိတာပါ"

ဒီလိုစကားတွေကိုကြားသမျှ သန္တာက လှိုင့်ကို သတင်းပြန်ပို့သည်။

"နေပါဦး သန္တာ၊ အမြင့်ကို အပြစ်တင်လို့မဖြစ်ဘူး၊ သူက လုပ်ခ မယူဘဲနဲ့ ဒီအိမ်မှာ ကူညီလုပ်ကိုင်ပေးနေတာ၊ ပြီးတော့ စိတ်ချရတဲ့ ဒရိုင်ဘာ ရှားတယ်၊ နှစ်ယောက်လုံးကို အမှန်းခံလို့မဖြစ်ဘူး"

လှိုင်နှင့်သန္တာ ကြံစည်လုပ်ဆောင်လိုက်သမျှ မဖြစ်ခဲ့တာ ဘာမှမရှိ လှိုင်သည် သူမဟာ တစ်နေ့နေ့မှာ ဘဝပျက်ရမည့် မိန်းမတစ်ယောက် အဖြစ်ကို ဘယ်တော့မှမတွေးဘဲ မာကျောစွာ နေနိုင်ခဲ့သည်။

'ငါ ယောက်ျားလေးမွေးနိုင်ရမယ်'ဆိုသည့် မာနဖြင့် ရပ်တည်နေ





...သည်။ သူမကိုယ်သူမ ဖြစ်အောင်လုပ်နိုင်မည်ဟုလည်း ယုံကြည်ထား ...၏။

ကိုယ်ဝန်လွယ်ရသည့်အချိန်မှာ အိမ်ထောင်သက် နှစ်နှစ်ပြည့်ပြီ ...သည်။ တိုက်ဆိုင်စွာပင် ပိုးဉနှင့်မောင်ဆယ်တို့ လက်ထပ်ခဲ့ရတာ ...သည်း တစ်နှစ်တိတိပြည့်ကာ ပိုးဉမှာ ကိုယ်ဝန်ရှိခဲ့၏။

"ကြည့်စမ်း၊ ကိုယ့်အိမ်ဖော်နဲ့မှ ကိုယ်ဝန်အပြိုင်လာရှိရတယ်၊ ...တာက်"

လှိုင် ဇွေ့ဇွေ့ခုန်နေပုံက မဆိမဆိုင်။

"ဘာဆိုင်လို့လဲ လှိုင်၊ သူလဲ သူ့ဗိုက်နဲ့သူ ရှိချင်တဲ့အချိန် ရှိမှာပေါ့"

"ရှိချင်တဲ့အချိန်က ဘာဖြစ်လို့ လှိုင်နဲ့ ...နေရတာလဲ၊ လှိုင်က ...ညွှန့်စားတဲ့မိန်းမ၊ သူက အိမ်ဖော် ...မတူရဘူး"

ထိုအချိန်မှာ လှိုင်ကိုယ်တိုင် ဖွင့်ပြောခဲ့ပြီးပြီမို့ မျိုးရိုးဆက်သည့် ...ါအကြောင်းကို စိန်ရွှေ သိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် လှိုင့်အပေါ် ...င်လို ဥပေက္ခာတွေ မများတော့တဲ့ ပို၍လည်း သည်းခံလာခဲ့သည်။

လှိုင် ဒေါသတွေ ပိုပိုကြီးတတ်လာတာကိုကြည့်ရင်း ကိုယ်ဝန်ရှိ ...နှင့်ပဲ စိတ်တွေ မှုမမှန်တော့ဘူးလားဟု တွေးလိုက်မိသေးသည်။ လှိုင့်စိတ်တွေက ကိုယ်ဝန်ရင့်လာလေ မာကျောလာလေ၊ ပိုးဉကို ...း တတ်နိုင်သမျှ သူမရှေ့ကို ဖြတ်မလျှောက်ဖို့ မှာထားရသည်။ လှိုင်က တစ်ခါတလေ စိတ်မထင်လျှင်...

"မိပိုး လာဦး"

...ု လှမ်းခေါ်ပြီး ပါးရိုက်တတ်တာလေးလည်းရှိသည်။ မောင်ဆယ် ...သည်း ပိုးဉကို ချစ်လွန်းသဖြင့် ဒီအိမ်ကြီးမှာ နှိပ်စက်ခံနေရတာကို ...ကြည့်ရက်ရှာပါ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပိုးဥ မီးဖွားပြီးတဲ့အခါ အပြင်ကို ခွဲထွက်တော့မည်ဟု ဆုံးဖြတ်ကာ ပိုက်ဆံကို ကြိတ်၍စုဆောင်းနေခဲ့သည်။

အမြင့်မှာလည်း သူမတို့လင်မယား ဒီကနေ ထွက်သွားတော့မို့ အင်အားရှိနေတာတောင်မှ ပိုးဥ ကိုယ်ဝန်ရင့်နေပြီမို့ မသွားနိုင်သေးဘဲ ဖြစ်နေခဲ့သည်။

"သန္တာ ပိုးဥရဲ့ဂျူးဒိတ် ဘယ်လောက်တဲ့လဲ"

"မမထက်စောတယ်၊ သူက တစ်ပတ်လောက် စောမွေးမှာ"

"တောက်"

လှိုင် အံတကြိတ်ကြိတ်ဖြစ်နေ၏။ တစ်အိမ်တည်းမှာ ကိုယ်ဝန်ဆောင်နှစ်ယောက်မရှိကောင်းဘူးလို့လည်း လူတွေက ပြောနေကြသည်။ ပြီးတော့ သူက အရင်မွေးပြီး ယောက်ျားလေး မွေးသွားရင် သူမက ယောက်ျားလေး ထပ်မွေးနိုင်ပါ့မလား။

အမျိုးမျိုးတွေးပြီး ဖြစ်ချင်ရာဖြစ် လုပ်ဖို့ပြင်တော့။

"မင်း ဘာသိလိုမိန်းမလဲ လှိုင်၊ သူ့ဟာသူ သွားခွင့်ပြု လိုက်ပါဆိုတော့ မင်းပဲ မရှိလို့မဖြစ်ဘူးဆို၊ အခု သူ့မှာ မီးဖွားခါနီးကျမှ နှင်လွှတ်စရာလား ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်ကွ၊ နေရာတကာ ထင်သလို လုပ်ချင်လို့ မရဘူး"

"ဒါဆိုရင် လှိုင့်အတွက် ကိုယ်ဝန်ဆောင်အားဆေးတွေ ဝယ်လာရင် မောင် သူ့အတွက် ဝယ်မပေးနဲ့၊ မောင်ယူထားတာ လှိုင် တစ်ယောက်တည်းရယ်နော်၊ နှစ်ယောက်မဟုတ်ဘူး"

"ဟား မင်း ငါ့ကို စော်ကားပြန်ပြီ၊ ကိုယ်ဝန်ဆောင်ထားတာချင်း တူနေတယ်၊ ပြီးတော့ ကိုယ့်မာလီရဲ့ မိန်းမ ကိုယ်ပေးတာကကော ပိုးကို သွားပေးတာမို့လို့လား။ မောင်ဆယ့်ကို ပေးလိုက်တာ"





"မောင်နော် မောင် အဲဒီကောင်မကို ပိုးလို့မခေါ်နဲ့၊ မောင် မဖုံးနိုင်မဖိနိုင်ဖြစ်နေတာတွေကြောင့် လှိုင် ခံစားနေရတာ သိလား။ မောင့်စိတ်က အဲဒီကောင်မဆီမှာ ရှိနေတာ၊ မောင် ပေးကမ်းနေတာတွေကို ဟိုက မသိဘဲနေမလား၊ ကြိတ်ပြီး ဘယ်လောက်ကျေနပ်သာယာနေလိုက်ခလဲ"

လင်မယားတွေ တခြိမ်းခြိမ်းဖြစ်နေတာတွေကို မောင်ဆယ်ကလည်း သိသည်။ သူ ယူလည်းမယူချင်ပါ။ ဒါပေမယ့် ပိုးဟပ်ဖြူလေးလို ဖြူဖျော့ဖျော့နှင့် ကိုယ်ဝန်လွယ်ထားရသည့်ဖနီးသည်ကို ဒီလို အကောင်းစားအားဆေးတွေ သူ ဝယ်မတိုက်နိုင်။

ပြီးတော့ အလုပ်ရှင်ကိုယ်တိုင်က ပေးနေတာမို့ မယူဘဲလည်း မနေခဲ့ပေ။ ခြံဝန်းကြီးတစ်ခုထဲမှာ ကိုယ်ဝန်အပြိုင်ရှိနေသည့်အဖြစ်ဟာ သိပ်တော့မဆန်းသော်လည်း ဒီခြံကြီးထဲမှာတော့ သောကရိပ်မြုကြီးတစ်ခုသို့ပါပဲ။

လှိုင်က ကိုယ်ဂန့်ကို အာထရာဆောင်းရိုက်ချင်သည်။ စိန်ရွှေကချင်ပြီ။ မိန်းကလေးပဲဖြစ်ဖြစ်၊ ယောက်ျားလေးပဲဖြစ်ဖြစ် မွေးရတော့မှာဖြစ်သည်။ ကိုယ်လိုချင်တာမဟုတ်ခဲ့ပါက အားလုံး စိတ်ဆင်းရဲမည်၊ ဟုတ်ကဟုတ်ကတွေ ကြံစည်ကျူးလွန်လာဖို့တွေ ရှိသေးသည်။ ထိုအခွင့်မှာလည်း အဝိုက်အခံတွေ ဖြစ်ကြပြန်သည်။ တကယ်တမ်း မွေးသောတော့လည်း ပိုးဥက အရင်ပဲဖြစ်သည်။

ဗိုက်နာပြီဆိုကတည်းက ပိုးဥကို ဆေးရုံခေါ်တာ ဘယ်လိုမှမရပေ။

"ဟော့ ပိုးကို ဆေးရုံခေါ်သွားလေ၊ ဗိုက်နာတယ်ဆို"

"ဟုတ်တယ် ဆရာ၊ ဘယ်လိုမှ ပြောလို့မရဘူး၊ မမြင့်နဲ့ပဲ မွေးမယ်လို့ ပြောနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဘယ်ဟုတ်မလဲ၊ သားဦးဆိုတာ ဆေးရုံမှာပဲ မွေးရမယ့်ဥစ္စာ"

စိန်ရွှေ ပျာယာသလဲ လိုက်ဝင်သွားတော့ လှိုင်က ပြင်းပြင်းထန်ထန် တားရ၏။

"မသွားရဘူး မောင်၊ သူ့ဟာသူ ဘယ်မှာပဲမွေးမွေး ဒါ သူ့သဘောနဲ့သူ၊ တမင်တကာ သေချင်လို့ဆိုရင်လဲ သူ့ဆုံးဖြတ်ချက်နဲ့သူပဲ၊ ဒါမှမဟုတ်ရင်လဲ သူ့မိန်းမအတွက် သင့်တော်ရာစီမံဖို့ မောင်ဆယ်ရှိတယ်၊ မောင် သွားဖို့မလိုဘူး၊ အားလုံး အကျည်းတန်ကုန်အောင်မလုပ်ပါနဲ့"

"ဘာလဲ လှိုင်၊ ကိုယ့်ခြံကိုယ့်ဝန်းထဲက အလုပ်သမားကို အိမ်ရှင်က စောင့်ရှောက်တာ ဘာတွေ အကျည်းတန်ဖို့ ရှိနေသလဲ"

"အို... မသွားရဘူး"

နည်းလမ်းကျတာမကျတာ ပြောလို့လည်းမရပါ။ နောက်ထပ် လှိုင့်ပါးစပ်က မဟုတ်တမ်းတရားစကားတွေ ထွက်ကျမလာမီ သူ့ခြေလှမ်းတွေကို ရပ်သိမ်းလိုက်ရ၏။

နောက်နေ့မနက်ကျတော့ ပိုးဥ မွေးသွားပြီဆိုသည့်သတင်းကောင်းကို ရခဲ့သည်။ လူကြီးကော ကလေးပါ ကျန်းမာသည် ဆိုသဖြင့် စိန်ရွှေမျက်နှာ ပြုံးကြည်သွားတာကို လှိုင်က တည့်တည့်လှည့်ကြည့်၏။ တကယ်တော့ သူမရင်တွင်းမှာ ဒီလောက်ထိ ကြမ်းတမ်းပုပ်စပ်မှုတွေ မရှိခဲ့ပါ။

ပိုးဥဆိုသည့် မိန်းကလေးကိုကျမှ သူမ တစ်ဖက်သတ်ချစ်ခဲ့ရသည့် ယောကျ်ားက ကြင်နာနေခဲ့၏။ ပြီးတော့ သူမက ထူးခြားစွာ လှပနေခဲ့သည်။ ထို့ပြင်...

ပိုးဥကို အတင်းအကျပ် ပွေ့ဖက်နမ်းရှိုက်နေခဲ့သည့် မြင်ကွင်းကို သူမကိုယ်တိုင် မြင်ထားခဲ့တာရှိနေသည်။ နောက်ထပ် ဘယ်လိုကင်း





အောင်ပဲနေနေ မောင့်ရင်ထဲကို လှိုင် မယုံကြည်နိုင်တော့။

"မွေးလူနာကို ပစ္စည်းလေးဘာလေး ဝယ်ပေးပြီး သတင်းသွားမေးလိုက်ပါ လှိုင်၊ ပစ်ထားသလိုကြီးနေတော့ မကောင်းဘူး"

"သန္တာ့ကို လွှတ်မှာပါ၊ ဘာလဲ မောင်က ကလေးသွားကြည့်ချင်လို့လား"

"ဟုတ်တယ်၊ မင်းပါးစပ်ကို ပြိုင်ဆိုင်ပြောမနေချင်လို့ မသွားဘဲနေတာ"

"သိသားပဲ၊ ဟွန်း... မီးဆိုတာ မလောင်ခင်က တားရတယ်တဲ့၊ ခုလို မောင်ဆယ့်မိန်းမဖြစ်သွားတာ လှိုင်က လာဘ်မြင်လို့ပေါ့၊ မဟုတ်ရင်..."

"လှိုင်..."

စိန်ရွှေ ဒေါသတကြီး ထအော်သည်။ လှိုင်က ဂရုမစိုက်ပေ။

"ဘာဖြစ်သွားတာလဲ မောင်၊ မောင့်သိက္ခာကို ထိပါးပြီး လှိုင်က တခြားမိန်းမတွေလို အပြင်မှာ ရင်ဖွင့်ပြီး သတင်းဖြန့်မနေတဲ့မိန်းမ မဟုတ်ဘူး"

"အေး တခြားမှာ မဖြန့်ပေမယ့် ဒီအိမ်ထဲမှာပဲ မင်း ငါ့ကို စော်ကားနေတာ ရိုက်တာထက် နာဖို့ကောင်းတယ်၊ ငါ့က ငါ့သိက္ခာနဲ့ငါ နေပေမယ့် မင်း သိပ်တော်လို့ မင်း ထိန်းသိမ်းလို့ ငြိမ်ကုပ်နေရသလို..."

"မဟုတ်ရင် မနာနဲ့ပေါ့ မောင်၊ ပိုးဥက လှိုင့်ထက် အသက်ငယ်တယ်၊ လှတယ်၊ မောင်က လှိုင့်ကို မချစ်ဘူး၊ ပိုးဥကိုတော့ သနားကရုဏာတွေနဲ့ ဒီလိုအနေအထားမှာ ဘယ်မိန်းမက သည်းခံကျေနပ်နိုင်မှာလဲ"

"အဲဒါ မင်းပဲ သဝန်ကြောင်တာ၊ ပိုးက ဒီလိုမိန်းကလေးမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ မောင်က ပိုးဉကို နားလည်နေတယ်ပေါ့"

လှိုင့်စွပ်စွဲမှုတွေက ဘယ်ဘက်ကမှမလွတ်။

သန္တာကတော့ လှိုင်ပေးလိုက်သည့် ကလေးအတွက်ကော၊ လူကြီးစားသောက်ဖို့တွေပါ သယ်ပိုး၍ နောက်ဖေးအိမ်ကလေးဆီသို့ ဝင်သွားခဲ့၏။

ပိုးဉသည် အပြုံးအရယ်မဲ့သော မျက်နှာလေးနှင့် သူမကို မြင်လိုက်ကာမှ ကလေးကို အမြင့်လက်ထဲ လှမ်းထည့်သည်။

အမြင့်က ကလေးမှာ ပတ်ထားသည့် အနီးဖြူဖြူလေးကို သေချာပြန်၍ ပတ်ထွေးနေပြီး သန္တာ ထိုင်ဖို့ နေရာလည်း ထပေးသည်။

"မထိုင်တော့ဘူး နေပါစေ၊ မီးနေသည့်အခန်းမှာ နေကို မနေတတ်တာ၊ မမလဲ ညည်း၊ မီးထွက်ရင်တော့ လာကြည့်မှာပါ၊ ဘာလေးလဲ"

ကလေးရတာ နှစ်ဆယ့်ရှစ်နာရီကျော်ပါပြီ။

တစ်ခြံတည်းနေပြီး ခုမှပဲ လာမေးဖော်ရ၏။ အမြင့်က ကလေးမျက်နှာလေးကို သန္တာရှေ့မှာ လာပြပြီး...

"ယောကျ်ားလေး"

ဟု ပြောလိုက်လျှင် သန္တာ မျက်စိမျက်နှာပျက်လျက် ပိုးဉကို တင်းခနဲ လှည့်ကြည့်သည်။ ဗိုက်ထဲကနေ သူ့ကံတရားအတိုင်း မွေးဖွားလာသည့် ကလေးကိုပဲ ပိုးဉက ယောကျ်ားလေးမွေးခွင့်မရှိသူလို ဖြစ်သွားသည့်မျက်နှာက သေဒဏ်ချတော့မတတ်။

"ညည်းက ယောကျ်ားလေးမွေးတာကိုး"

ဟု ပြော၍ ကလေးကို ရှုံးရှုံးရဲရဲ စိုက်ကြည့်သည်။ မျက်နှာလေးဘေးမှာ အနီးစလေးတွေ ထောင်နေသဖြင့် ကလေးမျက်နှာကို သေချာလည်း မမြင်ရပါ။ ပြီးတော့ နှာခေါင်းရှုံ့ကာ နောက်ဆုတ်ရပ်လိုက်၏





"မမသိရင် ညည်း ဒုက္ခတွေ့ဦးမယ်"

ဟု ပြောသွားသည်က ခြိမ်းခြောက်သွားတာမဟုတ်မှန်း ပိုးဉသိသည်။ သန္တာ ထွက်သွားတော့ အမြင့်နှင့်ပိုးဉ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြသည်။

"စိတ်ညစ်သွားလား ပိုးဉ"

အမြင့်က မေးတော့ ပိုးဉ မျက်ရည်လေးတွေဝေ့လျက် ပြုံးလိုက်သည်။

"ဒီတစ်ခါတွေ့ရမယ့်ဒုက္ခက ဒီခြံဝန်းကြီးထဲကနေ ထွက်သွားခွင့်ဆိုရင် ပိုးဉ ကျေနပ်တယ်"

အမြင့်က သက်ပြင်းလေးချ၍ ကလေးကိုငုံ့နမ်းလိုက်သည်။ ကြီးကြီးကျယ်ကျယ်တွေပြင်ဆင်ထားကြသည့် လှိုင့်ကိုယ်ဝန် မွေးချိန်ရောက်တော့ သန္တာက အူအတက်ပေါက်ခြင်းဖြင့် ဆေးရုံအရင်ရောက်သွားခဲ့သည်။

စိန်ရွှေသည် လှိုင့်ကိုလည်းစိတ်မချ၊ သန္တာ့ကိုလည်း ပစ်မထားသင့်သည်မို့ အလုပ်ထဲကို မှာစရာရှိတာမှာဖို့သွားပြီး အပြန်မှာ ဒေါ်ဖောကို ခေါ်ရသည်။

ဒေါ်ဖောသည် လှိုင့်မေမေက စိတ်မနှံ့သည့်အပြင် ကျန်းမာရေးချူးနေသဖြင့် အိမ်ကို တစ်ခါနှစ်ခါပဲ ရောက်လာခဲ့ဖူးသည်။

သူ လာခေါ်တော့လည်း လှိုင့်မေမေက ရောဂါသည်းနေသောကြောင့် မလိုက်နိုင်ပါ။ ထို့ကြောင့် သူ ဒီတိုင်းပဲ ပြန်လာခဲ့ရသည်။

သူ ပြန်ရောက်တော့ လှိုင်က အိမ်မှာပဲ မွေးဖွားပြီးခဲ့ပြီ ဖြစ်၏။

"ဘာ လှိုင်...လှိုင် မွေးသွားပြီ ဟုတ်လား၊ ဘယ်မှာလဲ ကျန်းမာရဲ့ ဆရာဝန်တွေကို ဖုန်းဆက်ထားလား"



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကနေ အိမ်ထဲကို ဘယ်လိုဘယ်ပုံ ရောက်သွားခဲ့မှ
မသိ။ သူ့နောက်မှ အမြင့်တစ်ယောက်ပဲ ပါလာက..

"ကလေးကော လူကြီးကော ကျန်းမာပါတယ် ဆရာ၊ သူ အရမ်း
နေတော့ ကျွန်မ စမ်းကြည့်လိုက်တာ သားအိမ်က သရီးဖိုလောက် ပွ
နေပြီးလေ၊ အဆင်ပြေနိုင်တယ်ထင်လို့ ကျွန်မပဲ မွေးပေးခဲ့တာ၊ ဘာ
မဖြစ်ပါဘူး"

"ဘာမှမဖြစ်လို့ပေါ့ မမြင့်ရယ်၊ တကယ်ဆို အိုဂျီတွေနဲ့ အပ်ထား
ဉစွာ ဖုန်းလှမ်းဆက်သင့်တာပေါ့"

"အဲဒီဖုန်းနံပါတ်ရှာချိန် ဆက်နိုင်ဖို့ကိုမရတာ ဆရာ၊ အစ်ကိုက
ဆရာနဲ့ပါသွားတော့ ကျွန်မတစ်ယောက်တည်းလေ၊ မလှိုင်က ပြင်း
ထန်ထန်နာနေပြီး ကျွန်မလက်ကို ဆွဲထားတာ၊ သူ မွေးပါရစေ မွေး
ပါနဲ့ ဗွတ်ပြောနေလို့ပါ"

အမြင့်က သူမကို စိန်ရွှေကာ မကြည်လင်မှန်း သိသောကြေ
ပျာပျာသလဲ ရှင်းပြသည်။ သူလည်း ဘာမှမဖြစ်ဖြစ်တော့ပါ။ က
ကျန်းမာမာ မွေးခဲ့ပြီဆိုတော့လည်း ပြီးတာပဲပေါ့။ အခန်းထဲ ဝင်လို
တော့ လှိုင်က အိပ်ပျော်နေသည်။

ဘေးမှာ ငွမ်းကတ်စောင်ကြီးကို ပတ်ခွေထားလျက် အထဲ
ကလေးလေး။ သူ ဆရာဝန်တွေဆီ ဖုန်းဆက်...ည်။ ပြီးမှ ...
ငုံကြည့်၍..

"ဘာလေးလဲ"

ဟု စိတ်လှုပ်ရှားစွာ မေးလိုက်မိသည်။ ရောက်ကတ...ည်းက
မေးဖို့ သတိရသည်။ မကြားရဲသလိုလိုနှင့် ရင်ထဲမှာ စိုးဝ...တ်နေ
ကြောင့် မေးဖို့ကို ကျော်သွားကာ စကားပြော...ဟုရောက်ဒီရော





သူ့အနေနှင့် ယောကျ်ားလေးဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ်
သနားမရှိသော်လည်း လှိုင်က ဒီကလေးအတွက် ဘဝနှင့်ရင်းထား
သည်၊ အသက်ကိုပေးထားခဲ့၏။
လှိုင့်အတွက် စိတ်ချမ်းသာစေချင်တာပါ။ သို့သော်..
"မိန်းကလေး ဆရာ"
ဟင်...၊ သူ့ရင်တစ်ခုလုံး သွက်သွက်ခါသွား၏။ ငုံကြည့်လိုက်တော့
...လေးငယ် နီတျာရဲလေးက အပြစ်ကင်းစင်စွာ အိပ်မောကျနေ၏။
လှိုင်ကတော့ နိုးလာလျှင်...

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၁)

နီလာသည်နှင့် လက်မောင်းနှစ်ဖက်မှာ စူးစူးရှရှ အောင့်တက်[illegible]တာကို သတိထားမိလိုက်၏။

"အ... ကျွတ် ကျွတ်"

ကိုယ့်လက်မောင်းကို ပြန်ဖိကာ ခါးစောင်းမတ်ပြင်ထိုင်လိုက်[illegible] သူ့ဘေးမှာ သူ့လိုပဲ စားပွဲပေါ်မှာ လက်နှစ်ဖက်ယှက်တင်၍ ထိုးပေါ်[illegible] ခေါင်းလေးနှင့် ကပ်မှောက်ကာ အိပ်ပျော်နေသည့် သံစဉ်။

နာရီကိုကြည့်လိုက်တော့ မနက်လေးနာရီခွဲ။

ရုံးမျက်နှာ ပြောင်းယောင်သမ်းသွားသည်။ သံစဉ် လူ့လည်မလေး[illegible]

'အိပ်ရာပြောင်းရင် မအိပ်တတ်လို့' 'ကို အိပ်ပျော်သွားရင် သံ[illegible] မျက်လုံးကြောင်ပြီး ကျန်ခဲ့မှာစိုးလို့' အကြောင်းတွေ အမျိုးမျိုးပြ[illegible] တစ်ညလုံး ဒီစားပွဲကနေ မထပြစ်အောင် ဉာဏ်များနေခဲ့၏။

သူလည်း သံစဉ်ကို အလိုလိုက်ရင်း ဒီမှာပဲ မျက်နှာမှော[illegible] အိပ်ပျော်ခဲ့ရတဲ့ အဖြစ်။ ချစ်လို့ အလိုလိုက်ထားတာတွေကို ဒီကောင် သိ[illegible] တာပဲလို့များ ထင်နေလား။

နမူးလေးက နှမ်းမလို့ တိုးကာပ်လိုက်ပြီးမှ မနမ်းဖြစ်တော့ဘဲ [illegible]





[illegible]နာ ထရပ်လိုက်သည်။ ဘာမှ အဆင်သင့်မရှိသေးသည့် တိုက်ခန်း[illegible] ထဲမှာ တံခါးကို သေချာသော့ခတ်ပိတ်လိုက်ပါပြီးမှ မျက်နှာသစ်[illegible] သူ အိပ်ရာထဲဝင်ခဲ့၏။

တစ်အိမ်လုံး မီးတွေပိတ်ပစ်ခဲ့သည်မို့ သံစဉ် နိုးလာလျှင် ကြောက်ယောင်[illegible] သည်။ နေပါစေ၊ ဒါမှ နောက်တစ်ခါ လူ့လည်ကျစရာမှာ။

ဘားခနဲလှည့်ပစ်လိုက်ပြီး တစ်ဖက်ကို လှိမ့်လိုက်တော့ သံစဉ် အိပ်[illegible]နေသည့် ခေါင်းအုံးလေးကို မြင်သည်။ ခေါင်းအုံးကို လှမ်းယူပြီး [illegible]ထဲမှာ တင်းနေအောင် ဖက်ထားလိုက်မိ၏။

မင်းထွန်းနဲ့တူတဲ့ ခါလေးကိုတော့ တကယ်ကျေကြရှာသည်။

"ဒူး အိပ်ရာကိုတော့ ကျကျနန အဆင်သင့်ဝင်နိုင်အောင် ပြင်[illegible]ပြီးမှတွေ့ တစ်အိမ်လုံး သူတို့ဘာသာ နောက်မှရှင်းလိမ့်မယ်၊ [illegible]တို့အရည်ကျရင် ဒီလိုနားတွေ့ ကြောက်ရအောင်လို့"

ဒီတိုက်ခန်းလေးကို သူ အားချင်းခယ်ပြီး သူငယ်ချင်းတွေနှင့် [illegible]ကင်းတွေမယ်ထုတ်ရှင်းလင်းသည့်နေ့က နှစ်ယောက် အိပ်မှတင် [illegible] သားသားနားနား အဖတ်တင်ခဲ့သည်။

"ခုနှင့် မင်းဘာသာ ဘယ်ဟာကိုပဲ ပြစ်သလိုခ်နေနေ မိန်းမနိုးဖို့ [illegible]တဲ့ဥမှာ အိပ်ခန်းကိုတော့ ကျကျနန ပြင်သင့်တယ် သံစဉ်ကို [illegible]သာရာပဲ ရောက်တယ်" တဲ့။

[illegible]တော့ အုမ်ကြောင်ကြားမလေးက သူ့ကိုပဲ တစ်ပတ်ရိုက်ပြီး [illegible]မဝင်ဖြစ်အောင် ဉာဏ်များနေခဲ့သည်။

[illegible]ညိုလိုက်ဦး သံစဉ်၊ မင်း တွေ့မယ်"

[illegible]ဉ်ဘာတော့ ဘာမှမသိခဲ့ဘဲ ထမင်းစားစားပွဲပေါ်မှာ မှောက်[illegible]ကြီး အိပ်ပျော်နေခဲ့ကာ မနက်ဝေလီဝေလင်းကျမှ နိုးခဲ့[illegible]



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

ပတ်ပတ်လည်မှာ မှောင်မိုက်နေသဖြင့် ဆတ်ခနဲ ထထိုင်လိုက် တော့ လက်မောင်းရင်းက အောင့်တက်သွား၏။

"အား..."

ညက နှစ်နာရီကျော်တဲ့အထိ စကားတွေထိုင်ပြောနေခဲ့ကြသ ပြီးတော့ ဘယ်သူ အရင် အိပ်ပျော်သွားခဲ့သလဲ။ ရဲ... ကိုရဲ အရင် ပျော်နေခဲ့တာဖြစ်သည်။ ကြည့်လိုက်တော့လည်း နှစ်ယောက် ပြင်ဆင်ထားသည့် စားစရာတွေက ဒီတိုင်း။

"ကို..."

သံစဉ် နေရာမှ ထရပ်လိုက်ကာ တံခါးဆီပြေးသည်၊ အပြင်မှာ ရောင်သမ်းနေတာမြင်နေရသော်လည်း အထဲမှာ မှောင်နှင့်မည်း

တံခါးက အထဲကနေ သော့ခတ်ထားတာဖြစ်၏။ ဒါဆို ကို အ ပဲ၊ သံစဉ် တကယ်ကြောက်တတ်တာပါ။ မီးရောင်မြင်နေရသည့် အ ဆီကို အပြေးတစ်ပိုင်းဝင်ခဲ့မိတာ ဟိုတိုက် ဒီတိုက်။ ပြီးတော့ ငိုရှ သဖြင့် မျက်ရည်တွေလည်း ဝေ့တက်လာသည်။

အိပ်ရာပြောင်းရင်တောင် မအိပ်တတ်ပါဘူးဆိုမှ အပြင်မှာသံ တစ်ယောက်တည်းထားပစ်ခဲ့သည်။ အပြာရောင် မီးလေးလုံနေ အခန်းရှေ့ကျတော့ ဟထားသည့်တံခါးကို သံစဉ် တွန်းဖွင့်လိုက်

အထဲမှာ အပြာရောင်တွေနှင့် ခင်းကျင်းပြင်ဆင်ထားသည် ယောက်အိပ်ခုတင်ကြီးက မီးရောင်ပြာလဲ့လဲ့အောက်မှာ တစ် အေးချမ်းနေ၏။ ခုတင်ပေါ်တွင် ခေါင်းအုံးတစ်လုံးကို ရင်ဘ တင်ဖက်ထားကာ ပက်လက်စန့်စန့်ကြီး အိပ်နေသည့် ရဲကိုမြင် သောအခါ သံစဉ် ဒေါသလည်းဖြစ်၊ ငိုလည်းငို၍...





"ကို..."

အခန်းထဲ ပြေးဝင်သွားကာ သူ့ဘေးကျမှ တုံ့ခနဲရပ်မိ၏။

"ကို..."

တအားခေါ်ပစ်ရင်း သူပိုက်ထားသည့် ခေါင်းအုံးကို ဆိုးဆိုးဆတ် ဆွဲယူပစ်လိုက်သည်။

"ဟင်"

ကြာခင် သံစဉ် နိုးလာမှာပဲဟုတွက်ကာ စောင့်နေရင်းရဲ တကယ် နဲ့ ပျော်သွားခဲ့တာဖြစ်သည်။ မျက်လုံးတွေဖွင့်ကြည့်လိုက်တော့ မှာ သံစဉ်က မျက်ရည်စီးကြောင်းနှင့်...

"သူများကို အပြင်မှာထားခဲ့တယ်၊ လူညစ်၊ ရှင့်ကိုမုန်းတယ်၊ နပ်ဘူး သိလား ကဲ ကဲ"

ခေါင်းအုံးကို စုံကိုင်၍ တအားလွှဲရိုက်သည်။ မျက်ရည်တွေလည်း ပေါက်ပေါက်ကျလာနေလျက်...

"ကြောက်ပါတယ်ဆိုမှ ရှုပ်ယှက်ခတ်ပွနေတဲ့အိမ်ကြီးထဲမှာ ရှင် ကို ရက်ရက်စက်စက်..."

"ား နေပါဦး"

တ်နဲ့လိုက်ကာရင်း ရဲက ခေါင်းအုံးကို ပြန်လုသည်။

"င်းပဲ အိပ်ရာပြောင်းရင် မအိပ်တတ်ဘူးဆို၊ နိုးလိုက်ရင် မင်း ျက်မှာစိုးလို့ ထားခဲ့တာလေ"

"တ်ပ၊ ရှင် အဲဒီလိုပဲ ဆက်ရွှဲ"

သံစဉ် မျက်ရည်ကို လက်နှစ်ဖက်နှင့် ဘယ်ပြန်ညာပြန် ပွတ်ဆွဲ ာ ချာခနဲလှည့်ထွက်သွားသည်။

"သံစဉ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲက သံစဉ်လက်ကလေးကို လှမ်းဆွဲသည်။ မမိလိုက်သဖြင့် အ ရာပေါ်ကနေ လွှားခနဲခုန်ဆင်းပြီး ရှေ့ကနေ ပိတ်ရပ်လိုက်ကာ..

"ကိုယ် တခြားသွားတာမှ မဟုတ်တာပဲ သံစဉ်ရယ်၊ အထဲနဲ့ အပြ ပဲဟာ၊ ဘာကြောက်စရာရှိလို့လဲ"

"ဩြော်.. ရှင်ကမှ မကြောက်တတ်တာ ဘယ်ကြောက်မ သံစဉ်က အိမ်မှာတောင် တစ်ယောက်တည်း အိပ်ရဲတာမဟုတ်ဘူး"

"ဘယ်သူနဲ့အိပ်လဲ"

"အမိုးနဲ့အိပ်တာပေ့ါ၊ ခုတင်ချင်းဆက်ပြီးအိပ်တာ၊ သံစဉ် မအ မချင်း အမိုးက ဘယ်မှထသွားတာမဟုတ်ဘူး"

"ပြီးတော့လဲ ထသွားတာပဲမဟုတ်လား"

"သွားသွား မသွားသွားလေ သံစဉ် မျက်လုံးဖွင့်ကြည့်လိုက် အနားမှာ အမိုး အမြဲရှိတယ်"

ရဲက သံစဉ့်မျက်နှာလေးကို စိုက်ကြည့်ပြီး ပြုံးသည်။ မျက်ရ သုတ်ပေးဖို့ လက်လှမ်းတော့ သံစဉ်က ပုတ်ချပစ်၏။

"အဲဒီလို တစ်ယောက်တည်း မအိပ်ရဲဘဲနဲ့များ တစ်ညလုံး ထမ စားပွဲမှာထိုင်ပြီး ဒုက္ခခံနေတယ်၊ ကိုယ်က စညစ်တာ မဟုတ်ဘူး မင်း စတာ"

"ဘာ"

သံစဉ် မျက်လုံးလေးတွေပြူးလာတော့ ရဲက မျက်နှာမော့ရယ်သည်

"မဟုတ်လို့လား၊ မင်း အိပ်ရာဝင်ရမှာစိုးလို့"

"ဘာမှမဆိုင်ဘူး၊ အိပ်ရာပြောင်းရင် တကယ်မအိပ်တတ်တာ"

"အဲဒါက ထား ခဲ့လိုက်တော့လေ၊ အခု မအိပ်တတ်လို့မရဘူး"

"အို... ဘာလုပ်တာလဲ"





ရဲက သံစဉ့်ပါးလေးတစ်ဖက်ကို မချင့်မရဲ ဆွဲလိမ်ပစ်လိုက်ပြီး ဇွေ မွေ့ယူ၏။

"ကိုနော် သံစဉ့်ကို လွှတ်"

"မရဘူး၊ အလိုလိုက်တာမှန်း၊ အလျှော့ပေးတာမှန်း ခင်ဗျားသိမှ ာ"

"အား..."

မွေ့ရာထက်သို့ ပစ်ချလိုက်တော့ သူ့ကို သံစဉ် အတင်းပြန်ဖက် သာကြောင့် နှစ်ယောက်လုံး ရောထွေးလဲကျသွားကြသည်။ ရဲသည် သံစဉ့်မျက်နှာလေးထက်မှာ စီးမိုးငုံ့ကြည့်ရင်း..

"မင်းလောက်ချစ်စရာကောင်းတဲ့မိန်းမ ကိုယ် နောက်ထပ် ရှာတွေ့ ယ်ဘူး"

"ဟင့်အင်း ကို..."

သံစဉ် ရှက်ရှက်နှင့် မျက်လုံးတွေကို တအားမှိတ်ပစ်ကာ တစ်ဖက် င်လိုက်လျှင် လည်တိုင်နုနုမှာ နွေးခနဲဖြစ်သွား၏။ အချစ်ဟာ သိနဲ့တည့်သော ဓာတ်စာလား၊ ဒါမှမဟုတ် အချစ်သင့်ရာသီ ာ သီးခြားသပ်သပ်ရှိနေသည်လား။

ချစ်တတ်ခဲ့သောသူဟာ အချစ်ကြောက်ခဲ့သောကောင်မလေး ..။ ရင်ခုန်သံတွေဟာ လေရောမိုးပါ မွှေနှောက်ခဲ့သည့် မုန်တိုင်း ာင်ခုလို...

ာတ်သည်၊ ဒါဟာ အချစ်သင့်ရာသီ...။

ဟ ဟ ဟ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၂)

"ကို…ကို…"

"ဟင်"

"လက်ကြီးက ဖယ်ပေးစမ်းပါ"

"ဘာလုပ်မလို့လဲ"

"ဒီမှာ မျက်နှာမသစ်ရသေးဘူး"

"ဘာဖြစ်လဲကွာ၊ ကိုယ် မရွံဘူး"

ရဲ ခေါင်းထောင်မကြည့်ဘဲ သံစဉ်ခါးလေးကို ဆွဲဖက်ထားတာ လည်း မလွှတ်။ တွန်းချလည်းမရ၊ ရုန်းလေ ကျပ်လေ။

"လှုပ်လှုပ်ရွရွ သိပ်မလုပ်နဲ့ကွာ၊ ကိုယ် အိပ်ချင်လို့"

"အိပ်ပါလား ကိုယ့်ဟာကိုယ်၊ ဘယ်နှစ်နာရီရှိနေပြီလဲမသိဘူး ဒီ ညောင်းလှပြီ"

"ဘယ်နှစ်နာရီပဲရှိရှိ ကိုယ်ထင်ရာကိုယ်လုပ်၊ ကိုယ့်အခွင့်အရေး ကိုယ်"





"ဩော်… သူ့ကျတော့ ကိုယ့်အခွင့်အရေးနဲ့ကိုယ်တဲ့"

မေးစင်းနေသည့်မျက်လုံးတွေ ပွင့်လာကာ ရဲက ရယ်နေသည်။ ကြည့်လိုက်တော့ အိပ်ချင်နေသည့်မျက်လုံးမျိုးလည်း မဟုတ်ဘဲနဲ့။

"ဟွန်း မုန်းလိုက်တာ"

"ဟား ဟား ဟား"

သံစဉ် မျက်စောင်းထိုးတော့ တဟားဟားထရယ်ကာ သူ့ဘက်ကို သံစဉ် တစောင်းလေးပါသွားအောင် ဆွဲလှည့်ယူသည်။

"တကယ်ပဲကွာ၊ တကယ်ချစ်ဖို့ကောင်းတယ်၊ ရှုပုပ်ပုပ်လေး လုပ် ထားတဲ့ မင်းနှုတ်ခမ်းကို ပြန်မြင်ပြီး ကိုယ် မနေတတ်မထိုင်တတ်တွေ ဖြစ်ခဲ့ဖူးတယ်၊ အဲဒါ သိလား"

"ကိုနော် ပေါက်ကရတွေ"

သံစဉ် ရှက်နေပြန်သည်။ နမ်းမလို့ ဖျတ်ခနဲဆွဲယူလိုက်တော့ သံစဉ် က သူ့နှုတ်ခမ်းတွေပေါ်ကို လက်ဖဝါးလေးနဲ့ ဖိအုပ်ပစ်လိုက်ကာ…

"တော်ပြီကွာ၊ မျက်နှာသစ်ချင်လို့ လွှတ်ပါဆို"

ရဲက သံစဉ့်လက်ကို ဆွဲဖယ်ချပစ်လိုက်ပြီး ခေါင်းခါသည်။

"မရဘူး၊ ညက မင်း ကိုယ့်ကို တစ်ညလုံး ထမင်းစားပွဲမှာ ထိုင်ခိုင်း ထား၊ ကိုယ့်သတ်မှတ်ချက်အရ အခု ညပဲ"

"ကို မညစ်နဲ့နော်"

"မင်းက အရင်ညစ်တာ"

"ကြည့်ပါလား ကိုနော်"

ပျော်လည်းပျော်သည်၊ ရှက်လည်းရှက်နေ၏။ ရင်ခုန်သံတွေ မစဲဘဲ ဖြစ်နေတာလည်း နှစ်သက်ဖွယ်ပါ။ သူ့ရင်ခွင်ထဲမှာ သံစဉ် သာယာ ခဲ့ပြီထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သံစဉ်"

"ဟင်"

"ကိုယ် အပြင်ခဏသွားဦးမယ်၊ နေရဲလား"

နှစ်ယောက်စလုံး မျက်နှာသစ် သန့်စင်ပြီးတော့ ရဲက စီးကရက် မီးညှိရင်းမေးသည်။

"ကိုက ဘယ်သွားမှာလဲ"

ရဲက မီးခိုးဖြူဖြူတွေကို သံစဉ်မျက်နှာလေးဆီ မှုတ်လိုက်ကာ...

"ဖုန်းသွားဆက်မလို့ ဒီနားတင်ပဲ"

"သံစဉ်လဲလိုက်မယ်"

ရဲက ခဏစဉ်းစားပြီးမှ နာရီမြှောက်ကြည့်သည်။ ပြီးတော့...

"မဖြစ်ဘူး။ ကိုယ်လဲ မသွားတော့ဘူးကွာ"

ပြော၍ မွေ့ရာပေါ် ထိုင်ချလိုက်၏။

"မလိုက်ရဘူးဆိုလဲ သွားပါ ကိုရယ်၊ သံစဉ် နေခဲ့ပါ့မယ်"

"အဲဒီလိုလဲ မထားခဲ့ချင်လို့ နေပါစေ တော်ကြာ ဟိုကောင်တွေ ရောက်လာမှာ"

ရဲက ပြောနေရင်း သံစဉ့်လက်ကလေးကို လှမ်းဆွဲ၍အနားမှာ ထိုင်စေလိုက်သည်။ ပြီးတော့ ပခုံးလေးကို တယုတယ ဖက်ထားလျက်...

"သံစဉ် ကိုယ့်ကို ဘယ်လိုလူလို့ထင်လဲ"

"ဟင်..."

သူ ဘာမေးလိုက်တာမှန်း နားမလည်သဖြင့် သံစဉ် မော့ကြည့်တော့ ရဲက ပါးပြင်လေးတစ်ဖက်ကို ငုံ့နမ်းလိုက်၏။ လက်ထဲမှာ ကိုင်ထားသည့် စီးကရက်တိုကိုလည်း ဖိချေပစ်လိုက်သည်။

"ပြောလေ"





"ဘယ်လိုလူပဲဖြစ်ဖြစ် အခု သံစဉ်တို့ လက်ထပ်ခဲ့ကြပြီပဲ ကိုရယ်၊ သံစဉ့်ကို တစ်သက်လုံး ကြင်ကြင်နာနာနဲ့ ပေါင်းသွားမယ်ဆိုရင် ပြီးတာပဲ"

"အင်း"

ရဲက ခေါင်းညိတ်လိုက်ပြီး မျက်နှာတစ်ဖက်လွှဲသွားသည်။ သူ့မျက်လုံးထဲမှာ အမေရယ်၊ ဦးစိန်ရွှေရယ် မျက်နှာတွေက ဖျတ်ခနဲ ဖျတ်ခနဲ ပေါ်လာနေလျက်...

"ကို ဘာဖြစ်သွားတာလဲဟင်၊ ဖေဖေနဲ့ရင်ဆိုင်ရမှာကို စိုးရိမ်နေတာလား။ ဒါမှမဟုတ် ကိုက မဟုတ်တဲ့အလုပ်မျိုးတွေ လုပ်နေတဲ့သူမို့လို့လား"

သူ့မျက်နှာကို လိုက်ငုံ့ကြည့်နေသဖြင့် ရဲက ဒီဘက် ပြန်လှည့်လာသည်။

"ကိုယ့်ကို လူဆိုး၊ ကလေကချေတစ်ယောက်လို့ မထင်ဘူးလား"

"ဟင့်အင်း"

သံစဉ် ခေါင်းခါမိသည်။ ရင်ထဲမှာတော့ စကားတွေရှိပါသည်။ ကို့ကို ကလေကချေလို့ ဘယ်တုန်းကမှမထင်ခဲ့ပေမယ့် လူတော်လူကောင်း တစ်ယောက် မဟုတ်နိုင်တာကိုတော့ ခန့်မှန်းမိတာပေါ့။

ဘယ်အချိန်ဖြစ်ဖြစ် ရဲတင်းတက်ကြွနေတဲ့ ကိုယ့်မျက်လုံးတွေထဲမှာ အကြောက်တရားမှမရှိဘဲ။

ဖေဖေနဲ့ အတိုက်အခံတွေဖြစ်ခဲ့ရင်း သံစဉ့်ကို ရအောင်ယူခဲ့တာကြည့်ရင်း တကယ်ချစ်လို့လား။ ဖေဖေ့ကို နိုင်ချင် တာလား၊ အဲဒါကို သံစဉ် မသိဘူး။

သံစဉ့်ရင်ထဲမှာလည်း ကို့ကိုမြင်လိုက်တဲ့အချိန်မှာ ကြောက်ရ၊



www.burmeseclassic.com

www.burmeseclassic.com



လန့်ရတာတွေ၊ ရင်ခုန်တွေအားလုံး ဘာဆိုဘာမှ ခွဲခြား ဆန်းစစ်ချိန် မရခဲ့ဘဲ အချစ်ဆိုသည့် စည်းတစ်ဖက်ကို ဝင်ရပ်ခဲ့မိခြင်းပဲဖြစ်သည်။

ကိုကို မမြင်ရမနေနိုင်အောင် အိမ်ထဲမှာ မျက်ရည်ကျခဲ့ရတာမျိုး မရှိ၊ ဘယ်သူတားတား ကိုနဲ့မှ အတူမနေရလျှင် သေရတော့မလောက်လည်း မဖြစ်ခဲ့ဘူး။

ထို့ကြောင့် သံစဉ်အပေါ်မှာ ကိုလည်း ဒီထက်ပိုချင်ပိုမည်၊ မပိုဘူးဆိုလျှင်လည်း ထူးခြားကြေကွဲမနေတော့ပါ။ ဘယ်အရာမဆို ကိုယ်ပေးခဲ့တဲ့အတိုင်းပဲ ပြန်ရတတ်ကြသည့် သဘောတရားရှိတာ သံစဉ်နားလည်သည်။

ထို့ထက် ပိုခဲ့တာ တစ်ခုပဲရှိသည်။

ဒါဟာ ဘာလဲဆိုတော့ ကိုကို သံစဉ် ဘယ်တုန်းကမှ အထင်မြင်သေးခဲ့ဖူးတာ မရှိခဲ့ခြင်းပင်။

တွေးလည်းမတွေးခဲ့ဖူးပေ။ ကို ဘယ်လူစားမျိုးဆိုတာထက် 'ငါ့ကိုချစ်တာ ဟုတ်ရဲ့လား'ဟုသာ တွေးခဲ့ဖူးသည်။ ဒါကလည်း ကိုဟာ တစ်ခါတစ်ခါ ဂျစ်ကန်ကန်နှင့် ရှုံ့တတ်သည့်အကျင့် ရှိနေတာကို မြင်လာခဲ့၍ဖြစ်သည်။

တကယ်ပါ၊ ဒီထက် ဘာမှပိုမိုသော အထင်မြင်သေးသည့် သံသယမျိုး ဘာမှမရှိခဲ့။

"သံစဉ်"

"ပြောလေ ကို"

"ကိုယ် မင်းကို သိပ်ချစ်တယ်၊ အဲဒါကော ယုံလား"

သံစဉ် ချက်ချင်း မဖြေနိုင်။ ရဲက နားလည်သွားသည့်အပြုံးနှင့် ခေါင်းဆတ်သည်။





"မင်း မညာတတ်တာ ကိုယ်သိတယ်၊ အဲဒါလေးကို ပိုမြတ်နိုးခဲ့တာပါ။ ဟုတ်တယ်လေ၊ မင်း မယုံနိုင်သေးတာ သဘာဝကျပါတယ်၊ ကိုယ်တို့တွေ့ကြတာ ဘာမှမကြာသေးဘဲ ကိုယ်က ဖွင့်ဟလိုက်၊ ဖွင့်အဖြေတောင်းပြီး ခုလဲ ကိုယ်ပဲ ဖွင့်တရှက်..."

"အဲဒါကတော့ ကိုရယ် ကိုကို မြင်လိုက်ကတည်းက သံစဉ်က ခြေပျော်လက်ပျော်ပြီးသားဖြစ်နေလို့ပါ။ သံစဉ်ကို အဝေးကြီး ပို့ပစ်မယ် ဆိုကတည်းက အဲဒီခရီးကို လုံးဝ မသွားချင်တာ"

ရဲက သံစဉ်ကို စူးစိုက်ကြည့်၍ ခပ်ယဲ့ယဲ့ပြုံးလိုက်သည်။

"အဲဒီအချိန်မှာ ကိုယ်က ဝင်လာတာနဲ့ တွက်ပေါက်ရသွားတာမျိုး မဟုတ်လား။ ကိုယ့်နောက်ကိုလိုက်ချင်လို့ ရောက်နေတာမှမဟုတ်တာ"

သံစဉ့်မျက်နှာလေး တင်းခနဲဖြစ်သွားသည်။ ဘာတွေ ဘယ်လိုရှိခဲ့ရှိခဲ့ ကိုယ်က မိန်းကလေးဖြစ်ပြီးတော့တောင် အားလုံးကို ဂရုမစိုက်ဘဲ ထားခဲ့သေးတာ...

"ကိုကိုမျှော်နေရအောင် သံစဉ်နဲ့ကိုက ခိုးပြေးဖို့ ချိန်းထားတာမှ မဟုတ်တာ၊ ခုကျမှ သံစဉ့်ရင်ထဲကို ဘာဖြစ်လို့ ဝင်ကြည့်ချင်နေတာလဲ ကို၊ သံစဉ် အဖြေမှားသွားရင် ဘယ်ပုဒ်မမျိုးတပ်ချင်လို့လဲ"

"မတပ်ပါဘူး သံစဉ်၊ ပုဒ်မတပ်ခံရမှာက ကိုယ်ပါ၊ မင်းကို ကိုယ်ချစ်ခဲ့တုန်းက ချစ်စရာလေးမို့ ချစ်ခဲ့တာ၊ တပ်မက်တာ စွဲလမ်းတာ ဘာမှမရှိဘူး"

ဩော်... သူလည်း ကိုယ့်လိုပါပဲလားလို့ တွေးလိုက်မိ၏။ ထို့စဉ်သူမလက်ဖဝါးလေးပေါ်မှာ လက်ဝါးချင်းထပ်ဆုပ်ထားလိုက်ကာ...

"အခုကျတော့ မဟုတ်တော့ဘူး။ ကိုယ့်ရဲ့ဘေးမှာ မင်း မရှိလို့ မဖြစ်ဘူး သံစဉ်၊ ဦးစိန်ရွှေဟာ မင်းရဲ့အဖေလို့ သိလိုက်ရတဲ့အချိန်က



www.burmeseclassic.com

စပြီး ကိုယ်တိုင် အဖြေရှာမိခဲ့တဲ့ခွဲလမ်းခြင်းက မျက်ဝါးထင်ထင် ပြလာတာ၊ သူ့ကို အရှုံးမပေးနိုင်တဲ့စိတ်က သပ်သပ်၊ မင်းကို ရောယောင်ပြီး မထားခဲ့နိုင်တာက သပ်သပ်"

"သူ့သမီးကို လိုချင်တယ်ဆိုမှတော့ သူ့ကို သပ်သပ်ထားလို့ ဘယ်ရတော့မလဲ ကိုရယ်၊ သံစဉ် ကိုနဲ့ဖေဖေ့ကို ပြေလည်စေချင်တယ်"

"ကိုယ်လဲ အစက မငြိခဲ့ကြရင် အကောင်းသားလို့ တွေးမိလာတယ်၊ မင်းကိုမှ ကိုယ် မစွန့်လွှတ်နိုင်တာ၊ ဒါပေမယ့်..."

ရဲက သံစဉ့်မျက်နှာလေးကိုပဲ တောင်းပန်သည့်မျက်ဝန်းများနှင့် ငုံ့ကြည့်သည်။ ဆုပ်ကိုင်ထားသည့်လက်ဖဝါးလေးကို သူ့နှုတ်ခမ်းမှာ အကြာကြီး ဖိကပ်နမ်းကာ...

"ချစ်တာက သပ်သပ်၊ မာနက သပ်သပ်ဖြစ်နေသေးတယ် သံစဉ်၊ အချစ်ကြောင့် အားလုံးကို ဒူးမထောက်နိုင်တဲ့ မာနတွေ ကိုယ့်ရင်ထဲမှာ ခံနေတယ်၊ အဲဒါကို မင်း အထင်မလွဲပါနဲ့၊ ကိုယ်က လူကောင်းတော့ မဟုတ်ဘူး၊ ဒါပေမယ့် မင်းနဲ့ကျမှ ချစ်တတ်လာခဲ့တယ်ဆိုတာ တကယ်၊ မင်းက ပထမ၊ မင်းက နောက်ဆုံးပဲ၊ အဲဒါလဲ တကယ်ပါ၊ နောက်ထပ် တကယ်က မင်းအဖေ ကိုယ့်ရှေ့ကိုရောက်လာရင် ကိုယ်က မှန်တစ်ချပ်လိုပဲ နေမှာ၊ သူပြုံးရင်ပြုံးပြမယ်၊ မဲ့ပြရင် ကိုယ်လဲ မဲ့ပြမှာပဲ၊ ကိုယ်က အရှုံးမပေးတတ်ခဲ့တာကို ခွင့်လွှတ်ပါ"

သံစဉ် ဘယ်လိုမှ နားမလည်နိုင်တော့ပါ။ ချစ်ကြသူတိုင်းဟာ ကိုလို မဟုတ်ကြဘူးဆိုတာကိုတော့ သိနေသည်။ ကို ဘယ်လိုခံယူနေခဲ့သည်ကို နားမလည်။

ဒါဆို ဖေဖေ ရောက်လာခဲ့ရင် ဘာတွေဖြစ်ကုန်ကြမလဲ။ မျက်ဝန်းလေးတွေတလည်လည်နှင့် သူ့ကိုငေးနေသည့် သံစဉ့် ရင်ထဲကစကား





တွေကို ရဲက ခန့်မှန်းနားလည်လျက်...

"မင်းကို ကိုယ် ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူး၊ အဲဒါသာ သေချာတယ် သံစဉ်၊ တစ်ခုပဲပြောချင်တယ်၊ မင်းကို ပိုင်ဆိုင်ရဖို့အတွက် နဲ့ မင်းအဖေကို လျှော့ပေးဖို့တော့ ကိုယ် လုံးဝစိတ်မကူးဘူး"

"ကို... ကို ဖေဖေနဲ့ ဘာဖြစ်လို့ ငြိခဲ့တာလဲ၊ ဖေဖေနဲ့ကို ရှုယ်တူ...နမဟုတ်တာ"

"အဲဒါက သူပဲသိမှာ၊ ကိုယ်က စခဲ့တာမဟုတ်ဘူး၊ သူက ကိုယ့်ကို သိနေပြီး ကိုယ် ဘာမှမသိခဲ့ဘဲ ထိပ်ပုတ် ရန်စသွားတာ"

"ဖေဖေက..."

"ဟုတ်တယ်"

"ဖေဖေ အဲဒီလိုတော့ ရန်မလိုတတ်ပါဘူး ကိုရယ်၊ အကြောင်းတစ်ခုခုတော့ရှိမှာပါ"

"ထားလိုက်ကွာ၊ မင်းရဲ့ မိဘကို ကိုယ်က ထိုင်ဆဲနေသလို လုပ်နေရင် မင်းနဲ့ကိုယ် စိတ်ချမ်းသာရမှာ မဟုတ်တော့ဘူး၊ အဲဒီတော့ မင်းအဖေနဲ့ကိုယ် တစ်စုံတစ်ရာ ပြဿနာဖြစ်ခဲ့ရင် မင်းကိုယ့်ကို မမုန်းဘူးဆိုတဲ့ကတိ ကိုယ် လိုချင်တယ်"

"ကိုရယ်"

"အနိုင်ကျင့်သလိုဖြစ်သွားရင် မတတ်နိုင်ဘူးကွာ၊ ကိုယ့်ဘက်ကတော့ အချစ်နဲ့စစ်က သပ်သပ်စီပဲ၊ တကယ်လို့ မင်း ကိုယ့်ကို မုန်းသွားရင်လဲ ကိုယ်က ကြေကွဲကျန်ရစ်ခဲ့မှာမဟုတ်ဘူး၊ ကြိုပြောထားတာ၊ မင်းနဲ့ ကိုယ် လက်ထပ်ထားပြီးပြီ၊ အကြွင်းလင်းမယားအရာလဲ မြောက်ပြီးသား၊ မင်း ဘယ်ရောက်နေနေ ကိုယ်က လာခွဲထုတ်မှာပဲ၊ အဲဒီအတွက် လေးဘင်ပွဲကိုတက်လာတဲ့ ဒဿဂီရိမင်းရဲ့ ရဲရင့်မှုမျိုး ကိုယ့်မှာ



www.burmeseclassic.com

www.burmeseclassic.com



စပြီး ကိုသ"

တာ၊ ၁ ရဲက သံစဉ်ကိုယ်လေးကို တင်းကျပ်သွားအောင် ဆွဲဖက်ထားလိုက်
မထ ။ ပြီးတော့ သံစဉ်ကို ဘာမှမေးမြန်းပြောဆိုလို့မရအောင် စိတ္တဇဆ
သာအနမ်းများနှင့် ကြာရှည်စွာ မေ့မူးစေခဲ့လေသည်။

"ကိုယ့်နာမည်အပြည့်အစုံက မိုက်ရူးရဲ"

"ဟင်..."

သံစဉ် ဟင်ခနဲဖြစ်သွားတော့ ရဲက ပြုံးလိုက်၏။

"အံ့သြသွားလား၊ နောက်ထပ် ရှိသေးတယ်၊ မေမေက ခေါ်တာ
'ငရဲ'တဲ့"

"အို...မဟုတ်တာ"

သံစဉ် စိတ်မကောင်းဖြစ်မိသည်။ ကိုဟာ ပထွေးနှင့်နေရတဲ့သူမှန်း
သိထားပြီးပြီမို့ မိခင်ကပါ အကြင်နာမဲ့သလိုထားခဲ့တာကို သိလိုက်
တော့ ယုံပင်မယုံနိုင်။

ရဲက နေရာမှထရပ်ကာ သံစဉ်လက်ကလေးကိုဆွဲ၍ အပြင် ဧည့်
ခန်း ၌ လျှောက်ထွက်ခဲ့၏။ နေရာမကျသည့် ကုလားထိုင်နှင့် ဆက်တီ
တွေကို ခြေထောက်နှင့်ပဲ တွန်းထိုးရွှေ့ယူကာ သံစဉ်ကို ထိုင်ခိုင်းသည်
ပြီးမှ သံစဉ်ထိုင်သည့်အားကာလက်တင်မှာ တင်ပါးတစ်ဖက်နှင့် ၎
ထိုင်၍...

"ကိုယ့်တစ်သက်လုံးမှာ ထူးဆန်းတဲ့မိန်းမတစ်ယောက်ပဲ တွေ့ခဲ့
တယ်၊ အဲဒီမိန်းမက ကိုယ့်အမေ"

"ဘာဖြစ်လို့လဲဟင်"

"ဘာမှန်းမသိလို့ ထူးဆန်းတာပေါ့ သံစဉ်၊ အမေ့ရင်ထဲမှာ ကို
တွက်ဆကြည့်သမျှ ဘာမှမရှိဘူး"





ကြားရသမျှ အဆန်းတွေချည်းပါပဲလား။ အိပ်ရာထစမို့ ဗိုက်ဆာ
ဘာတွေ၊ ဘာတွေလည်း သတိမရတော့။ ဖေဖေတို့ လိုက်လာမှာတွေ၊
ို့ ပြေးဖို့တွေလည်း မေ့နေသည်။

ခုကျမှ သူ့အကြောင်းတွေကို စိတ်လိုလက်ရပြောပြနေသော ကို့
ိ စိတ်ဝင်တစား ငေးကြည့်နေမိသည်။ ကို့ဘဝက ဘယ်လိုဘဝမျိုး
ိမှ။

သံစဉ့်ဘဝမှာတော့ ခုချိန်ထိ ဘယ်လိုထူးဆန်းအံ့သြဖွယ်မှ မရှိခဲ့

မိဘတိုင်း သားသမီးကိုချစ်ကြတာမျိုး ဖေဖေတို့က သံစဉ့်ကို
ကြသည်၊ အလိုလိုက်သည်။

အိမ်ထောင်ပြုခွင့်မပေးနိုင်ပါဟု တားမြစ်တာကလည်း ချစ်လို့ပဲ
ည်သာ။

"သံစဉ်"

"ဟင် ကို ပြောလေ"

"ကိုယ် အမေ့အကြောင်း ပြောပြနေတာက အမေနဲ့သံစဉ့်ကို
ပြစေချင်လို့၊ ရင်းနှီးစေချင်လို့ ဘာမှမဟုတ်ဘူးနော်၊ တည်
ကြရမှာက မင်းဘဝ၊ ကိုယ့်ဘဝ နှစ်ခုပဲ"

"ခြွင်းပါ ကို၊ ဘာကြောင့်ပဲပြောပြပြ သံစဉ် စိတ်ဝင်စားပါတယ်"

"အင်း"

ခေါင်းညိတ်ပြီး ဆံပင်တွေကို ထိပ်ဦးကနေ ထိုးဖွလိုက်၊ ပြန်ဖိ
လုပ်နေသည်။ ပြီးမှ...

"အခါတလေ ဦးကျော်၊ အဲ... ဦးကျော်ဆိုတာက ကိုယ့်ပထွေး
ထောင်မှ ကိုယ့်အပေါ် မနွေးထွေးဘူး။ ဖြူရင်ဖြူ၊ မဖြူရင်

www.burmeseclassic.com



မည်းလိုက်တာကို ကိုယ်က ကြိုက်တယ်၊ ဘာလို့သတ်မှတ်မရတဲ့ ဘာ
မှန်းမသိတာကို စိတ်မဝင်စားတတ်တော့ မေမေနဲ့ကိုယ် အဆင်မပြေ
ကြဘူးလေ၊ အမေက ဘယ်သူ့ဆီက ဒြပ်ရှိဒြပ်မဲ့ တစ်စုံတစ်ရာကို
လိုချင်လောဘ မရှိသလို သူ့ကလဲ မပေးဘူး၊ မပေးချင်တာလား၊ မ
တာလား အဲဒါလဲ ကိုယ် မသိဘူး။ အဲဒီလို ကိုယ် နားလည်ခဲ့တဲ့ အမေ
ရင်ဘတ်ထဲမှာ မင်းကိုမိသားစုရဲ့ အမည်စာရင်းတွေ ရှိနေတာတော
သေချာတယ် သံစဉ်၊ ဘာဆိုတာကို ကိုယ် မသိဘူး"

"ဘယ်လို...၊ ကို ဘာပြောတယ်၊ ဖေဖေနဲ့ အန်တီက..."

"ဟုတ်တယ်၊ အခု သံစဉ်ကို ကိုယ်ပြောပြတာ တခြားကြော
မဟုတ်ဘူး၊ မင်းနဲ့ကိုယ့်ကြားမှာ မုန်းတီးဝေးကွာသွား လောက်စရာ
အကြောင်းတွေ အများကြီးရှိနေဟာကို မင်း သိထားစေချင်လို့၊ ဘယ
သူတွေ ဘာပြောပြောကွာ မင်းကို ကိုယ် ချစ်ခဲ့တာက အဖေနဲ့
မဆိုင်ဘူး၊ အမေနဲ့လဲမဆိုင်ဘူး၊ မင်း ကိုယ့်ကို ယုံစေချင်တယ်"

အမြဲတမ်း ဂျစ်ကန်ကန်ဇွတ်တရွတ်ဆန်ခဲ့သော ရဲ၏ နှုတ်ခမ်းဖျား
မှ ဤသို့သော လေးနက်မှုတွေရှိနေတာကို သံစဉ် အံ့သြနေမိ
ထိုစဉ်...

"ဟင်... ဟိုမှာ ကိုကို..."

သံစဉ်က တိုက်ခန်းရှေ့မှာ ထိုးရပ်လာသည့် အနီရောင် ဆလွန်
ကားလေးကို အထိတ်တလန့် ထိုးပြ၏။ ရဲက လှမ်းကြည့်လိုက်သည
ဆင်းလာသူ အမေရယ်ပါ။

သူနှင့်ပတ်သက်သည့် သာရေး၊ နာရေး ဘယ်နေရာဖြစ်ဖြစ် ဘယ
တော့မှ မလိုက်။

တစ်ခါတလေ အချုပ်ကျနေသည့်နောက်ကို အမေ လာထု





ည်ဟု အသံပဲကြားရပြီး လူကိုမမြင်လိုက်ရ။ ဒေါ်ပိုးဥဆိုတာ သား
င်ယောက်အပေါ်မှ ထိုမျှအထိ စိမ်းပြတ်ခဲ့ပါ၏။

ခုကျမှ သူ ဒီမှာရှိနေတာကို ဘယ်လိုစုံစမ်းပြီး လိုက်လာခဲ့ပါ
နည်း။

သူ နေရာမှ မလှုပ်မယှက်ထိုင်ဆဲနှင့် လှမ်းကြည့်နေမိသည်။ သံစဉ်
တော့ ထိုင်ရာကနေ ထရပ်လိုက်ပြီဖြစ်သည်။

ဒေါ်ပိုးဥသည် ဒီနေ့ကျမှ တမင်တကာ ဝတ်လာသည်လား၊ ဒါမှ
ဟုတ် ပွဲထိုင်တစ်ခုခုမှ ပြန်လာခဲ့သည်လား ဘာမှန်းမသိပါ။

နီညိုရင့်ရင့် ပိုးချိတ်ထဘီနှင့် အကျီကို ဆင်တူဝတ်ထားသည်။
ချည်တစ်ထည်ကို သိုင်းခြုံလျက် ရွှေအိုရောင်လက်ကိုင်အိတ်ကို
ဘက်လက်ဖျံမှာ ချိတ်ထား၏။

ဆံပင်ကို နောက်တွဲဆံထုံးပုံ့ပုံ့လေး ထုံးသဖြင့် လည်တိုင်မှာ ကပ်ဆွဲ
သည့် နှစ်တန်းသွားစိန်ကုံးနှင့် တွဲဖက်ကာ ယဉ်စစလေးရှိလေ
သည်။

သံစဉ် ငေးခဲ့ဖြစ်သွားကာ သူမဟာ ကိုမေမေပဲဟု တွက်ဆလိုက်
'ဟုတ်ရဲ့လား' ဟု သံသယပြန်ဖြစ်၏။ သူမသည် အကယ်ဒမီပေးပွဲ
တက်လာသည့် ရုပ်ရှင်မင်းသမီးတစ်ယောက်ကဲ့သို့ အလွန်လှပလျက်
တ်ပတ်လေးဖြစ်နေသည်။

ထို့ပြင် ကံခါးဝမှ လှမ်းဝင်လာသည့် တောက်လျှောက်မှာ သူမ
လုံးက သံစဉ်မျက်နှာလေးပေါ်မှာပဲ စူးနစ်လျက်..

"ဒ်နံးသံစဉ်ဆိုတာ မင်းလား"

သံစဉ်ရှေ့ မရောက်တရောက်မှာ ခြေစုံရပ်သွားပြီး မေးသည်။
ဘ ခေါင်းညိတ်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"တို့က အခု 'ငရဲ'ရဲ့အမေပဲ"

အခု ငရဲရဲ့ အမေဆိုသည့်စကားကို သံစဥ် နားမလည်။ ကို့ကို လှမ်းကြည့်တော့ ကို့မျက်နှာကလည်း မိခင်ဖြစ်သူကို နားမလည်သလိုလို မျက်မှောင်ကြုတ်လျက်...

"ဟိုကောင်တွေ ပြောလိုက်တာလား"

ဟု အစမရှိ အဆုံးမရှိသောမေးခွန်းကို မေး၏။ ဒေါ်ပိုးဥက လှည့်မကြည့်ပါ။ သူမသည် သံစဥ်တစ်ကိုယ်လုံးကို နှစ်ခေါက် သုံးခေါက် လောက် ဝေ့ဝဲကြည့်ပြီးမှ...

"ဘာကြောင့်ပဲဖြစ်ဖြစ် ဒီနေ့ ဒီနေရာကို ငါ ရောက်မလာလို့မဖြစ် ဘူး။ အဲဒါကြောင့် လာတာ"

ဒေါ်ပိုးဥက စကားကိုဖြတ်ထားလိုက်ပြီး ရဲကို လှမ်းကြည့်သည်။

"အဲဒါလဲ မင်းနဲ့ပတ်သက်တဲ့ပြဿနာတစ်စုံတစ်ရာကို ဖြေရှင်းပေး ချင်လွန်းလို့မဟုတ်ဘူး၊ ငါ ရှင်းသင့်တဲ့ပြဿနာမို့..."

ရဲက နှုတ်ခမ်းဖိလျက်နှင့် နေရာမှ ထရပ်သည်။ ရဲရယ်၊ သံစဥ်ရယ် ဒေါ်ပိုးဥ သုံးယောက်သည် သုံးနားညီတြိဂံလေးသဖွယ် ရပ်နေမိကြ၏။ ရဲက သံစဥ်ကိုကြည့်ပြီးမှ ဒေါ်ပိုးဥဘက် လှည့်ကာ...

"ကျွန်တော်ကလဲ ပြဿနာရှာပြီးမှ ကယ်ပါယူပါလို့ အော်တာကိ ဝိသနာမပါဘူး အမေ ဘာအတွက်နဲ့ပဲလာလာ၊ ဘာ ပြဿနာတွေကိုပဲ ရှင်းရှင်း၊ သံစဥ်နဲ့ကျွန်တော့်ကိစ္စကို မထိခိုက်ပါစေနဲ့"

"ထိခိုက်ဖို့ရှိတယ်၊ ဒီနေ့ အားလုံးရဲ့ဆုံရပ်ဟာ နောက်ဆုံးပဲ"

ဒေါ်ပိုးဥမျက်နှာက တင်းမာနေသည်။ သံစဥ်ကိုကြည့်၍ သူ့ မျက်ဝန်းမှာ ရီဝေဖျော့ကျသွားလိုက်၊ တင်းမာအေးခဲသွားလိုက်။





"မင်းရဲ့မိဘ ဆိုတာတွေလဲ မကြာခင် ရောက်လာကြမှာ"

"ရှင်..."

သံစဥ်ကိုယ်လေး တုန်ခနဲဖြစ်သွား၏။ ချစ်သူ့နောက်ကို လိုက်ရဲခဲ့ သမယ့် မေမေ့ရှေ့မှာတော့ သတ္တိရှိမပြရဲသေးပါ။ အားလုံးနှင့်အဝေးကြီး ကို ထွက်ပြေးနေချင်ခဲ့သည်။

"ကို..."

သံစဥ် လှည့်ခေါ်တော့ ရဲက သံစဥ့်လက်ကလေးတစ်ဖက်ကို လှမ်း၍ဆုပ်ကိုင်လိုက်သည်။

"အမေပဲ ပြောခဲ့တာလား"

ရဲက မေးတော့ ဒေါ်ပိုးဥက ခေါင်းညိတ်သည်။

"ဒါ အမြဲတမ်းမသိအောင်နေသွားလို့ဖြစ်တဲ့ကိစ္စလား ရဲ၊ ဘာလဲ မင်း သတ္တိမရှိဘူးလား"

"ကျွန်တော့်ကို အဲဒီလိုမမေးပါနဲ့ အမေ၊ ဒါက သတ္တိရှိလို့ မိုးကိုဒူးနဲ့ တိုက်လို့ရတဲ့ကိစ္စမဟုတ်ဘူး၊ တစ်ယောက်တည်း ဖြေရှင်းရုံနဲ့ ယ်သာဆိုရင်..."

စကား မဆက်ဖြစ်တော့ပါ။ ကားသံညက်ညက်နှင့်အတူ ရှေ့မှာ ကျ်ထပ် ကားတစ်စီးထိုးရပ်လာခဲ့၏။

"မေမေ"

သံစဥ် အလန့်တကြား ရေရွတ်လျက် ရဲ၏ခါးကို ဖက်ထားလိုက် ည်။ ပြီးတော့ ကျောနောက်ကို ထပ်တိုးပြီး မလုံမှန်းသိလျက်နှင့် ကွယ်နေမိ၏။

ဒေါ်သန္တာလှိုင်သည် ကားပေါ်ကနေ ကမန်းကတန်း ဆင်းလိုက် ်လည်း အထဲကို လှမ်းကြည့်မိသည်နှင့် ကိုယ်ရှိန်သတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်၍လှမ်းလာသောခြေလှမ်းများက ကေသရာဇာကဲ့သို့ မာန်ဝင့် ကြွားရွားစွာ...။

"ပိုးဦး..."

ဒေါ်သန္တာလှိုင်သည် ရုတ်တရက် သံစဉ်ကိုပင် သတိမရတော့ သလိုဖြစ်ကာ ဒေါ်ပိုးဦးကိုပဲ စေ့စေ့ကြည့်၏။

ဒေါ်ပိုးဦးနှင့် မျက်နှာချင်း ဆိုင်ဖြစ်သည့်နေရာထိ လျှောက်သွားပြီး ရပ်လိုက်သည်။

"မြင်လို့သာ ယုံလိုက်ရတယ်အေ တကယ် အံ့ဩမိပါရဲ့။ တစ်ချိ တုန်းက ငါ့အိမ်မှာ အဝတ်လျှော်ကြမ်းတိုက် လုပ်လာခဲ့ရတဲ့ အိမ်ဖေ တစ်ယောက်က သားကိုကြိုးကိုင်ပြီး ငါ့သမီးလေးကို သွေးဆော ဖြားယောင်းခဲ့တာ တော်တော့်ကို သတ္တိကောင်းတာပဲ"

"အဟွန်း... တကယ်သေချာသွားပြီလား မသန္တာ၊ ထပ်ကြည့်ပါ"

မသန္တာဟု ခေါ်လိုက်တော့ သံစဉ် ကိုယ့်နားကိုပင် မယုံနိုင်၊ မေ က ဒီနာမည်မှမဟုတ်တာ၊ ကိုနောက်ကနေ သာသာလေးချောင်းကြ တော့ မေမေကလည်း ထိုနာမည်ကို မငြင်းခဲ့ပေ။

"အပိုတွေပြောမနေနဲ့ မိပိုး။ ဘယ်တုန်းကမှ တန်ရာခဲ့တာမဟု ဘူး။ ညည်းက ဟိုတုန်းကတည်းက ဒီစည်းစိမ်တွေကိုမှန်းပြီး ကိုကို ရောဖို့ ကြိုးစားခဲ့သေးတာ အသိသာကြီး။ ခုလဲ သူဌေးသမီးနဲ့ညား သူဌေးသမက်ဖြစ်တာပဲလို့ တွက်ခဲ့တာမဟုတ်လား။ ရိုင်းစိုင်းရမ်းကာ သားကို မွေးပြီး သူဌေးသမီးကို အပိုင်ကြံတာ"

"ဟား ဟား ဟား"

ဒေါ်ပိုးဦးက အော်ရယ်တာမဟုတ်ဘဲ ပခုံးတွေလှုပ်အောင်ရယ် ရဲ့ ပါးစပ်ကို ဘယ်လိုမှပိတ်ထားမရလို့ အံကြိတ်ရတာ သွားခြေတွေ





နာလာသည်။

အမေ ဘာဖြစ်လို့ရယ်နေတာလဲ၊ ဒါ သည်းခံသင့်တဲ့စကားတွေ သား။ သူ့မှာ နောက်ကနေ သိမ်းကျုံးဖက်ထားသည့် သံစဉ့်လက် ဘလေးတွေကို ဖယ်မချရက်ဘဲ ပါးစပ်ကိုလည်း ပိတ်ထားရသည်။

ဘဝတစ်လျှောက်လုံးမှာ သည်းခံနေရခြင်းအလုပ်ကို ပထမဆုံး ခေါက်ခဲပင်ပန်းစွာ လုပ်ခဲ့ရခြင်းဖြစ်သည်။

"ပြောစရာတွေ ကုန်ပြီလား မသန္တာ၊ ထပ်ပြောပါဦး။ ကျွန်မရင်ထဲ အာ ဒိထက်မက ကြံစည်ထားတာတွေ ရှိသေးတယ်၊ ခန့်မှန်းကြည့်စမ်းပါ ဘာတွေဖြစ်နိုင်သလဲလို့"

ဒေါ်ပိုးဦးက အပြုံးမပျက်သလောက် ဒေါ်သန္တာလှိုင် အသားဆတ် ဆတ်တုန်နေသည်။

"ဘာမှမလိုတော့ဘူး မိပိုးဦး၊ ဘာတွေပဲကြံကြံ မရတော့ဘူး"

ဒေါ်သန္တာက ရဲကို စက်စုပ်ရှုံ့ရှာသောမျက်လုံးများဖြင့် ကြည့်ကာ နောက်ကျောဘက်က သံစဉ့်ထံသို့ ဝေ့ခနဲတစ်ချက်ပဲကြည့်သည်။

"မကြာခင် ရဲတွေ ရောက်လာကြလိမ့်မယ်၊ ဘာလုပ်ကြမှာလဲ သိချင်သေးလား"

"ကျွန်မကတော့ မသိချင်ပါဘူး။ ရဲကတော့ သိချင်လိမ့်မယ်ထင် တယ်၊ ပြောပြလိုက်ပါ"

ပြောပြလိုက်ပါလို့ ပြောပုံက အခိုင်းအစေတစ်ယောက်ကို ခိုင်း လိုက်တာနှင့်တူ၏။ ဒါပေမယ့် ပြောချင်လွန်းနေသည့် ဒေါ်သန္တာက သိပ်မထားနိုင်။

"ပြောမယ်၊ ငါ့သမီးကို ကားထဲကနေ ရိုက်နှက်လုယက်ပြီး ပြန်ပေး



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

သံစဥ် ဟင်ခနဲဖြစ်သွား၏။

ရှေ့ထွက်ဖို့ကြိုးစားတော့ ရဲက ထွက်ခွင့်မပေးဘဲ နောက်မှာပဲနေ
ဖိကပ်ဆွဲထားသည်။

နှစ်ယောက်ဖြစ်နေတာကို ဒေါ်သန္တာက မခံမရပ်နိုင် ဖေ့ကြည့်
သည်။ ပြီးမှ စကားပြန်ဆက်၏။

"ပြီးတော့ ဟိုအရင် သိန်းနှစ်ရာကျော် လုယက်မှုဖြစ်တုန်းကကို

ဒေါ်သန္တာက ရဲကို မျက်စောင်းထိုးသလိုလှည့်ကြည့်၏။ ထိုစဥ်က
အလစ်သမားနှစ်ယောက်ကို ကားပေါ်သို့ ကူညီ ကယ်တင်သွားခဲ့ပြီ
တစ်နေရာကျမှ ပစ္စည်းကို သူပဲ ပြန်လုပေးသည်။

ရဲစခန်းကို ပြန်ပို့ပေးလိုက်တာအိတ်က ခြေရာလက်ရာ မပျက်
သို့သော်...

"မင်းကိုမင်းတော့ ရောမ သူ့ရဲကောင်းကြီးပေါ့ ဟွန်း... ဒါပေမ
လုပ်ပုံကိုင်ပုံက သိပ်ကို အောက်ဘန်းကျလွန်းတယ်ကွ။ မင်းက ပစ္စည်း
ပြန်ပို့ပေးရင် သူ့ရဲကောင်းဖြစ်ပြီလို့ ထင်ခဲ့ပေမယ့် ငါတို့က အလစ်သ
သုံးယောက်ဆိုပြီး တိုင်ထားတာ၊ တစ်ယောက်ကို တွေ့ပါပြီလို့
အကြောင်းကြားလိုက်ပြီးပြီ။ မင်း အခု ငါ့သမီးကို ကားပေါ်က
လုယက်ခိုးပြေးသွားတာကော ဘေးဘေးနပ်နပ်အမှု မှတ်နေသလား
လူတင်မကဘူး ပစ္စည်း။ ရန်ငြိုး ပုဒ်မမျိုးစုံတပ်လို့ရတယ်။ မတပ်
လို့တော့ မထင်နဲ့နော်၊ မင်းကိုထောင်မကျကျအောင် ချမှာ၊ ငါတို့သ
အပျို ပြန်ဖြစ်ဖြစ်၊ မဖြစ်ဖြစ် မင်းကို အလိုမရှိဘူး။ နောင်တစ်ချိန်
ဒီမိန်းမ ရှုံးသွပ်သွားရင် အမွေတွေ ငါပိုင်ရမှာပဲလို့ တွက်ထားတာ
မဟုတ်လား"





ဒေါ်သန္တာလှိုင်က ခေါင်းတညိတ်ညိတ်နှင့် ပြုံးနေသည့် ဒေါ်ပိုးဥ
ဘက်ကို ပြန်စောင်းကြည့်ပြီးမှ...

"သားအမိနှစ်ယောက် ပူးပေါင်းပြီး သူခွေးဖြစ်ကြဲကြတာ၊ မရဘူး၊
ငါတို့ကလေးကို ညည်းတို့ လုံးဝမရဘူး။ သံစဥ် ဒီကိုလာခဲ့စမ်း"

"ဟင့်အင်း"

သံစဥ်က ရဲကို အတင်းအကျပ်ဖက်ထားကာ ကျောနှင့်မျက်နှာကို
လည်း ကပ်ကွယ်ထား၏။

"ခင်ဗျား ပြောလို့ပြီးပြီလား"

"အံမာ လူ့ကိုများ ခင်ဗျားတဲ့၊ မိမဆုံးမ ဖမဆုံးမ အောက်တန်းစား
သား တောက်"

"ခင်ဗျား..."

"ကို..."

ရဲ ကိုယ်ကို ဒေါသတကြီးဆောင့်ခါပစ်လိုက်တော့ သံစဥ်က မလွှတ်
ဘဲ သတိပေးသလိုခေါ်သည်။

"သံစဥ် တောင်းပန်ပါတယ်၊ ဘာမှမပြောပါနဲ့ ကိုရယ်နော်"

"သံစဥ် အမိုက်မ၊ ညည်း လာစမ်း ဒီကို"

"မလာဘူး မေမေ ပြန်ပါတော့နော်၊ သံစဥ် ကိုရဲနဲ့ လက်ထပ်ပြီးပြီ"

"ထပ်ထပ် မထပ်ထပ် ဟေ့ ဒီမှာ အပျိုရည်ပျက်ရုံမကလို့ ကိုယ်
တစ်ပိုင်းလုံးပဲပျက်ကျနေနေ သင်းလိုကောင်နဲ့ ငါ့သမီး မတန်ဘူး၊
အိမ်ဖော် မာလီရဲ့သား၊ အဆင့်မရှိတဲ့ကောင်"

"ဟား ဟား ဟား"

ဒေါ်ပိုးဥက ဟားတိုက်ရယ်နေသည်။

"အိမ်ဖော် မာလီရဲသားတဲ့ ဟား ဟား ဟား။ အိမ်ဖော်ဆိုတဲ့ မာလီနဲ့



www.burmeseclassic.com

www.burmeseclassic.com



အနိုင်ကျင့်ပေးစားလိုက်( ဘ ဘယ်သတ္တဝါတွေလဲ"

အရယ်မရပ်ဘဲ မေးချလိုက်ပုံက ဒေါ်သမပါသလိုပင်။

"ငါက တိမ်ညွန့်စားတဲ့မိန်းမလို့ လက်မထောင်ပြီး အခု အရှုံးထောင်ထဲမှာ ဝတ်လစ်စလစ်ဖြစ်နေတာ ဘယ်သူများလဲဟင် ပြောပါဦး"

"မိပိုးဥ ညည်း..."

"ခင်ဗျား ရပ်နေနော်"

ဒေါ်သန္တာလှိုင်က လက်ဝါးပြင်ပြီး ဒေါ်ပိုးဥဆီ ပြေးသွား၏။ ရဲက သံစဥ် ဖက်ထားလျက်နှင့် ရှေ့ကိုတိုးတက်ကာ ဒေါ်သန္တာ့လက်ကို ဖမ်းဆွဲထားလိုက်သည်။

"ဟော့... ရပ်လိုက်ကြစမ်း"

"ဟင်..."

ရဲတွေပါလား။ ဦးစိန်ရွှေက ရှေ့က ဦးဆောင်လာလျက်...

"ဟိုကောင် မင်းလက်ကို လွှတ်လိုက်စမ်း"

ရဲကို လက်ညှိုးလှမ်းထိုး၍ ဒေါ်သတကြီး အော်သည်။ အခြေအနေက မထင်မှတ်ဘဲ ချက်ချင်းကြီး ဆိုးဆိုးရွားရွားဖြစ်သွားလေသည်။

"သူပါပဲခင်ဗျာ၊ ကျွန်တော့်ပစ္စည်းကို သုံးယောက် လက်ဆင့်ကမ်းပြီး လုပြေးခဲ့တာ သူပါ။ နောက်ကျမှ ကျွန်တော့်သမီးရဲ့အဖေမှန်းသိလို့ တစ်ဖက်လှည့်နဲ့ ပြန်ပို့ပေးလိုက်တာပါ"

ရဲကိုညွှန်ပြကာ တစ်ဖက်ကိုလည်း ဒရောသောပါး ရှင်းပြသည်။ ရဲက ဘာတစ်ခွန်းမှမပြောဘဲ အံကြိတ်နေသည်။ ဒေါ်သန္တာက နှုတ်ခမ်းကို ရှုံ့ရှာစွာမဲ့ပစ်ကာ ရဲနှင့် ဒေါ်ပိုးဥကို တစ်ပြန်တစ်လှည့်စီ ကြည့်သည်။

"မိုက်ရူးရဲ့ မင်းပဲကိုးကွ"

ဒုရဲအုပ်က ခေါင်းဆတ်ဆတ်ညိတ်ရင်း ရှုံ့မဲ့ညည်းသည်။





"ဟုတ်ပါတယ်ရှင်၊ ခုလဲ ကျွန်မသမီးလေးက ရောဂါသည်လေးပါ။ တစ်နေ့နေ့ သေမှာပဲလို့ ကြိုသိနေလို့ တားထဲကနေ ဆွဲထုတ်သွားတာပါ။ ရှမ်းပြည်နယ်ဘက်ကို အပြီးသွားနေမှာမို့ ကလေးမှာ ရတနာထုပ်လဲ ပါသွားတယ်၊ ဒရိုင်ဘာကိုလဲ ရိုက်နှက်စော်ကားသွားပါတယ်၊ ဖမ်းပါရှင်၊ ကျွန်မတို့ ရတနာထုပ်ကို မလိုချင်ပါဘူး။ သမီးလေးကိုပြန်ရရင် တော်ပါပြီ"

ဒေါ်သန္တာလှိုင်က ဒေါသမထိန်းနိုင်တော့သလို ကရားရေလွှတ် ဘိုင်တန်းရင်း လက်သီးနှစ်ဖက်ဆုပ်၏။

"မေမေ...မေမေ ဘာတွေပြောနေတာလဲ၊ အဲဒါတွေ မဟုတ်ဘူး။ သံစဥ်မှာ ဘာရတနာမှ မပါလာဘူး။ ကို့နောက်ကို သံစဥ်သဘောနဲ့သံစဥ် လိုက်ခဲ့တာပါ"

"သမီး"

"ကြည့်စမ်း အမိုက်မ"

ဦးစိန်ရွှေတို့လင်မယား ဒေါသချောင်းချောင်းထွက်ကြလျက်ရှိစဥ် ဒုရဲအုပ်က လက်ကာပြလိုက်သည်။

"အားလုံး တိုင်ကြားထားတာကို စခန်းမှာ မှတ်တမ်းတင်ထားပါတယ်၊ တရားဥပဒေကတော့ အပြစ်ရှိတဲ့သူကို ဘယ်လိုမှ သက်ညှာမှာ မဟုတ်ပါဘူး။ အဲဒီတော့ စခန်းရောက်မှပဲ ရှင်းစရာရှိတာကို ရှင်းကြပါလို့ မေတ္တာရပ်ခံပါတယ်"

"ခဏနေပါဦးရှင်"

ရဲကို လက်ထိပ်ခတ်ဖို့ ရဲသားတစ်ယောက်က ရှေ့တိုးသည်။ ဒေါ်ပိုးဥ၏ ဘားဆီးလိုက်သံကြောင့် ပြန်ရပ်နေ၏။

ဒေါ်ပိုးဥက ရဲ၏ဘေးကို လျှောက်သွားပြီး ရပ်လိုက်သည်။ သူမသည် သံစဥ်နှင့်ရဲတို့ဘက်မှာ ရှိနေခဲ့ပြီး ဦးစိန်ရွှေတို့ လင်မယားနှင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင်ဖြစ်သွားသည်။

"မိုက်ရူးရဲဆိုတဲ့ကောင်လေးကို စွဲထားတဲ့ပုဒ်မတွေက များလှချေ လား မသန္တာ၊ ကိုယ့်သမီးကို ခိုးတဲ့ကောင်လေးကို အပြစ်များများကျ အောင် အမှုတွေဖို့တာက ရိုးနေပါပြီရှင်၊ အရမ်းလဲ အောက်တန်းကျ တယ်၊ ရှင်တို့ပဲ ပြောတုန်းကတော့ 'တိမ်ညွှန့်စားတဲ့မိန်းမ'ဆို၊ 'ငါတို့က အမျိုးမြတ်တာ'ဆို၊ ဟွန်း..."

"ပိုးဥ"

ဦးစိန်ရွှေက ရှေ့တိုးလာပြီး မယုံနိုင်သော အထင်မြင်သေးသော မျက်လုံးများနှင့် ဒေါ်ပိုးဥကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ..

"မင်းကို ငါ မထင်ခဲ့ဘူး ပိုးဥ၊ မင်းကို မာနကြီးပြီး သဘောထား နုညံ့သန့်စင်တဲ့မိန်းကလေးတစ်ယောက်လို့ ထင်ခဲ့တာ၊ ခုတော့..."

"မသန့်စင်ဘူးလို့ ဦးစိန်ရွှေက ပြောလိုက်တာလား"

"ပြောဖို့မှမလိုတော့တာ၊ ဟိုတုန်းက ငါ မင်းဘက်မှာ မရပ်နိုင်ခဲ့ပေ မယ့် တတ်နိုင်သမျှ စောင့်ရှောက်ပေးခဲ့တယ်၊ အခု မတတ်နိုင်ဘူး ကိုယ့်ဝမ်းနာကိုယ်သာသိတဲ့၊ ကမ္ဘာမီးလောင် သားကောင်ချနင်း"

"စကားပုံတွေ ရွာမနေပါနဲ့ရှင်၊ တည့်တည့်ပြောစမ်းပါ၊ ပန်းသံစဉ် အတွက် 'မိုက်ရူးရဲ ဆိုတဲ့ကောင်လေးကို ထောင်ချရမှာပဲ' ဒါပဲမဟုတ် လား"

"ဟုတ်တယ်"

"ကောင်းတာပေါ့ တစ်သက်လုံး ကျွန်မနှလုံးသား ကြိမ်မီးအုံးခဲ့ သမျှ ဒီနေ့ နှင်းရည်ဆွတ်ဖျန်းတဲ့နေ့ပဲ၊ သိပ်ကို ဝမ်းသာကျေနပ်စရာ ကောင်းတဲ့နေ့ ဟား ဟား"

အားလုံး ကြောင်တက်တက်တွေဖြစ်ကုန်သည်။

ရွှေသမင်စာပေ



လူကြီးတွေမှာ ဘာပြဿနာတွေဖြစ်ခဲ့လို့လဲ၊ ဘာတွေ ရှင်းနေကြ သိကြသော ရဲနှင်းသံစဉ်တို့မှာ ဘယ်လူကြီးမျက်နှာတွေကို ကြည့် နိုးမသိ။

"ကို..."

သံစဉ် ရှူးသွပ်တော့မလိုဖြစ်လျက် အသားလေးတွေ ဆတ်ဆတ် လာသည်။ မျက်ရည်တွေကျရင်း သူ့လက်မောင်းကို တင်းကျပ်စွာ ထားသည်။ ဒေါ်ပိုးဥက ရဲနှင်းသံစဉ်တို့ကို ပြန်ငဲ့ကြည့်ပြီး ခေါင်းညိတ် သည်။

"မိုက်ရူးရဲလို့ နာမည်တပ်ပေးလိုက်ပြီး မိုက်ချင်သလောက် မိုက်ခွင့် ဘာ၊ ရမ်းကားချင်သလောက် ရမ်းကားဖို့ လွှတ်ပေးထားသေး အချုပ် ခဏခဏကျနေတာကို စိတ်မရှည်လို့ ထောင်ကျစေ မယ့် မိုက်ရူးရဲဆိုတဲ့ကောင်လေးက အသိလေးနည်းနည်းရှိတော့ ဘူး"

ပြောနေရင်း နှုတ်ခမ်းမဲ့လိုက်သေးသည်။ ပြီးတော့ ဒေါ်သန္တာကို ကြည့်ကာ..

"ကျွန်မက မိုက်ရူးရဲကို ဟိုတုန်းကတည်းက ထောင်ကျစေချင်လို့ အိမ်ထောင်ပြုခဲ့တာတော့ လူကောင်းသူကောင်းကိုယူတာ ဘူး။ ဆိုးရဲမိုက်ရဲတဲ့ နာမည်မကောင်းတဲ့လူကို ယူခဲ့တာ၊ ပထွေး တ်မှာပါစေ၊ ပျက်စီးပါစေ ဆိုပြီးတော့"

ဟားရယ်သွားပြန်သည်။ ဒေါ်သန္တာ မျက်မှောင်ကြုတ်လျက်နှင့် ရွှေကို လှမ်းကြည့်၏။ ဦးစိန်ရွှေ၏မျက်လုံးက ဒေါ်ပိုးဥဆီမှာပဲ နေသည်။

ဒေါ်ပိုးဥ ဘာတွေပြောနေသည်ကို ဘယ်သူမှ နားမလည်ကြသေး။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမက ရဲအုပ်နှင့်အဖွဲ့သားတွေဘက် လှည့်ကြည့်၍...

"ခဏလေး အချိန်ပေးပါရှင်၊ ဒီအကြောင်းတွေက အမှုနဲ့ မသက်ဆိုင်ပါဘူး။ ဒါပေမယ့် အားလုံးသိမှဖြစ်မှာမို့ပါ"

တောင်းပန်ခယပြီး ပြန်လှည့်လာသည့်မျက်နှာက အောင်နိုင်သည့် မဲ့ပြုံးများနှင့်...

"ကိုယ့်ဝမ်းနဲ့ လွယ်မွေးခဲ့ရတဲ့ ကိုယ့်ရင်သွေးကို စွန့်ပစ်ခဲ့ရတဲ့ဒုက္ခ ကိုယ် အလွန်မုန်းတီးနာကြည်းဟဲ့လူတွေရဲ့သွေးသားကို မနှစ်မြို့ဘဲ ဒီအရွယ်အထိ ကြီးပြင်းအောင် မွေးခဲ့ရတဲ့ဒုက္ခ"

"ဘာ..."

"ပိုး... ပိုးဉ..."

ဦးစိန်ရွှေ တစ်ကိုယ်လုံး တုန်ယင်လာသည်။ ဒေါ်ပိုးဉက စကား မရပ်ပေ။

"ကျွန်မရဲ့ဒုက္ခကတော့ သေးလို့လား။ ဒီမှာ ဦးစိန်ရွှေ...၊ ရှင် သိပ်ကို ထောင်ကျစေချင်တဲ့ မိမဆုံးမ ဖမဆုံးမသား အောက်တန်းစားဆိုတာ ရှင့်သားလေ"

"မင်း..."

"မယုံနိုင်ဘူးနော် ပြောပြတာ၊ ရှင်တို့ တစ်သက်လုံး တယုတယ ပိုးမွေးသလို မွေးခဲ့တဲ့ ပန်းသံစဉ်က ကျွန်မသမီး"

"ညည်း...ညည်း မဟုတ်တာတွေ..."

ဒေါ်သန္တာ စကားများပင် မပီသတော့ပေ။ ဝိုင်းရံနေသည့် ရဲတွေလည်း ဒေါ်ပိုးဉနှင့် ဦးစိန်ရွှေတို့ကို ဝေ့ဝဲကြည့်၍ ကြောင်တက်တက် ဖြစ်နေကြ၏။

"အဖြစ်က ဒါပါပဲ၊ အဲ ရှိသေးတယ်၊ အားလုံးကို ကျွန်မ ရည်ရွယ်





ချက်နဲ့လုပ်ခဲ့တာ ဘာမှမရှိဘူး။ အဲဒါလဲ ယုံချင်မှယုံ။ ပထမဆုံး ကျွန်မ မိန်းကလေးမွေးတာကို ယောကျ်ားလေးလို့ ညာလိုက်တာ၊ အဲဒါက 'တိမ်ညွန့်စားတဲ့မိန်းမ'လို့ မော်ကြွားလွန်းတဲ့ ဒေါ်ပဒ္မာမြားလှိုင်ကို အနိုင် ယူချင်လို့၊ ဒုတိယ ကလေးချင်းလဲလိုက်တာက ကျွန်မဘဝကို ရှင်တို့ ဆင်တိုင်းချယ်လှယ်ခဲ့ကြတာလေ၊ အဲဒါကြောင့် ကျွန်မသမီးကို ကောင်း စားပါစေ ဆိုတဲ့ အပေးအယူသဘောနဲ့ လဲပစ်ခဲ့တာ၊ ဒါတွေအားလုံးကို မြင့် သိတယ်၊ ဘောလုံတစ်ယောက်ကတောင် ကျွန်မရဲ့ဝဋ်ကြွေးကို ခြေရက်လို့ ကူညီခဲ့ရတဲ့ ပိုးဉလေ၊ ကျွန်မလုပ်ခဲ့တာ မှားလို့လား"

ဒေါ်သန္တာလှိုင် စကားတစ်ခွန်းမှ မဆိုနိုင်တော့ပေ။ ဦးစိန်ရွှေ၏ မျက်လုံးများက ရဲ၏ချက်နှာထက်မှာ စူးနစ်ငြိမ်သက်နေခဲ့၏။

"နောက်ထပ် ဒီကောင်လေးကို လူရမ်းကားလေးဖြစ်စေခဲ့တာ ဒီနေ့ ရှင်တို့သားအဖ ဒီလိုဆုံစည်းဖြစ်ကြဖို့ မရည်ရွယ်ဘူး။ ကျွန်မ ဆိုးပါ၊ ဒီလိုရိုင်းပါလို့ လက်ထပ်သင်ပေးခဲ့တာလဲ မဟုတ်ဘူး။ ရှင် သလိုပေါ့၊ မိမဆုံးမ ဖမဆုံးမ လွှတ်ပေးထားလိုက်တာပါ။ ကြည့် လောကက ဒဏ်ခတ်ပစ်လိုက်တာ ဘယ်လောက် တရားမျှတ ဲ ဟား ဟား ဟား"

ဒေါ်ပိုးဉက ခါးထောက်လျက်နှင့် ရယ်နေသည်။ သူမမှတစ်ပါး သူမှ မရယ်နိုင်တော့ပါ။

"အေက သားကိုမုန်းလွန်းလို့ ထောင်ချတယ်တဲ့၊ ဟား ဟား ဟား စ်အောင် တမင်လုပ်ရင် ဖြစ်ချင်မှဖြစ်မှာနော်"

ဒေါ်ပိုးဉ ရယ်နေရင်း မျက်ဝန်းအိမ်မှာ မျက်ရည်တွေပြည့်သိပ်လ နည်း၍လား ဝမ်းသာတာလား သူမပဲသိမှာပါ။

"ဒေါ်ပဒ္မာမြားလှိုင် ရှိသေးတယ်မဟုတ်လား အရှုးထောင်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



လေ၊ သမီးမွေးရမလားဆိုပြီး မာနတွေ ငယ်ထိပ်တက်ဆောင့်လို့ ရူးသွား တဲ့မိန်းမကြီး၊ တကယ်တော့ သူက သားမွေးခဲ့တာ သိမသွားရှာဘူးလေ၊ မသေသေးဘူးဆိုရင် ပြောလိုက်စမ်းပါ 'တိမ်ညွှန့်စားတဲ့မိန်းမ'က ဘယ် သူလဲလို့ ဟားဟားဟား"

"ညည်း...ညည်း တော်တော်ရက်စက်..."

ဒေါ်သန္တာလှိုင် အသားဆတ်ဆတ်တုန်လျက် လက်ညှိုးထိုးရင်း ရွေခနဲ ပြိုကျသွားလေသည်။

"မေမေ"

လွှတ်ခနဲ ခေါ်လိုက်ပြီး၊ သံစဉ် ဒေါ်ပိုးဥကို ပြန်ကြည့်သည်။ သော် မေမေ့ဆီကိုပဲ သံစဉ် ပြေးပွေ့မိလေသည်။

ရဲတွေ လှုပ်လှုပ်ရှားရှားဖြစ်ကုန်ကြ၏။

"မရပ်နေ့လုပ်စရာရှိတာလုပ်၊ သွားမယ်"

"ဂရုဲအုပ်က အမိန့်ပေးလိုက်သဖြင့် တစ်ယောက်က လက်ထိပ်ကိုင် ထောက်လှတက်လာသည်။

"ခဏလေးဗျာ"

ဦးစိန်ရွှေ ကမန်းကတန်း တားဆီးရင်း ရဲကို လှမ်းကြည့်၏။ ရဲက လက်နှစ်ဖက်ကို ရှေ့တန်းပေးကာ..

"ကျွန်တော့်မှာ အပြစ်ရှိသလို စီရင်ပါ"

ဟု ရဲတင်းစွာပြောသည်။

"သား...သားလေး..."

သံစဉ် လှုပ်နှိုးနေသဖြင့် သတိရလာသည့် ဒေါ်သန္တာလှိုင်သည် ယူကျုံးမရသံကြီးနှင့်ခေါ်ရင်း လဲနေရာမှ ကျုံးထ၏။ ရဲက ဦးစိန်ရွှေ ရှေ့တိုးလာတာကို နှုတ်ခမ်းစေ့၍ ခပ်မဲ့မဲ့ကြည့်သည်။





"နေမြဲအတိုင်းပဲနေပါ၊ ရုပ်ရှင်ထဲမှာလို အဖြစ်မှန်တွေကို သိတာနဲ့ မျက်ရည်တွေကျ၊ အသံတွေတုန်ပြီး သားလို့ လတ်မကမ်းနဲ့"

ဘယ်ဘက်ရင်အုံကို လက်နဲ့ပုတ်ကာပြကာ..

"ဒီအသဲ ရင်ဘတ်ထဲကို မရောက်ဘူး"

ဦးစိန်ရွှေ၏ သားလို့ ခေါ်လိုက်မိသော ကြေကွဲရှိုက်သံပါသောနှုတ်ခမ်း များမှာပဲ တုန့်ယင်စွာ ပျောက်ကွယ်ခဲ့လေသည်။

"သားလေး၊ အမယ်လေး ရက်စက်လိုက်တာ မိပိုးဥရယ်၊ ငါတို့ကို ခွဲသားစုလိုက်တိုက်ပိတ်ပြီး မီးရှို့သတ်ပစ်ခဲ့ပါတော့လား ညည်း လုပ် ရက်လိုက်တာ၊ သား...သားလေး"

ရဲက ဘယ်ကိုမှမကြည့်ပါ။ လက်ထိပ်ခတ်ပစ်လိုက်ခြင်းကို စူးစိုက် ကြည့်ရင်း ရှေ့ကိုတိုးလိုက်သည့် ခြေလှမ်းမှာ ဦးစိန်ရွှေဆီ တစ်ချက် သော၏။

တလှုပ်လှုပ်နှုတ်ခမ်းများက သားလို့ခေါ်နေတာကို သူ သိသည် သွားပါ နားလိုက်စမ်းပါ၊ မျက်မှောင်ကြုတ် အံကြိတ်လျက် တံခါး သူ လျှောက်ခဲ့သည်။

"ကို... ကို နေပါဦး"

သံစဉ် ပြေးလိုက်သည်။ နောက်ကနေ တင်းကျပ်စွာ ဖက်ပစ်လိုက် သော သူ့ကိုယ်ပင် ရှေ့သို့ ငိုက်ဆင်းသွား၏။

"ကို... ကို့ကို မခေါ်ပါနဲ့ သံစဉ်ပါလိုက်မယ် ကို၊ မေမေတို့ပြောတဲ့ အရာတွေက မဟုတ်တာတွေပါ၊ ကိုက သူခိုးမဟုတ်ပါဘူး"

သံစဉ်က ရဲကို ဖက်ထားရာကနေ လွှတ်၍ ရှေ့ကိုပြေးတက်သည် တွေကို ရှင်းပြတောင်းပန်ရင်း ငိုကြွေး၏။

"သံစဉ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရယ်"

ရဲက ပြုံးနေကျအတိုင်း ရဲတင်း၍ ဂရုမစိုက်သည့် မျက်ပြုံးနှင့် သဲစဥ်လေးကို သူ့ပခုံးနှင့် တိုက်လိုက်သည်။

"ဘာလို့ငိုတာလဲ တိတ်... ဒါ ရာဇဝတ်မှုကြီးမှမဟုတ်တာ ရှင်းလို့ရပါတယ် မငိုနဲ့ကွာ"

"ငိုမှာပဲ သဲစဥ်ဒါလိုက်မှာ မဟုတ်ဘူး လိုက်မှာပဲ"

"ညီမ"

ရဲ့အုပ်ကား သဲစဥ် ရှုတ်မဲ့ထားသည့်လက်ကို ခြေမရောက် ထပ်အုပ်ကိုင်ကာ...

"မစိုးရိမ်ပါနဲ့ အမှန်အတိုင်းပဲ ဖြစ်ကြမှာပါ နော်"

"ဟင့်အင်း"

သဲစဥ် ခေါင်းခါနေဆဲ ရဲကတော့ သဲစဥ့်ကို ဆိုးလွန်းသည့် ကလေးလေးကို ကြည့်သလို မချိုမချဉ်ပြုံး၍ကြည့်ကာ...

"ကွဲကွာကြမှာမဟုတ်တာ သဲစဥ် ကိုယ် စိတ်မကောင်းအောင် မငိုနဲ့ကွာ ကိုယ်ပြောထားတယ်မဟုတ်လား လူကြီးတွေ ဘာပြောပြော ပဲမှိုင်း ကိုယ်တို့နှစ်ယောက်ကျ"

သဲစဥ် ခေါင်းလေးညိတ်ရင်း မျက်ရည်သုတ်သည်။

"သဲစဥ်"

"ကိုရယ်"

"ကိုယ့်ကိုချစ်လား"

"ချစ်တယ် ကို"

သဲစဥ် ခါးမှာကို ပက်ထားလိုက်ပြီး ရင်ဘတ်ကို နမ်းမိသည်။ အရူးအမူး ချစ်မိခဲ့ပါလားဟု သိလိုက်ရသည့်အချိန်မှာ နောက်ကျခဲ့ပြီလား





ဟုတ်ပါဘူး ကိုက ထောင်ကျမှာမှမဟုတ်တာ။

ဖေဖေ့ဆီကို ပြန်ကြည့်လိုက်လျှင် မေမေသည် ပါးပြင်ထက်မှာ မျက်ရည်စီးကြောင်းနှင့် မျက်လုံးတွေကိုပါမှိတ်ထားလျက် ငြိမ်သက်နေ၏။

ဦးစိန်ရွှေရင်ထဲမှာ ကျွတ်ကျွတ်ဆူနေတာ ဘယ်သူမှမသိ။

သားကို သူ ကောင်းရာကို ကြိုးစားခဲ့သည်။ တင်ပြထားခဲ့ပြီးသည့် ပြောထားခဲ့သောစကားတွေ စကားလုံးတွေကို သူ ဘယ်လို ပြန်ရုပ်သိမ်းမလဲ။

"နေမြဲတိုင်းနေပါ"

"သားလို့ လက်မခံနဲ့"

"အဲဒီအသဲ ရင်ဘတ်ထဲကို မရောက်ဘူး"

ဦးစိန်ရွှေ၏ ပါးပြင်ထက်သို့ မျက်ရည်ပူတွေ အဆက်မပြတ် စီးကျလာခဲ့၏။ သားကို သူ သားလို့ ခေါ်ခွင့်မရှိတော့အောင်...

ရင်သွေးမဟုတ်တာကိုယူထားပြီး ကိုယ့်ရင်သွေးကိုတော့ တစ်ကြည့်မှ မုန်းတီးနေခဲ့တဲ့ အဖြစ်ဆိုးတွေနှင့် ခေါင်းမဖော်ရဲ အောင်...

ဦးဘုရယ်... မင်း...

မိန်းမနှစ်ယောက်ရဲ့မျက်နှာကို မှည့်တွဲ၍ မြင်ယောင်လာခဲ့သည့် ...နှင့် ဦးဘု...

ဆိုင်မှာပဲ သူ့ တားကနေ ဝေ့ရှုဦးရှုဦးရယ်သံနှင့် အနီရိပ်ထဲစိုက်ကျ ...အစ်လုပ်ရင်း ကပ်လျှောက်သွားခဲ့၏။

ဦးဘု...!

ရှ အသည်းကြည့်လိုတော့ပါ။ သို့သော် မျက်လုံးတွေကို မှေးမှိတ်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပြန်မှိတ်ပစ်လိုက်တဲ့အထိ နားတွေထဲမှာ သူမက ရယ်သံတွေကို ထ
ရစ်ခဲ့၏။

"ဟား ဟား ဟား ဟား"

ရယ်ပါ၊ မင်းရယ်နိုင်ပါတယ်။

မှန်လည်းမှန်ပါတယ် ပိုးဥရယ်၊ မင်းကမှ 'တိမ်ညွှန့်စားဝဲ့ မိန်းမ

လေသာ၊ ဒေါ်သာ၊ မာနတို့၏ နိုင်ငံက မလှပတော့ပါလား။ ဘာ
စားစား စားသုံးခြင်းဟာ အာဟာရပါပဲ။

မာန်မာနတို့ နိုင်ငံချုပ်၍ မေတ္တာရေစင်ဖြင့် အေးချမ်းနိုင်ပါစေ

ဝရိသတ်အတွ
တာ

ချူမြ

BURMESE CLASSIC .com



www.burmeseclassic.com